www.burmeseclassic.com

စိတ်ကူးသစ်စာပေ

# မောင်ညိုမှိုင်း (သန်လျင်)

ရွှေပြည်ဝင်ရက္ခစိုးအိုးစည်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၂၂၅၁၁၁၀
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၃၂၂၁၂၁၀

စီစဉ်သူ — ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် — ၂၀၁၁၊ ဧပြီလ
အုပ်ရေ — ၅၀၀
မျက်နှာဖုံး — မြတ်မင်းဟန်
ကွန်ပျူတာစာစီ — *Welfare*
အတွင်းဖလင် — *Quality*

ပုံနှိပ်သူ

နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၅၀၀ကျပ်

ဂ၉၅ . ၈၃
ညိုမှိုင်း၊ မောင်(သန်လျင်)
ရွှေပြည်ဝင်ရုက္ခစိုးအိုးစည် / မောင်ညိုမှိုင်း(သန်လျင်)– ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၀။
၂၀၇–စာ ၊ ၁၂စင်တီ × ၁၈စင်တီ။
(၁) ရွှေပြည်ဝင်ရုက္ခစိုးအိုးစည်

BURMESE CLASSIC .com

## စာရေးသူ၏ ခံစားချက်အမှာစကား

ကျွန်ုပ်သည် စိတ်မနှံ့သူအရူးခေါ် (စိတ္တဇဝေဒနာသည်)များကို လွန်စွာ စိတ်ဝင်စားလှေ့ရှိ၏။

အဘယ်ကြောင့်မူ ...

အရူးခေါ် (စိတ္တဇဝေဒနာသည်) တို့သည် ရင်ထဲကစကားတို့ကို ပျားစွဲနှုတ်လျှာနှင့် ပလီဖွဲ့နွဲ့ ပြောလေ့မရှိ။

ဖြစ်စဉ် ရှိရင်းစွဲဘာဝအမြင်အတိုင်း ရဲရဲဝံ့ဝံ့ ပြောတတ်ကြသည်။

သူတို့မျက်နှာပေါ်မှာ ဟန်ဆောင်မှု ဒုတိယမျက်နှာဖုံးမရှိ။ နံကြိုနံကြားပါမကျန် မှုသာဝါဒကင်းစင်သည်။

သူတို့ရင်ထဲမှာ ခံစားချက်ဒီရေတက်လျှင် တက်သလို လှိုင်းပုတ်ကြမ်း၏။

ဒီရေတက်သံ၊ ဒီရေအော်သံ ပွက်ပွက်လျံ၏။

ခံစားချက်ဒီရေ ကျသွားပြီဆိုလျှင်လည်း လုံးဝ ရေစစ်သည့်အထိ နှလုံးသားကို ဖွင့်ဟပြလေ့ရှိ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ပြောရလျှင် ...

သူတို့ရင်မှာ တစ်ချိန်တုန်းက လူ့လောက၊ လူ့ဘဝ၊ လူ့ကျင့်စဉ်အရ ချုပ်တည်းမြဲသိပ် အောင့်အည်းခဲ့ရသမျှ အစိုင်အခဲတို့ ရင့်မာအုံဖွဲ့ ပူလောင်နေခဲ့ဖူးသည်။ အခု စိတ်လွတ်ကိုယ်လွတ် အထိန်းအကွပ်မဲ့ဘဝသို့ ရောက်သွားသောအခါ စိတ်တံခါးကို ဂျက်ပါဖြုတ်၍ လွှင့်ပစ်လိုက်ကြပြီ။

သည်မှာ အရိုးခံနှလုံးသား ခံစားချက်များ ပေါက်ကွဲလွင့်စင်လာသည်။ မီးတောင်ချော်ရည်လို အရှိန်ကြီးစွာဖြင့် စီးမျောလာသည်။

သို့နှင့် ... အရှင်ကိုမသိ၊ အကြောက်ကိုမသိ။ ရသကိုးပါးရဲ့ခံစားချက်အဓိပ္ပာယ်ကို  မထိန်းချုပ်တော့။ ကိုယ့်စိတ်ထဲမှာ ရှိသည့်အတိုင်း၊ ကိုယ့်မျက်စိမှာ မြင်သည့်အတိုင်း စိတ်ခရီးကို ရှက်ကုန်ဖွင့်၍ ခရီးပြင်းနှင်ခဲ့ကြသည်။

ဒီမှာ ... စိတ်ဝင်စားစရာကောင်းသည့် နှလုံးသားရေးရာ၊ ဘဝရေးရာ၊ ဂမ္ဘီရကံရေးရာများကို တဖြည်းဖြည်း သိခဲ့ရပြီး သူတို့ရဲ့နှစ်ဘဝပြောင်းဘဝကို ပါဝင်ခံစားခဲ့ရသောအခါ ...

သို့ဖြစ်ပါသောကြောင့် ...

ကျွန်တော် စိတ္တဇဝေဒနာရှင် (အရူး) တို့အကြောင်းကို တစ်ပုဒ်ပြီးတစ်ပုဒ် ရေးဖွဲ့ရကြောင်းပါ ခင်ဗျား။

မောင်ညိုမှိုင်း(သန်လျင်)

| ၁ |

BURMESE CLASSIC .com

တစ်နေ့ ကျွန်တော် အများနှင့်မတူ တမူထူးခြားသော လူထူးဆန်းတစ်ဦးကို တွေ့မြင်ခဲ့ရတယ်ခင်ဗျ။

ကလေးများနှင့် လူကြီးလူငယ်အချို့က ၎င်းလူကြီးကို စိတ်မနံ့သူ (အရူး)ဟု သတ်မှတ်၍ နောက်ပြောင်အော်ဟစ် ကျီစယ် ဝိုင်းစနေကြသကိုး။

ကျွန်တော်ရောက်ရှိသွားသောအချိန်မှာ စိတ်မနံ့သူတို့၏ အပြုအမူ ဟန်ပန်သဏ္ဍာန်နှင့် အလားသဏ္ဍာန်တူသော လူတစ်ယောက်ကို အလွန်ကြီးမားပြီး မြင့်လွန်းလှသည့် ကုက္ကိုပင်၏ ဟိုးအမြင့်ကိုင်းခွပေါ်မှာ ခြေခွထိုင်လို့ သီချင်းများကို လွမ်းလွမ်းဆွေးဆွေး သီဆိုနေသည်ကို မြင်လိုက်ရပါရောဗျာ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း . . .။

သူအော်ဟစ်သီဆိုနေသည့် သီချင်းက ပေါ့ပေါ့တန်တန်သီချင်း မဟုတ်ဘူး။

ဇာတ်မင်းသားကြီး ဘုရားဒကာ ကျောင်းဒကာ ဂရိတ်ဦးဖိုးစိန်ရဲ့ တာနောယကွဘီလူးဇာတ်ထုပ်က တာနောယကွဘီလူးရဲ့ ငိုချင်း။

"ရေစီးအကျော်တွင် ××× ရွှေကြီးပေါ်မှာ လှေငယ်တင်သကဲ့သို့ ××× အလှည့်တွင် ပွဲစင်က လှုပ်သည့်နှယ် ××× ရွှေကြုတ်မယ်ရေ ××× ရွှေကြုတ်မယ်ရဲ့ ××× မင်း ဂဏှာမငြိမ်လိုက်တာက ××× ဟယ် ××× သဘောက်မကလေး ××× ကာမရှိန်ဇော ဟော ××× ဟော ××× ကာမရှိန်ဇော ××× ဟော ××× ဟော ×××

"ကောင်းလှချည်လား ဒေါင်းမြကြည်ရေ"

"ဦးဖိုးစိန်ကြီး သေပြီသေပြီနဲ့ ဘယ်မှာသေလို့လဲဟ။ သံစပင်ပေါ်ရောက်နေပါကလား။ အဟေ . . . ဟေ့ . . ."

"ဗျို့ . . . ကိုသျှောင်ကြီးဗွေ . . . ဟစ်ပါ . . . ဆက်ဟစ်ပါဗျ။ ဒီအရပ်က ဂေါပကအဖွဲ့က ကြိုက်ရင် လူကြီးမင်းဇာတ်ကို ငှားပြီး ကိုးမှုဒ်ရှင်ဘုရားပွဲမှာ ရုံသွင်းလိမ့်မယ်ဗျို့"

"အက,ပါ လုပ်လိုက်စမ်းပါ မင်းသားကြီးရယ်။ အဟဲ . . . ဟဲ . . . ဟဲ"

"ဟဲ့ . . . မင်းကြည်လှိုင်၊ အနာကျကောင်ရဲ့။ ကုက္ကိုပင်ပေါ်က,နိုင်းလို့ လိမ့်ကျရင် ပွဲချင်းပီးသေမှာ အကုသိုလ်ကောင်ရဲ့။ နန့်ပြီး ကချင်ရင် နင့်ဘာသာ အပင်ပေါ်တက်က, ကျွမ်းထိုးပါလား"

"မက,တတ်လို့ပေါ့ မချက်ကြီးရဲ့။ က,များ က,တတ်ရင် ဟိုကုက္ကိုပင်အဖျားမှာ ခုနစ်ထွေအကနဲ့ မိုးလင်းမိုးချုပ် ကလိုက်ချင်ပါရဲ့





ဗျာ။ နော . . . ရွှေတင်"

"အေး . . . အေး . . . အင် . . . ဟင် . . . ဟင် . . . ဟာ"

"နင့်လိုကောင်က ခုနစ်ထွေအကမပြောနဲ့ ချိုမိုင်မိုင်တောင် (၆) လသားအထိပဲ က,တတ်တာ။ ခုနေ တတ်သယောင်နဲ့ ချိုမိုင်မိုင် ပြန်က,ရင်တောင် က,ရင်လည်း မျောက်ကြိုးခုန်သလို နေမှာဟဲ့"

"ဗျို့ . . . မချက်ကြီး"

"ဘာတုံး . . . ဟိုသေနာကျ"

"မျောက်ကြိုးခုန်တာက လူပိုင်းကြည့်ပြီး လက်ခုပ်တီးဦးမယ်။ ဒီကောင်မင်းကြည်လှိုင်များ က,ရင်လေ . . ."

"ဘာဖြစ်တုံး . . . ဘာဖြစ်မတုံး"

"ချိုးကားက မျက်စိနောက်ပြီး ဝင်တိုက်မှာဗျ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ချိုးကားကို ဒီကောင့်ချိုး ပြန်ပေရင် မိလ္လာကား (ချိုးကား) ရေဆေးလို့မပြောင်ပဲနေမယ် မချက်ကြီးရေ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟုတ်ပါ့ဗျို့"

"ငါသာမောင်းရင် သင်းက,နေတာ မြင်တာနဲ့ ကွေ့ရှောင်ပြီး အဝီစိချောက်ထဲ မောင်းဆင်းလိုက်မှာပဲ"

"တောက် . . . ခင်ပျားဗျာ . . . မချက်ကြီးရာ . . . ဟွန်း . ."

"တိတ်တိတ်နေဟာ။ မောင်ကြီး . . . ဆက်ဆိုပါဦးတော့"

ဟုတ်ပေရဲ့ဗျာ။ ကုက္ကိုပင်ခွကြားက လူကြီးက အသံအလွန်ကောင်းပဲ။ ဦးဖိုးစိန်ရဲ့ တာနောယကွဇာတ်ထုတ် ခေတ်ပြားထဲက အသံအတိုင်း အာကုန်ဟစ်နိုင်တာ။

ကြည့်စမ်း . . .။ တစ်ချက်တစ်ချက် ရှိုက်သံငိုသံတောင် ပါ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သေးဗျာ။

ကျွန်တော်လည်း စိတ်ဝင်စားလွန်းလို့ ကလေးအုပ်နဲ့ လူကြီးအုပ်၊ ဈေးသွားဈေးလာ ခရီးသွားအုပ်စုနဲ့ ရောပြီး နားဆင်နေလိုက်မိရဲ့။

ကုက္ကိုပင်ပေါ်က လူက မြေပြင်ကပရိသတ်ရဲ့ တောင်းဆိုမှုကို သဘောကျလက်ခံပြီး ခွပ်ကျယ်အင်္ကျီ ချက်ပေါက်အပြဲကြီးကိုချွတ် ပခုံးပေါ်တင်ပြီး လွမ်းပြန်ပါရောခင်ဗျာ။

."အခုမှ သိရပေပေါ့ဗျာ ××× ကုလဟိ မစင်ကြယ်လို့သာ လင်ငယ်ယူ လူပေါ်ကြိုက်ကြတာက ××× မတော်တာ လော်မာတဲ့ စရိုက်ကယ်နဲ့ ××× (အမလေး) မယားမိုက်တဲ့သဘောရယ်ကြောင့် ××× ငါ့ကိုယ်သာရိုက်ရိုက်ပြီး ပြောလိုက်ချင်ရဲ့ ××× သမုဂ္ဂသိင်္ဂီရေ ××× နင်နဲ့ငါညားရတာက မှားလိုက်လေသကော ××× ဟော ××× ဟော အမ်မယ်လေး ××× မှားလိုက်လေသကော ××× ဟော ××× ဟော ဟော ×××"

သစ်ပင်ပေါ်တက်ပြီး သီချင်းဆို ငိုချင်းချနေကတည်းက ဒီလူကြီး ဦးနှောက်မှုမှန်မဟုတ်ဘူးဆိုတာကို သဘောပေါက်ပေမင့် သူဆိုနေသည့် ဇာတ်ချင်း၊ အလွမ်းသီချင်းတွေက ဂန္ထဝင် မြန်မာဇာတ်သဘင်က အလွမ်းသီချင်း ခင်ဗျ။

ကျွန်တော်တို့ ကြားရသူတောင် သူ့ငိုချင်းသံကြောင့် ရင်ထဲမှာ လှိုက်အုံနွေးကြီး ဖြစ်ချင်လာရဲ့။

ကြည့်လေ ...။

လူက ရင်ကိုထုပြီး ငိုချင်းကိုချတာ။ ပြီး ... နှပ်ချေးတွေကို 'ရှီး'ခနဲညှစ်ပြီး အောက်ကိုပစ်ချလိုက်ရော လူကြီးရဲ့ နှပ်ချေးတွေက





အပေါ်ကို ပါးစပ်ကြီးဖြဲမော့ကြည့်ပြီး တဟဲဟဲ သဘောကျနေတဲ့ လပွတ္တာ ကျော်ပြူးရဲ့ပါးစပ်ထဲ တန်းဝင်သွားလို့ ကျော်ပြူးနှယ် အော့အန်ရင်း ကလော်တုတ်ပါလေရောဗျို့။

"ကောင်းလှချည်လား မင်းသားကြီးရ"

"နောက်တစ်ပုဒ် လုပ်ပါဦးဆရာရဲ့။ အဟဲ ..."

"မောင်ကြီးရေ ... ကောင်းလိုက်တာတော်။ စိန်နဲ့သံပရာရည် သောက်ရသလိုပဲ"

"ဟဲ့ ... ကန်းတာမရဲ့။ စိန်နဲ့သံပရာရည်သောက်ရင် ပွဲချင်းပြီးသေရော။ မြန်မြန်သေချင်ရင် နင့်လင်ကိုတိုက်"

"မသိလို့ပါ ကိုရင်ရွှေဗျိုင်းရယ်။ ကောင်းမှန်းသေချာရင် ကျုပ်လင်ကို မတိုက်ပါဘူး။ ရှင့်ကိုပဲ လာတိုက်ပါ့မယ်တော် ... နော်"

"အနာကျမ ... လင်လက်လန်မ"

"ဒီမှာရှင့် မောင်ကြီး ... ကိုကို ... ဒါလင်"

"ဟာ ... ရှုပ်ကုန်ပြီဟေ့"

"ဟ ... ဟ ... ဒါ ဘယ်သူတုံး"

"အရူးမ မဆောင်ဗျ။ မဆောင်"

"မဆောင်ရောက်လာပြီဟေ့"

"ဆိုလေ ... ဦးလေး ... ဘကြီး ... မောင်မောင် ... ကိုကိုရေ ... အဟင့် ... ဟင့် ... ခစ် ..."

ကျွန်တော်လည်း ကုက္ကိုပင်ပေါ်က လူထူးဆန်းကြီးရဲ့ သီချင်းသံကို စိတ်ဝင်စားနေချိန် ...

သစ်ပင်ကြီးအောက်က ဆိုက်ကားသမား၊ နွားကျောင်းသား၊ ခရီးသွားဈေးသည်နဲ့ အမှုးသမား၊ ဖဲသမားအုပ်စုတို့အနက် အချို့က

www.burmeseclassic.com



အော်ဟာစ်ပွဲတောင်းနေချိန်မှာပဲ တောပန်းတွေ တစ်ခေါင်းလုံး ဝေအုပ်နေအောင်ပန်ပြီး ထဘီအောက်နားကွဲ၊ ကြိမ်ဆွဲခြင်းအစုတ်ထဲမှ လမ်းဘေးက ကောက်လို့ရသမျှ အစုတ်ပလုပ်များ ထည့်ကိုင်ထားသည့် စိတ်မနှံ့သူလို မိန်းမတစ်ဦး ထပ်ရောက်လာပါရော။

အသက် (၃၀) နီးပါးခန့်ရှိလိမ့်မယ်။ ခပ်ပိန်ပိန်ပဲ။ နေလောင်လောကဓံ ပုတ်ခတ်ထားတဲ့ သူမရဲ့မျက်နှာပေါ်မှာ နဂိုအခံရုပ်ရေက ခပ်ပါးပါး တင်ကျန်နေတယ်။

မူလရုပ်ကတော့ ခပ်ချောချောလို့ ယူဆရရဲ့။

သူမ (အများအခေါ် မဆောင်) က အောက်ကနေ သစ်ပင်ပေါ်ကို မော့ကြည့်ပြီး ...

"ကိုကို ဆက်လွမ်းလေလို့ ... အဟင့် ..."

"ဖာတ်ပေါင်းမလား၊ ဖာတ်ပဲကွဲမလားမသိဘူး ကိုမှိုင်းရေ"

"ရှားရှားပါးပါး ဖာတ်ကွက်ပဲ ကိုသောင်းညွန့်"

"အေးကွ ... နားထောင်ကြည့်လေ ဆွဲဟေ့"

"ကိုကို ... ဆောင်ပြောတာ ကြားလားဟင်လို့"

ကြည့်စမ်းဗျာ ...။ အရူးမ မဆောင်ဟာ ဆွဲခြင်းအစုတ်ကို ဟန်နဲ့ပန်နဲ့ကိုင်ပြီး အပေါ်ကပုဂ္ဂိုလ်ကို မော့ကြည့်ရင်း ပလီနွဲ့ ရယ်ဖွဲ့ပြီး မူလကျီသွန်နီလုပ်လို့ ချွဲနေတယ်။

ဒီမှာပဲ ...

ဟိုး ... ကုက္ကိုပင် သစ်ကိုင်းခွဆုံပေါ်က သီချင်းသည်လူကြီးက မြေပြင်က အရူးမ မဆောင်ရဲ့ အသံနဲ့ မျက်နှာကို မြင်လိုက်ရရော ချက်ချင်း ဟိုတစ်ဘက်လှည့်လို့ ကျောပေးထိုင်လိုက်ပါလေရော ဗျာ။





ဘာသီချင်းမှလည်း ဆက်မဆိုတော့ဘူး။

"ကိုကို ... ကိုကိုမောင်မောင် ... ကိုကိုမောင်မောင် ဆက်မဆိုဘူးပေါ့ ... ဟုတ်လား။ ဒါ ... ဒါဆို မဆောင် ... အဲ ... အဲ ဆောင်လေး ... ဆက်ဆိုမယ်နော် နော်"

"ဆိုပါ ... မဆောင် ဆက်ဆိုပါ ... ဆိုပါ"

လပွတ္တာကျော်ပြူးနဲ့ ဟုန်ဖွန်ကြောင်ဆိုသူ တရုတ်နွားပွဲစားမှူးနှစ်ယောက်က အရူးမ မဆောင်ကို မြှောက်ပေးနေကြတယ်။

"ဆိုမယ်နော်လို့ ... အဟင့်"

"ဆိုပါ ... ဆောင်ဆောင်၊ အားရပါးရ မေးလွဲသွားအောင်ဆိုပါ ... ခင် .... ဗျာ ... အော့ ... ဂေ့ ..."

"တကယ်ဆိုလိုက်မှာနော်လို့ ... အဟင့် ... ခစ် ..."

"ဟုတ်ပါပြီ ... လေဒီဆောင်ရဲ့၊ ဆိုပါဆိုဗျာ"

"သွပ်ပြားအသံ သိပ်မကောင်းဘူးနော် ... လို့"

"ကိုင်း ... မဆောင် ငါတို့လည်း နင်တို့ကိုကြည့်ပြီး ရူးချင်လာပြီ။ ဆိုချင်ဆို မဆိုချင်နေ။ လာ ... လပွတ္တာ မင်းနဲ့ငါပဲ က,ကြစို့"

"ကိုင်း ... ကိုင်း ... အဟမ်း ... အဟမ်း ... ရေကြည်တော်လေး တစ်ခွက်လောက်ရှင် ... အဟွတ် ..."

ဒီမှာ မရမ်းကုန်းသန်းမြဆိုတဲ့ ဗိုက်ရွှဲရွှဲ လူဝဝကြီးက သောက်ရေအိုးစင်က ရေတစ်ခွက်ခပ်ပြီး သူမကိုပေးလိုက်တော့ ...

ကြည့်စမ်း ... လုပ်ပုံနှယ်ဗျာ။

သောက်ရေခွက်ရဲ့ နှုတ်ခမ်းအနား ပတ်ပတ်လည်ကို အထက်ဆင်အနားစနဲ့ လိုက်သုတ်ပြီး နမ်းကြည့်လို့။ စိတ်ချရမှ သောက်တော့



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ဒီမှာ ငမူး လပွတ္တာကျော်ပြူးက မေးတယ်"

"မဆောင်"

"ဘာတုံးလို့ . . . အဟင့်"

"သောက်ရေခွက်ကို ဘာလို့ နမ်းကြည့်ရတာတုံးဗျ"

"နှင်းတို့ပါးစပ်က အာပုပ်နံ့မျိုး စွဲကျန်နေမှာစိုးလို့"

"ဟား . . . ဟား . . . ဟား . . . ဟား . . . မှတ်ကရောဟေ့"

"လပွတ္တာ ခံရောဟ"

"အဟမ်း . . . အဟမ်း . . . အမ်မယ်လေး . . . အပိုအသစ်ကို မမြင်တယ် . . . နှစ်ကိုယ်ချစ်တာ နှစ်သွယ် . . . ကြင်ကြပါသရှင် (ကိုတာနော့ရဲ့) ကျွန်မငယ်လင်တစ်ပါးပါ . . . ဟား . . . ဟား . . ."

"ကောင်းလှချည်လား . . . မယ်အောင်ဗလရဲ့"

"မျက်ရည်စို့ရပါ့ဗျာ"

"လုပ်ပါဦး . . . ကလေးမရေ"

" ××× မဖောက်ပြန်ပါရှင် ××× တစ်ယောက်အပြင် ပိုမကျန်ခဲ့ပါဘူး ××× မလိုတမာ အပြစ်ရှာစကားနှင့် ××× (ကိုတာနော) ရယ် ××× ပြောရက်တာများ ××× ဟား ××× ဟား ××× အမယ်လေး ××× ပြောရက်တာများ ××× ဟား ××× အား ××× အား ××"

အရှုးမ လို့ ယူဆရသည့် မဆောင်ဆိုသူဟာ ငိုချင်းကို ဖာတ်မင်းသမီးလို ရွတ်ဆိုလို့ ရင်ဘတ်ကို လက်နှင့်ပုတ်ရင်း ငိုဟန်ပြုလိုက်လေရဲ့။

ပြောရမယ်ဆိုရင် လွှမ်းစရာပါဗျာ။

အရှုးမ မဆောင်ရဲ့ ငိုချင်းသံက ဖာတ်မင်းသမီးစစ်စစ်လို





ရင်နှင့် လွှမ်းပြလိုက်သည့် အသံလေ။

သူမ ဘယ်လိုငိုငို လွှမ်းလွှမ်း သစ်ပင်ပေါ်ကလူက ယောင်လို့မျှ လှည့်မကြည့်။

မကြည့်သည့်အပြင် နားနှစ်ဖက်ကို လက်ဝါးနှင့်ပိတ်ပြီး သစ်ပင်ခွကြားက စောင်ပုခက်မှာ လှဲအိပ်ချလိုက်သည်ကို ကျွန်ုပ်တော်တို့ ခပ်ဆန်းဆန်း မြင်ခဲ့ရလေရဲ့ဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

"ကိုသောင်းညွန့်ဦး"

"ဘာတုံး ကိုမှိုင်း"

"ခင်ဗျား ... ဒီအရူးလိုလူကြီးနဲ့ အရူးလိုအမျိုးသမီးဆိုသွားတဲ့ ငိုချင်းကို သိတယ်မဟုတ်လား"

"ကြားတော့ ကြားဖူးတယ် စာရေးဆရာရဲ့။ ကျုပ်တို့ဘကြီးလည်း ... ရေစီးအကျော်တွင် ... လှေကြီးပေါ်မှာ လှေငယ်တင်လို့ဆိုတဲ့ ... ဂရိတ်ဦးဖိုးစိန် ခွာတ်စက်သီချင်းကို ရွာမှာဆိုလေ့ရှိတယ် ကိုမှိုင်း။ မောင်ရင် နောက်ခံရာဇဝင်ကို သိလို့လား။ သိရင် ဗဟုသုတအဖြစ် ရှင်းပါဦး စာရေးဆရာရဲ့"





"အဲဒါ မင်းသားကြီး ဂရိတ်ဦးဖိုးစိန် က,သွားတဲ့ တာနေ့ာယက္ခဘီလူးခွာတ်ဗျ"

"ခွာတ်ပြားဇာတ်ထုပ်တော့ ကြားဖူးတယ်။ ဇာတ်ကို မကြည့်ဖူးဘူး။ ငါတို့ဟာ ငယ်သေးတဲ့အရွယ်ကိုး"

"မူရင်းဇာတ်အသွားက ဒီလို ကိုသောင်းညွန့်ရ ...။

ဘဝတစ်ခုတုန်းက ဘုရားအလောင်းဟာ ကာမဂုဏ်နယ်ကိုစွန့်ပယ်ပြီး တောရပ်တစ်ခုမှာ ရသေ့ရဟန်းပြုလို့ တောရဆောက်တည်နေချိန်တဲ့ဗျာ။ ဘုရားအလောင်းရှင်ရသေ့ရဲ့ ကျောင်းသင်္ခမ်းအနီးမှာ (ဒါနော) ခေါ် တာနေ့ာယက္ခဘီလူး ရှိနေတယ်။ အဲဒီ တာနေ့ာယက္ခဘီလူးက တစ်ခါတစ်ရံ ဘုရားအလောင်းရှင်ရသေ့ရဲ့အနီး ချဉ်းကပ်ပြီး တရားနာတတ်တယ်။

သို့သော် တာနေ့ာယက္ခက အစားကျူးသည့်ဘီလူးဖြစ်တော့ တရားက သူ့ကို လွှမ်းမိုးလို့ မရပေဘူး။

တစ်နေ့ ...

အလွန်ကို ငေးယူရအောင် ချောမောလှပပြီး ရွှေအဆင်းလို ဝင်းဝါသည့် ကာသိတိုင်းသူတစ်ဦးနှင့် အဖွဲ့တို့ တာနေ့ာယက္ခဘီလူးနေသည့် တောအုပ်အနီးမှာ အကြောင်းအားလျော်စွာ ဆုံကြပါရောဗျာ။

ဖြုန်းခနဲ ဘီလူးကိုမြင်ကြရော အဖော်တွေက လန့်ဖျပ်လို့ပြေးကြတာပေါ့။ ကာသိတိုင်းသူ သမုဂ္ဂသီကိမိန်းမချောလည်း လန့်ပြီးပြေးပေမယ့် နောက်ဆုံး အစွမ်းကြီးသည့် တာနေ့ာယာက္ခဘီလူးရဲ့ ဖမ်းဆီးခြင်းကို ခံလိုက်ရတယ်။

ခါတိုင်းက တာနေ့ာယက္ခဘီလူးက လူသားကောင်ကို ဖမ်းမိရင် ကျောက်ဂူမှာ ပိတ်လှောင်ထားပြီး စားသောက်လေ့ရှိတယ်။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



အလွန်ကို ချောမောလှတဲ့ ကာသိတိုင်းသူ သမုဂ္ဂသိဂီကို ချစ်ခင်နှစ်သက် သဘောကျပြီး သတ်ဖြတ်စားသောက်ခြင်း မပြုပဲ သူနေသည့် လှိုဏ်ဂူကျောက်ဂူကို ယူဆောင်လို့ အမွေပဲ သားမယားပြုခဲ့လိုက်တယ်။

တာနေ့ာယက္ခဘီလူးက သမုဂ္ဂသိဂီကို ရင်နှင့်အမျှ ချစ်တာ။ ဒါကြောင့် အမဲသားငါး၊ ချိုချဉ်၊ သစ်သီး စသည်တို့ကို ချစ်မယားအတွက် ရှာဖွေပြီး ကျွေးမွေးစောင့်ရှောက်တယ်။ လှပဆန်းကြယ်သည့် အဝတ်အစားတို့ကိုလည်း ရအောင်ရှာဖွေပြီး မယားချော မယားလှလေးကို ကျကျနန ဆင်ယင်တယ်။

ဒါနဲ့အတူ ထွက်ပြေးမှာစိုးလို့ ရွှေကြုတ်ကြီးတစ်ခု ဖန်ဆင်းပြုလုပ်ပြီး အိပ်ချိန်ရောက်ရင် ရွှေကြုတ်ထဲမှာပဲ သမုဂ္ဂသိဂီကို အိပ်စေတယ်။

"အသက်ရှူပေါက်ရော ရှိရဲ့လားကွာ ညိုမှိုင်းရာ"

"ဟာ . . . ရှိတာပေါ့ဗျာ။ ခင်ဗျားကလည်း လေဝင်ပေါက်လေးတော့ လုပ်ပေးထားတာပေါ့"

"မင်းမြင်လို့လား ညိုမှိုင်းရာ"

"ခင်ဗျားကလဲဗျာ တော်တော် ကန့်လန့်လုပ်နေပြန်ပါပြီ၊ ကိုယ့်မယားကို ဘယ်လိုလင်သားက အသက်ရှူရပ်သေအောင် လုပ်မှာလည်းဗျ။ ထွက်ပြေးမှာစိုးလို့သာ ရွှေကြုတ်ထဲ အခြေအနေအရ ထည့်ထားရဥစ္စာ"

"အေး . . . အေး . . . ဒါဆို ဆက်ပြောပါဦးကွာ။ စိတ်မဆိုးပါနဲ့ဟ"

"အဲဒီအချိန်ကစပြီး တာနေ့ာယက္ခလောက်မှ ဘုန်းတန်ခိုးအစွမ်းမရှိသည့် ပရလောကသားတွေက သမုဂ္ဂသိဂီကို ရွှေကြုတ်မယ်





လို့ ခေါ်ကြသတဲ့။

တစ်နေ့ပေါ့ဗျာ . . .။ တာနေ့ာယက္ခက ရေချိုးဖို့ ကြာမျိုးငါးပါးနဲ့ ပြည့်စုံသည့် ရေကန်ကိုသွားတယ်။ တာနေ့ာယက္ခဘီလူးက ဘယ်နေရာကိုသွားသွား သမုဂ္ဂသိဂီကို ရွှေကြုတ်ထဲထည့်ပြီး ရင်ဝမ်းထဲမှာ ငုံလို့ သယ်သွားဆိုသကိုး။

"ဒါဆို ငါမသိလို့ မေးပါရစေ ညိုမှိုင်းရာ"

"မေးဗျာ . . . မေး . . . မေး . . . ခင်ဗျားကလဲ"

"တာနေ့ာယက္ခဘီလူးက အကြီးကြီးနေမှာပဲနော်"

"ကြီးတာပေါ့ဗျာ"

"လူထည့်သည့် ရွှေကြုတ်ကလည်း အကြီးကြီးနေမှာပဲနော်"

"ဒါပေါ့ဗျာ"

"ဒါ . . . ဒါ ဆို . . . ဟို . . . ဟို . . . ဒင်းလဲ . . . အဲ . . . အဲ"

"ဘာဟိုဒင်းလဲဗျ ကိုသောင်းညွန့်ရ။ ခင်ဗျားက အကောင်းပြောနေရင် ရစ်လာပြီ"

"အဲ . . . အဲ . . . ဒီလိုပါကွာ . . .။ ဟိုလေ . . . ဟိုဒင်းပြုကြရင် . . ."

"မရှင်းမရှင်း မလုပ်နဲ့ ကိုသောင်း။ ရှင်းအောင်လုပ်"

"ဟိုကွာ . . . မရှိသေ့စကား . . . ငါ့ညီရာ၊ ညဘက် ဟိုဒင်းအတွက်ကွာ လင်မယား အတူနေတော့ လူ သမုဂ္ဂသိဂီက သေးသေးလေး။ မင်းကောင် တာနေ့ာယက္ခဘီလူးက အကြီးကြီး။ အယ်စတုံကြီးဆိုတော့ . . ."

"မို့ . . . ခင်ဗျားကလဲ ကပ်သီးကပ်သပ်လည်း မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေးချက်ကလည်း တုံးတယ်ဗျာ ကိုသောင်းညွန့်ရာ''

''ငါ့ညီရာ ... မောင်မှိုင်းရာ ... ရာဇဝင်ပဲဖြစ်ဖြစ်၊ မဟာဝင်ပဲဖြစ်ဖြစ် ယုတ္တိကတော့ ရှိဖို့လိုတယ်မဟုတ်လားကွာ''

ကိုသောင်းညွန့်ဆိုသည့် လူကြီးက တကယ်ကို လူ့ကပ်သပ်ကြီးဗျာ။ ကြည့်ဦး မေးနေပုံက စပ်ဖြီးဖြီးကြီး။

''တာနောယက္ခဆိုတာ တန်ခိုးရှိတဲ့ ဘီလူးဗျ ... ဘီလူး။ ညဘက် လင်မယားအိပ်ချိန်ရောက်တော့ လူယောင်ဖန်ဆင်းပြီးမှ အတူအိပ်တာပေါ့''

''ဘီလူးက လူယောင်ဖန်ဆင်းတော့ သူက အသားစားဘီလူးဥစ္စာ ... အာပုပ်စော်နံမှာပေါ့''

''ကိုသောင်း ... ခင်ဗျား ကောင်းကောင်းနားထောင်မှာလား''

''ငါမေးတာရော လွန်လို့လား မောင်မှိုင်းရာ ဟင်''

''အေးပေါ့ဗျာ ...။ အဲဒီအချိန် ချစ်ရည်လူးကာနီးကျရင် စမုံစပါး အာမွှေးကွမ်းယာ ကြိုဝါးမှာပေါ့ဗျ''

''ဟ ... ငမှိုင်းရ၊ အဲဒီတုန်းက တောနယ်ထဲမှာ စမုံစပါး အာမွှေးကွမ်းယာ ဝယ်လို့ရမလားကွ။ 'ဘဂဝမ်း'တို့ 'စားမလောက်' တို့ ကွမ်းယာသည်တွေ ရှိနေလို့လား''

''ကိုသောင်း ...''

''ပြော ...''

''ခင်ဗျားကို ကျုပ် ရွဲ့ပြောနေတာ။ ကျုပ်အထင်တော့ အဲဒီအချိန်မျိုးရောက်ရင် ကြာညိုနံ့သင်းတဲ့ ကြာပန်းတွေကို ရူးဝါးရင်း အာဝါးပေးချင် ပေးမှာပေါ့ဗျာ''

''အိုကေ ... ငါ့လူမောင်မှိုင်း မဆိုးဘူး။ ငါ့လူရဲ့ ဖီလိုဆိုဖီ





သင့်မြတ်တယ်။ ဆက်ပြော ...''

''အဲဒါ တာနောယက္ခက ရွှေကြုတ်ကိုဖွင့်၊ သူ့မယားကိုထုတ်ပြီး ကြာမျိုးငါးပါးရေကန်မှာ ရေချိုးစေတယ်။ နံ့သာလိမ်းကျံ အဝတ်ဆင်တယ်။ ပြီး ကိုယ်ငွေ့အေးနေတာ မချမ်းရအောင် ကြုတ်နံဘေးမှာထိုင်ပြီး နေပူစာလှုံစေတယ်။

ပြီး ခပ်လှမ်းလှမ်းရေနက်မှာ တာနောယက္ခက ရေချိုးတယ်တဲ့ဗျာ''

''ဘီလူးက ရေချိုးလို့လားကွ''

''လုပ်ပြန်ပြီဗျာ''

''ငါ မကြားဖူးလို့ မေးရတာပါ မောင်မှိုင်းရာ''

''ဘီလူးဆိုတာ ရေကန်ထဲမှာတောင် နေတာဗျ''

''ဟုတ်ရဲ့လားကွာ။ ငါ့ကို မင်းမညာပါနဲ့ကွာ''

''အဲဒါမှ ခင်ဗျားလက်မခံချင်ရင်လည်း သူ့မယား လိုလိုလားလားရှိအောင် သန့်သန့်ပြန့်ပြန့် နေပြတဲ့သဘောနဲ့ တာနောယက္ခ ရေချိုးတယ်ပေါ့ဗျာ။ ဟုတ်ပြီလား''

''ရေလဲပိုင်းနဲ့ ချိုးသလား၊ ဒီအတိုင်း ကိုယ်တုံးလုံး ...''

''ကိုသောင်း ... ခင်ဗျား လိုက်ရစ်နေရင် ကျုပ်မပြောပြတော့ဘူးဗျာ''

''အေး ... အေး ... အေး ... လုပ်ပါ။ ဒါနဲ့ ဘာဖြစ်သေးတုံး''

''အဲဒီအချိန်မှာ ဝါယုပုတ္တဝိဇ္ဇာဓိုရ်က သန်လျက်ကိုလွယ်ပြီး ကောင်းကင်ကနေသွားနေတာ အဲဒီလိုသွားနေတာကို ရွှေကြုတ်မယ်သမုဂ္ဂသိဂီက မြင်လိုက်ရော မိမိထံကိုအမြန်လာဖို့ လင်ဘီလူးမမြင်ခင်



www.burmeseclassic.com

www.burmeseclassic.com



လက်ယပ်လှမ်းခေါ်လိုက်တယ်တဲ့''

''ဝိဇ္ဇာဓိုရ်ကရော ချောလား''

''ချောတယ် ... ရုပ်ရှင်မင်းသား နေအောင်အတိုင်းပဲ''

''မင်းကလည်း လုပ်ချလိုက်ပြန်ပါပြီ။ ငါနဲ့တူတယ်လို့ ပြောရင် အားနာစရာလားလို့''

''ဖွီ ... ရွံစရာကြီး။ အဲဒီ အလွန်ချောမောလှပသည့် အမျိုးသမီးက လက်ယပ်လှမ်းခေါ်ရော ဝိဇ္ဇာဓိုရ်က ခင်ဗျားအတိုင်းပဲ ချက်ချင်း ရွှေကြုတ်မယ်အနီးကို ခုန်ချရောက်လာရော''

''တယ် ... မင်းကငါ့များ နှာကိုဒေါင်အောက်မေ့လို့ပေါ့လေ''

ရွှေကြုတ်မယ်က ခပ်တိုးတိုးလေသံနဲ့။

''ကြုတ်ထဲကို အမြန်ဝင်နေပါ အမောင်ဝိဇ္ဇာဓိုရ်''

လို့ပြောရော ဝိဇ္ဇာဓိုရ်ကလည်း အထာနပ်တယ်။ ကြုတ်ထဲကို လှစ်ခနဲ ခုန်ဝင်လိုက်တယ်။ မကြာပါဘူး တာနေဒယက္ခဘီလူးလည်း ရေသန့်စင်ရာက ပြန်ရောက်လာတယ်။ ဒီမှာ ရွှေကြုတ်မယ်က သူ့လင် ဘီလူးမြင်သာအောင်ပြုပြီး ရွှေကြုတ်ထဲကို ဝင်လိုက်တယ်။

''ဝိဇ္ဇာဓိုရ်က အောက်ကပေါ့''

''ဒါပေါ့ ...။ ဝိဇ္ဇာက ရွှေကြုတ်မယ်ရဲ့ အောက်မှာ''

''ရှိန်းခိုစော် နံမှာပဲနော်''

''ခင်ဗျားဗျာ ကိုသောင်းရာ ... အဲဒါ ဝိဇ္ဇာဓိုရ်အပေါ်ကနေပြီး အဝတ်နဲ့အုပ်ထားသတဲ့''

တာနေဒယက္ခကလည်း ကြုတ်ကို မစစ်ဆေးတော့ဘူး။ အဖုံးပိတ်ပြီး ရင်ခေါင်းထဲ မျိုချလိုက်တယ်။

အဲဒီလိုနဲ့ သူတို့နေထိုင်ရာဂူကို အပြန်အလာ လမ်းခုလတ်





ရောက်ရော ရှင်ရသေ့ကို သွားသတိရလိုက်ပါရော။

'ငါ ရှင်ရသေ့ကို မဖူးရတာ ကြာပြီ။ ဒီနေ့တော့ ဝင်ရောက်ဖူးမျှော် ဝတ်ဖြည့်ဦးမှပဲ' လို့ စဉ်းစားဆုံးဖြတ်ပြီး ရသေ့ရဲ့ကျောင်းသင်္ခမ်း အဝန်းဝိုင်းရှိရာကို လှမ်းဝင်ခဲ့လိုက်တယ်။

ရှင့်ရသေ့ကလည်း တရားရှုမှတ်နေရင်းက မိမိရှိရာကို လှမ်းဝင်လာတဲ့ တာနေဒယက္ခဘီလူးရဲ့ ဝမ်းဗိုက်ထဲမှာ လူနှစ်ယောက်ရှိနေတာကို မြင်လိုက်လို့ ...

''အို ... သုံးယောက်သောသင်တို့ ဘယ်အရပ်က လာကြသနည်း။ သင်တို့လာခြင်းသည် ကောင်းသောလာခြင်း ဖြစ်ပေသည်။ လာကြ ... ထိုင်ကြလော့။ သင်တို့ ကျန်းမာကြပါစေ''

လို့ ပဋိသန္ထာရစကားနဲ့ ခရီးဦးကြို ပြုလိုက်တယ်။

ဒီလို ရှင်ရသေ့က ပြောလိုက် မိန့်လိုက်ရော ကြားရချက်စကားဆန်းကြောင့် တာနေဒယက္ခဘီလူး တွေသွားရော။ စဉ်းစားတယ်။ ငါ ရှင်ရသေ့ထံကိုလာခဲ့တာ တစ်ယောက်တည်းသာ ဖြစ်ပါလျက်နဲ့ ဘာကြောင့် သုံးယောက်ဆိုရတာလဲ။ ဘာကိုရည်ရွယ်လို့ ပြောတာလဲ မေးရော ...။

''အရှင်ရသေ့ ကျူပ်လာသည်မှာ တစ်ယောက်တည်းသာ ဖြစ်ပါပေတယ်။ ဘာကြောင့် သုံးယောက်လာသည်လို့ ဆိုမိန့်ရပါသလဲ''

လို့ မေးတာပေါ့။

''တာနေ ... သင့်မှာ မာတုဂါမ မယားရှိသလား''

''ရှိပါတယ် အရှင်ရသေ့''

''ဒါဆို နားထောင်တာနေ။ သင်က ချစ်လှစွာသောမယားကို လုံလုံခြုံခြုံရှိစေချင်လို့ ရွှေကြုတ်မှာထည့်ပြီး ဝမ်းထဲမျိုထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



သင့်မယားက သင့်ရဲ့ဝမ်းအတွင်းမှာ ဝါယုပုတ္တဝိဇ္ဇာမိုရ်နှင့် မွေ့လျော်နေသည်ကို ငါမြင်လို့ သုံးယောက်လာသည်လို့ ဆိုရသည်''

ဒီစကားကြားရရော တာနောယက္ခဘီလူး စိုးရိမ်ထိတ်လန့်သွားရော ဝိဇ္ဇာမိုရ်ဆိုတာ တန်ခိုးလည်းကြီးတယ်၊ မာယာလည်းများတယ်။ အကယ်လို့များ သူ့လက်ထဲမှာ သန်လျက်ရှိနေမယ်ဆိုရင် ဝမ်းဗိုက်ကို ခွဲပြေးက ကိုယ်ဒုက္ခရောက်တော့မယ်။

ဒါနဲ့ အလျင်အမြန်ပါပဲဗျာ၊ ကြုတ်ကို အန်ချလိုက်ပြီး ကြုတ်အဖုံးကို ဖွင့်လိုက်တာနဲ့ ဝိဇ္ဇာမိုရ်ကလည်း မန္တန်ကိုရွတ်ပြီး သန်လျက်ကိုကိုင်လို့ ကောင်းကင်ကို တရှိန်ထိုး ပျံတက်သွားတော့တာပဲ။

ဝိဇ္ဇာမိုရ် ကောင်းကင်ကို ပျံတက်သွားတာမြင်ရော တာနောယက္ခဘီလူးဟာ ပညာရှင်ရသေ့ကို ဦးခိုက်ပြီး . . .

''ရှင်ရသေ့ . . . သင်၏ အမြင်အာရုံသည် လွန်စွာ အံ့ဩလောက်ပါပေ၏။ အရှင်ရသေ့ ကျွန်ုပ် အသက်တမျှချစ်ရသော မိန်းမသည် ကျွန်ုပ်ကိုပြစ်မှား၍ အခြားတစ်ပါးယောက်ျားသားနှင့် ပျော်မွေ့၏။ အသင်ရသေ့က ကျွန်ုပ်၏ အသက်နှင့်အရှက်ကို ကယ်တင်ခဲ့ပါ၏။ ကျွန်ုပ်၏မိန်းမကား ကျွန်ုပ်ရဲ့ ကျေးဇူးသစ္စာ မေတ္တာကိုမှမစောင့်။ တရားမဟုတ်သည်ကို ရက်စက်စွာကျင့်၏။

ကျွန်ုပ်သည် ကိုယ်နှုတ်နှလုံး မစောင့်စည်းသော မိန်းမကို ကျွန်ုပ်ကိုယ်တွင်း၌ ကောင်းစွာနေသည်ဟု ယုံမှတ်ခဲ့၏။ ကျွန်ုပ် ချစ်မြတ်နိုးရသော မိန်းမသည် ကောက်ကျစ်စဉ်းလဲစွာ ဖောက်ပြန်ကျူးလွန်ခြင်း အမှုအပြစ်ကို ကျူးလွန်၏။ ဒီလိုမိန်းမမျိုးကို မပေါင်းဖော်သင့်မှန်း ကျွန်ုပ်သိရပြီ။

အရှင်ရသေ့ . . . ငါ့မိန်းမကို လုံလုံခြုံခြုံ ထားနိုင်သည်ဟု





အဘယ်ပညာရှိက ယုံမည်နည်း။ မိန်းမတို့သည် ချောက်နှင့်လည်း တူ၏။ သမုဒ္ဒရာနှင့်လည်း တူ၏။

အဲဒီနောက် တာနောယက္ခဘီလူးဟာ ရှင်ရသေ့ကို ရှိသေစွာ ဦးခိုက်ပြီး . . .

''အရှင်ဘုရား . . . အရှင့်ကိုမှီ၍ ကျွန်ုပ် အသက်ချမ်းသာရာရပေ၏။ နောင်တလည်း ရခဲ့လေ၏။ ဤယုတ်မာသောမိန်းမသည် ဝိဇ္ဇာမိုရ်နှင့်ပေါင်းပြီး ကျွန်ုပ်အား သတ်ရန်ကြံစည်၏။

တာနောယက္ခဘီလူး ဒေါသများ ပေါက်ကွဲနေတယ်။

ဒါနဲ့ ဘုရားအလောင်း ရှင်ရသေ့က ဆုံးမတယ်။

''တာနော . . . မကောင်းမှုကို ထပ်မံလို့ မကျူးလွန်နှင့်။ သင်သီလကိုယူ၍ စောင့်ထိန်းလော့''

ဘုရားအလောင်း ရှင်ရသေ့က ဒီလို တရားပြဆုံးမတော့မှ တာနောယက္ခဘီလူး အသိတရားရခဲ့ပြီးနောက် သစ္စာမဲ့သည့် သူ့မိန်းမ ရွှေကြုတ်မယ်ခေါ် သမုဂ္ဂသီဂီကို ရင်နာနာနဲ့ စွန့်လွှတ်လိုက်ရတယ်။

အဲဒါ ကာလိင်္ဂရာဇ နဝကနိပါတ် ဇာတ်အလာပဲ။ ဒီဇာတ်ကို ဇာတ်မင်းသားကြီး ဦးဖိုးစိန်က က,တယ်။ နောက်ပိုင်း ဇာတ်စက်ခေတ်မှာ ဇာတ်ပြားသွင်းပြီး မြန်မာပြည်တစ်ပြည်လုံးကို ဖြန့်တော့ တောရွာမြို့ပါမကျန် ကြိုက်နှစ်သက်ကြပြီး တာနောယက္ခဘီလူးရဲ့ ငိုချင်းများဟာ ရွတ်ဆိုသူတိုင်းရဲ့ ပါးစပ်ဖျားမှာ ဘဝခံစားချက်အသီးသီးနဲ့ သင်ကျန်စွဲရစ်ခဲ့ကြတယ်ဗျာ။ ရှင်းရဲ့လား''

''အင်း . . . ရှင်းပါပြီ စာရေးဆရာရာ။ ဒါပေမဲ့ ငါ့လူရာ . .''

ကျွန်တော်ပြောတဲ့ ဇာတ်ထုပ်မူရင်း ဇာတ်လမ်းဆုံးရောကိုသောင်းညွန့်ဦးက စဉ်းစားတွေးတောသလို လုပ်ရင်း စကားအထွန့်



www.burmeseclassic.com

www.burmeseclassic.com



တက်လိုက်တယ်''

''ဘာလဲ ကိုသောင်း''

''မင်းပြောတဲ့ တာနေဘာယက္ခနဲ့ သမုဂ္ဂသိဂ်ီရဲ့ ဇာတ်လမ်းကို သေသေချာချာ ပြန်စဉ်းစားရင် တာနေဘာယက္ခဘီလူးကရော မူလအခံကောင်းလို့လား''

''ဘာဖြစ်လို့''

''သူက အမွေသမားပဲကွ။ ခုခေတ်စကားနဲ့ ပြောရရင် အမွေသမား၊' ဗလက္ကာယသမား၊ မုဒိမ်းသမားပဲ။ သူအနိုင်ကျင့် သိမ်းပိုက်လို့ သမုဂ္ဂသိဂ်ီက ကြောက်ရွံ့ထိတ်လန့်ပြီး မချစ်မနှစ်သက်ပဲ ပေါင်းသင်းခဲ့ရတာ။ ငါ့သဘောပြောရရင် သမုဂ္ဂသိဂ်ီအနေနဲ့ သူ့လို အမွေသမားကို အချိန်မရွေး မုန်းပိုင်ခွင့် အခြေအနေပေးရင် စွန့်ပစ်နိုင်ခွင့် ရှိနေတာပဲကွ။ ဒါနဲ့အတူ ကိုယ်ချစ်မြတ်နိုးတဲ့သူကို ကိုယ်ချစ်မြတ်နိုးခွင့် ရှိတာပဲ''

''ခုခေတ် ဥပဒေကြောင်းနဲ့ ပြောရင်တော့ ဟုတ်သပေါ့ဗျာ။ သို့သော် သူမက တာနေဘာယက္ခရဲ့ မကောင်းမှုနှစ်ခွာ လုပ်ကျွေးပေါင်းသင်းခြင်းခံရသည့် ကာမပိုင်မယားတော့ ဖြစ်နေပြီပဲဗျ။ မဖောက်ပြန်သင့်ဘူး။ အကယ်လို့ မချစ်လို့ ဖောက်ပြန်တယ်ဆိုရင်လည်း မိန်းမရဲ့ အဓမ္မဘာဝက ပေါ်လွင်နေပြီ''

''ဒါဆို ဒဿဂီရိဘီလူးရဲ့ အဓမ္မအချစ်ကို မယ်သီတာက လက်ခံရမလား''

''အချစ်အပေါ် သစ္စာရှိတဲ့ မိန်းမသားစစ်မှန်ရင်တော့ သီတာဒေဝီလို အသက်စွန့်ဖို့ ဝန်လေးမှာမဟုတ်။ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္မုလလို သစ္စာတရားကို အသက်နဲ့ထပ်တူ တန်ဖိုးထားသည့် ဂုဏ်ဝင်မိန်းမ





မြတ်အဖြစ် ကမ္ဘာတစ်ဆုံး တင်ကျန်ရစ်နေမှာပဲ။

ဒါပေမဲ့ ကိုသောင်း ... ခင်ဗျားစဉ်းစား။ ဟောဒီ လူ့လောကကြီးမှာ ဒွန္နရာကြီးမှာ နှစ်ကိုယ်တူစုံမက်လို့ အတူပေါင်းသင်းပြီးကာမှ ကိုယ့်လင်ထက်ချောတဲ့လူ၊ ဥစ္စာရှိတဲ့လူ၊ ခွန်အားသန်မာတဲ့သူ၊ ပလီပလာပြောတတ်သူကိုမှ ထပ်မံသဘောကျပြီး ဖောက်ပြန်သွားတဲ့မိန်းမစာမျိုး မရှိဘူးလားဗျာ။ ပြော ...''

''ရှိတယ် ...''

''အေး ... အဓိက ရည်ညွှန်းချင်တာ အဲဒီလိုမိန်းမစားမျိုးတွေကို မီးမောင်းထိုးပြချင်လို့ ဦးဖိုးစိန်ကြီးက ဒီဇာတ်လမ်းကို စင်တင်က,ခဲ့၊ ဓာတ်ပြားသွင်းခဲ့တာပဲ ကိုသောင်း။ မင်းသားခင်မောင်ရင်ဆိုတဲ့ သီချင်းလိုပေါ့ဗျာ။ ဘာတဲ့ ...။

မိန်းမဆိုတာ ××× ဆောင်းလေပမာအညီ ××× အတွင်းသဘောမတည်ကြည် ××× ပြောင်းလဲတတ်သည် ××× မောင့်အချစ်ဆုံး မြကာ ××× အဖိုးမထိုက်လေပြီ ××× ခုတော့ ××× ခင်မောင်ရင်တစ်ကိုယ်တည်းမှာ အရှုံးကြီးပမာဖြစ်ကာ ဇာတ်သိမ်းပြီ ××× ဆိုတဲ့ သီချင်းစာသားလိုပေါ့ဗျာ''

''အမယ်မယ် ... ငါ့လူ အသံတယ်ကောင်းပါလားကွ ... ဟေ''

''ဟုတ်ရဲ့လား ကိုသောင်းရာ''

''သောက်ရမ်းကို မိုက်တာပေါ့ ... ငါ့လူရာ။ ဟိုနေရာကနေဆိုရင် ပိုကောင်းမှာ ငါ့လူရာ''

ကျွန်တော့်ရဲ့မိတ်ဆွေ ကိုသောင်းညွန့်ဦးက ကျွန်တော်ဆိုပြသည့် ခင်မောင်ရင်သီချင်းသံကို နားထောင်ရင်း ပြုံးပြီး အူရွှင်နေ၍



www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ ကြည့်ဝမ်းပါ ...။ သူဟာ ကျွန်တော့်ရဲ့မျက်နှာကို အားရပါးရ ကြည့်ပြီး ဝမ်းသာနေရှာတာကလား။

"လုပ်စမ်းပါဦး ... ကိုသောင်းရ။ ဘယ်နေရာကနေဟာစ်ရင် အသံပိုကောင်းမှာလဲကွ"

"အမြင့်ဆုံး ကုက္ကိုပင်ခွကြားကနေ ရပ်ပြီးဟာစ်ရင် တာဝတိံသာကပါ ကြားရမှာ ... ငါ့လူရေ"

"ဟား ... ဟား ... ဟား ... ဟား ... လက်စသပ်တော့ ခင်ဗျားက ကျုပ်ကို ဟိုသီချင်းသည် အရူးလိုလူကြီးနဲ့ အမြွှာပူးနိုင်းနေတာကိုးဗျ။ ဟား ...ဟား ...ဟား ...ဟား ...။ တော်ပြီ ကိုသောင်းညွှန့်ရေ ... နောင်များ ခင်ဗျားရှေ့မှာ ကျုပ် သီချင်းမဆိုတော့ဘူး"

"ဒါဆို က,ပဲ က,ပြပေါ့ကွာ မောင်မှိုင်းရာ"

"ဟား ... ဟား ... ဟား ... ဟား ... မြေဝိုင်းလေးပေါ့ကွာ။ ထမင်းတော့ မငတ်ပါဘူးကွ။ မင်းရယ်၊ ထုတ်ဝေသူ စိတ်ကူးသစ်တင်ထွန်းရယ်၊ ထောင်မှူးကြီးသိန်းဝင်းရယ် သုံးယောက်ပေါင်း မြိုင်ထလိုက,ရင် ကားပါဝယ်စီးနိုင်မှာ ... ကိုယ့်လူရေ။ ဟား ...ဟား ဟား ...ဟား ...ဟား ..."

✿ ✿ ✿

| ၃ |

❑

သိတော်မူတဲ့ အတိုင်းပဲခင်ဗျာ။ ကျွန်တော်က စာရေးဆရာ ညာဉ်ရှိနေတော့ လူထူးလူဆန်းတွေကို စိတ်ဝင်စားတယ်။

ဥပမာ ...

နွေခင်းကြောင်တောင် မီးခွက်ကြီးထွန်းပြီး စားပြတိုက်သည့် လူစားမျိုး ...

သင်္ချိုင်းကုန်းမှာ မြေကြီးထဲမြှုပ်ကာနီး အုန်းရေနဲ့ မျက်နှာသစ်မှ ပြန်ရှင်လာသည့် သေရွာပြန်လိုလူစားမျိုး ...

ပြီး ... မိန်းမတစ်ယောက်တည်းက လင်အယောက် (၂၀) ကျော်ယူလိုက်သည့် အချစ်ဆန်းမျိုး။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ မရှိဘူး မထင်နဲ့နော်။ ကျွန်တော်ကိုယ်တွေ့ မြင်ဖူးနေလို့ ပြောတာပါ။ တစ်နေ့ အဲဒီအမျိုးသမီးအကြောင်း ရေးဖြစ်အောင် ရေးပါဦးမယ်ခင်ဗျာ။

ပြီး ... စိတ်နောက်သလို ဖြစ်နေရာက ပြောလိုက်တိုင်း၊ ဟောလိုက်တိုင်း ဒက်ထိမှန်နေသည့် ဘတိုက်ပုံ ဦးရာကျော်တို့၊ ဦးရေချမ်းအိုးတို့၊ ပုံပျက်ပန်းပျက် ရသေ့ကြီးတို့၊ ကိုခြောက်ပေတို့လို လူစားမျိုးလည်း ကျွန်တော်က စိတ်ဝင်စားတယ်။

စာဖတ်သူများ ဖတ်ဖူးကြပါလိမ့်မယ်။

မြွေဝင်စား မခင်မြွေလို မိန်းမမျိုး၊ နတ်မျက်စိမောင်စုန်လို ယောက်ျားမျိုး။

ပြောရရင် ... ကျွန်တော် လူထူးလူဆန်း အတော်များများနဲ့ ကြုံတွေ့ရင်းနှီးဖူးပြီး သူတို့ရဲ့ ဘဝဖြစ်ရပ်ဆန်းကြယ်များကို ရေးခဲ့ပါတယ်။

အဲဒီလို လူထူးလူဆန်းများအကြောင်း ရေးရတာကို အလွန်စိတ်ဝင်စားပါတယ်။ အကယ်လို့များ စာဖတ်သူများရဲ့ အနီးဝန်းကျင်မှာ အဲဒီလို လူထူးလူဆန်းများရှိနေလို့ ဝတ္ထုဇာတ်လမ်းရေးသားရန် သင့်လျော်မယ်လို့ ယူဆခဲ့ရင် ...

မောင်ညိုမှိုင်း (သန်လျင်)

အမှတ် (၁၀/ခ)၊ (၅) လမ်း၊

ထန်းပင်ကုန်းရပ်ကွက်၊ သန်လျင်မြို့သို့ လိပ်စာမူပြီး ဆက်သွယ်လို့ရပါတယ်။ ဒါနဲ့အတူ ကျွန်တော်ရေးခဲ့သည့် ဝတ္ထုများနဲ့ စပ်လျဉ်းပြီး အကောင်းအဆိုး၊ အကြောင်းအကျိုး၊ ဝေဖန်ရေးသား ပေးပို့ချင်၊ အကြံပြုချင်ရင်လည်း ဆက်သွယ်ကြပါလို့ မေတ္တာရပ်ခံပါတယ်။





ကျေးဇူးရှင် ချစ်ပရိုသတ်အပေါင်းတို့ခင်ဗျာ ...

ခုလည်းကြည့် ...။

ဟိုကုက္ကိုပင်ပေါ်က စိတ်မနှံ့သလိုလူကြီးရယ် နေ့ခင်းဘက်ကျရင် အရပ်တကာ ဥဒဟိုလျှောက်သွားတယ်။ ညနေရောက်ရင် ကုက္ကိုပင်အမြင့်ကြီးရဲ့ ခွကြားမှာ ရောက်နေရော။

ကိုယ့်လူက သစ်ပင်အမြင့်ရဲ့ ခွကြားမှာ အညာကျပ်ခုတ်စောင်ကြမ်းကြီးကို ဟိုဘက်ကိုင်း၊ သည်ဘက်ကိုင်း ချည်ပြီး ပုခက်လုပ်ထားတယ်လေ။

အဲဒီစောင်ပုခက်က သူ့အိပ်ရာခုတင်ပဲ။

အဲဒီ ကုက္ကိုပင်က သူ့ရဲ့ ရက္ခမူအိမ်ပဲ။ မြို့ထဲမှာ သူ့ကို လူတိုင်းလိုလို မကြာခဏ မြင်ကြရတယ်။ လမ်းတကာ၊ ဈေးတကာ၊ ဈေးဆိပ်၊ လှေဆိပ်၊ ကားဂိတ်နဲ့ ဘုရားစုံမကျန် လျှောက်သွား ...

ဇာတ်သဘင်ထဲက တေးသီချင်းများကို ဆိုချင်ရင်ဆိုတယ်။

ဒါမှမဟုတ် ... ဇာတ်ထုပ်ငိုချင်းတွေ ဆိုချင်ဆိုတယ်။ (၃၇) မင်း နတ်ချင်း အကုန်နီးပါးရနေလို့ ကျွန်တော်တို့က သူ့ကို နတ်ကနားစီး ဦးနောက်မကောင်းသူလို့ ထင်နေကြတာ။

ကြည့်လေ ....။

ဒီမြို့ကလေးမှာ နတ်စင်တွေက အများကြီးခင်ဗျ။

ရွာတော်ရှင်နတ်ကွန်း၊ မြို့တော်ရှင်နတ်ကွန်း၊ ဘိုးဘိုးကြီးနတ်ကွန်း၊ နတ်စင်တစ်ရာနတ်ကွန်းနဲ့ နတ်ကန္နားပွဲဟာလည်း စုံနေတာ။

အဲဒါ နတ်စင်ရှိရာ ညောင်ပင်အောက်ကို ရောက်သွားခဲ့ရင် ကိုကြီးကျော်နတ်ချင်းကို ပါးစပ်ချင်ဟစ်တယ်။

ဒါမှမဟုတ် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုးမြို့ရှင်နဲ့ အမေရေယာဉ်နတ်ချင်းကို ဟစ်တယ်။

တောင်ပြုန်းမင်းနှစ်ပါးနဲ့ ကျားညိုနောင်ရုပ် နတ်ကွန်းရှေ့ရောက်ရင် ရွှေဖျဉ်းညီနောင် ဖောင်တော်စီးပါလို့ နတ်ချင်းကို ဟစ်ပြီး က,ရော။

''ရွှေပြုန်းက ပန်းခွာညို ဖွေးလှတယ်ဆို ×××

ပန်စေလို လောင်းညိုလေးနဲ့ ××× ကူးပို့ခဲ့လေး ×××''

အဲဒီသီချင်းကိုဆိုပြီး ရွှေပြုန်းမင်းညီနောင် နတ်ရုပ်ရှေ့မှာ နတ်ချော့သလို က,တာ။

တစ်ခါတုန်းကလည်း ကြည့်ဦး . . . ။

( . . . . ) ရပ်ကွက်မှာ သူဌေးဦးနိုင်ဝင်းတို့လင်မယား စီးပွားတက်လို့ နတ်ကန္တားပေးတယ်။

မဏ္ဍပ်ကြီးနှယ် အိမ်ရှေ့မှာ ဟီးနေတာပဲ။

နတ်ကန္တားစီး တာဝတီသာ ဦးဖေဇော်နှင့် ဒေါ်ခင်အေးမူဆိုတဲ့ ရွှေစာလုံးခေါင်းစီး...လည်း ကြွတင်းလို့။ ဆိုင်းဝိုင်းက သုံးခွမြို့က နတ်ဆိုင်း။ နာမည်ကျော် စိန်တင့်နိုင်ဆိုင်းဝိုင်း။

အဲဒါ ဆိုင်းအဖွဲ့က ဆိုင်းဝိုင်းကိုဆင်ပြီး ပတ်စာစမ်းနေတာ။ အဲဒီညနေက အကြိုပွဲ။

နတ်ကန္တားစီး ဦးဖေဇော်နဲ့ ဒေါ်ခင်အေးမူတို့ကလည်း (၃၇) မင်း နတ်ရုပ်များကို တပည့်တပန်း (ဂန်ဒူး) နတ်သမားတွေနဲ့ နေရာချကြ၊ ကန်တော့ပွဲများကို သူ့စင်နဲ့သူ ပြင်ဆင်ကြတုန်းရှိသေး . . .

အဲဒီလူကြီး (စိတ်မနှံ့သူကြီး) ရောက်လာတာ။

ပြောရရင်တော့ ဒီလူနာမည် ဘယ်သူမှ မသိကြပါဘူး။ ဘယ်အရပ်သား၊ ဘယ်မြို့သားမှန်း မသိပါဘူး။ လူကြီးလို့သာပြောရတာ





အမှန်က အသက် (၃၀)ကျော်လောက်ပဲရှိမယ်။ ကျွန်တော်တို့ အစ်ကို အရွယ်လောက်ပါ''

စိတ်မနှံ့ပုံသာ ရတာနော် လူပုံက လူပုံဆန်း။

အသားဖြူဖြူ၊ ဆံပင်သျှောင်ထုံးနဲ့ စွပ်ကျယ်လက်စက၊ အကျီက အပေါက်ဗရပွ၊ ပုဆိုးကအောက်နားကွဲ၊ လွယ်အိတ်ကြီးတစ်လုံး လွယ်၊ တစ်ခါတစ်လေ ဓောင်ကို မင်းသားတောင်ရှည်လို ဝတ်ချင်ဝတ်ထားတတ်တယ်။

သတင်းစာစက္ကူကို မင်းသားခေါင်းပေါင်းလို မုန့်ဟင်းခါးဖတ်ကော်နဲ့ ကပ်လုပ်ပြီး ဇာတ်မင်းသားဂိုက်ဖမ်းချင်လည်း ဖမ်းနေတာ။

တစ်ခါတစ်ခါ ရှင်ဘုရင်ခေါင်းပေါင်းပေါင်းပြီး ဗိုတိုတင်းခြမ်း၊ ဒါမှမဟုတ် ဝါးခြမ်းပြားတစ်ချပ်ကိုင်ပြီး ရှင်ဘုရင်ဇာတ်စကားနဲ့ . . .

''မင်းကြီးများတို့ . . . ဘာတို့ လုပ်ချင်လုပ်တာ။

ထားတော့ . . . ။ ဒီကိစ္စ နောက်ပိုင်းမှ ပြောကြတာပေါ့။

အချို့က သူ့ကို မင်းသားကြီးလို့ ခေါ်ကြတယ်။

အချို့က ကိုကြီးကျော်လို့ ခေါ်ချင်ခေါ်ကြတယ်။

အချို့က ရွှေပြုန်းမင်းကြီးလို့ နာမည်ပေးကြတယ်။

ကလေးအချို့က ဘကြီးကုက္ကိုပင်လို့ နောက်ပြောင်ခေါ်ကြတယ်။

လပွတ္တာကျော်ပြုံးတို့၊ ဆိတ်ပါးစပ်သန်းမြတို့၊ ဂျီတင့်နိုင်တို့ကတော့ 'အဖေကြီး' လို့ ခေါ်ကြတယ်ဗျာ။

ဘာလို့ 'အဖေကြီး' လို့ ခေါ်တာလဲလို့ အရက်သမားအချို့က မေးတော့ . . . သေသွားတဲ့ သူတို့အမေကြီးရဲ့ယောကျ်ား (အဖေကြီး) နဲ့ ကိုယ်နေဟန်ထား မျက်နှာကျဆင်လို့ အလွမ်းပြေ 'အဖေကြီး' လို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ် ပြောတာပဲ။

ခေတ်သီအချို့ကတော့ မဟုတ်ဘူး ဒီလိုဘဲဗျာ ...။ ဒီနားမှည့်ရုံနဲ့ အရှုးလိုလူက ဟိုကဒီကပေးကြလို့ ငွေစကြေးစရှင်ဆိုကိုး။ အဲဒါ (၂၄) နာရီ ဘိုင်ကျနေလေ့ရှိတဲ့ လပွတ္တာကျော်ပြုံးတို့၊ ဆိတ်ပါးစပ်သန်းမြတို့ သုံးယောက်က အရှုးလိုလူကြီးပြန်လာရင် ‘အဖေကြီး ... နေကောင်းလား’ လို့ လှမ်းလှမ်းနှုတ်ဆက်လေ့ရှိသတဲ့။

“အဖေကြီး နေကောင်းလား ခင်ဗျ”

“အိမ်း ...”

“အဖေကြီး ဝ,လာသလိုပဲ”

“အိမ်း ...”

အမှန်က ဟိုအရှုးလိုလို သီချင်းသည်ကြီးက အစားမမှန်လို့ ပိန်ကပ်နေတာ။ အဲဒါ ဝ,လာသလိုဘာပဲနဲ့ ရှေးကြတာတဲ့ခင်ဗျ။

“အဖေကြီးအသံက ဦးဖိုးစိန်အတိုင်းပဲနော်”

“အိမ်း ...”

“အဖေကြီး ... ဒီနေ့ အခြေအနေကောင်းရဲ့လား ခင်ဗျာ”

“အိမ်း ...”

“သားကြီးတို့လည်း မုန့်ဖိုးလေးပေးဦးလေ အဖေကြီးရဲ့”

“မင်းတို့က ဘာကောင်တွေမို့လို့ ငါက ပေးရမှာလဲ”

“အဖေကြီးရဲ့ ပထမအိမ်ထောင်က မြေးတွေလေ”

“ဟုတ်ရဲ့လားဟ။ ဟေ ... ဟေ ... ဟေ ...”

“ဟုတ်ပါတယ် အဖေကြီးရဲ့။ ဒါက အကြီးကောင် ဆိတ်ပါးစပ်သန်းမြ၊ ကျွန်တော်က ဂျီတင့်နိုင်၊ ဟိုကောင်ဂျပုက လပွတ္တာကျော်ပြုံး အငယ်ဆုံးကောင်လေ ... မြေးအရင်းတွေ”





“လပွတ္တာကျော်ပြုံး ဟုတ်လား”

“အင်းလေ ... အဖေကြီးရဲ့ မြေးအငယ်ဆုံးလေ။ လပွတ္တာရေဆိပ်မှာ ခရီးသွားခါနီး မွေးတာလေ”

ဒီမှာ အရှုးလိုလူလည်း သူတို့နဲ့တွေ့ပြီး အူကြောင်ကြောင်ဖြစ်ရော။

“လပွတ္တာဆိုတာ ဘာလဲကွ။ လက်နဲ့ပွတ်တာလား”

“မြို့လေ အဖေကြီးကလဲ”

အသားဖြူဖြူ။ ပုပုဝဝ၊ တရုတ်ပေါက်ဖော်လိုလူ ဂျီတင့်နိုင်က လူရည်လည်တော့ အမျိုးမျိုးရှေ့နေတယ်။

“မြို့ ... နေပါဦး၊ ဘယ်နားက မြို့လဲကွ”

ဒီမှာ ဆိတ်ပါးစပ်သန်းမြက လူတတ်ကြီးလုပ်ပြီး ဝင်ပြောတယ်။

“လပွတ္တာမြို့ဆိုတာ ... ကချင်ပြည်နယ် မြောက်ဖျားက တာဝတိံသာလိုမြို့ကြီးလေ ... အဖေကြီးရ”

“ဟေ ... ဟုတ်လား။ အိမ်း ... အိမ်း ... သိပြီ၊ သိပြီ။ ရေဆိပ်မှာ ငါ့သမီး ဒီကောင့်အမေ ဗိုက်နာလို့မွေးတာ။ သမ္မန်သမား ကိုယ်တိုင် မွေးပေးတာမဟုတ်လား”

“ဟာ ... အဖေကြီးကလဲ မေ့နေပြန်ပါပြီ။ ပုစွန်ခြောက်ရောင်းတဲ့ လက်သည်ကြီး ဒေါ်ခါးတွန့်ကိုယ်တိုင် အရေးပေါ် မွေးပေးတာလေဗျာ”

ဒီမှာ ... အရှုးလိုလူက အူကြောင်ကြောင် ဖြစ်သွားရာကနေ လပွတ္တာကျော်ပြုံးရဲ့အခွက်ကို စိုက်ကြည့်ပြီး ...

“ဒီကောင် ခုထက်ထိ မသေသေးဘူးနော်”



www.burmeseclassic.com

www.burmeseclassic.com



''သေတော့မှာ အဖေကြီးရဲ့''

''ဟာ ... ဟော့ကောင် ... ကြေည် နိမိတ်မရှိ နမာမရှိကွာ။ ဝမ်းတွေသွားနေရတဲ့ ကြားထဲကွ။ ဖွ ... ဖွ ... ဖွ ...''

''ခု ဘာကိစ္စတုံး''

''အဖေကြီးမြေးတွေကို မုန့်ဖိုးလေးပေးခဲ့ဦးလေ''

''မုန့်ဖိုး''

''ဟုတ်ကဲ့ ... ခင် ... ည ...''

''ဘယ်လောက်တုံး''

''တစ်ယောက်တစ်ရာဆို ရပါတယ် ခင်ဗျ။ အဟဲ ...''

''လိုချင်ရင် ငါနဲ့အတူ က''

''ဟာ ... အဖေကြီး၊ သားတို့ မက,တတ်ဘူးခင်ဗျ''

''မက,ရင် မရဘူးကွာ။ သွားပဟော့ ... အဟော့ ...''

''အဖေကြီး ... အဖေကြီး ...''

''နေပါဦး ခင်ဗျာ''

သုံးယောက်သား အရှုးလိုလူကို ဝိုင်းထားကြတယ်။ ဟိုက အရူးပေမင့် အရူးသူဌေး၊ အရပ်ပေးစာကမ်းစာနဲ့ ငွေရှင်နေတဲ့အရူး။

''က,မှာလား''

''ဟုတ် ... ဟုတ်ကဲ့''

''ကိုင်း ... ငါ့မြေးများနဲ့ ဒီနေ့ ပျော်ပျော်ကြီးက,မှာမို့ ... ရွှေပြုန်းကိုသွားမယ်လို့ ××× လုံသွားသုံးတောင် ××× ပြောင်လက်အောင်သွေး ××× ဟေး ××× ဟေး ×××''

''ဝေး လေး လေး ××× ဝေး လေး လေး ×××''

ပိုက်ဆံ အလကားရကိန်းမြင်တော့ မူးသုံးကောင်က လူကြီး





ရဲ့ နတ်ချင်းတပေါင်အလိုက် ဝိုင်းက,ပေးကြတယ်။

''တုတ်တိုတို မမလေးတို့ဆီ ×××''

''အပျိုတော်လေး မရုပ်တေး ××× က,ပါတော့လေး ×××''

''ဝေး ဟေး ဟေး ××× ဝေး ဟေး ဟေး ×××''

''ရွှေဇာပျောက်နဲ့ ဆယ့်ခြောက်ကျပ်ပေး ××× ဝိုင်းတော်ကြီးနောက်ထိုင် ××× သံလွင်ကိုင်မောင်လေး ××× ထွေးသုတ်ဖို့လေး''

သူတို့သုံးဦးက ဟိုလူ စိတ်မနှံ့သူကြီးရဲ့ လက်ကိုကိုင်ပြီး ဝိုင်းကြီးပတ်ပတ်ခုန်ကြတာ သီချင်းတော့မရဘူး အဆဲပဲရတယ်။

''မင်းဟိုကလာ ××× ငါဒီကသွား ×××

မရှောင်သာတဲ့ လမ်းမြောင်ကြား ××× ညည်းနဲ့ငါနဲ့ ညား''

''ဝါးလားလား ××× ဝါးလားလား''

''ဝေး ဟေး ဟေး ××× ဝေး ဟေး ဟေး ×××''

''အိုး ဟိုး ဟိုး ××× ဝို့ အိုး ဟိုး ×××''

အဲဒီလိုနဲ့ အရူးလိုလူက စောစောက တပေါင်သီချင်းကို ပြန်ကျော့လိုက်၊ သူတို့သုံးဦးကလည်း မောမောနဲ့ လက်ချင်းချိတ်ပြီး ဝိုင်းကြီးပတ်ပတ်က,လိုက်။

နောက်ဆုံး ဒူးညွတ်ပြီး သုံးယောက်စလုံး လဲကျတော့မှ ဟိုအရူးလိုသူဌေးက ရာတန်သုံးရွက်ကို နှမြောတွန့်တိုခြင်းမရှိပဲ သူတို့ကိုယ်ပေါ်ပစ်ချပြီး ပြေးရော ...

အဲဒီ ရာတန်သုံးရွက်ကို ချွေးသံရွှဲရွှဲနှင့် ကောက်ယူပြီး မသန်းကစ်တို့ အရက်ဆိုင်ကို ပြေးရတယ်။

ပြောရရင် အရူးလိုလူကြီးရဲ့အိတ်က ပိုက်ဆံကို ကျအောင် ပြောပြီး ယူနိုင်တာ ဒီမြို့မှာ သူတို့သုံးယောက်ပဲရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အဖေကြီး' 'အဖေကြီး' နဲ့ အရှုးကို ဖြီးဖျန်းညာတီးနေတာလည်း သူတို့သုံးဦးပဲ။

ဟို အရှုးလိုလူကလည်း သူတို့သုံးဦးကို နောင်အခါ သားအရင်း၊ မြေးအရင်းလို သံယောဇဉ်ဖြစ်ပြီး တွေ့တိုင်းကြုံတိုင်း အရက်ဖိုးပေးတာပဲ။

ခုလည်း အရှုးလိုလူ 'ရွှေပြုန်းမင်း' ခေါ် 'ကိုကြီးကျော်' ခေါ် 'ဘကြီးကုက္ကို' ခေါ် 'အဖေကြီး' ခေါ် လူက ပြင်ဆင်နေသည့် နတ်ကန္နားမဏ္ဍပ်ကို ပြုံးပြုံးပြုံးပြုံး ခေါင်းတညိတ်ညိတ်နဲ့ ကြည့်ပြီး မဏ္ဍပ်ရှေ့ဆိုင်းဝိုင်းအနီးမှာ ဟစ်ပါလေရော။ ဟစ်တဲ့သီချင်းက နတ်သံ။

သူတို့အားလုံးရဲ့ လှုပ်ရှားမှုများကို ကျွန်တော် မြင်နေရတယ်။ ကျွန်တော်ကလည်း လူစုစုရုံးရုံးရှိနေလျှင် ဘာများလဲလို့ စိတ်ဝင်စားလေ့ရှိတာကိုး။

အခု သုံးမည်ရ၊ လေးမည်ရလူကြီးရဲ့ လှုပ်ရှားမှုကိုဆို ပိုပြီး စိတ်ဝင်စားတယ်။

ကျွန်တော် ကိုယ့်မြို့လေးပြန်ရောက်တာ မကြာသေးပါဘူး။ မကြာသေးခင်မှာကိုပဲ စိတ်ဝင်စားစရာတွေက နေ့စဉ် တွေ့မြင်နေရတာကိုး။

ကြည့်စမ်းဗျာ။ ပြင်ဆင်မွမ်းမံနေသည့် နတ်ကန္နားဆိုင်းဝိုင်းရှေ့မှာ ဟိုလူကြီးဆိုနေတာ အထက်နတ်သံသီချင်း ခင်ဗျ။

စာဖတ်သူများ ဗဟုသုတရအောင်မှပြောရရင် 'အဆို' လောကမှာ စံနှုန်းတစ်ခုရှိတယ်။ အဲဒါ ဆိုင်းနဲ့ဇာတ်မှာပေါ့ဗျာ။

အဆိုပညာရဲ့ အခြေခံက 'နတ်' သံပစ်တာတဲ့။

နတ်သံပစ်တာကို အမှန်တကယ် အဆိုနိုင်နင်းသူမှ ဆိုခွင့်ရ





တာကလား။ တော်ရုံအဆိုနဲ့ 'နတ်သံပစ်' ဆိုခွင့်မရဘူး။

နတ်ပွဲဆိုင်းပွဲဓလေ့မှာ အထက်နတ်သံဆိုတာ 'သိကြားစင်တိုင်' ဖြစ်တယ်။ သိကြားမင်းကိုယ်တိုင် ပြောဆိုသည့် ဟန်နေသံထားနဲ့ဆိုရတာ။

ဟိုတုန်းက နောင်းခေတ်ရုပ်သေးစင်မှာတော့ မင်းသားက ဆိုပေးရတယ်တဲ့။

ကျန်သည့်နတ်သံများကို မင်းသမီးက ဆိုလို့ရတယ်။ 'အောက်နတ်သံ'ကျတော့ သီဆိုသူက ခုနစ်သံချိုတင်ရတယ်၊ အမြင့်ဆုံးအသံကို ဆိုလိုတာပေါ့ဗျာ။

ဒီမှာလူကြီးက အထက်နတ်သံ သိကြားတိုင်ကို ဟစ်ရော။

"××× မင်္ဂလာရယ်မှ မဏ္ဍိုင် ××× လေ ××× လေ ××× လေ ××× ရောင်ဆိုင်ငယ်မှ လေးလီ ×××"

ဟော ...နတ်ကန္နားမဏ္ဍပ် အတွင်းအနီး ပတ်စာတို့နေသည့် ဆိုင်းဝိုင်းအနီးမှာ မင်္ဂလာရယ်မှ မဏ္ဍိုင်လေး သိကြားနတ်သံစင်တိုင်သံကြားရော ...

"ဟဲ့ ...ဟဲ့ ...အဘောကြီးရှိသေး။ အဲဒါ ဘယ်သူတုံး"

နတ်ကန္နားစီး ဂန္ဓုးကြီး တာဝတိံသာဦးဖေဖော်ခေါ် (မဖေ) က လှမ်းအော်လိုက်တယ်။

"စိန်တင့်နိုင်လားဟဲ့။ ငနိုင် ...အဘောကြီးရှိသေးသဟဲ့"

"ကန္နားစီး ...ကျွန်တော်မဟုတ်ဘူးဗျ"

"ဟဲ့ ...ဒါဆို ဘယ်အကောင်တုံး။ ဒီမှာ ပွဲမစုံသေးဘူး။ ကိုးယိုးကားရားတွေ ဖြစ်ကုန်တော့မှာပဲ။ မဆိုနဲ့လို့ပြောလိုက်စမ်း"

"××× ရောင်ဆိုင်ငယ်မှ လေးလီ ××× သာမောငယ်ရွှေ



www.burmeseclassic.com

www.burmeseclassic.com



နတ်ပြည်ထိလု ××× ''

''ဟဲ့ . . . ဟိုအကောင်တွေ ပြောတာ မကြားဘူးလား''

''အမေ မဖေ . . . အစ်ကိုစိန်တင့်နိုင်တို့ မဟုတ်ဘူး''

''ဟင် . . . ဒါဆို ဘယ်လူလွှန်မသားတုံး မှုမှု''

''မသိဘူး။ အရှုးလိုလို လူတစ်ယောက်ပဲ။ မဏ္ဍပ်အဝမှာ ဆိုနေတာ''

''ဟင် . . .''

ဒါနဲ့ နတ်ကန္ဒားစီး တာဝတိံသာ မဖေ (ဦးဖေဖော်) အပြေးကလေး ထွက်ကြည့်လိုက်ရော . . .

ဟုတ်ပေဘော်။

မင်းသားသျှောင်တစ်စောင်းနဲ့ လူရွယ်တစ်ဦး။ အဝတ်အစားက ပြုတ်စဖျင်းတောင်း။ အရှုးနဲ့တူရဲ့။ ဟစ်နေသကိုး။

''××× နတ်ပြည်ထိလု ××× ပျော်ဖွယ်ငယ်ကောင်း နတ်ပေါင်းစု၏ ××× မေရုဗဟို မြင်းမိုရ်ထိပ်ဖျား ဝေဇယန္တာက ×××သုဓာနန္ဒ, စိတြနှင့် ××× စိတ္တလမ္ဗာ, ကြင်ရာအများ, မိဖုရားအပေါင်း ထောင်သောင်းမက, ငါသိကြားမှန် ××× ထက်ဖျားငယ်စံ ××× ဝန်းရံသ၏ နတ်များအမှူး လူတို့ပြည်တွင်၊ ငါအရှင်သည်၊ ပျော်ရွှင်မြူးမည်၊ လာသည်တကား ××× မင်္ဂလာစံခင်း ပွဲများဆောင်၊ ဂုဏ်ရောင်လင်းပါတဲ့ ××× မင်းအများတို့ ×××''

ဒီမှာပဲ ရွာစားစိန်တင့်နိုင်နှင့် ဆိုင်းသမားများကလည်း အသံနေသံထားမှန်ပြီး ဟန်ပန်မှင်မောင်းကောင်းလှတဲ့ အရှုးလိုလူရွယ်ရဲ့ သိကြားနတ်သံလည်းဆုံးရော . . .

စိန်တင့်နိုင်အား အသံမြင့်လို့ ခေါ်ရော . . .





''ဟုတ်မှ . . . ဟုတ်ရဲ့လား . . . မောင်တို့''

''ဟုတ်ပေဗျိုး . . .''

''အမယ်လေး . . . အမယ်လေး . . . ဗုဒ္ဓေါ ကျားသားမိုးကြိုး။ ဟဲ့ . . . ဟဲ့ . . . စိန်တင့်နိုင် . . . စိန်တင့်နိုင် . . .''

''အမေ . . . ဘာလဲဟင်''

''ဘာလို့ နင်တို့ကပါ ဝိုင်းပြီး ဟုတ်မှဟုတ်ရဲ့လားတို့၊ ဟုတ်ပေဗျို့တို့ လုပ်ရတာတုံး။ ဒုက္ခပါပဲ တော်''

''အမေကန္ဒားစီး''

''ဘာတုံး . . . ဘာ . . . တုံး . . .''

''ဒီလူဆိုတာ ကောင်းလွန်းလို့ အမေကြီးရ''

''ဟဲ့ . . . ငါတို့ . . . ငါတို့နတ်တွေကို မပင့်ရသေးဘူးလေ။ အဲဒါ မင်းဆိုင်းသမားလုပ်ပြီး မင်း မသိဘူးလား၊ နားမလည်ဘူးလား မင်း . . . မောင်''

ကန္ဒားစီး ဂန်ဒူးမဖေ (ခေါ်) ဦးဖေဖော်ဟာ ကြောက်လည်းကြောက်၊ ဒေါလည်းပွပြီး ဆိုင်းဆရာကို အော်ပါရော။

''အမေကြီးရဲ့ . . .''

''ဘာတုံးဟဲ့''

''ကျွန်တော်တို့ဆိုင်းမင်းသား စိန်လေးမောင်ထက် ကောင်းသေးဗျ။ ခေါ်သုံးရင် ရမယ် အမေကြီးရ''

''တော် . . . တော် . . . အရှုးကိုများတော်။ ဟဲ့ . . . အရှုး''

နတ်ကန္ဒားစီး မဖေက ဒေါပွပြီး အရှုးလိုလူရွယ်ရှေ့ရပ်ပြီး ဒါးထောက်လို့ဆိုရော . . .

''ဟဲ့ . . . အရှုး''



www.burmeseclassic.com

www.burmeseclassic.com



"သမီးတော်ကြီးလားဟဲ့"

"ဘာသမီးတော်လည်း အရှုံးကမျှားတော် ရာရာစစ"

"ဒါဆို သားတော်ကြီးပေါ့။ အဟေ့ ... ဟေ့ ..."

"တော် ... တိတ် ..."

"သားတော်ကြီးလည်း မဟုတ်ဘူးဆို ဂန်ဒူးတော်ကြီးပေါ့။ အဟေ ... ဟေ့ ... ဟေ့ ..."

"ကိုင်းဟာ ... ကိုင်းဟာ ... ငါ့ကိုမျှား စော်ကားမော်ကား ပြောဦး ... ပြောဦး။ ကဲ ... ကဲ ..."

ကန္တာရစီး ဂန်ဒူးမဖေဟာ သူ့ကို ဂန်ဒူးတော်လို့ပြောရော ဒေါပုပြီး အရှုံးလိုလူရွှယ်ရဲ့ရင်ဘတ်ကို တွန်းလိုက်တာ။ ဒီမှာ အရှုံးလိုလူရွယ်က ရှောင်လိုက်ရော ကန္တာရစီးမဖေ ရှေ့က ရေမြှုပ်ကွက်အိုင်ထဲ မှောက်လျက်လဲပြီး မျက်နှာကို ရေဗွက်တွေ ပေကုန်ပါရော။ အဲဒါ ဝိုင်းကြည့်နေတဲ့ ကလေးအုပ်က သဘောကျပြီးရယ်။

မဏ္ဍပ်ထဲက နတ်ကတော်အခြောက် ဂန်ဒူးလေးငါးယောက်ကလည်း အသံစာစာနဲ့ အရှုံးလိုလူရွယ်ကို ဝိုင်းရန်တွေ့ကြပါရောဗျာ။ ဆူညံနေတာပဲ။

"ဟဲ့ ... အကောင်ရဲ့၊ နင်က ဘာကောင်မို့ ငါတို့အမေကြီး နတ်ကန္တာရစီးကို ရေဗွက်ထဲ တွန်းချရတာတုံး"

"ငါ ... ငါ ... မတွန်းဘူး။ သူ့ဘာသာ ရေဗွက်ကို ကုန်းနမ်း ..."

"ဟဲ့ ... အကောင်၊ နင်အခုထွက်သွား။ မသွားရင်း ပါးရှစ်စိပ်ကွဲသွားမယ်။ ငါတို့ကို ဘာကောင်မ ထင်လို့လဲ ဟင်"

"ဂန်ဒူးမတွေလေ ... ဟေ ... ဟေ ... ဟေ ..."





"အမယ်လေး ... ငါတို့ ... ကျွန်မတို့ကို ဂန် ... ဂန် ... ဒူး ... တဲ့တော်။ ဟဲ့ ... အိန္ဒြာကျော်ဂွင်တို့၊ ဝတ်ရည်အောင်းတို့၊ ဝတ်မှုန်သေရည်တို့၊ ဖြူဖြူဂေါ်သိမ်းတို့ ဒီလိုပဲ ကြည့်နေကြမှာလား။ သင်းကို ဝိုင်းဗျင်းကြပါတော့လား ... ဟဲ့"

"ဟုတ်တယ် ... ငါတို့အမေကြီးကို စော်ကားတဲ့ကောင်"

"ချဟေ့ ... ချ ... ချ ..."

"ပုဆိုးအစုတ်ကို ဆွဲချွတ်"

"ဟဲ့ ... အိန္ဒြာကျော်ဂွင်၊ လိမ်ချိုးပစ်စမ်း"

"အကုန်နှုတ်ပစ်"

"သေဟ ..."

"ကိုင်း ... ကိုင်း ..."

အဲဒါဗျာ ... နတ်ကတော်အုပ်စုဝင် ဂန်ဒူးငါးယောက်ရယ် အရှုံးလို သိကြားနတ်စင်တိုင်တင်တဲ့ လူကို ဗျင်းမယ်ဆိုပြီး ဝိုင်းကြတာ၊ ဆွဲကြတာ။

ဟိုခမျာ ... အကျီရော ပုဆိုးရော စုတ်ကုန်ပါရော။

ဗျင်းမယ့်လူ မရှိဘူး။ နောက်ဆုံး အရှုံးလိုလူ ပြေးရော။ ပြေးတာမှ ကိုယ်တုံးလုံးဗျာ။

နောက်ဆုံး သူကျွတ်ကျခဲ့တဲ့ ပုဆိုးကို ကျွန်တော်ကောက်ပြီး အဲဒီလူ အရှုံးနောက်ကို လိုက်ပေးရတယ်။

ဒီမှာ အရှုံးလိုလူရွယ်က အကွဲကွဲအပြဲပြဲဖြစ်နေသည့် ပုဆိုးကို ကဗျာကယာ ဖြစ်သလိုကောက်ဝတ်ရင်းက ရပ်ကြည့် ဒေါ်ဖောင်းနေသည့် နတ်ကတော် ဂန်ဒူးအုပ်စုဘက်လှည့်ပြီး ... အောက်နတ်သံသီချင်းကို အသံနေအသံထားနဲ့ ဟစ်ဖြစ်အောင် ဟစ်လိုက်သေးရဲ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခမှ ဒုက္ခပါ''

'' ××× တစ်ကြိမ်ရယ်မှ နှစ်ကြိမ် ××× သုံးကြိမ်ငယ်တင်းတင်း ××× မြို့တော်ရှင်မယ်လျှင် ××× ကန် ××× တော့ ××× ပါ ××× ၏ ×××''

''ကြည့်စမ်း ... မမှတ်သေးဘူးဟဲ့ ... အနာကျကောင်''

''လိုက်ဟေ့ ... လိုက် ... ဟ ...''

''အာပါဆွဲဖွဲ့စမ်း ... ဝတ်ရှည်အောင်း''

''ဖြုပစ်မယ်ဟေ့ ... လိုက် ...''

ကိုယ့်လူကလည်း ကိုယ့်လူပဲဗျာ။ ဟိုနတ်ကန္နားစီးအဖွဲ့က သူတို့ နတ်ကန္နားမဏ္ဍပ်ဖွင့်ပွဲတောင် မလုပ်ရသေးဘူး ကိုယ့်လူက ဦးဦးဖျားဖျား သိကြားနတ်သံရွှတ်ပြီး ငါသိကြားရောက်လာပြီလေး ... ဘာလေးလုပ်တော့ ...

ကိုယ့်လူက သိကြားမင်းလည်း မဟုတ်။

နတ်ဝတ်တန်ဆာဆင်ထားသည့် နတ်လည်းမဟုတ်။

ပုဆိုးအကွဲ၊ အကျီအပြဲနှင့် အရူး။

ကိုယ်တိုင် ခပ်တည်တည်ရောက်လာ ရွှေကြိုလုပ်ပြီး ဖွင့်ပွဲသုပ်တော့ ဝိုင်းဖျင်းကြရော။

ကံကောင်းလို့ မသေတာ။ ဟိုတာဝတီသာ မဖေတို့အုပ်စုက ဂန်ဒူးတွေပေမင့် အားကောင်းမောင်းသန်တွေ။ ခုလေးတင် ဝိုင်းဖျင်းလို့ ပုဆိုးမပါပဲ ပြေးလာရကာရှိသေး ...

သင်းက လက်အုပ်လေးချီပြီး တစ်ကြိမ်ငယ်မှ နှစ်ကြိမ်လုပ်ရော။ ဟို တာဝတီသာ နတ်ကန္နားအဖွဲ့က နတ်ကတော်ဂန်ဒူးတွေ ဒေါ်ပွပြီး ထင်းချောင်းကိုယ်စီဆွဲပြီး အပြေးလိုက်လာကြပါရော။

---

စိတ်ကူးသစ်စာပေ



နောက်ဆုံး ကိုယ်ပါ ကိုယ့်လူအရူးနဲ့ ပါတနာလို့မှတ်ယူပြီး ဝိုင်းဖျင်းရင် (၃၇) မင်းနတ်ထဲမှာ သူရောကိုယ်ပါ နှစ်ပါးထပ်တိုးနိုင်ဖွယ်မြင်လို့ သင်းကိုလက်ဆွဲခေါ်ပြီး အမြန်ပြေးရတော့တာပဲဗျာ။

အံမယ် ... အဲဒီလို ပြေးပေါက်လည်းကြုံရော ကိုယ့်လူအရူးက ပြေးလိုက်တာ အိုလံပစ်ချန်ပီယံ အမေရိကန်လူမည်း အပြေးသမားကျနေတာပဲ။

ကိုယ်တောင် နောက်ကျန်ပြီး လျှာထွက်နေရရဲ့ခင်ဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

ဒီသုံးလေးမည်ရ လူကိုယ်တော်ချောကြီးကို အနီးကပ်လေ့လာလိုက်မှ သူကလည်း ဂမ္ဘီရဆန်ဆန် ဖြစ်ရပ်ဆန်းကြယ်တွေ ဝန်းရံခစားလျက်ရှိတာကို ကျွန်တော် လေ့လာသိရှိရတယ် ခင်ဗျ။

အရူးမို့လို့ ထူးနေတာလား။

အထူးလွန်လို့ ရူးနေတာလားတော့ မပြောတတ်ဘူး။

မြို့နှီးဝန်းကျင်က ပယောဂဆရာအချို့နဲ့ သိုက်ဆရာအချို့က အဲဒီ သုံးလေးမည်ရကိုယ်တော်ချောကို ချဉ်းကပ်ချော့မော့ မေးမြန်းတာကို ထူးထူးဆန်းဆန်း ကြားရ၊ မြင်ရပါရောလား။





ထားဗျာ . . .။ ဒီလူရဲ့ ဂမ္ဘီရဆန်ဆန် ဖြစ်ရပ်ဆန်းကြယ်ကို နောက်ပိုင်းမှ ပြောပြမယ်။ လောလောဆယ် ဒီလူ ကလေးတွေကို ချစ်ခင်ပုံ၊ အလိုလိုက်ပုံ၊ စိတ်ကောင်းရှိပုံလေး အရင်ရေးပြ ပြောပြချင်ပါတယ် ခင်ဗျ။

ကျွန်တော် 'သိဂ်ါရမြွေဆိပ်' အမည်ရှိ လုံးချင်းဝတ္ထုရှည်ကြီးမှာ အရူးကိုခြောက်ပေအကြောင်း ရေးခဲ့တာကို စာဖတ်သူများ ဖတ်ဖူးကြလိမ့်မယ်လို့ ထင်ပါတယ်။

အရူးကိုခြောက်ပေက လုံးဝ စကားမပြောဘူး။ ပါးစပ်ကနေ ဘုရားစာပဲ တစ်နေကုန်ရွတ်နေတာ။ စိတ်ကောင်းလေးဝင်လာရင်လည်း သူကြုံခဲ့ရသည့် ဖြစ်ရပ်ဆန်းကြယ်များကို ကရားရေလွှတ်သလို ပြောရော။

ကိုခြောက်ပေက ကလေးတွေနဲ့ မရောဘူး။

အခု သုံးမည်ရ ကိုယ်တော်ချောက ကလေးတွေကို အရောဝင်တယ်။ အက.ကောင်း၊ အဆိုကောင်းတယ်။ ခုလည်း ကြည့်ဗျာ . .။ ကလေးအုပ်က သူနေသည့် ကုက္ကိုပင်အောက်ကို ရောက်နေကြတယ်။

ဘုစုခရုပေါင်းရင် အယောက်နှစ်ဆယ်လောက်ရှိတယ်။ ကိုယ်တော်ချောက ဖိုးကုက္ကိုပင်ခွကြားက ကိုင်းပေါ်မှာ တင်ပလ္လင်ထိုင်လို့။

ပြုတ်များကျလိုက်မှင် ဖက်ကျိုးပြီး သေရင်သေ၊ မသေရင် အကျိုးနဲ့အကန်းပဲ။ လူပုံကြည့်ရတာ ဆပ်ကပ်ထဲမှာများ လုပ်ကိုင်ဖူးသလားမသိပါဘူး။ တစ်ခါတစ်ခါ သစ်ကိုင်းလုံးပေါ်မှာ မတ်တပ်ရပ်ပြလို့။

"ဗျို့ . . . ဦးလေး ရက္ခစိုးကြီး"

"ဦး ရ က္ခ စိုး ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဘ ကြီး ဦး ရ က္ခ စိုး . . ."

"ဘာတုံး . . . ဘာတုံး . . ."

ကလေးတွေက သူ့ကို ဦးရက္ခစိုးကြီးလို့လည်း ခေါ်တော့သလေ။ ဘာလို့ခေါ်လည်း ဟုတ်လား။ မဟုတ်မှလွဲရော . . . သစ်ပင်ကို ဘုံဗိမ္မာန်လုပ်ပြီး နေ့ရောညပါနေလို့ ရက္ခစိုး ခေါ်ကြမှာပေါ့။

မေးကြည့်တော့ . . . ကလေးတစ်ယောက်က ပြောရဲ့။ သူတို့အဖေအမေများက ပြောတယ်တဲ့။ ဒီဦးလေးကြီးက လူသာမန်နဲ့မတူဘူး။ ရက္ခစိုးက လူယောင်ဖန်ဆင်းပြီး ဒီသစ်ပင်ကြီးပေါ် အရှုးယောင်ဆောင် လာနေသလားမသိဘူး။ ပြောင်တောင်တောင် နောက်တောက်တောက် သွားမလုပ်ကြနဲ့လို့ ပြောသတဲ့ဗျာ။

ခုလည်း ကြည့်လေ . . .။ ဗျို့ . . . ဦးလေး ဘကြီး ရက္ခစိုးကြီးလို့ ဝိုင်းအော်ကြရော ဟိုး အပင်ပေါ်ကနေ ဘာတုံး . . . ဘာတုံးလို့ အသံပြန်ပြုတယ်။

လူကြီးလူရွယ်များ ခေါ်ရင်ပြောရင် ထူးချင်မှထူးတာ။ အကြိမ်တစ်ရာခေါ်လို့ တစ်ခွန်းမထူးဘူး။

"ဗျို့ . . . ဘကြီး ဦးရက္ခစိုး"

"ဘာတုံး . . . ဘာတုံးဟ . . . မှင်စာတို့၊ ကျတ်တို့၊ သရဲတွေတ်နီတို့ရ။ နားကို ညည်းနေတာပဲ။ ဘာလဲ . . . ငါ့ဘုံဗိမ္မာန်ကို လုချင်လို့လား။ ဟား . . . ဟား . . . ဟား . . . ဟား . . .။ ငါ့ဘုံဗိမ္မာန်တော့ လာမလုနဲ့၊ မထိနဲ့၊ အမျိုးကောင်းသားလေးတို့ရဲ့။ ဝရဇိန်လက်နက်နဲ့ ဟောဒီလို ခွင်းလိုက်မယ် . . . သွားရော့ဟ . . ."

"ဘူ . . . ဘူ . . ."

"ဦးရက္ခစိုးကြီး . . . လူညစ်ပတ်ကြီး"





"ရေမချိုးတဲ့ ဦးရက္ခစိုးကြီး"

"ဦးရက္ခစိုး ဖင်ခေါင်းကျယ်ကြီး"

အချို့ကလေးတွေက အော်ဟစ်ရယ်မောပြီး နားနှစ်ဖက်ကို လက်ဝါးနဲ့ပိတ်ကြ၊ နှာခေါင်းကို လက်ဝါးနဲ့ပိတ်ကြ လုပ်ပြီး အော်ဟစ်ကြရော။ ကြည့်လေဗျာ . . . ဝရဇိန်လက်နက်ဆိုပြီး ဟိုးအပေါ်ကနေ အီးပေါက်သံပေးသကိုး။

"ဦးရက္ခစိုးကြီး သီချင်းဆိုပြပါဗျို့"

"မဆိုဘူးဟေ့။ လုံးဝ မဆိုဘူး"

"တာနေဘာယက္ခသီချင်း ပြန်ဆိုပြပါဗျ"

"နိုး . . . နိုး . . . နိုး . . . အိုင် အမ်(မ်) ဆောရီး"

"တာနေဘာယက္ခ မဆိုချင်ရင် 'ရဝေ . . . ရဝေ' လုပ်ပါဗျို့"

"ရဝေ' မကောင်းဘူးဗျ။ တွံတေးသောင်းဒန်ရဲ့ 'နှမလက်ဆော့ . . . ထမိကျွတ်' သီချင်း လုပ်ပါဗျို့"

"ဟဲ့ . . . အနာကျကောင် စံကုလားရဲ့။ တွံတေးသောင်းဒန်မဟုတ်ဘူး . . . တွံတေးသိန်းတင်ဟဲ့"

"ဟား . . . ဟား . . . ဟား . . . ဟား . . . မိသန်းတစ်လုံးတို့ကတော့ လုပ်ချလိုက်ပြီဟေ့။ ဘာတဲ့ . . . တွံတေးသိန်းတင်တဲ့။ ဟီး ဟီး . . . ဟား . . . ဟား . . . ဟား . . ."

"ဟဲ့ . . . ဘုတို ထော့ကျိုးရဲ့ တွံတေးသိန်းတင်မဟုတ်လို့ နင့်နှမယောက်ျားလား . . . ပြော"

"တွံတေးသိန်းတင် မဟုတ်ဘူးဟ၊ တွံတေးသိန်းတန်။ ပြဇာတ်မင်းသား၊ ရုပ်ရှင်မင်းသား၊ စာရေးဆရာ၊ အဆိုတော်။ အဆိုတော်ချစ်စံပယ်ရဲ့ယောက်ျား တွံတေးသိန်းတန်ဟ။ သန်းတစ်လုံး ငြီးမရ။ ဟား



www.burmeseclassic.com

www.burmeseclassic.com



ဟား . . . ဟား . . . ဟား . . .''

''အေး . . . ဟုတ်သားပဲဟဲ့ . . . အဟီး''

''နင်ကတော့ ပြောလိုက်ရင် သောက်တလွဲချည်းပဲ''

''ဟိုကောင် . . . စံကုလား''

''ဘာတုံး . . . ယော့ကျိုးဘုတ်''

''နှမလက်ဆော့ ထမီကျွတ်မဟုတ်ဘူး ငတုံးရ''

''ဒါဖြင့် ဘာတုံး မင်းရောသိလို့လား''

''နှမလက်လျှော့ နေလေတော့ကွ''

''ဟာ . . . ဟုတ်သားပဲ။ အဟီး . . . နည်းနည်းလေး လွဲသွားသကွာ။ အဟိ . . . ဆောထီးကွာ . . . ငှက်ပျောသီး''

''ဗျို့ . . . ရက္ခစိုးကြီး''

''ဘာတုံး''

''တွံတေးသိန်းတန် သီချင်းရလား''

''ရလည်း မဆိုဘူးကွ''

''ဟသာ်ာတထွန်းရင်ရော ရလားဗျ''

''မွေးမေပေးတဲ့ အသည်းနှလုံးလားကွ''

''ဟုတ်တယ် . . . ဟုတ်တယ်ဗျို့''

''အဲဒီသီချင်း ကောင်းတယ်ဗျ။ အဲဒါ ဆိုပါဗျာ''

''လုံးဝမဆိုဘူးကွ။ မှတ်ထား''

''ဒါဆို မေ့ကွက်ကိုရှာ လုပ်ပါ ဦးရက္ခစိုးရ''

''မေ့ကွက်ကိုရှာ မလုပ်ပါနဲ့။ ဘဝဇာတ်ဆရာသီချင်းကို ဆိုပါဗျို့''

''အေး . . . ဒါဆို နားထောင်ကြပေ့။ မှင်စာတို့ ကျွဲဘ်ကလေး





တို့ရေ''

''ဝေး . . . ဟေး . . . ဟေး . . . ဒါမှ ငါတို့ဦးလေး ရက္ခစိုးကွ''

''ဒါမှ ငါတို့အဒေါ်ယောက်ျားကွ''

''ဟား . . . ဟား . . . ဟား . . . ဟား''

''ဟီး . . . ဟီး . . . ဟီး . . . ဟီး . . . အမြွာပူးပဲဟေ့''

''ဟား . . . ဟား . . . ဟား . . . ဟား''

ဒီမှာ ဟိုးသစ်ပင်ခွဆုံ ကိုင်းပေါ်မှာ ခြေတွဲလောင်းချထိုင်နေသည့် သုံးမည်ကျော် လေးမည်ရ ဦးရက္ခစိုးဆိုသူ အရှုးလိုလူက နို့ဆီခွက်ကို မိုက်ကရိုဖုန်းလုပ်ပြီး ဟစ်ပါရောဗျာ။

''တောင်ထိပ်ပေါ်မှာ ×××''

''ဟာ . . . ဘာကြီးလဲဟ''

''အေးကွ . . . ဘာသီချင်းမှန်းလည်း မသိဘူး''

''မေ့ကွက်ကိုရှာ လုပ်ပါ ဘကြီးရဲ့''

''တောင်ထိပ်ပေါ်မှာ နွဲ့ချိုနေပါလို့ ×××''

အလို . . . ကောင်းလိုက်သည့် အသံဗျာ။ အောက်ကဆူညံနေသည့် ကလေးအုပ်က ဇာတ်မင်းသားလို ဟစ်လိုက်သည့်အသံကြောင့် ဆူညံသံများရပ်သွားပြီး အပေါ်ကိုငေးမောလို့ ကြည့်နေကြလေရဲ့။

''××× တောင်ထိပ်ပေါ်မှာ နွဲ့ချိုနေပါလို့ ×××

ညည်းတွန်တဲ့ ××× လရာသီ ×××

ဖက်ဆွတ်ကာယ် အင်ကြင်းတို့က ×××

သင်းပျံ့ခဲ့ပြီ ××× ဟီ ××× ဟီ ××× ပြီ ×××

တပေါင်းလရယ်တဲ့ ပွဲတော်အမှီ



www.burmeseclassic.com

www.burmeseclassic.com



သရဖီနဲ့ ကံ့ကော်ပန်း ×××

စွယ်တော်စဉ် ယဉ်မဆုံးတယ် ×××

သုံးတော်ရပန်း ××× ဟမ်း ××× ဟမ်း ××× ဟမ်း ×××''

''ရှို ...ရှို ...''

''ဖြောင်း ...ဖြောင်း ...ဖြောင်း ...''

''ဝမ်းစမိုး''

''မိုက်တယ်ဗျာ။ ဆက်ဆိုပါဦး ဦးလေးရက္ခစိုး''

''ကြိုက်လားဟေ့''

''သိပ်ကြိုက်''

''မိုက်လားဟေ့''

''သိပ်မိုက် ...။ ဆက်ဆိုပါဗျို့ ...ဆိုပါ''

''အေး ...နားထောင်''

သည်မှာပဲ လူကြီးဟာ သစ်ကိုင်းမြင့်ပေါ်မှာ ကိုယ်ကို လှုပ်ပြီး က,သလိုဟန်နဲ့ ဆက်ဆိုပါရောခင်ဗျာ။ ဟန်ကျပါပေဗျို့။

'' ××× မလေးခင် ဖြူဖြူနှစ်ကိုလ ××× ချစ်လိုက်ပါတဲ့ အာရုံ အာရုံ ××× ရွှေမြင်းမိုတစ်တောင်လုံး ××× တုံးမှတ်ပါလို့ ခုန် ပေပိန့်ဖုံ ××× ''

''ဦးလေး ...ရက္ခစိုး''

''ဘာတုံး ...ဘာတုံး ...''

''အက,ပါလုပ်ပါဗျာ ဦးရက္ခစိုးရ''

''ဟ ...အမဲသားလေးတွေရ၊ သစ်ကိုင်းပေါ်မှာ က,ရင် ငါ ကျသေပြီး တကယ်ရက္ခစိုး ဖြစ်သွားမှာပေါ့ဟ ...နွားလေးရ''

''ရက္ခစိုးဖြစ်ရင် ပိုကောင်းတာပေါ့ဗျ''





''ဟာ ...လူလွှန့်မသားနှယ်။ ငါ့ကို မြန်မြန်ကျသေအောင် လုပ်နေပြန်ပါပြီကွာ။ ချီးမှုပဲ''

''ဒါဆို အောက်ကိုဆင်းပြီး ဆိုပါက,ပါဗျ''

''ဟုတ်တယ် ...အောက်ကိုဆင်းပါ ဦးရက္ခစိုး''

''အသံကောင်းလွန်းလို့ပါဗျ''

''ဟုတ်ရဲ့လားဟ ငါ့မှင်စာတို့ရ''

''အဟုတ်ပြောတာဗျ။ အကနဲ့ဆိုရင် ရွှေမန်းတင်မောင်တို့၊ စိန်အောင်မင်းတို့၊ သိန်းဖေ်ာတို့မှာ ပြေးရမှာ ဦးရက္ခစိုးရ''

''ဟေ ...ဟုတ်မှဟုတ်ရဲ့လား မောင်ရို့''

ဒီမှာ နတ်ကန္နားပါးဝနေသည့် ကလေးအုပ်က အောက်ကနေ သံပြိုင် ဝိုင်းအော်ကြတယ်။

''ဟုတ် ...ပေ ...ဗျို့ ...''

''ဟား ...ဟား ...ဟား ...ဟား ...ဟား ...''

''ဟီးဟီးဟီးဟီး''

''အဟေး ...ဟေး ...ဟေး ...ဟေး ...''

''အဟတ် ...အဟတ် ...အဟတ် ...အဟတ် ... အဲဒီလောက်ကြီးများတောင် ဘဲရိုးငွတ်နေမှတော့ အကလေးနဲ့ ရောသမ မွှေပေးရတော့မှာပေါ့။ အဟတ် ...အဟတ် ...အဟတ် ...''

''ဟေး ...ဝေး ...ဝေး ...''

''ဒါမှ ငါတို့ ဦးရက္ခစိုးကြီးကွ''

''ရှိုး ...ရှိုး ...''

''ဖြောင်း ...ဖြောင်း ...ဖြောင်း ...''

ကလေးအုပ်ကလည်း မြှောက်ပင့်သည့်နေရာမှာ အရှူးကို ချေး



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ကောက်စားအောင် မြှောက်တဲ့ ကလေးတွေဗျာ။ အဲသလို မြှောက်ပင့်ပေးလိုက်ရော ကိုရုက္ခစိုးကနေ ...

"ဖယ် ... ဖယ် ..."

"ဘာလုပ်မလို့တုံး ဦးရုက္ခစိုး"

"ခုန်ဆင်းမလို့"

"ဟာ ... မ ... လုပ် ... နဲ့ ... မလုပ်နဲ့ ... ကျိုးသွားမယ်"

"ဖယ်ကြပါကွ ... ဖယ်ပါ"

"ရိုးရိုးတန်းတန်းဆင်းပါ ဦးရုက္ခစိုးရ"

"ဖယ်ကြစမ်းပါကွ။ ငါ တန်ခိုးနဲ့ ခုန်ချမလို့"

"ဘယ်လိုတန်ခိုးတုံးဗျ။ သေနေပါဦးမယ်"

"ဈာန်နဲ့ ခုန်ချမယ်ဟေ့"

"မ ... မ ... လုပ် ..."

"ဟ ... ဟ ... ရှောင်ကြ၊ ရှောင်ကြ"

မြေပြင်က ကလေးအုပ်က စိုးရိမ်ကြောင့်ကျလို့ အော်ဟစ်တားနေတုန်းရှိသေးဗျာ လေးမည်ရ ကိုရုက္ခစိုးရယ်၊ ဟို ပေ (၆၀) လောက်အမြင့် သစ်ပင်ကိုင်းပေါ်ကနေ အောက်မြေပြင်ကို ကျွမ်းထိုးသလိုလုပ်ပြီး ခုန်ချလိုက်တာ ...

"ဟာ ... ဟာ ..."

"အမယ်လေး ..."

"ဟဲ့ ... ဟဲ့ ... ဖယ် ... ဖယ် ..."

"ဟယ် ..."

"ဟာ ..."





ကလေးအုပ်တင် မကပါဘူးဗျာ။ ခပ်လှမ်းလှမ်းကနေ ရပ်ကြည့်နေသည့် ကျွန်တော်ပါ ပါးစပ်ဟောင်းလောင်းပွင့်ပြီး အံ့ဩသွားရပါရော။

ကြည့်စမ်း ...။

ကိုရုက္ခစိုးရယ် ... မြေပြင်ပေါ်မှာ ကြောင်တစ်ကောင်လို ဖတ်ခနဲကျပြီး ငုတ်တုတ်လေး။

"ရှိုး ... ရှိုး ..."

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

"ကျော်ဟိန်းကွ"

"ညွန့်ဝင်းကွ ... ညွန့်ဝင်း"

အားလုံး ဝမ်းသာအံ့ဩဖြစ်ပြီး ဩဘာလက်ခုပ် တီးကြပါရောဗျာ။ ဒီမှာပဲ ကိုရုက္ခစိုးက စောင်အကျားကြီးကို ခါးမှာ မင်းသားတောင်ရှည်လို ပတ်ဝတ်လိုက်ပြီး ရှေးခေတ် မြေဝိုင်းသီချင်းကို အားရပါးရဟစ်လို့ က,လေရဲ့ခင်ဗျာ။

" ××× အကြွားဖြိုပ် ××× ကားဖာတ်လို ငွေမကုန် ×××

ဟိုးရှေးရှေး ရှေးက ကြဲကြပုံ ×××

လိုင်းမကြွား ××× ဆိုင်းမပါ နှံ့ နှံ့ ×××

သဘောပုံရှည်လို ပတ်တောနဲ့ ×××

ဟော ××× ဟော ××× ဟော ××× က လို့ ခုန် ×××

တော ××× တော ××× တော ကျလို့ နှံ့ ××× ဗေ ဗေး ပုံ ××× ဗေ့ ဗေး ပုံ ××× ဗေ့ ဗေး ပုံ ××× ဟပ်ချိုး ××× ဟပ်ချိုး ××× ပလို့မောင်တို့လေ ××× ဟေ့ ××× ဗေ့ ဗေး ပုံ ××× "

မြတ်စွာဘုရား ... တယ်ဟုတ်တဲ့ အရူးပါကလားဗျာ။ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါရို့ ...။ ဒါ ရိုးရိုး မြေပိုင်းသီချင်း မဟုတ်ပေကလားဗျာ။ ဒါ ဟိုး ရှေးခေတ်မြေပိုင်း နှစ်ပါးသွားသီချင်း။ မြိုင်ထသီချင်း။

ကလေးတွေက ဒီသီချင်းနဲ့ အဆိုနဲ့အကကို မမြင်ဖူး၊ မကြားဖူးကြလို့ ကိုရက္ခစိုးရဲ့အနီးမှာ ဝိုင်းဖွဲ့ပြီး ငေးကြည့်နေကြတယ်။

" ××× ပုဆိုးထမီ ဘယ်ဟာမှမကုန် ××× ဘယ်ဟာမှမကုန် ဘယ်ဟာမှမကုန် ××× ရိုးပလီ ××× ဒါက အစုံ ××× ဒါက အစုံ ×× ဒါက အစုံ ××× စောင်ကြမ်းဝိုက်ဆီး၊ နမလိုက်ကြီးကိုခြုံ ××× ပလို့ မောင်ရို့လေး ××× ဟော့ ××× ဇေ့ ပေး ပုံ ×××"

ကိုယ့်လူက ကြည့်စမ်းပါဗျာ က,ကွက်ကို အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်တို့၊ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းတို့၊ ဇာတ်မင်းသားလေး သိန်းဇော်တို့လို ညိုညိုညက်ညက် က,နေတာ မဟုတ်ဘူး။

လူကြီးစကား လူကြီးအမြင်နဲ့ ပြောရရင် ဟိုးရှေ့ခေတ် မြေပိုင်းနှစ်ပါးသွားအက ဟန်ပန်အတိုင်း ခြေတောင့်လက်ဆန့် ဟန်ကလေးမျှနှင့် ကြွကြွပြီး က,နေတာခင်ဗျ။

"ထည့်ကာ ××× ထည့်ကာ ××× လင်ကွင်းရယ်နဲ့ ×××
ထမင်းတွေပုံ ××× ဟင်းတွေပုံ ×××
နှိုက်လူကုန် ××× နှိုက်လူကုန် ××× နှိုက်ကြလူကုန် ×××
ဇာတ်ဆရာအနံ့ ××× ဖက်ခြောက်လိပ် မလေးနိုင်လို့ ×××
ဆေးရွက်ကိုင့် ××× ဗေပိန့်ပုံ ×××
မင်းသမီးမင်းသား ××× သစ္စာထားပုံ ×××
မလေးခင်ဖြူဖြူနှစ် ချစ်လိုက်ပါတဲ့ အာရုံ အာရုံ အာရုံ ×××
ရွှေမြင်းမိုရ် တစ်တောင်လုံး ××× တုံးမှတ်ပါလို့ခုန် ×××





ဗေပိန့်ပုံ"

ကျွန်တော်လည်း ဒီသီချင်းနဲ့ အ,ကကို စိတ်ဝင်စားလွန်းလို့ ကလေးအုပ်နဲ့ရောပြီး အနီးကပ်လေ့လာကြည့်ရှု အားပေးနေမိတယ်ဗျာ။ ဒီမှာပဲကိုယ့်လူ မင်းသားကိုရက္ခစိုးက အနီးရှိ သစ်ကိုင်းခြောက်တစ်ခုကို ညာလက်နဲ့ လှမ်းကောက်ယူလိုက်ရင်းက ...

" ××× လေးကောက်ကြီးနဲ့ သူမာန်သွင်းပုံ ×××
ကိန်းကြပ်ကြပ်နဲ့ ၊ ဗိန်းပတ်ပတ်ပုံ ×××
အတီးအလေးတွင်မှ ××× မင်းသမီးရဲ့ထမီပေါက် ×××
လေးကောက်ကြီးနဲ့ ချိတ်ကာဆွဲ ××× တစ်ပွဲလုံးညံ့လို့
တစ်ပွဲလုံးဆူလို့ ××× သိမ့်သိမ့်တုန် ×××
မင်းသမီးပေါင်နား ××× မင်းသားကပ်လို့ ×××
မစဉ်းစားတတ် ××× ပတ် ××× ပတ်ကာလို့ ဗိန့်ပုံ ××× "

ကလေးအုပ်က သီချင်းစာသားကို နားစွင့်နားထောင်ပြီး သူ့ကမာန်ကို ငေးကြည့်နေကြတယ်။ ကျွန်တော်က လူကြီးပိုင်း စာရေးဆရာဆိုတော့ ရှေးဟောင်းဂီတအကကို လေးစားနှစ်ခြိုက်တော့ သူ့ကိုပိုပြီး လေးစားယုံစားသလို ရှိလာခဲ့တယ်။

ဆိုခဲ့သလိုပဲပေါ့။ ဒါ ဟိုးရှေးမြေပိုင်းခေတ် နှစ်ပါးသွားမြိုင်ထ။ ဒီအကကို ဇာတ်ခုံပေါ်မှာ ပီပြင်အောင် သရုပ်ဖော်ပြကြမယ်ဆိုရင် ...

သူ့နောက်ခံသမိုင်းလေး စာဖတ်သူများ ဗဟုသုတရစေဖို့ ရေးပြပါရစေ ခင်ဗျာ။

အညာအရပ်မှာထက် အောက်ဒေသ အခေါ်အသုံးများသည့် ရုပ်ပြတ်နှင်းဇာတ်ကလေးများဟာ ကုန်းဘောင်ခေတ် အစအဦးတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ခေတ်စားခဲ့ဖူးတယ်။

အောက်ပြည်တော်ရွာမှာ စပါးကျိုကျသွင်းပြီးချိန် လယ်တလင်းပေါ်မှာ က,ပြရခြင်းကြောင့်လည်း 'ရိုးပြတ်နင်းဇာတ်' လို့လည်း အမည်တွင်ခဲ့သပေါ့။

တစ်နည်းအားဖြင့် မြေတလင်း ပတ်လည်ရံပြီး ပဂိုသတ်ကဝိုင်းကြည့်ကြလို့ 'မြေဝိုင်းဇာတ်' လို့လည်း ခေါ်လေရဲ့။

က,ခွင်ဝန်းကျင်မှာ ပန်းကိုင်းပန်းပင်များ စိုက်ထူထားကြလို့ 'ပန်းဝိုင်းဇာတ်' 'မြေဝိုင်းပန်းပင်လယ်ဇာတ်' လို့လည်း လုလုပတင်စား ခေါ်ဝေါ်ကြဖူးကြလေရဲ့ ခင်ဗျာ။

ရွှေဘိုကျေးလက်ဒေသက ရွှေဘိုဗုံရှည် ဗုံကြီးအက,တို့နဲ့ဆက်စပ်နွယ်ယှက် ဆင့်ကဲလာလို့ ခုလို မြေဝိုင်းဇာတ်လေးများ ကျေးလက်တောရွာမှာ ပေါ်ပေါက်လာခဲ့ရတာပါပဲ။ ဒါဟာ နောင်အခါ မျက်မှောက်ခေတ်ကို ကိုယ်စားပြုလာတဲ့ ဇာတ်သဘင်ရဲ့ ရွှေအစအဦး အနုပညာအင်အားစုလို့ ပြောရင် မမှားနိုင်ပါဘူး။

ရေးတုန်းက ရှင်ပြုဘုရားပွဲ၊ ဘုန်းကြီးပျံပွဲနဲ့ ရာသီသဘင် ပွဲများရှိလာရင် မြေဝိုင်းဇာတ်တို့ က,ပြလေ့ရှိကြတယ်။

ညဘက်မှာတင် မဟုတ်ဘူး။ နေ့ပွဲလည်း က,ကြပါသတဲ့။

မြေဝိုင်းရှေ့ခွင်မှာက မင်းသားမင်းသမီး က,ဖို့နေရာ နောက်ခွင်မှာက ဆိုင်းအဖွဲ့၊ ကွင်းအလယ်မှာ သပြေခက်တို့၊ ဆယ့်နှစ်ရာသီပန်းကိုင်းတို့စိုက်၊ ရင်ခေါင်းခန့် အမြင့်ဝါးပိုးဝါး ထိပ်မှာ ဖြာစိပ်ပြီးမြေအင်တုံကို ညှပ်တင်။

အဲဒီ မြေအင်တုံထဲမှာ ရက်ကန်းစင်က 'ချည်မြိတ်စတွေကို ရေနံချေးနဲ့ရောနယ်ပြီး မီးရှို့ထားကြတော့ ရေနံချေးမီးတိုင် အလင်း





လေးဘက်နဲ့ အကခွင်ဝန်းကျင် လင်းထိန်လို့။

ယခုခေတ်လို ပြည်ဖုံးကားတို့၊ တိုင်ဖုံးလိုက်ကာတို့ ဘာမျှမလိုဘူး။ လျှပ်စစ်မီးလည်း မပေါ်သေးဘူးလေ။

အဲဒါ ဇာတ်ကြီးဇာတ်ထုပ်ခင်းမည့် မြေဝိုင်းဇာတ်ဆိုရင် က,ပြသူ (၁၂) ယောက်၊ တီးမှုတ်သူ (၁၀) ယောက်ခန့် ပါကြတယ်။

ဇာတ်သမားစဉ်အတိုင်း အပျိုတော်စဉ်၊ ဘုရင်၊ မင်းသား၊ မင်းသမီး၊ မင်းသားကြီး၊ လူရွှင်တော်တို့က သူ့ဇာတ်ကွက် သူ့အခန်းနဲ့အံဝင်အောင် ပြောဆိုသရုပ်ဖော်ပြီး က,ပြရတာ။

ပြောရရင် ဆင်းရဲသည့် မြေဝိုင်းဇာတ်ကျတော့ ဆိုင်းဝိုင်းမပါဘူး။ ဗုံကြီးလင်ကွင်းနဲ့ပဲ က,ကြရတယ်။

စောစောက ကိုရက္ခစိုး သိဆိုပြီး တစ်ဦးတည်းကနေတာက ကျေးလက်ဆင်းရဲသား မြေဝိုင်းသရုပ်ဖော်သီချင်းနဲ့ အက။

အလှူရှင်က မတတ်နိုင်တော့ ဆေးဖက်လိပ် မကာမ်းနိုင်လို့ ဇာတ်ဆရာ ငနုံကြီးခမျာ ဆေးရွက်ကို ငုံရသတဲ့။

ရေးခေတ် မြေဝိုင်းအဖွဲ့ဝင်များခမျာ စားတာတောင် ထမင်းပန်းကန်မလိုပါဘူးတဲ့။ ထမင်းတွေ ဟင်းတွေကို လင်းကွင်းထဲရောထည့်ပြီး ဟိုလူကနှိုက်၊ ဒီလူကနှိုက်၊ လက်ရေတစ်ပြင်တည်း မရွံမရှာ ချစ်ခင်စွာ စားရတဲ့ဘဝကို သရုပ်ဖော်ထားတာ။

ကျေးလက်မင်းသမီးဆိုတော့ မင်းသမီးထမိ အသစ်မတတ်နိုင်ရှာဘူး။ ရှိရင်းစွဲထမိနဲ့တင် ကူညီက,ရတာဆိုတော့ မင်းသမီးထမိက ပေါက်လို့။

အဲဒါ မင်းသားက လေးကောက်ကြီးနဲ့ ထမိအပေါက်ကို က,ရင်းချိတ်မိတော့ ကြည့်နေသူတစ်ပွဲလုံး ပရိသတ် ဝက်ဝက်ကွဲဆူညံအောင်



www.burmeseclassic.com

www.burmeseclassic.com



ရယ်သိုက်ကြပုံကို သီချင်းနဲ့ သရုပ်ဖော်တာ။ ခု ကနေတာ ကိုရက္ခစိုး တစ်ယောက်ထဲမို့ ကြည့်ရတာ တစ်မျိုးဟာတာတာကြီး ဖြစ်နေတာ။

အကယ်လို့များ ... မင်းသမီးလိုသာ ပါလိုက်ရင် ဒီမြေဝိုင်း နှစ်ပါးသွား မြိုင်,ထအကက ဖာတ်ခုံပေါ်မှာ သွားဆိုသလို ပျံနေမြူးနေ ရှင်မှာပါခင်ဗျ။

ကိုရက္ခစိုးရဲ့ ရေးခေတ်မြေဝိုင်း အသံအဆိုနှင့်အကကို ကလေး များကသာမက လမ်းသွားလမ်းလာများကပါ စိတ်ဝင်စားကြကာ ..

ကိုယ်က ကိုယ့်အတွေးနှင့်ကိုယ် စဉ်းစားလို့ မသိလိုက်တာ။ စဉ်းစားခန်းကိုဖြတ်ပြီး စူးစူးစိုက်စိုက် ကြည့်လိုက်တော့ ဝိုင်းကြည့်နေ ကြသည့် ကလေးများနောက်မှာ ဈေးသွားဈေးလာ လူကြီးအုပ်စုကပါ ဝိုင်းဝန်းအားပေးနေသည်ကို မြင်လိုက်ရတယ်။

ဒီအချိန်မှာပဲ လူအုပ်ကို တိုးဝှေ့တွန်းပြီး မိန်းမတစ်ယောက် က,နေသည့် အဝန်းဝိုင်းထဲကို ခုန်ဝင်လာခဲ့ပါရော။

"ဟဲ့ ... ဟဲ့ ..."

"အို ... ဘယ်လိုဟာလဲဟဲ့။ တွန်းလိုက်တာတော်"

"ကျော်ပြူးလားဟဲ့"

"ကျော်ပြူးမဟုတ်ဘူးဗျ။ ကျော်ပြူး ဘကြီး"

"အိုတော် ... ဘယ်လာကိုင်တာတုံး။ ဟဲ့ ... ဟဲ့ ... သောက် ပလုပ်တုပ်"

"ကျော်ပြူးဘကြီးမဟုတ်ဘူး မပေစီရေ ... အရှုးမ ... မဆောင်ဗျ"

"အစ် ... ကို ..."

"မောင် ... မောင် ..."





"ဟာ ..."

"အလို ... စုံတွဲ က,မလို့နဲ့ တူရဲ့ဟေ့"

"ပွဲပြတ်နေတာနဲ့ ဟန်ကျသဟ။ ဂျီတင့်နိုင် ... ရှေ့တိုး .. ဟေ့ကောင်"

"ရှေ့တိုးလို့ မရဘူးကွ။ ရှေ့မှာ ဆိတ်ပါးစပ်သန်းမြ ခံနေ တယ်"

"တွန်းလှဲပစ်လိုက်ကွာ"

"မလုပ်နဲ့။ ငနဲကြီးက ကုလားမ အဂျန်ကို ရှာနေတာ"

"ဒီငနဲကြီးက ရောက်လေရာ ဂွင်သိပ်ချက်တာပဲ"

"မောင်ရေ ... မောင်ဘုရားရဲ့၊ နှစ်ပါးမသွားရပဲ တစ်ပါးထဲ သွားနေရလို့ ပန်းရှာတော်မူနေပြီလား မောင်ဘုရားရဲ့ ... အဟင့်"

"ရှီး ... ရှီး ... ရိုက် ... ရိုက် ... အော(လ်)ရိုက်"

"ဂွတ်တယ်ကွာ ... မောရုံမကဘူး 'လေဒီဆောင်' ရေ ချွေး တွေမှ တစ်ကိုယ်လုံး ချွေးသေးပန်းသလို ရွှဲလို့"

"ဟား ... ဟား ... ဟား ... ဟား ... ဒိုင်ယာလော့ (ခ်) က မိုက်ကွာ"

"အဲဒါ ဘယ်ကောင် ပြောနေတာလဲကွ"

"လပွတ္တာကျော်ပြူးဗျ ဘကြီးစိန်လှိုင်ရ"

"ဒီ လူလွန်မသား ပြောလိုက်ရင် မဟုတ်တယုတ်ချည်းပဲ။ မင်းသားက ချွေးသေးပန်းသလို ချွေးရွှဲနေတာ မဟုတ်ဘူးကွ"

"ဒါဖြင့် ဘယ်လို ချွေးရွှဲတုံး ဘကြီးစိန်လှိုင်ရ"

"ဆင်မကြီး သေးပန်းခံရသလို နစ်နေတာဟ"

"ဝါး ... ဟား ... ဟား ... ဟား "



www.burmeseclassic.com

www.burmeseclassic.com



"အဟတ် ... အဟတ် ... အဟတ် ... ဘကြီး စိန်လှိုင်တို့ကတော့ ပဲခူးသားမပြောရဘူး လုပ်ချက်ကတော့ ဦးဆက်ချည်းပဲ။ ဆိတ်ပါးစပ်သန်းမြဦးလေး ပီသပါ့ဗျာ။ ပြောလိုက်ရင် 'အပီ' ချည်းပဲ။ အဟတ် ... အဟတ် "

ကြည့်လိုက်တော့ ... အရပ်ထောင်ထောင်မောင်းမောင်း၊ မျက်နှာပြပြ၊ အသားမည်းမည်းနဲ့ ကာတွန်းသန်းကြွယ်ဆွဲတဲ့ ဦးလူပေါ်မျက်နှာကျ၊ မေးကားကား၊ ခေါင်းချွန်ချွန် လူကြီးကို စပ်ဖြဲဖြဲမျက်နှာနဲ့ တွေ့လိုက်ရတယ်။

ဒီတော့မှ ဒီလူကြီး ဆိတ်ပါးစပ်သန်းမြရဲ့ ဦးလေးမှန်း သိလိုက်ရတယ်။ တစ်မျိုးလုံး မျက်နှာပြောင်တွေချည်းပါကလား။

အက,ဝိုင်းထဲကို စိတ်မနံ့သူ အရှုးမ မဆောင်ရောက်လာခင်လာရော အကခွင်က ရုတ်ရုတ်သည်းသည်း ဖြစ်ကရောဗျို့။

"မောင်တော် ..."

"သွား ..."

"အို ... မောင်တော် ဘုရား"

"သွား ... နင့် ... နင့်မျက်နှာ မကြည့်ချင်ဘူး"

"နှမတော် အခ,စားနောက်ကျလို့ အလှတစ်ပါးကို ဖနောင့်နဲ့ပေါက်ပြမယ်လုံ့ နင်တာလား မောင်တော်ရယ် ... ဟင်လို့။ အဟင့် အဟင့် ..."

"ရှိုး ... ရှိုး ..."

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

"ဝမ်းစမိုး ... နိတ်(စ်)ဝမ်းဗျို့ ... မဆောင်"

"သွားနော် ... နင် အခုထွက်သွားနော်"

စိတ်ကူးသစ်စာပေ



မြေဝိုင်းမင်းသား အရှူး ကိုရကွှစိုးဟာ အရူးမ မဆောင်ရဲ့ မျက်နှာကို မမျှော်လင့်ပဲ မြင်လိုက်ရရော မျက်နှာပေါ်မှာ ချက်ချင်း လင်းပုပ်ဖမ်းပြီး ဒဿဂီရိဘီလူးမင်းရဲ့ ဒေါသတွေ ခြေရာထပ်သွားတယ်။ ကိုရကွှစိုးဟာ လက်ထဲက လေးကောက်သစ်ကိုင်းခြောက်နဲ့ ရိုက်မလို့ မြှောက်ပါရောလား။

ဒီမှာပဲ အရူးမ မဆောင်ဟာ လေးကောက်သစ်ကိုင်းကြီး မြှောက်ကိုင် ဒေါသဖြစ်နေသည့် ကိုရကွှစိုးရဲ့ရှေ့အနီးမှာ ဒူးထောက်ထိုင်ချလိုက်ပြီး ငိုချင်းတစ်ပုဒ်ကို ကောက်ကာငင်ကာ ဟစ်လိုက်တယ်။

"ပြည်နယ်ဘောင်၊ သေလွယ်အောင် တမင်သတ်လိုက်ပါတော့ မြတ်လိမ့်ထင်သေး ××× ဟေး ××× ဟေး ××× သနားရယ်မညှာ ××× ဟာဟာ ××× တခြားမှာ ဝိညာဉ်တွယ်လို့ ××× ဟို ××× ဟို ××× ခုနယ်ထို ဘဝပြောင်းရရင် (အမလေး) ××× ကောင်းလိမ့်မျှော်တွေး ××× အေး ××× ဟေ ××× ဟေ ××× အမယ်လေး ××× မောင်ဘုရားရဲ့ ××× ဘဝပြောင်းတာကမှ ××× ကောင်းလိမ့်မျှော်တွေး ××× ဟေး ××× ဟေး ××× အေး ××× ဟေး ××× ဟေး"

"ရှိုး ..."

"မဆောင်ကွ"

"ရွှေမန်းအောင်သန်းတင်ကွ"

"စိန်မာအင်ဖာတ်ထဲက ရဲတာပ်ကြည်ဟေ့"

"မလှိုင်သန်းသန်းမြင့်ကွနော်"

"ပန်တျာတင်တင်မြင့်ကွ။ ကြိတ်လိုက် မဆောင်ရေ"

မြေဝိုင်းအက ပွဲခင်းလေးဟာ အရူးမဆောင်ရဲ့ ငိုချင်းလည်းဆုံးရော လက်ခုပ်ဩဘာသံနဲ့ အော်ဟစ်အားပေးသံများနဲ့ ကြွက်ကြွက်

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကို ညံ့လျှံသွားတာပဲ။

ဒီမြေပိုင်းအကပွဲခင်းမှာ လပွတ္တာကျော်ပြူး၊ ဆိတ်ပါးစပ်သန်းမြနဲ့ တရုတ်ဘိန်းစားလိုလူ ကိုဂျီတင့်နိုင်ရယ်၊ ဦးစိန်လှိုင် (ဥဿာ) ဆိုသူ လူစွာကျယ်လေးယောက်ရဲ့ အသံက အညံ့ဆုံးပဲ။

အရူးမ မဆောင်ဟာ ငိုချင်းကို ရင်ထုပြီး တကယ့်ကို ရုပ်သေးမင်းသမီးအရုပ်လို နောက်ပိုင်းဇာတ်ခင်း မင်းသမီးလို ရင့်ထုံမျက်ရည်သုတ်လို့ ငိုလိုက်တာ။

သူမကို တကယ့်စိတ်မနှံ့သူ အရူးမတစ်ဦးပါလို့ ပြောရမှာတောင် ခပ်တွေတွေ ဖြစ်သွားခဲ့ကြရတယ်။

ဒီလို စိတ်မနှံ့သူ အရူးမ မဆောင်က ငိုချင်းကိုချရော အရူးကိုရက္ခစိုးဟာ ဒေါသများပေါက်ကွဲပြီး သူ့လက်ထဲက လေးကောက်သစ်ကိုင်းကို မြေပြင်မှာရိုက်ချိုးလို့ ကြည့်နေသည့်ပရိသတ်ကို အတင်းတအားတိုးဝှေ့ပြီး ဟိုအဝေးကို ပြေးထွက်သွားပါရော ခင်ဗျာ။

မြေပိုင်းမင်းသား အရူး ကိုရက္ခစိုး ဒေါသတကြီး ကောက်ကာငင်ကာ ပြေးထွက်သွားတာကို မဆောင် မြင်လိုက်ရတာနဲ့ ဝေါက်ခနဲကောက်ထလိုက်ပြီး လှမ်းမျှော်လို့ နောက်ထပ်ငိုချင်းတစ်ပုဒ်ကို ရင်ကွဲသံနဲ့ ဟစ်လိုက်လေရဲ့။

“ ××× လောကဓာတ် လူတို့ဘောင်မှာရှင် ××× အပူကောင် ဒုက္ခအေးတဲ့အောင် ××× သံပရာ စိန်ဖျော်လို့ ပေးကြပါတော့ (အမလေး) သေဆေးသာတိုက်လိုက်ပါတော့ ××× အရုပ်ကတို့ရဲ့ ××× အမ် ××× မယ် ××× လေး ××× ”

စောစောတုန်းက အရှင်ဇာတ်ကလေးပါ။ ကလေးတွေရဲ့ ဩဘာလက်ခုပ်သံနဲ့ ကုက္ကိုရိပ်ဝန်းကျင်လေး ငြိမ်းချမ်းသော သုခဘုံကို





ကြည်ပြာရောင်မိုးကောင်းကင်နဲ့ လိမ်းခြယ်ခဲ့ပေါ့။

ခုတော့ ...

ကျွန်တော်တို့ မသိနားမလည်ရတဲ့ ဘဝလောကဓံ မုန်တိုင်းတစ်ခုက သိင်္ဂါရမြေပိုင်းအက,လေးကို ဖုန်လုံးအမှိုက်တွေနဲ့ လွှမ်းခြုံလိုက်သလို ခံစားလိုက်ရတယ်။

ရယ်သံများကို မျက်ရည်စို့စေသည့် ဘဝဇာတ်ကွက်က အရောင်ဆိုးလို့ ရောက်လာခဲ့တယ်။

ကိုရက္ခစိုးရဲ့ နာကျည်းဒေါသ ပေါက်ကွဲသံစဉ်ကို ကရောင်းရိုက်ဇီလိန်အကနဲ့ လုစ်ခနဲ မြင်လိုက်ရသလို ...၊

မဆောင်ရဲ့ နှလုံးသား အက်ကြောင်းကြားက တစိမ့်စိမ့် ယိုစီးလာနေသည့် မျက်ရည်မြစ်၊ အလွမ်းမြစ် သမုဒယမြစ်ကိုလည်း ရေစီးအဟုန်နဲ့ မြင်နေရတယ်။

ဟောဒီ အရိပ်ကောင်းလှတဲ့ ကုက္ကိုပင်ကြီးအောက် မြေပြင်ဟာ ...

သိင်္ဂါရနဲ့ ဟာသပင်လယ်လှိုင်းလှူးသလို ...

ကရုဏာမီးတောင် ပေါက်ကွဲပြီး မျက်ရည်မိုးနဲ့ မျက်ရည်မြစ်ရေလျှံလို့ အလွမ်းပင်လယ်ကြီး ဘာကြောင့် လျှပ်စီးလက်သလို ဖြစ်သွားရတာလဲဆိုတာကို ...

ကျွန်တော်လည်း မသိရဘူး။

ကလေးတွေလည်း မသိကြဘူး။

လမ်းသွားလမ်းလာ ပွဲကြည့်ပရိသတ်လည်း နေ့ရောညပါ စဉ်းစားလို့ အဖြေမပေါ်ကြဘူးဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

❑

ကြည့်ကြဦးဗျာ . . .။

အရှုး ကိုရက္ခစိုးကြီး ဂမ္ဘီရဆန်တာပဲလား . . . ဒါမှမဟုတ် အာစက်လျှာစက် ပူးရှုတာပဲလား၊ ဒါမှမဟုတ် . . ဟိုငမှူးနှစ်ယောက်ပဲ အကုသိုလ်ကံ မြင့်မားလို့လားမသိဘူး။

ခပ်ဆန်းဆန်း အဖြစ်အပျက်တစ်ခု ဒီကုက္ကိုပြင်ဝန်းကျင်မှာ ပြောစမှတ်ဖြစ်ခဲ့ရတယ်။

ခါတိုင်း နေ့လယ်နေ့ခင်းရောက်ရင် ကလေးအုပ်ရဲ့အလိုကို လိုက်ပြီး မြေဝိုင်းသီချင်းနဲ့ အကလေးကပြလိုက်၊ တစ်ပင်တိုင်မင်းသားကြီးအကနဲ့ ဖြေဖျော်လိုက်လုပ်လို့ သူ့ဘဝကိုသူ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် နေနေတာ။





အဲ . . . သူ စိတ်ညစ်လာရင် သူ့ရင်ထဲမှာ ခံစားချက်တစ်ခုခု ဖြစ်လာခဲ့ရင်တော့ ဥပက္ခောတရားက သူ့ဦးနှောက်ကို အနိုင်ယူသွားသလိုမျိုးလည်း ကျွန်တော် မြင်ခဲ့ရတယ်။

ခုလည်း ကြည့်လေ . . .။

ဟိုးကုက္ကိုပြင် သစ်ကိုင်းခွကြားက စောင်ပုခက်ပေါ်မှာ လှဲရင်း ရေပုလင်းကို ဖွင့်သောက်လိုက် ဟိုးအဝေးကို ငေးလိုက် လုပ်နေတုန်း ထုံးစံအတိုင်း ကလေးအုပ်က ရောက်လာကြတယ်။

“ဗျို့ . . . ဦးလေး ရက္ခစိုးကြီး”

“ဘကြီး ရက္ခစိုးရေ”

“သီချင်းဆိုပြပါဦးဗျ။ ဦးရက္ခစိုးကြီးရ”

“ငိုချင်းတွေ မလုပ်ပါနဲ့ဗျ။ ခေတ်သီချင်းလုပ်ပါ”

“ဦးလေး ရက္ခစိုးကြီး စိုးပိုင်သီချင်း ရလားဗျ”

“အရက်ကိုကြိုက်လို့ သောက်တဲ့လူသီချင်းလည်း ကောင်းတယ် ဦးရက္ခစိုးရှင့်”

“ဦးလေး . . . ရိုင်းတဲ့ဖင်ယော်သီချင်း ဆိုပြပါဗျို့”

“ဦးလေးရက္ခစိုး ပွမ်ပွမ်မြည်တဲ့ကားလေး သီချင်းကို အရင်ဆိုပါရှင်”

ဒီနေ့ . . . သစ်ပင်အောက်မြေပြင်က ကလေးတွေ ဘယ်လိုပဲ တောင်းဆိုတောင်းဆို ကိုရက္ခစိုးက လုံးဝ အသံမပြုဘူး၊ မလှုပ်ရှားဘူး၊ ကျောက်ရုပ်လို ငြိမ်ပြီး ငေးလို့။

“ဗျို့ . . . ဦးရက္ခစိုးကြီး၊ နေမကောင်းလို့လားဗျ”

“အသံဝင်နေလို့လားမှ မသိပဲဟယ်”

“အိုက်တင်ခံနေတာ နေမှာပါ ချစ်တီးရာ”



www.burmeseclassic.com

www.burmeseclassic.com



"ဖျို့ ... အဆိုတော် ဦးရက္ခစိုးကြီးရဲ့"

"ဘာလဲဗျာ ... အမေနဲ့ရွာကို လွမ်းလို့လား"

"ရည်းစား လင်နောက်လိုက်လို့ နေမှာပေါ့။ အဟတ်"

ဒီလိုပြောလိုက်တော့ သစ်ပင်ပေါ်က အရှူး ကိုရက္ခစိုးက ကလေးများကို ငုံ့ကြည့်ပြီး 'ထွီ' လို့ လုပ်လိုက်တယ်။

"ဒီနေ့ မဆိုဘူးလား ဦးရက္ခစိုးရ"

"မဆိုဘူးကွာ"

"ဘာလို့ မဆိုချင်တာတုံးဗျ"

"မဆိုချင်လို့ မဆိုတာပေါ့ကွာ။ မင်းတို့ဆိုခိုင်းတိုင်း ဆိုရအောင် မင်းတို့က ဇာတ်ပွဲကန်ထရိုက်လား၊ ရွာသူကြီးလား"

"ကျုပ်တို့က ခင်ဗျားရဲ့ ပရိသတ်လေဗျာ"

"မဆိုဘူးကွာ။ ကြိုက်တဲ့နိုင်ငံ သွားတိုင်။ မကျေနပ်ရင် ငါ့ခေါင်းပေါ် လေယာဉ်ပျံနဲ့ ဗုံးကျဲချလိုက်"

"ခင်ဗျား ဆိုမပြဘူးပေါ့"

"......"

ဒါနဲ့ ကလေးအုပ်က သူ့ကိုအသာကြည့်ပြီး တိုးတိုးတိုးတိုး ခေါင်းချင်းဆိုင် တိုင်ပင်ကြတယ်။ သည့်နောက် ပြောင်ချော်ချော် သံချပ်များကိုထိုးပြီး အောက်ကနေ အော်ကြစကြ ပြောင်ကြရော။

"သစ်ပင်ပေါ်နေ ... သျှောင်ကြီးဖွေ ...

ပုဆိုးကျွတ်လို့ ... သေ ...

မနေနိုင် ... ခုန်လို့ချ ...

မဆောင်ကြီးနဲ့ ... ရ ...

မဆောင်ကြီးနဲ့ ... မင်္ဂလာဆောင် ...





အရှူးပုဆိုးပေါင် ...

ချဉ်ပေါင်ဟင်းနဲ့ ... ထမင်းစား ...

အရူးဝမ်းတော်လား ... ဝါး ...

ဟိုကုက္ကိုပြင်ပေါ် ... ထိုင်လို့နေ ...

မျောက်ကြီးဖင်ခေါင်းရှည် ...

သူ့နာမည် ... ဘယ်သူလဲကွယ့် ...

ပုဆိုးပေါင်ရင်းကွဲ ...

ကျီးကန်းဆိတ်လို့ ... မျက်လုံးပြူး ...

သျှောင်ကြီး ... နှစ်မြွာပူး ... ပြူး ...

ဟေး ... သျှောင်ကြီး ... နှစ်မြွာပူး ... ပြူး ...

အမြွာပူး ... ပြူး ..."

"ဟေး ... ဟေး ... ဝေး ... ဝေး ..."

"ဟေး ... ဟေး ... ဝေး ... ဝေး ..."

ကလေးအုပ်ဟာ အရူးသျှောင်ကြီးဖွေ ကိုရက္ခစိုးကို အပြောင်သံချပ်ထိုးစပြီးနောက် အောက်ကနေ မြေကြီးခဲ၊ ကျောက်ခဲများနဲ့ ဝိုင်းပစ်ပေါက်ကြပါရောဗျာ။

အချို့က သစ်ကိုင်းခြောက်တွေနဲ့ ပစ်၊ သဲတွေဖုန်တွေကို စက္ကူစုပ်၊ သစ်ရွက်ခြောက်များနဲ့ ထုပ်ပြီး ဝိုင်းပစ်ကြ ပေါက်ကြပါရောလား။

"ဟော့ ... ဟော့ ... မ ... မ ... လုပ် ... ပါနဲ့ ... ကွ"

"သီချင်းဆိုပြ"

"မ ... ဆို ... ဘူး ..."

"မဆိုရင် ... ပစ်မယ်ဗျာ။ ကဲဟော့ ... ဝမ်း တူး သရီး"



www.burmeseclassic.com

www.burmeseclassic.com



"ပစ် ..."

"ဖောင်း ..."

"ဂလုံး"

"ဒေါက်"

"ဟဲ ... ဟ ... မှန်မယ်ကွ ... မလုပ်ပါနဲ့ဟ ... မှင်စာတွေ၊ သရဲလေးတွေ၊ ကျွတ်လေးတွေရ။ အမယ်လေး ..."

ခဲလုံး၊ သဲလုံး၊ ဖုန်လုံးများက သူရှိရာကို ပြေးလာတန်းလာကြလို့ စောင်ပုခက်ပေါ်ကထပြီး သစ်ကိုင်းလုံးကြီးတွေနဲ့ကွယ်လို့ မပစ်ဖို့ အော်ပြောနေတယ်။

ကလေးအဲ့ယောက် နှစ်ဆယ်လောက်ကလည်း အပစ်မရပ်ဘူး။ ခဲ၊ သဲ၊ ဖုန်ထုပ်၊ မြေကြီးခဲတွေ ဝိုင်းပစ်နေတာ ဝန်းကျင့်ကိုဆူညံလို့။ ကိုရုက္ခစိုးကလည်း နောက်ဆုံး ဟိုးသစ်ပင်အဖျားအထိတက်၊ အရွက်တွေအကြားပုန်း၊ ကြောက်လွန်းလို့ သေးပါထွက်ကရော။

တော်သေးရဲ့ သက်ကြီးလူကြီးအချို့ ရောက်လာပြီး အော်ငေါက်မောင်းထုတ်မှ ကလေးအုပ်က သံချပ်တွေထိုးပြီး ထွက်သွားကြတယ်။

"ရုက္ခစိုး ... ရုက္ခစိုး ...
နှစ်လုံးပြူးနဲ့ ... ကိုရုက္ခစိုး ...
ရုက္ခစိုးကြီး တင်ပါးမှာ
ပွေးကွက် ထောင့်နှစ်ရာ ...
ထောင့်ရှစ်ရာ ... ကျန်ပါသေး ...
ကျောကုန်းပေါ်က ... ပွေး ...
ပွေးထူချေးထူ ... ညစ်ပတ်အိုး ...





မဆောင်လင်ထော့ကျိုး ..."

"ဝေး ... ဟေး ... ဟေး ... ဝေး ... ဟေး ... ဟေး"

ကလေးအုပ်စု အဝေးကိုရောက်ပြီး အသံပျောက်သွားမှ သူမဝံ့မရဲနှင့် သစ်ရွက်ကိုင်းကြားက ဆင်းပြီး ခွကြားက သူ့စောင်ပုခက်ပေါ်ကို ပြန်ဝင်တယ်။ ပြီး ရေပုလင်းကို မော့သောက်လို့ ရေပတ်ဝတ်နဲ့ မျက်နှာသစ်၊ သူ့လည်ပင်းပွတ်ပြီး ဗုဒ္ဓံသရဏံဂစ္ဆာမိကို အော်လို့ရွတ်နေလေရဲ့။

သူက ကလေးများကို စိတ်မဆိုးရှာပါဘူး။ သို့သော် ကလေးတွေကို နည်းနည်းကြောက်တယ်။ သူတို့က သီချင်းဆိုမပြရင် ခုလိုလုပ်လေ့ရှိသကိုး။

တစ်ခါတစ်ခါ သီချင်းဆိုပြရရင်လည်း အပုဒ်နှစ်ဆယ်ကျော်သုံးဆယ် ဆိုပြရတာ အသံကို ဝင်ရော။

သူတို့ကလေးအုပ်ထက် ဆိုးတာက လပွတ္တာကျော်ပြူးနဲ့ ဟုန်ဖွန်ကြောင်ပဲ။ သူတို့နှစ်ဦးက နှစ်ဆယ့်လေးနာရီ အမြဲတမ်း ဘိုင်ကျနေတာ။ အရက်ဖိုးလိုငွေကို အရူးကိုရုက္ခစိုးဆီက ချော့တောင်းမြှောက်တောင်း လုပ်သေးတာ။

အဲဒါ ဟိုက ပိုက်ဆံမရှိလို့ မပေးနိုင်တဲ့ရက်ကျရင် ...

"ဟော့ကောင် ... ရုက္ခစိုး"

"ဗျာ ... ဗျာ ... အစ်ကိုကြီး"

"မင်း ငါတို့ကို နေ့တိုင်း အရက်ဖိုးမပေးရင် မင်းနေတဲ့သစ်ပင်ကို အရင်းကနေ လွှနဲ့ဖြတ်ပြီး လှဲပစ်မယ်"

"မ ... မ ... လုပ်ပါနဲ့။ အစ်ကိုကြီးနဲ့ ဆရာကြီးရယ်"

"မင်း ... လပွတ္တာကျော်ပြူးဆိုတာ သိမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မ . . . မသိ . . ."

"ဘာ . . ."

"သိ . . . သိ . . . ပါတယ် ခင် . . . ခံဗျာ"

"ခံဗျာ . . . မလုပ်နဲ့ကွ၊ သေချင်လို့လား။ ခင်ဗျာလို့ ပြော"

"ဟုတ် . . . ဟုတ်ကဲ့ ခင် . . . ဗျာ"

"အခု ဘယ်လောက်ရှိလဲ"

"ငါး . . . ငါး . . . ဆယ် . . ."

"အဲဒါ ပေးလိုက်"

"ဗျာ . . . ဟို . . . ဟို . . ."

"တယ်လေ . . . ငါလုပ်ရရင် သေတော့မယ်။ ဟော့ . . . ဟုန်ဖွန်ကြောင် တပည့် . . ."

"ခံဗျာ . . . ဆရာပွတ်"

"ဘာခံဗျာလဲ မင်းပါ ဒီအရူးနဲ့ရောပြီး တစ်ပေါင်းတည်းဖြစ်ချင်လို့လား။ ဟုတ်လား . . ."

"ဟုတ်ကဲ့ . . . အဲ . . . အဲ . . . မဟုတ်ပါဘူး . . . ဆရာခင်ဗျာ"

"လွှပါတယ် မဟုတ်လား"

"ပါပါတယ် ဆရာပွတ်။ ဒီမှာပါ ခင်ဗျာ"

ဟုန်ဖွန်ကြောင်ဆိုတဲ့ တရုတ်ဘိန်းစားလိုလူက ခါးကြားမှ ဝှက်လာတဲ့ လက်ထိုးလွှကို ထုတ်ပြလိုက်တယ်။

"သွား . . . ဒီအရူးနေတဲ့ သစ်ပင်ကို လွှနဲ့တိုက်ဖြတ်"

"ဟုတ် . . ."

"အမယ်လေး . . . ဆရာကြီးတို့၊ အစ်ကိုတို့ ခင်ဗျာ . . .





အမယ်လေး . . . မ . . . မ . . . လုပ်ပါနဲ့ဗျ။ အနော့်ကို သနားပါခင်ဗျာ။ ကျွန်တော် နေစရာမရှိ ဖြစ်ပါ့မယ် ဆရာကြီးတို့ရဲ့။ ဟီး . . . ဟီး . ."

"ဒါဆို ငွေငါးဆယ်ပေး"

"ဟီး . . . ဟီး . . . ဟင့် . . . ဟင့် . . . ဟီး . . . ရော့ . . . ရော့ . . ."

အရူး ကိုရက္ခစိုးဟာ သူနေသည့်သစ်ပင်ကို လက်ထိုးလွှနဲ့ ဖြတ်မယ်လို့ ခြိမ်းခြောက်ရော ကြောက်လန့်စိုးရိမ်ပြီး ဘုံပျောက်မှာစိုးလို့ ချုံးပွဲချငိုရှာတယ်။

သည့်နောက် မရှိမဲ့ရှိမဲ့ ငွေငါးဆယ်ကို ကတုန်ကယင်နဲ့ ပေးလိုက်ရတယ်။ ပိုက်ဆံငါးဆယ်ကျပ်လည်း ရပြီးရော ထပ်ကြိမ်းလိုက်သေးတယ်။

"ဟော့ကောင် . . . ရက္ခစိုး"

"ခင်ဗျာ . . . ဗျာ . . . ဆ . . . ရာ . . . ကြီး . . . နဲ့ . . . အစ်ကို . . . ကြီး . . ."

"နောက်နေ့လည်း ငါတို့ အရက်ဖိုးပေးဖို့ ငွေတစ်ရာ နေ့တိုင်းဆောင်ထား။ ကြားလား . . ."

"ဗျာ . . . ဟို . . . ဟို . . ."

"ဗျာတွေ ဟိုတွေ မကွန့်နဲ့၊ မရှည်နဲ့။ အရင်းကနေ ဖြတ်ပစ်လိုက်မယ်။ မင်း လပွတ္တာကျော်ပြူးအကြောင်း ကြားဖူးမြင်ဖူးပြီ မဟုတ်လား"

"ကျွန်တော် ဖလွှန်ကျော်ဦးတော့ . . ."

"ဖလွှန်ကျော်ဦးကို ခေါက်ထားစမ်းပါ။ ဒီကောင်က . . . ဖွတ်ကျားကောင်ပါ။ မယားကြောက်ပါ။ သူ့မိန်းမက အိမ်စရိတ်နေ့တွက်



www.burmeseclassic.com

www.burmeseclassic.com



ငါးထောင်ရှာမပေးနိုင်ရင် ရှင့်နားရွက်လှီးပြီး အာလူးနဲ့ရောပစ်မယ် ကြိမ်း ဝါးထားလို့ နေ့တိုင်း အိမ်စရိတ်ကို သေပြေးရှင်ပြေး ရှာနေရတဲ့ကောင် ကြားလား ...''

''ဟုတ် ...''

''နက်ဖြန်ခါ ဒီအချိန်လာခဲ့မယ်နော်''

''ဟုတ် ...''

''တစ်ကျပ်လျော့နေရင် မင်း သစ်ပင်ပေါ်မှာ အိပ်လို့မရအောင် ငါလုပ်ပစ်မယ်။ ကြားလား ...''

''ဟုတ် ...''

စိတ်မနှံ့သူအရူးကို အဲဒီလိုနိုပ်စက် အနိုင်ကျင့်လို့ဝတော့ မြို့ ထဲက မသန်းကာစ်တို့ အရက်ဆိုင်ကိုသွားတယ်။ အရက် ငါးဆယ်ဖိုးကို ရေနွေးစိမ်ဖန်ခွက်နဲ့ နှစ်ယောက် ရောမျှသောက်ပြီး ကိုကြီးကျော်သီချင်း နဲ့ က,တယ်။

မူးလာရော သူ့ဟာသူနေတဲ့ အရူး ကိုရက္ခစိုးကို အသားလွတ် ပြဿနာလာရှာပါရော။

''ဟေ့ကောင် ... အရူး ... ရ ... က္ခ ... စိုး ... အေ့ ဝေါ့''

''ရ ... က္ခ ... စိုး ... အေ့ ...''

''ဟေ့ကောင် ... နားပင်း၊ ခေါ်နေတာ မကြားဘူးလား''

''ဖြောင်း ...''

ခေါ်တာမကြားလို့ဆိုပြီး အရူးရက္ခစိုးတက်အိပ်နေတဲ့ သစ်ပင် ခွကြားကို လောက်လေးခွနဲ့ လေးငါးချက်ပစ်လိုက်တာ စောင်ပုခက်ထဲ အိပ်ပျော်နေတဲ့ ကိုရက္ခစိုး လန့်နိုးရော ...





''ဟေ့ ... ဘယ်ကောင်ပစ်တာလဲကွ''

''ဝါကွ ...။ မင်းနှမယောက်ျား လပွတ္တာကျော်ပြုံးကွ။ ကိုင်း ဟာ ...''

''ဝိုး ...''

''ဖောင်း ...''

''ဝိုး ...''

''ဖောက် ...''

''ဟ ... ဟာ ... ဟာ ... မပစ်ပါနဲ့ဗျ။ ကျုပ် ခင်ဗျားတို့ကို ဘာ ... ဘာ လုပ်လို့လဲ''

''အခု မင်းဆင်းခဲ့''

''ဘာလုပ်မလို့လဲဗျ''

''ငါတို့ကို က,ပြရမယ်။ ဆင်းခဲ့''

''နေ ... မကောင်းလို့ ... မက ... ပါရ ... စေနဲ့ ဗျာ''

''အံမာ ... ဒီလိုလား။ ကိုင်းကွာ ... ကိုင်းကွာ ...''

လပွတ္တာကျော်ပြုံးနဲ့ တရုတ်ဘိန်းစား ဟုန်မွန်ကြောင်တို့နှစ်ဦး ဟာ လောက်လေးခွကိုယ်စီနဲ့ ဝိုင်းပစ်ကြလို့ ကိုရက္ခစိုး သစ်ပင်ကိုင်း ကြီးတွေကို အကာအကွယ်ယူ ပုန်းနေရတယ်။

''ဝိုး ...''

''ဖြောင်း ...''

''ဝီ ...''

''ရှိုး ...''

''ဖောင်း ...''

''ခွပ် ...''



www.burmeseclassic.com

www.burmeseclassic.com



အရှုး ကိုရုက္ခစိုးက ကြောက်လွန်းလို့ ဟိုးအမြင့်သစ်ရွက်ကြားကို တက်ပုန်းလေ . . . သူတို့က သဘောကျပြီး ပိုပစ်လေ . . .။ အရှုးကိုရုက္ခစိုး ကြောက်လေ . . . လန့်လေ . . . သူတို့က အားရပါးရရယ်ပြီး ဆက်တိုက်ပစ်လေပဲ။

အဲဒါ သစ်ပင်ခွကြားကနေ လက်အုပ်ချီပြီး တောင်းပန်တယ်။

''ဆင်းခဲ့'

''လာက,လေကွာ''

''နေ . . . မ . . . ကောင်းလို့ပါ . . . ဆရာကြီးတို့ရာ . . . ရှိခိုးတောင်းပန်ပါတယ်ဗျာ''

''ကိုင်းဟာ . . . ခေါင်းကြောမာဦး''

''ဝီး . . .''

''ဖောင်း . . .''

''ဝီး . . .''

''ဖြောင်း . . .''

အရှုး ကိုရုက္ခစိုးဟာ လောက်စာလုံးများကို ရှောင်ရင်းတိမ်းရင်း မျောက်တစ်ကောင်လို သစ်ပင်ပေါ်မှ ပြေးလွှားနေရာက အကြောက်လွန်ပြီး ကြောက်ချေး၊ ကြောက်သေးများ ထွက်ကုန်ပါရောဗျာ။

အဲဒီမှာ အရှုးကိုရုက္ခစိုး ဒေါသထွက်သွားကာ . . .

''ခင်ဗျားတို့နှစ်ယောက် တောင်းပန်လို့ မရဘူးလား''

''အံမာ . . . မင်းကများ လေသံမာလို့ . . . ကိုင်းဟာ . . .''

''ဝီး . . .''

''ဝီး . . .''

''ဖောက် . . .''





''ဖောင်း''

လောက်စာလုံးများက မှုးမှုးနဲ့ပစ်နေလို့လား မသိဘူး။ အရှုးကိုရုက္ခစိုးကို တစ်လုံးမှမမှန် မထိပဲ သစ်ကိုင်းများကိုထိမှန်ပြီး ကွဲကြေကုန်ကြတယ်။

''တော်တော့နော် . . . ဟေ့လူတွေ''

''မတော်ဘူးကွာ။ ကိုင်းဟာ . . .''

''ဟာ . . . ဒီလောက်တောင် ပြောမရတဲ့ လူလွန်မသားနှစ်ကောင် . . . မင်းတို့လက်တွေ ကျိုးပါစေဗျာ။ နတ်ကောင်းနတ်မြတ်များ ဒီလူယုတ်မာနှစ်ကောင်ကို ဆုံးမပေးပါခင်ဗျာ''

အရှုးကိုရုက္ခစိုးက သစ်ပင်သစ်လုံး အကွယ်ကနေ ဒေါသဖြစ်မခံမရပ်ဖြစ်ပြီး အကျယ်ကြီးအော်လို့ ပြောလိုက်ရော . . .

အံ့ဩစရာပါပဲဗျာ . . .။

ပစ်နေသည့် လောက်လေးခွနှစ်လက် ချက်ချင်း သားရေကြိုးပြတ်သွားရော။ လူရမ်းကားနှစ်ဦးဟာ သားရေကြိုးပြတ်သွားတဲ့ လေးခွနှစ်လက်တို့ ခါးကြားထိုးပြီး တွေ့ရာအုတ်ခဲကြိုးများနဲ့ ကောက်ပစ်ကြပြန်ပါရောလား။

အကုသိုလ်ဝင်ချင်တော့ ကြည့်စမ်း . . .။

ဒီအချိန်မှာပဲ အရက်မူးလာတဲ့ မြို့လူစွာလူမိုက် ကျောက်တုံးရယ်၊ ပေသီးရယ်၊ ကုလားနက်ရယ် အပင်အောက်ကို ရောက်လာပြီး သင်းတို့လုပ်ပုံကို ရပ်ကြည့်နေကြရာက . . .

''ဟေ့ကောင် . . . လပွတ္တာ''

''ဘာတုံး . . . ကျောက်တုံး . . . အော့ . . . ဂေ့''

''မင်းဘာလို့ အရှုးကို ဒုက္ခပေးနေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



''မင်းယောက်ဖမို့ မင်းက ကြားကနာတာလား''

''မင်း . . . ခု ချက်ချင်း ရပ်မလား၊ မရပ်ဘူးလား။ ပြော . . အေ့ . . . ဂေ့ . . .''

''မရပ်ဘူးကွ။ ဒီအရူးက လူပါးဝချင်လို့ ပညာပေးနေတာ။ မင်းပါစိတ်ဝင်စားရင် ဝင်ပစ်''

''သူ့ဘာသာသူနေတဲ့ အရူးကို အသားလွတ် ဒုက္ခပေးတဲ့ ခွေးမသားနှစ်ကောင် သိကြရောပေါ့။ ချဟေ့ . . .''

''ချကွာ . . .''

''ဟေ့ကောင် . . . ကျောက်တုံး . . . မင်း . . . မင်း . . .''

''ချဟေ့ . . .''

''ဖုန်း . . .''

''ခွပ်''

''အား . . .''

''ဖောင်း''

''အင့် . . . အင့်''

''သေဟာ''

''ဖောင်း . . .''

''အား . . အမယ်လေးဗျ''

''ကိုင်းဟာ . . . ကိုင်းဟာ . . .''

''ဖြောင်း . . . ဖောင်း . . .''

''အား . . . ကျိုးပါပြီဗျ။ အား . . .''

ကုက္ကိုပင် အောက်မြေပြင်မှာ ဒီဘက်က ကျောက်တုံးတို့က သုံးယောက်၊ လပွတ္တာတို့က နှစ်ယောက်။ ထိုးလိုက်ကြိတ်လိုက် အုတ်ခဲ





ကျိုးနဲ့ထုလိုက်၊ မြေပြင်မှာ နပန်းလုံးလိုက်။

တစ်ယောက်ကိုတစ်ယောက် ကိုင်ပေါက်လိုက်နဲ့ အရှုံးအမှုး ဖြစ်ချင်တိုင်းဖြစ်နေသည့် ရန်ပွဲ။

ဒီမှာ လူမိုက်ကျောက်တုံးက သောက်ရေချမ်းအိုးစင်နံဘေးက ဝါးတိုင်ကို ဆွဲယူပြီး အားကုန်လွှဲရိုက်လိုက်တာ လပွတ္တာကျော်ပြူးရော၊ တရုတ်ဘိန်းစား ဟုန်ဖွန်ကြောင်ရော နှစ်ဦးစလုံး ညာလက်ကိုယ်စီ ကျိုးပါရောဗျာ။

အော်လိုက်ကြတဲ့ အသံဆိုတာ ကမ္ဘာပျက်သလား မှတ်ရရဲ့။ နာကျင်စူးရှအော်သံများ၊ ကြိမ်းဝါးဆဲရေးသံများ ကြားရော . . .

အနီးဝန်းကျင်ရှိ လူကြီးတွေနဲ့ လမ်းသွားလမ်းလာတွေ၊ အရပ်လူကြီးတွေ အပြေးရောက်လာလို့ ဖြန်ဖြေလိုက်မှ လုံးထွေးနေသည့် ရန်ပွဲ လုံးဝရပ်သွားတော့တယ်။

ခါးဝတ်ပုဆိုး ကျွတ်သူကျွတ်။

အင်္ကျီစုတ်ပြဲသူပြဲ၊ သွေးသံရဲရဲဖြစ်သူဖြစ်။

လပွတ္တာတို့နှစ်ဦးကတော့ လက်ကိုယ်စီကျိုးသွားလို့ အမယ်လေး၊ အဘလေးအော်ပြီး ကျောက်တုံးတို့ကို ကလော်ဆဲလိုက်၊ သစ်ပင်ပေါ်က အရူး ကိုရက္ခိုးကို မော့အော်ဆဲလိုက်၊ နာကျည်းမျက်လုံး မီးဝင်းဝင်းတောက် မျက်လုံးများနဲ့ မျက်ရည်စီးကျပြီး ရေရွတ်တိုင်းထွာကြလို့။

နာကျည်းရှာမပေါ့။

စောစောလေးကတင် အရူး ကိုရက္ခိုးက ကြောက်ကြောက်လန့်လန့်နဲ့ နတ်ကောင်းနတ်မြတ်များကို တိုင်တည်လိုက်သကိုး။ အဲဒါ မဟုတ်မတရားလုပ်သူကိုပဲ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမတာလား။

ဒါမှမဟုတ်. . .

အကုသိုလ်အမှုပြုသူကို သူ့အကုသိုလ်ကပဲ ပြန်တရားစီရင်လိုက်ရော့သလားမသိဘူး။

လူကြီးများရှေ့မှောက်မှာ ဇာတ်စုံရှင်းရော့ လပွတ္တာနဲ့ ဟုန်ဖွန်ကြောင်တို့ ဒီနေ့လက်ကျိုးတာသာ အဖတ်တင်ပြီး တိုးရင်းပေါင်းသာမက မျက်ရည်ပါ အမြတ်ရသွားကြလေရဲ့ ခင်ဗျာ။

✿ ✿ ✿

| ၆ |

❑

လပွတ္တာကျော်ပြူးတို့ရဲ့ ပြဿနာကို အစကအဆုံး မြင်ကြသူများ ပြောချက်ကြောင့် အရပ်က သိကုန်ကြရော။

အဲဒီမှာ ပြောစမှတ်ပြု ကျန်ရစ်ခဲ့တာက အရူး ကိုရကွဲစိုးပါးစပ်က ပြောလိုက်တာနဲ့ တန်းထိတာပဲဆိုသည့် စကားပဲ။

အဲဒီအချိန်ကစပြီး အရူး ကိုရကွဲစိုးရဲ့ လျှို့ဝှက်ဆန်းကြယ်ဘဝဖြစ်စဉ်များကို တဖြည်းဖြည်း ထူးခြားစွာ ကျွန်တော်တို့ သတိပြုလာခဲ့ကြတယ်ဗျ။

ဟောဒီဝန်းကျင်မှာ အရူး ကိုရကွဲစိုး နေ့ရောညပါ တက်အိပ်သည့် သစ်ပင်သုံးပင်ရှိတယ်။

ကုက္ကိုပင်၊ ညောင်ပင်နဲ့၊ ပိတောက်ပင်တို့ပဲ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲမြင့်မြင့် သူရအောင်တက်ပြီး စောင်ပုခက်ဆင်ပြီး နေလေ့ရှိတယ်။ နောင်အခါ လောက်လေးခွသမား၊ ခြေဆော့လက်ဆော့သမားတွေရဲ့ ရန်ကို ကာကွယ်သည့်အနေနဲ့ ညောင်ပင် အမြင့်ဆုံးရဲ့ ကိုင်းကြီးကိုင်းကြားမှာ ကျီးကန်းများ အသိုက်လုပ်သလို စောင်ပုခက်ဆင်အိပ်လို့ ပြဿနာ ကြုံရပါရောလား။

ညောင်ပင်ပေါ်မှာက ကျီးသိုက်ရှိသကိုး။

ကိုရက္ခစိုးတက်လာပြီး နေရာသစ်၊ အိမ်သစ်ထူရော ကျီးကန်းအုပ်က သူတို့အသိုက်ကို ရန်ရှာတယ်မှတ်ပြီး သူ့ကို ဝိုင်းထိုးဆိတ်ကြပါရောဗျို့။

အဲဒါ ကျီးအုပ်က မနည်းမနောပဲ၊ မရှိဘူးဆို အကောင်သုံးလေးရာလောက်ရှိမယ်။ သိတဲ့အတိုင်းပဲလေ . . . ကျီးကန်းဆိုတဲ့ သတ္တဝါမျိုးက ခွေအုံမျိုးအုံကောင်းသည့် သတ္တဝါမျိုး။

တစ်ကောင်အော်သံကြားရင် အချက်ပေးလိုက်ရင် ကြားကြားသမျှ ကျီးအပေါင်းအုံခဲပြီး ရောက်လာကြတာ။

ကောင်းကင်မှာ ကျီးအုပ်ကြီးရဲ့ အော်သံဟာ ကျက်ကျက်ညံနေတယ်။ တောင်ပံရိုက်သံလည်း ဆူညံလို့။ ကနဦးတော့ ကျီးကန်းလေးခွမှန်သေလို့ ဒေါသပေါက်ကွဲတာ ထင်ကြတာ။

ညံလွန်းလို့ ထကြည့်၊ ပြေးကြည့်ကြမှ ညောင်ပင်အဖျား ခွအကြားအဆုံမှာ ကျုံ့ရှုံ့ရှင် ကိုရက္ခစိုးရောက်နေမှန်း မြင်ကြသိကြရော။

ကျီးကန်းအုပ်ကြီးက သူတို့အသိုက်ဖျက်မည့် ရန်သူမှတ်ပြီး သင်းကို နှုတ်သီးနဲ့ ဝိုင်းထိုး၊ ခြေသည်းနဲ့ကုပ်လုပ်တော့ ကိုရက္ခစိုးထွန့်ထွန့်လူးနေတာပဲ။





အဲဒါ အကျီချွတ်ပြီး ဇော့ယမ်းတယ်။ ရှေ့ကိုယမ်းနေရင် နောက်ကျောကို ဝင်ဆိတ်ကြရော။ တစ်ခါ နောက်ကျောကို အာရုံစိုက် ယမ်းဇော့နေရင် နံကြိုနံကြားနဲ့ သျှောင်ထုံးတင်ခေါင်းကို ခြေသည်းနဲ့ ကုပ်ဆွဲကြရော။

အောက်ကလူတွေကလည်း ကျီးအုပ်ကြီးနဲ့ အရူးလိုလူတစ်ယောက်ရဲ့ ရုန်းရင်းဆန်ခတ်ပွဲကို မော့ကြည့်ရင်း အရူးကိုရက္ခစိုး အပင်ပေါ်က ကျသေတော့မှာပဲလို့ ထင်နေကြတယ်။

နောက်ဆုံး များပြားလှသည့် ကျီးအုပ်ရဲ့ တိုက်ခိုက်ထိုးဆိတ်၊ အော်ဟစ်သံများကို ခုခံတုံ့ပြန်နိုင်စွမ်း မရှိသည့်အဆုံး စောင်ပုခက်ထဲလှဲအိပ်လိုက်ပြီး ခေါင်းမြီးခြုံလို့ ဘုရားစာများကို အကျယ်ကြီး အော်ဟစ်ဆိုပါရောခင်ဗျာ။

“စိန္တာမဏိ ရတနာနိ ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ။
ကရံ ကရတိ သရဏံ ၊ ခိပ္ပမေဝ သမိဇ္ဈတု။

စိန္တာမဏိ ရတနာနိ ၊ ဓမ္မံ ဓမ္မရတနာနံ။
ကရံ ကရတိ သရဏံ ၊ ခိပ္ပမေဝ သမိဇ္ဈတု။

စိန္တာမဏိ ရတနာနိ ၊ သံဃံ သံဃရတနာနံ။
ကရံ ကရတိ သရဏံ ၊ ခိပ္ပမေဝ သမိဇ္ဈတု”

သူ အဲဒီလို စောင်ခေါင်းမြီးခြုံပြီး ဘုရားစာကို ခုနစ်သံချီဟစ်လို့ အော်ဆိုနေချိန်မှာ . . . အချို့သောကျီးများက စောင်ခြုံထားသည့် သူ့ကိုယ်ပေါ်မှာ ရပ်ပြီး နှုတ်သီးနဲ့ ကိုယ်လုံးကို ပေါက်ဆိတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သလို ...

"ချ ... ချ ... အသေချဟေ့"

"ဒီကောင် ငါတို့ရန်သူ။ မျက်လုံးကို ဖောက်ကြ"

"အူကို နှုတ်ပစ်"

"အရိုးကို ခွေးစာကျွေးပစ်ကြ"

"ဟိုဘက်ကကျီးအုပ် ဘာလုပ်နေတာလဲလို့။ ဝိုင်းဆိတ်ကြ ဖျင်းကြပါလား"

"နှုတ်သီးချွန်တဲ့ကျီး အရင်ရှေ့တိုး"

"ခြေသည်းရှည်တဲ့ ကျီးအုပ်က စောင်ကိုခွာ"

လူစကားမျိုးနဲ့ အဓိပ္ပာယ်ပုံဖော်ရရင် အဲဒီလို ဝိုင်းပြောညာသံပေးနေသလိုပဲ။ ကိုရက္ခစိုးကလည်း စောင်ကို တင်းနေအောင်ခြုံပြီး ဘုရားစာတွေကို သေငယ်ဇောနဲ့ အော်ဆိုနေတယ်။

အောက်လူအချို့က သူ့ဖြစ်အင်ကိုကြည့်ပြီး သနားကြလို့ ဝိုင်းအော်ပြောကြရော။

"ဟေ့ကောင် ... ရက္ခစိုး၊ အောက်ကို ပြန်ဆင်းခဲ့"

"ရက္ခစိုး ... အဲဒီမှာ ကြာကြာမနေနဲ့ မင်းသေလိမ့်မယ်။ စောင်ခြုံပြီး ပြန်ဆင်း"

"ဟေ့ကောင် ... မြန်မြန်ဆင်းခဲ့လေ"

"ဒုက္ခပဲ။ သေတော့မှာပဲ"

"အရှူးဆိုတော့လည်း ပြောရခက်သား ဘကြီးရှောင်ရဲ့"

"ဟူး ... ဘယ်လိုလူစားတွေနဲ့ လာကြုံရမှန်းကို မသိပါဘူးကွာ"

ဒီအချိန်မှာပဲ ကိုရက္ခစိုးက လွန်စွာတန်ခိုးကြီးတယ်လို့ ယုံ





ကြည်ကြတဲ့ သရဏဂုံ (၃၀) ဘုရားရှိခိုးကို အသံကုန်အော်ပြီး ဟစ်ပါ ရောခင်ဗျား။

"ဇာတိပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
ဇာတိပရိယန္တံ ဓမ္မံသရဏံ ဂစ္ဆာမိ။
ဇာတိပရိယန္တံ သံဃံသရဏံ ဂစ္ဆာမိ။

ဘောဂပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
ဘောဂပရိယန္တံ ဓမ္မံသရဏံ ဂစ္ဆာမိ။
ဘောဂပရိယန္တံ သံဃံသရဏံ ဂစ္ဆာမိ။

ဇီဝိတ ပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
ဇီဝိတ ပရိယန္တံ ဓမ္မံသရဏံ ဂစ္ဆာမိ။
ဇီဝိတ ပရိယန္တံ သံဃံသရဏံ ဂစ္ဆာမိ။

မရဏ ပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
မရဏ ပရိယန္တံ ဓမ္မံသရဏံ ဂစ္ဆာမိ။
မရဏ ပရိယန္တံ သံဃံသရဏံ ဂစ္ဆာမိ။

အလို ... အံ့ဩစရာ ကောင်းလှချည်လားဗျာ။ ကြည့်စမ်း။ ကိုရက္ခစိုးက သရဏဂုံ (၃၀) ဘုရားရှိခိုးဂါထာကို ရွတ်လိုက်ရော အသေအကြေ၊ အခဲမကြေ ဝိုင်းထိုးဆိတ်နေသည့် ကျီးကန်းအုပ်ကြီးက ဝေါခနဲ အလန့်တကြားထပျံပြီး ခပ်လှမ်းလှမ်းက သစ်ကိုင်းအသီးသီးမှာ ရပ်နားလို့ ကိုရက္ခစိုးကို အံ့ဩမျက်လုံးဟန်ပန်များနဲ့ ဝိုင်းကြည့်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော်တို့အားလုံး မြင်လိုက်ရပါရောလား။

"ဟာ ... မောင်မှိုင်း၊ ဘယ်လိုဖြစ်သွားတာလဲကွ ဟေ"

"မသိဘူး ကိုသောင်းညွန့်ရ။ ကိုရက္ခစိုး ဘာများလုပ်လိုက်လို့လဲ မသိဘူးဗျ"

"ဓားတို့၊ သံချွန်တို့နဲ့များ ထိုးလိုက်လို့လား"

"မဖြစ်နိုင်ဘူးဗျ။ ဒီလူ ဓားတို့၊ သံချွန်တို့ ကိုင်လေ့မရှိဘူး"

"သရဏဂုံ (၃၀) ဘုရားစာကြောင့်များလား"

"အဲဒါ စဉ်းစားနေတာဗျာ"!

"ကြည့်နေ ... ကြည့်နေ ... ဘာဖြစ်လာဦးမလဲ မသိဘူး"

ဒီမှာ အရှုး ကိုရက္ခစိုးက ဘုရားစာများကို အသံမြှင့်ပြီး ရွတ်ပြန်လေရဲ့ ခင်ဗျ။

"မရဏ ကာလ ပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
မရဏ ကာလ ပရိယန္တံ ဓမ္မံသရဏံ ဂစ္ဆာမိ။
မရဏ ကာလ ပရိယန္တံ သံဃံသရဏံ ဂစ္ဆာမိ။

အရဟတ္တ မဂ္ဂ ပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
အရဟတ္တ မဂ္ဂ ပရိယန္တံ ဓမ္မံသရဏံ ဂစ္ဆာမိ။
အရဟတ္တ မဂ္ဂ ပရိယန္တံ သံဃံသရဏံ ဂစ္ဆာမိ။

အရဟတ္တ မဂ္ဂ ကာလ ပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
အရဟတ္တ မဂ္ဂ ကာလ ပရိယန္တံ ဓမ္မံသရဏံ ဂစ္ဆာမိ။
အရဟတ္တ မဂ္ဂ ကာလ ပရိယန္တံ သံဃံသရဏံ ဂစ္ဆာမိ။





ကြည့်စမ်း ... ကြည့်စမ်း ...။ ဘုရားစာကို ရွတ်နေသည့်အချိန်မှာပဲ ဝေါဆိုပြီး ကျီးကန်းအုပ်က ပျံ့လို့ နောက်ဆုတ်သွားကြတယ်။ ပြီး ... သူတို့ ကျီးကန်းအချင်းချင်း ပြန်ကြည့်ပြီး ဆူညံနေသည့်အသံ ချက်ချင်း တိတ်သွားတာကို ကြည့်နေသူ အောက်မြေပြင်ကလူအားလုံး အံ့ဖွယ်ဘနန်း မြင်လိုက်ရပါရောကလားဗျ။

"နိဗ္ဗာန ပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
နိဗ္ဗာန ပရိယန္တံ ဓမ္မံသရဏံ ဂစ္ဆာမိ။
နိဗ္ဗာန ပရိယန္တံ သံဃံသရဏံ ဂစ္ဆာမိ။

နိဗ္ဗာန ကာလ ပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
နိဗ္ဗာန ကာလ ပရိယန္တံ ဓမ္မံသရဏံ ဂစ္ဆာမိ။
နိဗ္ဗာန ကာလ ပရိယန္တံ သံဃံသရဏံ ဂစ္ဆာမိ။

"(၃၁)ဘုံသားအားလုံး ကျန်းမာချမ်းသာကြပါစေ။ ကုန်းနေ၊ ရေနေ၊ လေနေ သုံးထွေ သတ္တဝါအားလုံး ကျန်းမာချမ်းသာကြပါစေ။ မြင်ရ မမြင်ရ ပုဂ္ဂိုလ်အားလုံး အပိုင်အဆိုင် အစောင့်အရှောက်အားလုံး ကြောင့်ကြခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြလို့ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေကုန်သတည်း"

ကိုယ့်လူ အရှုး ကိုရက္ခစိုးက စောင်ခေါင်းမြီးခြုံရင်းကနေ သရဏဂုံ (၃၀) ဘုရားရှိခိုးဂါထာကြီး ရွတ်ဆိုလို့ပြီးရော မေတ္တာပို့လိုက်တာ အရိပ်အခက် ကောင်းလွန်းလှတဲ့ ညောင်ပင်ကြီးပေါ်မှာ သူ့ကို ရန်ပြုဖို့ အခွင့်အခါ စောင့်ဆိုင်းနေကြသည့် ကျီးကန်းအကောင် သုံး

www.burmeseclassic.com



လေးငါးရာမကတို့ဟာ အသံလုံးဝမထွက်ကြပဲ သူ့ကို စိုက်ကြည့်နေကြတယ်။။

ကျွန်တော်တို့ မြေပြင်က မော့ကြည့်နေသူများကလည်း ဘာတွေဆက်ဖြစ်လာမှာလဲ မျှော်လင့်စိုးရိမ်လို့။

ကျီးအုပ်ကြီးက ပြန်တိုက်ဖို့ အရှိန်ယူနေတာလား။

အားသစ်မွေးပြီး ချက်ကောင်းကို စောင့်နေကြတာလား။

သစ်ကိုင်းကိုယ်စီပေါ်မှာ မည်းမည်းလှုပ်လို့။

ကျွန်တော်တို့အထင် ကိုရက္ခစိုးကို ပြိုင်တူ ကုပ်ဆွဲချီသွားရင် ပါကိုသွားနိုင်တယ်။

ဒီမှာ ကိုရက္ခစိုးကလည်း ရန်သူကျီးကန်းအုပ်ကြီးရဲ့ အသံလုံးဝမကြားလို့ ကျီးအုပ်ကြီး မရှိဘူးလို့ ယူဆထင်မှတ်ပြီး ခေါင်းမြီးခြုံထားသည့် အညာစောင်ကြမ်းကြီးကို မျက်နှာဝ ဖော်လိုက်ရော ...

"ဝေါ ..."

"ဝေါ ..."

"ဟာ ... ဟာ ..."

"ဘုရား ... ဘုရား ..."

"ဝေါ ..."

"ဝုန်း ... ဝုန်း ... ဝုန်း ..."

"ဖရမ်း ... ဖရမ်း ... ဖရမ်း ..."

"အား ... အား ... အား ..."

"အား ... အား ... အား ..."

"ဝေါ ... ဝုန်း ... ဝုန်း ... ဝုန်း ..."

အလိုလေးလေး ...။ အလွန်ကို မကြုံစဖူး ထူးကဲထူးဆန်း





သည့် ဖြစ်ရပ်ပါတကား အရပ်ကရို့။

မြောက်များလှစွာသော ကျီးမည်းအုပ်ဖွဲ့ကြီးဟာ ခေါင်းမြီးခြုံလှစ်လိုက်တဲ့ ကိုရက္ခစိုးရဲ့မျက်နှာကို မြင်လိုက်ရရော ဝုန်းခနဲ ဝေါခနဲ ထပ်ပြီး ကောင်းကင်ပေါ်မှာ ဝဲကတော့ထိုး အော်နေကြတာ။

မြစ်ထဲ ပင်လယ်ထဲမှာ သင်္ဘောနောက်ကိုလိုက်လာတဲ့ ဖင်ယော်အုပ်ကြီး အတိုင်းပဲဗျို့။ လူးလာခေါက်တုံ့ အော်ဟစ်ဝဲပျံနေတာ။ ပြီး ညောင်ပင်ကြီးကို ဝိုင်းပတ်လို့ စက်ဝိုင်းပုံ အော်ဟစ်ပျံသန်းနေပုံကလည်း စစ်သုံးတိုက်လေယာဉ်ပျံများ တန်းစီဝဲပျံနေသည့်အတိုင်းပဲ။

ပြီး ... ကောင်းကင်မှာ လေဟုန်စီး ဝဲပျံနေပုံကလည်း လှလိုက်ပါဘိဗျာ။ ကျွန်တော်တို့ တစ်သက်နဲ့တစ်ကိုယ်မှာ ဒီလို အံ့ဩထူးဆန်းဖြစ်ရပ် မကြုံဖူးဘူး။ ခုမှ ကိုယ်တွေ့ မြင်နေရတာ။

ကိုရက္ခစိုးကလည်း စောင်ကိုဖယ်ပြီး ငုတ်တုတ်ထိုင်လို့ ဝဲပျံလူးလာအော်ဟစ်နေသည့် ကျီးအုပ်ကို လက်ပြနှုတ်ဆက်နေရဲ့။

နောက်ဆုံး ... ထူးဆန်းသော ကျီးရိုင်းအုပ်ကြီးဟာ အရှူးကိုရက္ခစိုးကို လုံးဝ ရန်မမူတော့ပဲ ညောင်ပင်ကြီးကို စက်ဝိုင်းပုံ ဦးတိုက်ကန်တော့သလို ဝိုင်းပတ်ပြီး သုံးကြိမ်ခန့် ပျံသန်းပြီးနောက် ...

ဟိုး အဝေးတစ်နေရာကို အားလုံး ပျံသန်းသွားကြတာကို ကျွန်တော်တို့အားလုံး ဖြစ်ရပ်ဆန်းကြယ်အနေနဲ့ အံ့အံ့သြသြ မြင်လိုက်ရလေရဲ့ ခင်ဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၇ |

❑

ပိုပြီး အံ့သြစရာကောင်းတာက ညဦးပိုင်းကစပြီး ကိုရက္ခစိုး ရဲ့ ဘုရားရှိခိုးသံကို ဟိုးညောင်ပင်ပေါ်ကနေ ကြားရတာပဲ။

ကြည့်စမ်းဗျာ . . . ။

အင်္ဂီရသသ အစချီ စိန်ရောင်ခြည်ဘုရားရှိခိုးကို ရွှေမန်း ဦးတင်မောင် ရတုဟဲ့သလိုဟဲ့ပြီး ရှိခိုးတာ။

နားထောင်လို့ ကျက်သရေရှိလိုက်တာဗျာ။

ပရိတ်ကြီး (၁၁) သုတ်ကို အကုန်အလွတ်ရတာဗျာ။ ကြားရသူ ရှင်လူရဟန်းများက အသီးသီး သြာဓုခေါ်ကြလေရဲ့။

အရူးပေမဲ့ အရူးသူတော်ကောင်းလို့ ဆိုကြရဲ့။





မိုးလင်းခါနီး အရုဏ်တက်ချိန်ရောက်ရင် သူ့ရဲ့ ဘုရားရှိခိုးသံကို အသံချိုစက်နှင့် ဖွင့်သည့်အတိုင်း တစ်ရပ်လုံး ကြားရတယ်။

ကြည့်လေ . . . ။

ဟိုနေ့တုန်းက သူနဲ့ ညောင်ပင်နေ ကျီးကန်းအုပ်စု ရန်သူလို ဖြစ်ခဲ့ကြတယ်။ အခုကြည့်စမ်း။ ကျီးကန်းအုပ်က သူ့အသိုက်မှာ သူနေကြသလို . . .

ခါတိုင်းအိပ်နေကျ သစ်ကိုင်းများမှာ နားနေ အိပ်စက်ကြတယ်။ ကိုရက္ခစိုးကို ရန်မမူကြဘူး။ ကိုရက္ခစိုးကလည်း မြို့ထဲကပြန်လာရင် ပေါက်ပေါက်ဆုပ်တို့၊ ထန်းလျက်ဆုပ်တို့ ဝယ်လာပြီး ညောင်ပင်ကြီးရှေ့ဖောက်က သစ်ပုတ်ပလ္လင်စင်ပေါ်မှာ ဖြည့်တင်ပေးထားတယ်။

အဲဒါကို ကျီးကန်းအုပ်က အားရဝမ်းသာ စားကြတယ်၊ နောင်တော့ ကိုရက္ခစိုး မြို့ထဲလျှောက်သွားပြီး ပြန်လာနေတာကို မြင်ရရင် ကျီးအုပ်က ညောင်ပင်ပေါ်က ဝေါခနဲပျံသန်းပြီး ပြေးကြိုလို့ အစာရနေကြ သစ်ပုတ်ပလ္လင်စင်လေးအနီးမှာ တအာအာ တစာစာနဲ့ အသံပေးစောင့်နေကြလေရဲ့။

အချို့ ကျီးကန်းပေါက်လေးများဆိုရင် အကြောက်အလန့် မရှိဘူး။ ကိုရက္ခစိုးရဲ့ ပခုံးပေါ်ကို လာနားကြတယ်။

ဒီမှာ ကိုရက္ခစိုးက တစ်နေ့ ထင်းရှူးပြားတစ်ပြားပေါ်မှာ မြေဖြူခဲနဲ့ စာတစ်တန်းရေးပြီး ညောင်ပင် ပင်စည်မှာ လူမြင်အောင် သံနဲ့ရိုက်ထားလိုက်တယ်။

ကျွန်တော်တို့ လမ်းသွားလမ်းလာ၊ ဈေးဝယ်ဈေးသည်၊ ကျောင်းသူကျောင်းသား၊ ဆိုက်ကား၊ မြင်းလှည်းသမားများက သူရေးထားတဲ့ ထင်းရှူးပြား ဆိုင်းဘုတ်ကို ကြည့်ပြီး အလွန်နှစ်ခြိုက်ကြလေရဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ရေးထားသည့် ဆိုင်းဘုတ်စာတန်းက ဘာမှတ်လို့လဲ။

'ကျိုးကန်းများကို ရန်မပြုရ'

'ဘေးမဲ့နယ်မြေ' တဲ့ ခင်ဗျာ။

လူအချို့ကတော့ အရူး ကိုရက္ခစိုးကို ကြည့်ပြီး ဝေဖန်သရော် ပြုကြတယ်ဗျ။

"ဒီလူက ဟန်တော့ကျသား ... ကိုညိုမှိုင်းရ"

"ဘယ်လို ဟန်ကျလို့တုံး ... ကိုဘခွေးရ"

"အိမ်လခလည်း ပေးစရာမလိုဘူး၊ မီတာခလည်း ပေးစရာ မလိုဘူးလေဗျာ ... နော"

"အိမ်လခနဲ့ မီတာခမပေးရတာ အရေးမဟုတ်ဘူး။ မတော် သစ်ပင်ပေါ်ကနေ အိပ်ရင်း လူးလိမ့်ရင်း ပြုတ်ကျရင် ပွဲချင်းပြီးသေမှာ ကိုဘခွေးရ"

"အဲဒီလိုသေလည်း သူ့ဘဝ တစ်မီးငြိမ်းတာပေါ့ဗျာ"

"သူ ဘယ်အရပ်သားလဲ ကိုဘခွေး"

"မသိဘူး ဆရာမှိုင်းရဲ့။ ဒီလူ ဒီဝန်းကျင်ကိုရောက်လာတာ မကြာသေးဘူး။ ရောက်လာသည့် အချိန်ကစပြီး အခု မြင်နေရသည့် အတိုင်းပဲ။ သစ်ပင်ပေါ် စောင်ပုခက်ဆင်ပြီး နေတာဗျ"

ဒီညောင်ပင်အောက်မှာ ရေချမ်းအိုးစင်တစ်ခု ရှိတယ်။ ရေ ချမ်းစင်လေးက ဝါးတိုင်ကို လေးစိပ်စိပ်ပြီး သောက်ရေအိုး သဲအိုးကို ရေဖြည့်ထားတာ။

အလှူရှင်က ဦးမွန်နားဆိုတဲ့ နို့ကုလားကြီး။ ဦးမွန်နားက မနက်စောစော သူ့နွားမတွေကို နွားနို့ညှစ်ပြီးတာနဲ့ ဗာလီပုံးနဲ့ ရေသယ် လဲ၊ သောက်ရေဖြည့်တယ်။ ဆေးကြောသန့်စင်တယ်။ အဲဒါ နေ့စဉ်





နက်တစ်ကြိမ်၊ ညနေတစ်ကြိမ်ပဲ။ ကိုရက္ခစိုးကလည်း မနက်စောစော ဘုရားရှိခိုးစာမျိုးစုံကို ရွတ်တယ်။ မေတ္တာပို့တယ်၊ အမျှဝေတယ်။

ပဋ္ဌာန်းဒေသနာတော်ကြီးကို ရွတ်တယ်။

, သမ္ဗုဒ္ဓေကို အကြိမ်များစွာ ရွတ်လေ့ရှိတယ်။

ရွတ်လို့ပြီးတာနဲ့ ညောင်ပင်ပေါ်က ဆင်းလာပြီး စမ်းချောင်း ကရေနဲ့ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်တယ်။

ပြီးတာနဲ့ သူဝယ်လာသလား၊ ဘယ်ကရလာလဲ မသိဘူး အုန်း တံမြက်စီးရှည်ကြီးနဲ့ ညောင်ပင်ကြီးတစ်ဝိုက်ကို တံမြက်လှည်း၊ သန့် ရှင်းရေးလုပ်တယ်။

စုမိသမျှ အမှိုက်သရိုက်၊ ညောင်ရွက်သစ်ရွက်များကို ဟိုဘက် က ချောက်ကမ်းပါးအောက် ပစ်ချစွန့်ပစ်တယ်။ အချိန်လေးရရင် မြေ သားလမ်း ကျင်းချိုင့်တွေကို အုတ်ခဲကျိုး ရှာဖွေစုဆောင်းပြီး ဖို့။ ပြီး ကျောက်တုံးတစ်တုံးနဲ့ ကျေသွားအောင်ထုလို့ သဲဖို့နင်း ဖိရိုက်ပေးလေ ရဲ့။

ပြောရရင် အရူးကိုရက္ခစိုး မှီတင်းနေထိုင်သည့် ညောင်ပင်၊ ကုက္ကိုပင်၊ ပိတောက်ပင် လမ်းသုံးလမ်းနဲ့ သုံးနေရာဟာ ဘယ်အချိန် ကြည့်ကြည့် မြေကြီးလမ်းသွား အမှိုက်မရှိ ပြောင်ရှင်းပြီး လမ်းလေး ချောမွေ့နေလို့ လမ်းသွားလမ်းလာများသာမကဘူး ရှင်လူရဟန်းများ ပါ သာဓုခေါ်ကြတယ်။

မနက်စောစော ကျွန်တော် လမ်းလျှောက်ထွက်ရင်း သူ တံမြက် စည်းလှည်းနေတာကို နေ့စဉ် မြင်တွေ့ရတယ်။ ကြာတော့ တစ်ယောက် နဲ့တစ်ယောက် မျက်မှန်းတန်းမိပြီး သိလာကြတယ်။

တစ်နေ့ ... ရေအိုးစင်က ရေတစ်ခွက်သောက်ရင်း သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားပြောကြည့်မိတယ်။

"ကိုရက္ခစိုး"

"ဘာတုံး"

"ကိုရက္ခစိုး နာမည်အရင်းက ဘယ်လိုခေါ်တုံးဗျ"

"ကိုရက္ခစိုးပဲလေ"

"ဒါ . . . ဒီအရပ်က ပေးတဲ့နာမည် မဟုတ်ဘူးလား"

"အရပ်ကပေးသည့်နာမည်က အဖေနဲ့အမေကပေးတဲ့ နာမည်ထက် ပိုပြီး ကြီးကျယ်ခန့်ညားတာပေါ့ဗျာ"

"ကိုရက္ခစိုး . . . ဘယ်မြို့သားလဲ"

"ဒီမြို့ရောက်ရင် ဒီမြို့သားပဲ။ အခု ကျုပ် 'ရောမ'သားလို နေတယ်။ အပြစ်ရှိလို့လား"

"မရှိပါဘူး။ အရင်ကရော ဘာအလုပ်လုပ်ခဲ့သတုံး"

"မေ့ ... နေပါပြီဗျာ။ အသက်ကကြီးတော့ မှတ်ဉာဏ်မကောင်းဘူးဗျ"

"အသက်ကြီးရအောင် အခု အသက်ဘယ်လောက်ရှိလို့တုန်းခင်ဗျ"

"ကျုပ်အသက်လား"

"ဒါပေါ့"

"အင်း . . . ကျုပ်အသက် . . . အင်း . . . အင်း . . . ဘာလိုလိုနဲ့ ကျုပ်အသက်တောင် ဒီညနေ နေဝင်ရင် (၁၀၉)နှစ်ပြည့်ပြီပေါ့ဗျာ"

"တစ်ရာ့ကိုးနှစ်"

"ဟုတ်ပါ့ဗျာ . . . ဟုတ်ပါ့"





ဖောက်သျှိဝင်လာပြီဟု မှတ်လိုက်ပြီး စကားလမ်းကြောင်းကို ပြောင်းလိုက်တယ်။

"ကိုရက္ခစိုး"

"ဘာတုံး"

"ညဘက်အိပ်ရင် ဇရပ်လို၊ ဘုန်းကြီးကျောင်းလို နေရာမျိုးမှာ သွားအိပ်ပါလားဗျာ"

"ဘာဖြစ်လို့လဲ"

"ခုလို သစ်ပင်အမြင့်ပေါ် ပုခက်ဆင်အိပ်တော့ မတော် လူးရင်းလိမ့်ရင်း ပြုတ်ကျရင် သေမှာစိုးလို့ ပြောတာပါဗျာ"

"မအိပ်ဘူး"

"ဘာလို့ ဇရပ်မှာ မအိပ်ရတာတုံး"

"ကုက္ကိုပင်တို့ . . . ညောင်ပင်တို့က ကျုပ်နဲ့ ဟိုးတစ်ဘဝက အကြင်လင်မယား တော်ခဲ့လို့လေ။ ဟေး . . . ဟေး . . . ဟေး . . . အဲဒါ . . . မယားတွေကို ချစ်လွန်းလို့ သစ္စာရှိတဲ့ မယားတွေနဲ့ပဲ နေ့ရောညပါ အတူနေတယ်။ ညဘက်ညဘက် ကျုပ်မယားတွေရဲ့ တိုးတိုးတိုတိုး ပြောသံက ရင်တဖိုဖိုနဲ့ ငြိမ့်မငြိမ့်ဗျာ၊ အဟတ် . . . အဟတ်"

ရှေ့ဆက်ပြောလည်း စကားကောင်းက ထွက်ချင်မှထွက်မှာမို့ ဆက်မမေးတော့။ သူ့ကိုသနားလို့ စားစရာပေးလည်း မယူ၊ ခေါင်းယမ်းပြီး ငြင်းပယ်လေ့ရှိတာကို ကြုံရတယ်။

သူက နှုတ်စီးတယ်။

သူပြောရင် ပြောသလို ဖြစ်တတ်တာမျိုးကို နောင်အခါ ကျွန်တော် ဧော့လာလို့ သိခဲ့ရတယ်။

ဒီရေချမ်းအိုးစင်လေးကို စေတနာရှင် ဦးမွန်နားက ကာဒိုလ်



www.burmeseclassic.com

www.burmeseclassic.com



ပြုခဲ့တယ်။ ညဘက်ရောက်ရင် မသမာသူအချို့က ရေခွက်ခိုးလိုခိုး၊ ရေအိုးခိုးလိုခိုး လုပ်ကြလေ့ရှိတယ်။

ခိုးလည်း အလှူရှင် စေတနာရှင် ဦးမွန်နားက အပြစ်မပြော ဘူး။ ဆဲရေးတိုင်းထွာ မလုပ်ဘူး။ မရှိလို့၊ လိုချင်လို့၊ သုံးစရာရှိလို့ ယူသွားကြတာပဲလို့ မြင်တယ်။

အဲဒါ မကြာခဏ အသစ်ပြန်ပြန်ဝယ်ထည့်ရတယ်။

ဒီလိုနဲ့ တစ်ညမှာပေါ့။

ကိုရက္ခစိုး ဘုရားရှိခိုးပြီး စောင်ပုခက်ထဲလှဲလို့ ဆေးလိပ်ဖွာနေချိန် ...

ခပ်ပေပေလူနှစ်ဦး ညောင်ပင်ကြီးအောက်မှာ အရက်လာ သောက်ကြတယ်။ အရက်ပုလင်းနဲ့ အမြည်းကို မြေပြင်မှာချပြီး ရေချမ်းစင်က သောက်ရေအိုးကို မ,လို့ ယူလိုက်ကြတယ်။

သောက်ရေအိုးက ရေနဲ့ အရက်သောက်ပြီးနောက် မောင်နဲ့နှမ၊ သားနဲ့အမိ ကြားလို့မသင့်တဲ့ မကြားဝံ့မနာသာ စကားတွေကို အသံကျယ်ကျယ်နဲ့ ပြောပြီး တဟားဟား အော်ရယ်နေကြတာ။

စားလို့သောက်လို့ကုန်ရော ပြန်ဖို့ ပြင်ကြရော။

ပြန်ရာမှာ သင်းတို့နှစ်ယောက်က ရိုးရိုးမပြန်ဘူး။ သောက်ရေအိုးက ရေကိုသွန်၊ မတ်ခွက်ကို သောက်ရေအိုးထဲထည့်ပြီး အိုးရော ခွက်ရော မ,လို့ ဒယီးဒယိုင်နဲ့ ပြန်ကြတာ။

အဲဒါ သူတို့နှစ်ဦးရဲ့အကဲကို စောင့်ကြည့်နေတဲ့ ကိုရက္ခစိုးက သစ်ပင်ပေါ်ကနေ မြင်ရော ...

"ဟေ့ ... ဟိုနှစ်ယောက်"

"ဟေ့ ... သူခိုးနှစ်ကောင်"





ဒီမှာ ဟိုနှစ်ကောင်က အသံလာရာ သစ်ပင်ပေါ်ကို မော့ကြည့်ပြီး မူးမူးနဲ့ ပြန်မေးတယ်။

"ဟေ့ ... အရူး။ မင်း ဘယ်သူ့ကို ပြောနေတာလဲ ... အေ့"

"မင်းတို့နှစ်ယောက်ကို ပြောနေတာကွ ... ဟော ဟေ့ ..."

"ဘာလဲ ... အရူးက ... အေ့ ... ဂေ့ ... အရူးလို မနေပဲ ဘာလျှာရှည်နေတာလဲ။ သေချင်လို့လား ... အေ့ ... ဂေ့ ..."

"မင်းတို့ သောက်ရေအိုးနဲ့ ခွက်ကို ယူမသွားနဲ့လေကွာ"

"အံမာ ... ကြီးကျယ်လို့ သောက်ရူးကများ။ နေပါဦး ... အရူးရ၊ မင်းနဲ့ဘာဆိုင်လို့ မင်းက ဝင်ပြောရတာတုံး ... အေ့ ... ဒါက မင်းယောက္ခမ ပစ္စည်းမို့လို့လား။ ထွီ ..."

"ဟေ့ကောင် ... နှစ်ကောင် ... အများသောက်ဖို့ထားတဲ့ သောက်ရေအိုးပါကွ။ မင်းတို့ မယူကောင်းလို့ ပြောနေရတာ။ ငါ အော်လိုက်ရမလား။ ခု ပြန်ထားခဲ့နော်"

"အော်ချင်လို့လား။ ကိုင်း ... အော်ချင်ဦး။ ကဲ .. ကဲ .."

"ပစ်ကွာ"

"ဖြောင်း ..."

"ဖောင်း ..."

"ဝီ ..."

"ခွပ်"

"ဟေ့ကောင်တွေ ... မ ... မ လုပ်နဲ့ ... မ ... မ ..."

"သေဟာ ... အကုသိုလ်ကောင် အရူး"

နှစ်ကောင်သား ရေအိုးကိုချပြီး တွေ့ရာအုတ်ပိုင်းကျိုးများနဲ့

www.burmeseclassic.com



ပစ်ကြကာ ကိုရက္ခစိုးက လရောင်အလင်းနဲ့ ဟိုကိုင်းဒီကိုင်း ကူးပြီး ပုန်းရပြန်ရော။

အိပ်တန်းတက်နေတဲ့ ကျီးကန်းအုပ်လည်း လန့်ဖျပ်ပြီး အချိန်မတော် အော်ကြဟစ်ကြ ဆူညံလို့။

"ဟော့ကောင်တွေ ... ဒိုးထားခဲ့"

"မထားဘူးကွာ။ ကိုင်းဟာ ... ကိုင်းဟာ ..."

"ခွမ်း"

"ကိုင်းကွာ"

လူသွမ်း အမှုးသမားနှစ်ယောက်ဟာ ဒေါသတွေပေါက်ကွဲပြီး သောက်ရေအိုးကို မြေပြင်မှာ ပေါက်ခွဲလို့ ခြေနဲ့ နင်းခြေပစ်လိုက်ကြတယ်။ ရေအိုးဟာ အစိပ်စိပ်အမွှာမွှာ ဖြစ်သွားခဲ့လေရဲ့။

"ဟော့ကောင် ... နှစ်ကောင်၊ စေတနာရှင် သူတော်ကောင်းတွေက ရေချမ်းအိုးကို ခရီးသွားတွေသောက်ရအောင် လှူဒါန်းတယ်။ ဒီရေချမ်းအိုးက သောက်ရေသောက်ပြီး လူတိုင်းက ရေချမ်းအိုးအလှူရှင်ကို ကျန်းမာပါစေ ချမ်းသာပါစေလို့ နေ့စဉ် မေတ္တာပို့ သာဓုခေါ်ကြတယ်။

မင်းတို့နှစ်ယောက်က ဒီရေချမ်းအိုးက ရေကိုသောက်ပြီး မေတ္တာမပို့ သာဓုမခေါ်ပဲ ရေချမ်းအိုးကို ရိုက်ခွဲပစ်ကြတယ်။ တစ်နေ့ ရေချမ်းအိုး အစိပ်စိပ်အမွှာမွှာကွဲသလို မင်းတို့ဦးခေါင်းလည်း ကွဲကိုကွဲရဦးမယ်။ မှတ် ... ထား ... မှတ်ထား ..."

ကိုရက္ခစိုးက ဟိုးညောင်ပင် ကိုင်းဖျားကြားကနေ အရပ်ပါကြားအောင် အသံကျယ်ကြီးနဲ့ အော်ပြောလိုက်တာ လူသွမ်းနှစ်ယောက်ကလည်း အသံကုန် ပြန်အော်ဟစ်ဆဲရေးပြီး ဒေါသတကြီးနဲ့ ထွက်သွားကြတယ်။





ကြည့်စမ်းပါဗျာ ...။

ထူးဆန်းလိုက်တဲ့ အံ့ဖွယ်တိုက်ဆိုင်မှုရယ်။

နောက်တစ်နေ့ ... အဲဒီ မှုးနှစ်ကောင်နာမည်က ရဲတင်းနဲ့ သံချောင်းတဲ့။ သူတို့ အရက်ဆိုင်တစ်ဆိုင်မှာ အရက်အတူသောက်ကြသတဲ့။ နောက်ပိုင်း သိရချက်က အရက်သုံးလုံး သောက်ကြဆိုပဲ။

သောက်ပြီး အရက်ဆိုင်ထဲက အသောက်သမားများကို ရန်လုပ်စိန်ခေါ်နေလို့ အရက်ဆိုင်ပိုင်ရှင်က တောင်းတောင်းပန်ပန်နဲ့ ချော့မော့ပြီး ပြန်ဖို့ ပြောရတယ်။

အဲဒါ ဆိုင်ရှင်ကို အနိုင်ကျင့်သလိုလုပ်ပြီး အရက်တစ်လုံး အကြွေးပေးလိုက်လို့ လုပ်ပြန်ရော။ အရက်ဆိုင်ပိုင် ဦးဘဲဥက စကားနည်းရန်စဲစေချင်လို့ အရက်တစ်လုံး ပေးလိုက်တယ်။

ရဲဘင်းနဲ့ သံချောင်းက ဆိုင်ထဲက သောက်နေသူတွေကို စိန်ခေါ်ဆဲရေးပြီး ဆိုင်ကယ်ကို မနိုင်မနင်းစီးလို့ ထွက်သွားကြတယ်။

ငါးမိနစ်ပဲ ကြာပါလိမ့်မယ်ဗျား။ သတင်းဆိုးက မြို့ထဲမှာကျော်သွားရော။

ရဲတင်းနဲ့သံချောင်း စီးနင်းလိုက်ပါလာတဲ့ ဆိုင်ကယ် ကတ္တရာလမ်းပေါ်မှာ ခဲလုံးတစ်လုံးနင်းမိလို့ စလစ်ဖြစ်ပြီး လျှောတိုက်မှောက်သွားတာ။

ဆိုင်ကယ်လည်း မီးလောင်ပျက်စီး၊ ဆိုင်ကယ်ဦးထုပ်မပါပဲ ဆိုင်ကယ်ကို မူးမူးနဲ့စီးသွားတဲ့ သူတို့နှစ်ဦးလည်း ဦးခေါင်းနဲ့ ကတ္တရာလမ်းဟာ နှစ်ပါးဂဟေဆက်လို့ နောက်စိကွဲ သေရုံတမည် ဦးခေါင်းနှစ်လုံး ပေါက်ပြဲစုတ်ပြတ်ပြီး ဆေးရုံကို ရောက်သွားခဲ့ကြတယ်။

ဆေးရုံမှာ တစ်လလောက် အတွင်းလူနာအဖြစ် ဆေးကုခံရ



www.burmeseclassic.com

www.burmeseclassic.com



ပြီး လူသွမ်းငမူးရဲတင်းက ဦးနှောက်မှုမမှန်ချင်သလို ဘဝကို နေ့ချင်း ညချင်း ရောက်သွားခဲ့လေရဲ့။

ကြာတော့ . . . အရပ်က ဘယ်လိုပြောလဲ သိလား။

"သစ်ပင်ပေါ်မှာနေတဲ့ ကိုရက္ခစိုး ပြောရင် ပြောသလို ဖြစ်တတ်တယ်နော်။ သူ့ကို စိတ်ဆိုးအောင် သွားမလုပ်ကြနဲ့"

"အရှုးစကား သုံးခွက်တစ်ခွက်တင်ပါအေ"

"သုံးခွက်တစ်ခွက်တင် မလုပ်နဲ့။ လပွတ္တာတို့တုန်းက တစ်ကြိမ်၊ ရဲတင်းနဲ့သံချောင်းတစ်ကြိမ် နှစ်ကြိမ်ရှိပြီ။ ကြည့်ရတာ ကိုရက္ခစိုးရဲ့ ပါးစပ်က စီးနေသလိုပဲ"

"သရဲတစ္ဆေများ စီးနေရော့လား မသိဘူးနော်"

"ငါ့အထင်တော့ သစ်ပင်ပေါ်မှာနေလို့ ရက္ခစိုး မှော်အောင်သလိုဖြစ်ပြီး ပြောတိုင်းဆိုတိုင်း ဖြစ်ရော့လား မသိဘူး"

"ဟဲ့ . . . မိပုတင်ရဲ့ နတ်ရက္ခစိုးရှိတတ်တဲ့ ညောင်ပင်ပေါ်လူရက္ခစိုးက တက်နေလို့ ရမလားဟဲ့။ အဲဒီလိုနေရင် နတ်ရက္ခစိုးက ငြိမ်ခံနေမှာလားလို့ အေ . . ."

"အိုတော် . . . လူမင်းဘုန်းကြီးရင် နတ်မင်းနေသာလို့လားတော့ . . .။ အနော်ရထာမင်းတို့၊ အလောင်းစည်သူမင်းတို့များ ကြိမ်စကြာနဲ့ရိုက်ရင် နတ်၊ နဂါးတောင် နေလို့မရဘူး။ ချက်ချင်း အခစားရောက်ရဆိုမဟုတ်လား မသိန်းခင်ရဲ့"

"ဟဲ့ . . . အနော်ရထာတို့၊ အလောင်းစည်သူတို့က မင်းကျင့်တရားဆယ်ပါးနဲ့ ညီညွတ်တဲ့ သာသနာပြု မင်းကောင်းမင်းမြတ်ဟဲ့။ သူ့နောက်ပေါ်တဲ့မင်းတွေ တီကောင်တောင် ခေါ်လို့ရလို့လား။ နင့်လင် သစ်ပင်ပေါ်တက်အိပ် သီချင်းဆိုနေတဲ့ လူရက္ခစိုးက အရူး . . . အရူး"





"အိုတော် . . . အရှုးပေမင့် ဘုရားစာရွတ်တာ၊ ပရိတ်ကြီး (၁၁)သုတ်ရွတ်တာများရှင် မသိန်းခင်တို့ ဘကြီးဘုန်းကြီး ဦးဝိမလထက် အသံကောင်းသေး၊ ဌာန်ကောင်းသေးပါတော်"

"ဟင်း . . . မိန်းမကိုက . . . သူ့လင်ထိရင် နာတယ်။ နင်ပါ သစ်ပင်ပေါ်တက်ပြီး အရူးနဲ့ လင်မယားလုပ်နေပါလား"

"သူက လက်ခံပါစေတော် . . . အဟိ . . ."

" . . . မ . . . တော်တော့ကို ကျလိကျလိဖြစ်နေ။ ပုခက်ကြိုးပြတ်ကျပြီး အမြှာပူး မသာပေါ်မယ်။ ဟွန်း . . ."

"အဟိ . . . မသိန်းခင်ကလည်း ရက်ရက်စက်စက်ကြီး"

"မသိန်းခင်"

"ဘာတုံး . . ."

"မိသပြေတို့လင်မယား ကျမသေပဲ အပေါ်မှာ နှစ်ပါးသွားမြိုင်,ထ မိုးအလင်းက,နေရင် တော် ဘယ့်နှယ်လုပ်မလဲ"

"အဲဒီကျတော့လည်း မီးမကောင်ဆေး အထုပ်ငါးဆယ်တစ်ရာဝယ်ပြီး အနှီးတို့၊ စမုန်နက်တို့နဲ့ အပင်အောက်ကစောင့်ပြီး ပုခက်လွှဲချေင်း ဆိုကြတာပေါ့ . . . မိထွေးရယ်၊ ဟင်း . . ."

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ဟီး . . . ဟီး . . . ဟီး . . . ဟီး . . ."

"အဟစ် . . . အဟစ် . . . အဟစ် . . . ခစ် . . ."

"အမြှာပူးချည်းပဲ မွေးမှာတော့"

" . . . . . . . ."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၈ ]

❑

အချို့က ပြောကြတယ်။ အရှူး ရေမချိုးဘူးတဲ့။ ဟုတ်ပေါင်ဗျာ။ ကြည့်လေ ... ကျွန်တော့်လူ ကိုရက္ခစိုးက နေ့စဉ် ရေချိုးပါ့ဗျာ။ မနက်စောစောကျရင် ဘုန်းကြီးကျောင်းက ရေတွင်းမှာ ရေသွားချိုးတာ။ ရေချိုးပြီးရင် သနပ်ခါးခဲနဲ့ ရေ လက်ဝါးထဲထည့်ပွတ်ပြီး မျက်နှာကို ဘဲကြားလူးထားတာ။

မသိရင် တရွှေရုပ်ပေါက်လို့။

အံမယ် ... သူ့သျှောင်ရှည်ဆံပင်ကို အုန်းဆီဘည့်ပြီး ဖြီးထားတာများ ကြော့နေသန့်နေတာပဲ။

သွားလေရာ သူ့လွယ်အိတ် ဖောင်းဖောင်းကြီးကို လက်က မချဘူး။ အချို့က သူလွယ်အိတ်ကြီးလွယ်ပြီး လျှောက်သွားရင် ဝိုင်းမေးကြ၊ လှမ်းမေးကြတယ်။



BURMESE CLASSIC .com



"ဗျို့ ... ရက္ခစိုး"

"မင်းသားကြီးရဲ့"

"ဘာတုံး ... ဘာတုံး ... ညီဘွားတို့ ... ရဲ့ ... အဟဲ"

"လွယ်အိတ်ကြီးက ဖောင်းနေတာပဲ။ ဘာတွေပါလို့တုံး မင်းသားကြီးရ"

"ရွှေတုံးတွေလေ ... အဟေ ... ဟေ ..."

"ရွှေတုံးတွေ ... ဘာလုပ်ဖို့တုံး"

"အရိမေတ္တေယျ ဘုရားပွင့်ရင် ရွှေကျောင်းကြီးဆောက်မလို့ပေါ့ဗျာ။ အဟာ ... ဟာ ... ဟ ..."

"ခုရော ခင်ဗျား ဘယ်တိုက်မှာ နေတုံးခင်ဗျ"

"ခုလား ..."

"အေးပေါ့"

"ကျုပ်လား"

"ဒါပေါ့ ... ခင်ဗျားပေါ့"

"နေတာလား"

"အေး ... အေး ... ဟုတ်တယ်၊ ဘယ်တိုက်မှာ နေတုံး"

"ဒီနေ့ပေါ့နော်"

"ဟုတ်တယ် ... ရက္ခစိုးရေ ... မင်းကိုမေးရတာ ကြာရင် ငါတို့ အမောဆို့ပြီး သေရတော့မယ် ရက္ခစိုးရဲ့"

"ကျုပ်လေ"

"အေး ..."

"အခုနေတာက ..."

"အေး ... ဘယ်တိုက်တုံးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဝိတိုရိယဘုရင်မကြီးရဲ့ အမေ့လင်အိမ်မှာဗျ။ အဟ ..."

"ဟား ... ဟား ... ဟား ... ဟီး ... ဟီး ... ဟီး .."

သူ့ဖြေကြားချက်ကြားရာ ဝိုင်းမေးစကြသည့် ဆိုက်ကားသမားတွေ ကိုယ့်နဖူးကိုယ် ရိုက်ပြီး 'ငါသေချင်လိုက်ပါဘိ' ရှေးသီချင်းကို အော်ဆိုလို့ အရူး ကိုရက္ခစိုးကို ဆလံသကြလေရဲ့။

တစ်နေ့ပေါ့ဗျာ ...

အရူးကိုရက္ခစိုး အပြင်ကိုသွားနေတုန်းမှာ ကျွဲကျောင်းသား၊ နွားကျောင်းသားအချို့က ကိုရက္ခစိုးအိပ်တဲ့ ညောင်ပင်ကြီးပေါ်တက်ပြီး စောင်ပုခက်ထဲကို ကျွဲချေးပျော့ပျော့တွေ ထည့်ခဲ့ကြတယ်။

ကိုရက္ခစိုးပြန်ရောက်ပြီး သူ့ဘုံဗိမ္ဗာန် သစ်ပင်အိပ်စင်ပေါ် ရောက်ရော ပုခက်ထဲမှာ ကျွဲချေးပျော့ပျော့တွေ မြင်တော့ သစ်ပင်ပေါ်ကနေ အော်ပြီး ပွဲကြမ်းရောလားဗျာ။

"ဟေ့ ... ဘယ်လူလွန်မသား၊ အမျိုးယုတ်သား၊ အမျိုးမစစ်သား၊ ကိုယ့်ဆွေကိုယ့်မျိုးတွေ။ ငါ့အိပ်စင်ကို ဖျက်လို့ဖျက်ဆီးလုပ်တာလဲကွ ...ဟေ။ မင်းတို့ ဒီလိုလုပ်ရအောင် ငါက မင်းတို့ကို နှေ့စ်ဆဲရေးတိုင်းထွာနေလို့လား။

မင်းတို့နမ ...မင်းတို့အဒေါ်ကို လိုက်စာပေး ရည်စားစကားပြောနေလို့လား။ ငါ ဘယ်သူ့ကို ဒုက္ခပေးလို့လဲ ... ပြော။ မင်းတို့လုပ်စာလည်း ငါမစားဘူး၊ ဘယ်သူ့ပိုဆွမ်းမှလည်း ငါမစားဘူး၊ ဘယ်သူ့အိမ်က အပ်တိုတစ်ချောင်းမှလည်း ငါမခိုးဘူး။ ကံငါးပါးလုံခြုံအောင်နေတဲ့ကောင်ကွ။

ငါ့အိမ်ယာကို ဖျက်လို့ဖျက်ဆီးလုပ်တဲ့ ကောင်တွေ ... မင်းတို့အိမ်ယာ ဖျက်လို့ဖျက်ဆီး မဖြစ်ပါစေနဲ့လို့ ငါဆုတောင်းသယော့





မင်းတို့ ကျန်းမာချမ်းသာကြပါစေဗျာ။ သာဓု ... သာဓု ... သာဓု"

အဲဒီစကားကို ဟိုညောင်ပင်ခွကြားမှာ ခြေကားရားရပ်ပြီး တစ်နာရီကြာနီးပါးခန့် ဒေါပွလို့ပြောနေတာ။ အပ်ကြောင်းထပ်အောင်ကို ထပ်ခါတလဲလဲ ပြောနေတာ။

"ဘယ်သူသွားလုပ်တာလဲကွဟေ"

"မသိဘူးဗျ"

"ဟေ့ ... စံကတုံး၊ မင်းသိလား"

"မည်းတူနဲ့ ငစိန်ကြီးတို့ ကျွဲကျောင်းသားတွေလို့ ကြားတာပဲဦးလေး ကိုမှိုင်းရ"

"ဒီကောင်တွေတော့ကွာ။ ဒုက္ခရောက်မယ်နဲ့ တူရဲ့။ ဟူး .."

"သွားမနှောင့်ယှက်ကြနဲ့ ... ညီလေးတို့။ ကိုယ့်ဘာသာကိုယ်နေကြ"

"ဟုတ်တယ်ဗျာ ... ကိုရက္ခစိုးကြီးက ပါးစပ်က ပြောရင်ပြောသလိုဖြစ်တာ များတယ်"

"သေကုန်ရင် ဒုက္ခဗျ"

ညောင်ပင်ပေါ်က ကိုရက္ခစိုးလည်း ပါးစပ်က အမြုပ်ထွက်ရော အပြောရပ်သွားတယ်။ ပြီး ...သူ့ရဲ့ စောင်ပုခက်ကို ဖြုတ်လို့ဆင်းလာတယ်။

သည့်နောက် ...ဘုန်းကြီးကျောင်းမှာ သူ့စောင်ကို ရေနဲ့ဆေးကြော လျှော်ဖွတ်ပြီး ညောင်ပင်ပေါ်ပြန်တက်လို့ သစ်ကိုင်းပေါ်မှာ လှမ်းနေလိုက်ရဲ့။ ကိုင်းဗျာ ...ပြောနေတာကမှ ကြာသလိုရှိသေးရဲ့ ပြဿနာ ပေါ်ပါရောဗျို့။

ညနေစောင်းမှာပေါ့ဗျာ ... 'မီး ... မီး' ... 'မီးလောင်လို့'



www.burmeseclassic.com

www.burmeseclassic.com



အော်သံကြားလို့ အရပ်က ရေပုံးရေချိတ်များနဲ့ ပြေးသွားရော အိမ်တင် အိမ် မီးလောင်ပါလေရော။

အဲဒါ အရပ်က လူအင်အားကောင်းပြီး ညီညွတ်လို့ မီးကို အမြန် ငြိမ်းသတ်နိုင်လိုက်ကြလေရဲ့။ လူငယ်အင်အားများ နည်းရင် လား တစ်ရပ်ကွက်လုံး ပြာကျမလားမသိဘူး။

ကျွန်တော်ကလည်း စပ်စပ်စုစုသမားဆိုတော့ မေးရရော။

"ကိုသောင်းညွန့် ... ဘယ်သူ့အိမ်တုံးဗျ"

"နွားမွေး၊ ကျွဲမွေးတဲ့ အိမ်တဲ့ကွ။ ညနေစာချက်ရင်း မီးပေါက် စင်ရာက လောင်တာတဲ့"

"နွားမွေးတဲ့အိမ်"

"ဟုတ်တယ်"

နောက်ဆုံး လမ်းထဲက မီးသတ်ပြန်လာသူအချို့ကို မေးကြည့် ရော အဖြေက ပေါ်ရော။

"ဘယ်အိမ်တုံးဗျာ"

"နွားကျောင်းသား မည်းတူနဲ့ စိန်ကတုံးတို့ညီအစ်ကို အိမ် လေဗျာ"

"ဟော ..."

"ခွေးမသားလေးနှစ်ကောင် မနက်တုန်းက ဟိုအရူး ကိုရက္ခ စိုးရဲ့ ပုခက်ထဲကို ကျွဲချေးတွေသွားထည့်တာကို ပြန်ပြီး ဒဏ်သင့်တာ ပေါ့။ ဖွီး ... ဒါကြောင့် ပြောပါတယ်ဗျာ။ အရူး ကိုရက္ခစိုးကို စော်စော် ကားကားသွားမလုပ်နဲ့။ ဒီလူထူးက ဘာကောင်မှန်းသိတာ မဟုတ်ဘူး"

"မွေးရာပါ စုန်းများလားဗျာ"

"မပြောတတ်ဘူး"





"ပညာသည်များလား မသိဘူးနော်"

"သူ့ဟာသူ ပျော်သလိုနေတဲ့ သူပါဗျာ"

အဲဒါ ကိုယ်တိုင်ကြုံရတဲ့ အဖြစ်အပျက်ပဲ။ နောက်ပိုင်း ကိုရက္ခ စိုးကို စိတ်ဆိုးအောင် ဘယ်သူမှ မလုပ်ရဲကြဘူး။

တစ်ရက်တုန်းက အဖြစ်အပျက်က ပိုပြီး ထူးဆန်းသေးဗျာ။

ရေချမ်းကုသိုလ်ရှင် ဦးမွန်နားတို့ လင်မယားရယ် ...ဝတ် စားကောင်းလှများဝတ်ပြီး မနက်တိုင်း အိမ်ကနေထွက်ကြတာ။

ဦးမွန်နားက ပိုးသား ရှပ်အင်္ကျီအဖြူနဲ့ ပုဆိုးအကွက်တုံးနဲ့ ဘိုကေကို ပြောင်လက်နေအောင်ဖြီးပြီး သန့်လို့။

သူ့မိန်းမ 'မကာနူး'ကလည်း ရွှေရောင်ဖိတ်ဖိတ်လက် ဆာရီ ကို ကိုယ်မှာသိုင်းပြီး ရွှေလက်ကောက် တဝင်းဝင်းနဲ့ ငွေရောင်ခွာမြင့် ဖိနပ်နဲ့ ရေမွှေးရနံ့ တကြိုင်ကြိုင်နဲ့ ထွက်လာတာ။ အိမ်နီးနားချင်းများ က လှမ်းအော်မေးကြတယ်။

"ဗျို့ ... ကိုမွန်နားနဲ့မကာနူး ဘယ်တုံးဗျ။ သားနားလှချည် လား"

"ရုပ်ရှင်ရိုက်သွားမလို့လားဟေ့"

"မဟုတ်ဘူးဗျို့၊ ရန်ကုန်သွားမလို့။ ( ... ) ရုံမှာ ကုလား ကားအသစ်တင်လို့ မကာနူးက ကြည့်ချင်တယ်ဆိုလို့ သွားမလို့ဗျို့။

"မင်းသားက ဘယ်သူတုံး မွန်နားပဲလား"

"ဟာ ... ဟုတ်ပါဘူး အစ်ကိုရာ၊ မင်းသားက ဒီလစ်ကူးမား တဲ့ဗျ"

"ပြန်လာရင်လည်း ဇာတ်လမ်းလေး ဖောက်သည်ချဦးဟေ့"

"လိုက်ခဲ့လေ ... ကိုရွှေပန်း"



www.burmeseclassic.com

www.burmeseclassic.com



"သွားပါကွာ။ မိန်းမကြောက်လို့ မလိုက်ပါရစေနဲ့"

"ဟား ... ဟား ... ဟား ... ဟား ... အစ်မပါ ခေါ်ခဲ့ပါ ဗျ။ လာပါ"

"ဂိုးပါငါ့လူရာ ... ညကျမှပဲ ငါ့မိန်းမကို ..."

ဒီမှာ ကိုရွှေပန်းမိန်းမ မဆင်ကြီးက ခါးထောက်ရင်း သူ့လင် ကို မေးပါရော။

"ကိုရွှေပန်း ..."

"ဘာတုံး ... အချစ် ... ခစ် ..."

"အချစ်တွေ ခစ်တွေ လုပ်မနေနဲ့။ ရှင်က ညကျရင် ကျုပ်ကို ဘာလုပ်မလို့တုန်း။ ပြောစမ်း ... ပြောလေ ..."

"အဟဲ ... ဟဲ ... မိန်းမကလဲကွာ ... အဟဲ ..."

"ပြောနော် ...။ ရှင် ရီးတီးယားတား မလုပ်နဲ့။ ရှင်ဟာ ဆိတ်ပါးစပ် သန်းမြတို့၊ မောင်စိန်လှိုင် (ဥဿာ) တို့၊ ထောင်မှူးကြီး သိန်းဝင်းတို့နဲ့ ပေါင်းမိရင် ကျုပ်ကို ပမာမခန့် လုပ်ချင်တယ်။ ပြော ရှင်က ကျုပ်ကို ညကျရင် ဘာလုပ်ချင်တာတုံး"

ဆင်မကြီးလို ဝဝပြဲပြဲ မဆင်မကြီးက သူ့လင်ပိန်တာရိုး ကိုရွှေ ပန်းရဲ့လည်ကုပ်ကို ဝတုတ်တုတ်ညာလက်နဲ့ ကိုင်ဆုပ်ပြီး လှုပ်ခါလို့ မေးလိုက်ရော။

"အဲ ... အဟဲဟဲ ... အဟာတ် ... အချစ်ကလေးကို ... ညကျရင် ... ဟို ... ဟို ... နှင်း ... နှင်းပေးရဦး ... မယ် ... မယ် ... လို့ ... အဟာတ် ..."

"ဟိုလိုလို ဒီလိုလို မပြောနဲ့ သိလား"

"အေးပါ ... ဆင်မကြီးရာ ... အစ်ကိုက ..."





"ကိုင်ပေါက်လိုက်လို့ အရိုးတခြား၊ အသားတခြား ဖြစ်သွား မယ်။ ဟင်း ... နားလည်လား"

"အေးပါ ... မိန်းမရာ။ အား ... လွှတ်ပါဦးကွာ ... အား အား ..."

"ကျုပ်ကျပ်သတိထားနေ"

"ဟုတ် ... ဟုတ်ကဲ့ ..."

"ဗျို့ ... မဆင်မကြီး"

"ဘာတုံး ... ကိုမွန်နား"

"သနားပါတယ်ဗျာ ... ကိုရွှေပန်းခမျာ အရိုးနဲ့အရေပဲ ရှိပါ တယ်။ အဝတ်ဖွတ်သလိုသာ ဖွတ်ပစ်လိုက်"

"အမယ်လေး ... မြတ်စွာဘုရား"

"ဟုတ်တယ် ... ရှင်တို့က ကုလားကားသွားကြည့်။ ဒီနေ့ခင်း ပဲ ကျွန်မ သင်းကို 'ဖွတ်' လိုက်မယ်။ စိတ်ချ"

"မိန်းမရယ် ... မောင့်ကို ညာညာတာတာလေး ..."

"တော် ... ရေသွားဆွဲတော့"

မိန်းမလုပ်သူက ပိတ်ဟောက်လိုက်မှ ကိုရွှေပန်း ကုပ်ချောင်း ချောင်းနဲ့ ရေတွင်းရှိရာကို ထသွားလေရဲ့။

ဒီလိုနဲ့ နို့ကုလား၊ ရေချမ်းအလှူရှင် ကိုမွန်နားတို့ဖနီးမောင်နှံ ညောင်ပင်ကြီးအောက်ကနေ ဖြတ်သွားရော။

"ဗျို့ ... ကိုမွန်နား"

ညောင်ပင်ပေါ်ကနေ ခေါ်သံကြားလို့ မော့ကြည့်လိုက်တော့ စောင်ပုခက်ပေါ်မှာ ခြေတွဲလွဲချ ထိုင်နေတဲ့ ကိုရုက္ခစိုးကို မြင်လိုက်ရ ပါရော။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမွန်နား ... ဘယ်တုံး"

"ရန်ကုန်ကို ရုပ်ရှင်သွားကြည့်မလို့"

"ဒီနေ့ မသွားနဲ့"

"ဗျာ ... ဘာ ..."

"ဒီနေ့ မသွားနဲ့။ အိမ်ကို ပြန်"

"ဘာဖြစ်လို့တုံး ကိုရကွှဲစိုး"

"အိမ်ကိုသာ ပြန်ပါ။ နက်ဖြန်မှသွား"

"အစ်ကို ..."

"ဘာတုံး ကနူး"

"လာပါ ... နောက်ကျနေမယ်။ သွားစို့ ..."

"နက်ဖြန် မအားဘူး ကိုရကွှဲစိုးရေ။ ဒီနေ့ပဲအားလို့ သွားရမှာ။ ကိုင်း ... သွားပြီဗျို့"

ကိုမွန်နားက အပေါ်မော့ အော်ပြောလိုက်ရင်းက သူ့မိန်းမ မကနူးဆွဲခေါ်ရာကို လိုက်ပါသွားခဲ့တယ်။

"ကိုမွန်နား ... ကိုမွန်နား ..."

"ဗျို့ ... ကိုမွန်နား ... ကိုမွန်နား ... မသွားနဲ့ ... မသွားနဲ့"

ကိုရကွှဲစိုးကတော့ ညောင်ပင်ပေါ်ကနေ တစ်ရပ်လုံးကြားအောင် တကြော်ကြော်အော်လို့ ပြောလေရဲ့။ ကိုမွန်နားလည်း မကြားယောင်ပြုပြီး နံနက် (၁၁) နာရီ သဘော်ခေါက်အမီရဖို့ ကားဂိတ်ရှိရာကို ခြေဦးလှည့်လိုက်တော့တယ်။

ကားလမ်းမလည်းရောက်ရော မောင်းလာနေသည့် ဘတ်(စ်)ကားကို လမ်းကနေရပ်ခိုင်းပြီး အတက်။





ဒီမှာပဲ နောက်ကနေ သူ့ကျောကုန်းကို တစ်စုံတစ်ယောက်က တွန်းဆွဲ ဆွဲလိုက်သလိုဖြစ်ပြီး မော်တော်ကားခြေနင်းခုံက ချော်ကျပါလေရော ...။

"အား ..."

"အစ်ကို"

"ဟာ ... ဟာ ..."

မိန်းမရဲ့အော်သံ ကားစပယ်ယာရဲ့ အော်သံနဲ့အတူ ကားရပ်သွားပြီး လဲကျရာက ထူပေးကြလို့ ကြည့်လိုက်တော့ သူ့ခြေသလုံးရိုးဟာ ကားခြေနင်းတန်းနဲ့ ချော်ကျခြစ်ပွတ်ပြီး အရေပြားလန်လို့ သွေးချင်းချင်းရဲနေပါရော။

"ဟာ ... အရေပြားလန်သွားပြီ"

"အစ်ကိုရယ် ... ဘုရား ... ဘုရား ...။ ဟေ့ ... ဆိုက်ကား ... အမြန်လာ၊ အမြန်လာ။ ဆေးခန်းကို လိုက်ပို့"

နောက်ဆုံး သူတို့လင်မယား ဈေးမြောက်ဘက်က ဆေးခန်းကို ရောက်ခဲ့ရပြီး ဆရာဝန်က အရေပြားကို သန့်စင်ဆေးကြော ချုပ်ပေး ပတ်တီးစီးပေး လုပ်ပေးလိုက်တယ်။

"ဘယ်အချိန်ရှိပလဲ ကနူး"

"(၁၂) နာရီခွဲပြီ အစ်ကို"

"ရန်ကုန်သွားချင်သေးလား မိန်းမ ... အား ... အား ..."

"နေပေစေ့ အစ်ကို။ အစ်ကို့ဒဏ်ရာ သက်သာမှ ကျွန်မတို့ သွားကြတာပေါ့။ ပြန်စို့ ... လာ ... လာ ..."

သူတို့လင်မယား ဆိုက်ကားနဲ့ အိမ်ရှိရာ ပြန်လာခဲ့ကြတယ်။ ညောင်ပင်အောက်ရောက်တော့ မသွားနဲ့လို့တားတဲ့ အရူးကိုရကွှဲစိုးကို



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်လိုက်တော့ ညောင်ပင်ပေါ်မှာ ကိုရကွှစိုးမရှိဘူး။

ဒါနဲ့ . . . အိမ်ပြန်နား ဆေးသောက်ပြီး အိပ်ပျော်သွားတယ်။ အိပ်ရာကနိုးရော . . . အလွန့်ကို ကြေကွဲ ဝမ်းနည်းစရာကောင်းသည့် အ,မင်္ဂလာ သတင်းဆိုးကြီးကို ကိုမွန်နားအပါအဝင် တစ်မြို့လုံး ကြားလိုက်ရပြီး မျက်ရည်မိုးဖြိုင်ဖြိုင် ရွာခဲ့ကြပါရောဗျာ။

အဲဒါ . . . ဘာလဲ သိလား။

သန်လျင် သီတာသင်္ဘောဆိပ်ကနေ (၁၁)နာရီခေါက် ထွက်သွားသည့် 'တိုင်းလုံးကျော်' အမည်ရှိ ခရီးသည်တင် နှစ်ထပ်သင်္ဘောကြီး ပဲခူးမြစ်သုံးဆိုင် ရန်ကုန်မြစ်ကွေ့ မရောက်ခင်မှာ ဝမ်းဗိုက်ပေါက် နစ်မြုပ်သွားသည့် သတင်းဆိုးပဲပေါ့ဗျာ။

*[မှတ်ချက် ။ ။ အမှန်တကယ်ပင် တိုင်းလုံးကျော်သင်္ဘော နစ်မြုပ်၍ လူရာနှင့်ချီ အသက်ဆုံးရှုံးခဲ့သည်။]*

တစ်မြို့လုံး ရင်ထုငိုပွဲတွေနဲ့ ညောင်သုံးပင်သချိုင်းမှာ မစည်ကားသင့်ပဲ စည်ကားနေရဲ့။

ရပ်ကွက်တိုင်း အလောင်းပြင်ထားသည့် အသုဘမင်္ဂလာ မြင်ကွင်းချည်းပဲ။ အဲဒီမှာ ကျွန်တော့်ရဲ့သူငယ်ချင်း သန်လျင် အ. ထ. က (၁)က ဆရာမ မမြဟန်လည်း ပါသွားတယ်။

စာရေးဆရာထဲက ကျော်မင်းထွေးလည်း ပါသွားတယ်။ ကျော်မင်းထွေးရဲ့အလောင်းတော့ လုံးဝ ပြန်မရဘူး။

ဒီမှာ ရင်ထိတ်ပြီး ဝမ်းသာရတာက ကိုမွန်နားတို့ လင်မယားပဲ။

"အစ်ကိုမွန်နား"

"ပြော . . . ကနူး"





"ကျွန်မတို့လင်မယား ကံသီလို့ လွတ်တာအစ်ကို"

"ဟုတ်ပ . . . ကနူးရာ။ ခုမှ ငါသတိရတယ်ကနူး။ ဟိုသစ်ပင်ပေါ်ကလူလေ . . ."

"ကိုရကွှစိုး မဟုတ်လား"

"သိပ်ဟုတ်ပေါ့ မိန်းမရာ။ သူက တို့နှစ်ယောက်ကို ဒီနေ့ မသွားနဲ့။ နက်ဖြန်မှသွားလို့ ထူးထူးခြားခြား ပြောလိုက်တာ မှတ်မိလား . . . ဟင် . . ."

"မှတ်မိတယ် အစ်ကို။ ခုစဉ်းစားတော့ ဒါ အလွန့်ကို ထူးခြားဆန်းကြယ်တဲ့ စကားနဲ့ ဖြစ်ရပ်ပဲ"

"အစ်ကိုလည်း သူ ဒီလိုဟန့်တားပြောဆိုတော့ စိတ်ထဲမှာ ထင့်သလိုရှိသား ကနူးရ။ သို့သော်လည်း မင်းကလည်း သွားချင်စိတ်ပြင်းပြနေတော့ အမှုမထား၊ သတိမပြုပဲ ထွက်လာခဲ့လိုက်တာ။ နောက်ဆုံး ကားပေါ်ကပြုတ်ကျပြီး ခြေထောက်အရေးပြား လန်သွားတာကလည်း ငါတို့ဘဝ ရေအောက်မှာ မသေစေချင်တဲ့ အဟန့်အတားတစ်ခုပဲ။

ခု . . . ကြည့်စမ်း။ မတော်လို့များ (၁၁)နာရီ သင်္ဘောခေါက်နဲ့ ငါတို့ လိုက်သွားခဲ့ရင်လည်း ခုဆို ရေအောက်မရဏသချိုင်းမှာ ငါတို့ အစိမ်းသေဘဝနဲ့ ရေစောင့်မြစ်စောင့်ဘဝကို ရောက်နေပြီကွ။ ဟူး . . ကိုရကွှစိုး . . . ကိုရကွှစိုး . . . ဒီလူ ဘယ်လိုအာရုံထူးများရလို့ ကြိုတားနိုင်တာလည်း မသိဘူး"

"အစ်ကိုမွန်နား"

"ပြော . . . ကနူး"

"ဘာပဲပြောပြော . . . ကိုရကွှစိုးက ကျွန်မတို့အသက်ကို ကြို



www.burmeseclassic.com

www.burmeseclassic.com



တင် နိမိတ်ပြကယ်လိုက်လို့ ကျွန်မတို့ လူ့လောကမှာ နေခွင့်ရတာပဲ''

''ဟုတ်တယ်''

''ဒီတော့ ကျွန်မတို့ရဲ့ အသက်သခင် ကျေးဇူးရှင် ကိုရက္ခစိုးကို အစ်ကိုရော ကျွန်မရော အစွမ်းကုန် ကြည့်ရှုစောင့်ရှောက်ကြစို့ အစ်ကို''

အဲဒီနေ့ကစပြီး ကိုရက္ခစိုးကို ဘယ်သူတွေ မလေးစားချင်နေ သူတို့လင်မယားက ညီလို အစ်ကိုလို သဘောထားပြီး စားရေးသောက်ရေးကိစ္စကို ကူညီကြတယ်။

ကိုမွန်းနားနဲ့ မကာနူးတို့ လင်မယားရဲ့ နှုတ်ဓါးစောင်မ,ခြင်း၊ လက်ဓါးစောင်မ,ခြင်းကြောင့် ကိုရက္ခစိုးရဲ့ သတင်းကလည်း ပိုပြီး ပြောစမှတ်ပြုဘဝကို ရောက်သွားခဲ့တယ်။

ကိုရက္ခစိုးကတော့ နေ့စဉ် ညတိုင်း ဟိုသစ်ပင် ပုခက်ပေါ်က နေ ဘုရားရှိခိုး မပျက်ခဲ့ဘူး။ ဂုဏ်တော်မန္တာန် အရွတ်အဆို မပျက်ခဲ့ဘူး။

ဒါနဲ့အတူ ကိုမွန်နားတို့လင်မယားကလည်း ညောင်ပင်ကြီးရဲ့ အရိပ်ဝန်းကျင်အောက်မှာ ရေချမ်းအိုးများ တိုးပြီးတည်သလို ခရီးသွားများ နားနားနေနေ အပန်းဖြေနေနိုင်အောင် သစ်သားခုံတန်းလေးတွေပါ လုပ်ပေးခဲ့တယ်။

အများကလည်း ပြောကြတယ်လေ၊ ဒါ ရေချမ်းအိုး လှူဒါန်းကုသိုလ်ပြုရသည့် အကျိုးဒါနကြောင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက နေ့စဉ်ညစဉ် စောင့်ရှောက်ကြတာလို့ ဂုဏ်ပြုချီးမွမ်း သာဓုခေါ်ကြသကိုး။

✿ ✿ ✿

[ ၉ ]

❑

ဒီနေရာမှာ အရူးကိုရက္ခစိုးနဲ့ ခေတ်ပြိုင် စိတ်မနံ့သူ အရူးမ မဆောင်အကြောင်းကို ပူးတွဲပြီး ပြောရမှာပဲ။

အရူးမ မဆောင် ဒီမြို့လေးကို ရောက်လာတာ သိပ်မကြာသေးဘူးဗျ။ ရှိလှရင် (၁၅)ရက်လောက်ပဲ ရှိလိမ့်မယ်။

ကိုရက္ခစိုးရောက်နေတာတော့ ကြာပြီဆိုပဲ။

မဆောင်ကလည်း စိတ်မမှန်သလို ဖြစ်နေပေမဲ့ ချောတယ်နော်။ ကြည့်ရတာ အရင်တုန်းက ကိုယ်လုံးကိုယ်ပေါက် ပြည့်ပြည့်ဖြိုးဖြိုးရှိမည့် သဏ္ဍာန်ပဲ။

ခုတော့ ပစ္စလက္ခတ်နေထိုင်လို့ ထင်ရရဲ့ ပိန်ပိန်ပါးပါး နေလောင်အသားအရေနဲ့ အာဟာရချို့ငဲ့ပြီး နွမ်းလျလို့။ ဒါပေမဲ့ ဆံပင်အုံကြီးက ကောင်းမှကောင်းဗျာ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လမ်းမမှာ ဆံပင်ကို ဖားလျားချပြီး အငြိမ့်မင်းသမီးလို က,နေရင်လား သူမရဲ့ နက်မှောင်ရှည်လျားတဲ့ ဆံပင်ရှည်တွေဟာ လေထဲမှာ လူးလွန့်ယိမ်းနွဲ့ဝေ့ဝဲနေတာဟာ ...

လေထဲမှာ ဆံပင်လှိုင်းစီး လွှားလာနေသလိုပဲ။

အဲဒီ ဆံပင်ရှည်ဒူးရောက်နဲ့ မင်းသမီးလို က,တတ်လွန်းလို့ မြို့ထဲမှာ မဆောင်က,တာမြင်ရင် လူတွေ ဝိုင်းအုံကြည့်ကြပါရောလား။

ဒါကြောင့် အရူးမပေမဲ့ သူမကို လူချစ်လူခင်များတယ်။ မတော်တရော်မလုပ်ကြဘူး။ မဆောင်ကလည်း နေ့နေ့ညည သူမရဲ့အနီးကို ယောက်ျားသားများ ချဉ်းကပ်လာရင် ...

"လာကြပါဦးတော့ ... ကျွန်မကို ဗလက္ကာယလုပ်နေလို့"

ဆိုပြီး ခုနစ်သံချီနဲ့ ကြုံးအော်ရော။ အဲဒါကြောင့် ဘယ်ယောက်ျားသားမှ သူမရဲ့အနီးကို မကပ်ရဲဘူး။

မထိတထိ မလုပ်ရဲကြဘူး။ အိပ်နေပေမဲ့ နားကပါးတယ်။ ချွတ်ခနဲအသံကြားရင် နိုးနေပြီ။ နိုးတာနဲ့ ကြုံးအော်ရော။

မဆောင်က ဈေးမြောက်ဘက် ကားဂိတ်ဇရပ်မှာ အိပ်တယ်။ သဲပုံစေတီဘုရားဝင်းထဲမှာ အိပ်ချင်အိပ်တယ်။ ဒါမှမဟုတ် ဗိုလ်ချုပ်ကျေးရွာအဝင်ဝက ဦးသီလဇရပ်မှာ အိပ်ချင်လည်း အိပ်တယ်။

တစ်ခါတုန်းက တရုတ်ကပြား ထွန်းတင်နဲ့ ထန်းရည်ဆိုင်ပိုင်ရှင်သား မောင်ဟန်ဆိုသူနှစ်ဦး အရက်ထွေထွေနဲ့ မဆောင် ပိုးလိုးပက်လက်အိပ်နေတုန်း သွားစမ်းတာ။ ဗြုန်းဆိုကောက်ထပြီး သင်းတို့ကို နပန်းလုံး၊ ပါးနားရိုက်ပြီး အော်လိုက်တာများ ...

ရဲပတ္တာရောင်လိုက်လို့ ပြေးရပါရောလား။

သင်းတို့အပြေးကောင်းလို့ အပြေးအပုန်းအရှောင် မကောင်း





ရင် ပုဒ်မ ( ၃,၁၀၀ ) နဲ့ အချုပ်ထဲ တန်းရော။

နောက်နေ့ရောက်တော့ မောင်ဟန်က ညာဘက်ပါးရောင်ကိုင်းပြီး တရုတ်ကပြား ထွန်းတင်က အုတ်ပိုင်းကျိုးစာမိလို့ နားသယ်စပ်မှာ လိမ္မော်သီးလောက် အဖုကြီးသီး သွေးစို့နေရှာတယ်။

ဘာဖြစ်လို့လဲလို့ အပေါင်းအသင်းတွေက ဝိုင်းမေးတော့ သူနဲ့မောင်ဟန်မူးပြီး ရန်ဖြစ် နပန်းသတ်ကြလို့ ဒဏ်ရာရတာလို့ ညာပြောကြတယ်။

နောက်နေ့တွေ အရူးမ မဆောင်က သူတို့နှစ်ဦးကိုတွေ့ရင် တွေ့သည့်နေရာကနေ ခါးထောက် လက်ညှိုးငေါက်ငေါက်ထိုးပြီး ...

"နှာဘူးတွေ ... နှာဘူးတွေ ..."

လို့ အော်ရော။

ပြီး ပြောသေးတယ်။

'ဝိဇ္ဇာမိုရ် ... ဝိဇ္ဇာမိုရ်လို့' ပြောသေးတယ်။

'ဝိဇ္ဇာမိုရ်' ဆိုတဲ့ အဓိပ္ပာယ်ကို အားလုံး နားမလည်ကြပေမဲ့ နှာဘူးတွေဆိုတဲ့ စကားအဓိပ္ပာယ်ကို ရိပ်စားမိလို့ အချို့က မင်းတို့ဒီအရူးမလေးကို ဘာသွားလုပ်ဖူးလဲလို့ မေးရင် ...

"သူ့လင်နဲ့ ရုပ်ချင်းဆင်လို့ ပြောတာနေမှာပါဗျာ'

လို့ ပြောပြီး မဆောင်တွေ့ရင် လစ်ပြေးရော။

လူကြီးမင်းတို့ မဆောင်ကို စိတ်မနှံ့သူရယ်လို့ အထင်တော့ မသေးလိုက်ပါနဲ့ ခင်ဗျာ။ ပါးစပ်မှာသော်လည်းကောင်း၊ လက်ကြားမှာသော်လည်းကောင်း ဒူးယားစီးကရက်က ခဲလျက် ဖွာလျက် ကိုင်လျက် ခင်ဗျ။

စီးကရက်သောက်ပုံ ကိုင်ပုံ စတိုင်ကလည်း ဟိုမှာဘက်ခေတ်

www.burmeseclassic.com



တုန်းက ရုပ်ရှင်လောကမှာ နာမည်ကြီးခဲ့တဲ့ ရုပ်ရှင်မင်းသမီးကြီးများ ဖြစ်သည့် တင်တင်မူနဲ့ ဘေဘီနွဲ့တို့ စတိုင်ခင်ဗျား။

တစ်ခါတစ်ခါ အင်္ဂလိပ်လိုလည်း မှတ်သိုက်သေးတယ်။

ရမ်းတုတ်နေမှာပေါ့လို့ မထင်နဲ့။ တကယ့်ကို အင်္ဂလိပ်ဝေါဟာရ အသံထွက်မှန်အောင်ကို ပြောနိုင်တာနော်။ အင်္ဂလိပ်သီချင်း Under meet the Mango tree ကိုဆိုပြီး ဒန့်(စ်) အကနဲ့ က,တာများ အင်္ဂလိပ် ဘိုမ အတိုင်းပဲ။

အဲဒါပြီးရင် Happy birthday to you. သီချင်းကိုဆိုပြီး ပျော် စရာကောင်းသည့် ခရစ်စမတ်နှစ်ကူးမှာ မင်းဘာလုပ်လဲကို လက်နှစ် ဖက်ဖြန့်ပြီး မေးသလို ဟန်နဲ့ ပြောရင်း လှုပ်ရှားက,နေပုံဟာ အရူးမ နဲ့ မတူဘူးဗျာ။ ရေခဲပြင်ပေါ်မှာ ဘဲလေးကချေသည် ဘဲလေးအက က,နေသည့် အတိုင်းပဲဗျာ။

အဲဒီလို အင်္ဂလိပ်သီချင်းများ သီဆိုပြီး လမ်းနံ့ဘေးသစ်ပင် ရိပ်မှာ က,နေတာကို နိုင်ငံခြားသား ဖနီးမောင်နှံက မြင်တော့ ခေတ်ပုံ တွေ့ရိုက်ပြီး စကားပြောတယ်။

ဒီမှာ မဆောင်က . . .

"Thank you."

ကျေးဇူးတင်တယ်လို့ အင်္ဂလိပ်လို ပြောလိုက်တော့ နိုင်ငံခြား သား ဖနီးမောင်နှံ ပြုံးပြီး အံ့ဩသွားကြတယ်။

"Can you speak English"

အံ့ဩလို့ မင်း အင်္ဂလိပ်စကား ပြောနိုင်သလားလို့ မေးကြ တော့ မဆောင်က . . .

"Yes, I can."

---

စိတ်ကူးသစ်စာပေ



"Please, sing a song."

"Ok, Please listen."

ကျေးဇူးပြုပြီး သီချင်းတစ်ပုဒ် ဆိုပြပါလို့ ပြောလို့ အင်္ဂလိပ် သီချင်းတစ်ပုဒ် ဆိုပြလိုက်ရော နိုင်ငံခြားသားဖနီးမောင်နှံ ဝမ်းသာလို့ လက်ခုပ်တီးကြပါရောဗျာ။

ဒါနဲ့ ဖနီးမောင်နှံနှစ်ယောက် မဆောင်ကို မေးတယ်။

"Are you happy?"

"Yes, I am happy."

"Are you Fine?"

"Yes, I am Fine."

ပျော်လားလို့မေးတယ်။ ပြီး နေကောင်းလားလို့လည်း မေး တယ်။ မဆောင်က ပျော်တယ်၊ နေကောင်းတယ်လို့ ပြောရော သူတို့ ပြုံးပြီး အံ့ဩနေကြလေရဲ့။

"Are you hungry?"

"No."

"Are you thirsty?"

"No."

သည့်နောက် . . . မဆောင်ရဲ့ တစ်ကိုယ်လုံးကို ကြည့်ပြီး အံ့ဩဝမ်းသာရာကနေ စားစရာနဲ့ လက်ဆောင်ပစ္စည်းများ၊ မဂ္ဂဇင်း စာအုပ်များ ပေးခဲ့ကြလေရဲ့ဗျာ။

မဆောင်က ပြန်ပြီး ကျေးဇူးစကား ပြောတယ်။

"I'll be thank full to you."

"Yes ... Yes ... All right"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မဆောင်က ရှင်တို့ကို ကျွန်မ ကျေးဇူးတင်နေမှာပါ လို့ ပြောတော့ သူတို့ကလည်း ဝမ်းသာအားရနဲ့ ကောင်းပါပြီလို့ပြော်ပြီး ခေါင်းပုံရိုက်မလို့ အခွင့်တောင်းကြရော။

"Brother, Aren't I ugly?"

"No. ... No. ... You are very pretty lady."

သူမကို ဓာတ်ပုံရိုက်မလို့ လုပ်တော့ မဆောင်က ကဲပြီး မေးတယ်လေ။ 'ကျွန်မ အရုပ်မဆိုးဘူးလား အစ်ကို' တဲ့ ဟိုကပြောတယ်။ မဟုတ်ပါဘူး ...မင်းဟာ အလွန်လှပတဲ့ မိန်းကလေးပါလို့ ချီးမွမ်းလိုက်ရော မဆောင်ဆိုတာလေ ...

ပစ္စည်းဖွေကို ပွေ့လိုက်ပြီး တဟားဟား ...တခစ်ခစ်နဲ့ အော်ရယ်နေတာ သူမရဲ့ဦးခေါင်း ဆံပင်ထက်က တစ်ခေါင်းလုံး ဝေနေအောင်ပန်ထားသည့် ဆောင်တော်ကူးပန်းများဟာ လှုပ်ခါနေတာပဲ။

အဲဒီလို သဘာဝအတိုင်း ဟာမိုနီဖြစ်နေတဲ့ အပြုံးကိုမှ လူမျိုးခြား ဖနီးမောင်နှံက ဓာတ်ပုံအမိအရရိုက်ပြီး နှုတ်ဆက်လို့ ထွက်သွားကြလေရဲ့။

ဒီတော့မှ ကျွန်တော်တို့ ကိုသောင်းညွှန့်ဦးတို့လူစုနဲ့ အနီးဝန်းကျင်က လူများက မဆောင်ကို အထင်ကြီးသွားရတာဗျ။

"ဟာ ...ဒီအရူးမက ဘိုလို ပြောတတ်သားဟ ...ဟေ"

"ရမ်းကြိတ်နေတာ နေမှာပေါ့"

"ဟုတ်သေးဘူး ကိုကံကြီးရေ ဒီအရူးမလေးပြောတဲ့ အင်္ဂလိပ်စကားဟာ အမှန်အကန်ပဲဗျ"

"ဟုတ်ရဲ့လား ကိုမှိုင်းရ"

"ဟုတ်ပါတယ် ကိုကံကြီးရ"





"ဟ ...ဒါဆို သင်း ပေါ့သေးသေး မဟုတ်ဘူးပေါ့"

"ဒါပေါ့ဗျာ"

"အင်္ဂလိပ်စာတတ် အရူးမ ...မဟုတ်မှလွဲရော ပညာတတ်ထဲကများလားဟင်"

"ဖြစ်နိုင်ခြေရှိတာပေါ့ဗျာ"

"ဒီလို ပညာတတ် မိန်းကလေးက ဘာကြောင့်များ စိတ်မှုမမှန်ပဲ အရူးလို လျှောက်သွားနေရသလဲ မသိဘူးနော်"

"သူ့ဘဝ ကံအကြောင်းနဲ့သူ ရှိမှာပေါ့ဗျ။ အချို့ဆို ဆေးကျောင်းတက်နေရင်း ဦးနှောက်ထိခိုက်သွားလို့ ဆရာဝန်ရူး ရူးပြီး တွေ့ရာလူ ဆေးလိုက်ပေး၊ ဆေးလိုက်ကုလုပ်နေတာ ရှိသေးတယ်ဗျာ။

ကျွန်တော့်မိတ်ဆွေ ကိုဝင်းသိန်းဆိုတာ အဲဒီလို ဆရာဝန်ရူးပေါ့။ ဆေးကျောင်းနောက်ဆုံးနှစ် မတိုင်ခင်မှာ စာအကျက်လွန်ပြီး ဦးနှောက်ပျက်သွားတာ။ အခု နားကျပ်အစုပ်ကြီး လည်ပင်းမှာချိတ်ပြီး ဟိုလူ့ရင်ဘတ် ထောက်စမ်းလိုက်၊ ဒီလူ့ရင်ဘတ် ထောက်စမ်းလိုက်နဲ့ ယဉ်ယဉ်လေး ရူးနေရှာတယ်။

သူ့အဖေရင်ဘတ်ကို အဲဒီ နားကျပ်စုတ်ကြီးနဲ့ ထောက်စမ်းပြီး အဖေ နှလုံးရောဂါဖြစ်နေတယ်။ ဒီဆေး မနက်ငါးလုံး ညငါးလုံးသောက်ဆိုပြီး မုံရွာဆရာမိုး ဝမ်းနှုတ်ဆေးတွေ ကျွေးနေလို့ အဘိုးကြီးခမျာ သူ့သား ဆရာဝန်ရူး ကိုဝင်းသိန်းကိုတွေ့ရင် အပေါ်ထပ်တက် ဘုရားချည်း အော်ရှိခိုးနေရတယ်ဗျာ"

"နှမြောစရာ ကောင်းလိုက်ပါဘိဗျာ နော်"

"ဘဝကုသိုလ်ကံ အကျိုးပေးပေါ့ဗျာ။ ကံဆိုးသက် ဝဋ်ကြွေးသက်ကုန်ရင် ပြန်ကောင်းပြီး မူလလူကောင်းဘဝကို ရောက်ရှိလို့ လူ



www.burmeseclassic.com

www.burmeseclassic.com



နဲ့လူ့ဝန်းကျင်ကို အကောင်းဆုံး အကျိုးပြုနိုင်သူတွေ ဖြစ်ပါစေလို့ ဆုတောင်းမေတ္တာ ပို့ရမှာပဲလေ''

မဆောင်ကတော့ နိုင်ငံခြားသား ဖနီးမောင်နဲ့ပေးသွားတဲ့ အင်္ဂလိပ်သတင်းစာ၊ မဂ္ဂဇင်းများ လက်ဆောင်ရပြီးသည့် နေ့ကစပြီး ပညာပြတော့တာပဲ။

နောက်နေ့ရောက်တိုင်း အုတ်ခုံပေါ်မှာ ထိုင်ပြီး အင်္ဂလိပ်သတင်းစာကြီးကို ဖြန့်လို့ အော်အော်ဖတ်ပါရော။

ခေါင်းမှာလည်း ဆောင်တော်ကူးပန်းက ဖွေးဖွေးလှုပ်၊ မျက်နှာကလည်း ပါးကွက်ကြားက ကြောင်ခြစ်သလို သူမရဲ့ပုံသွင်နဲ့ အင်္ဂလိပ်သတင်းစာကြီး ဖြန့်ဖတ်တာမြင်တော့ ခရီးသွားအချို့က ရယ်ကြလေရဲ့။ မေးငေါ့ပြီး ပြုံးကြလေရဲ့။

အချို့က မတ်တတ်ရပ်ပြီး နောက်ကြ အော်ကြတာလည်းရှိရဲ့။

ကျောင်းဆရာကြီး ဦးစိန်အောင်ကြည်တို့၊ အငြိမ်းစားဝန်ထောက်ကြီး ဦးဥက္ကာတို့နဲ့ တက္ကသိုလ်ကျောင်းသားများကတော့ တစ်ခါတစ်ခါ ရပ်နားထောင်ပြီး ဦးခေါင်းတညိတ်ညိတ်လုပ်လို့ သဘောကျနေကြလေရဲ့။

ကလေးအချို့က အရူးမ မဆောင် အင်္ဂလိပ်သတင်းစာ အော်ဖတ်နေတာကို ဝိုင်းလှောင်ပြောင်ရင်၊ စ,နောက်ရင် ကျောင်းအုပ်ဆရာကြီး ဦးစိန်အောင်ကြည်တို့က ဟန့်ရ တားရတယ်။

ဒီမှာ ထူးခြားတာက မဆောင်ရဲ့ အပြုအမူတစ်ခုပဲဗျ။

ကျွန်တော်တို့ မကြာခဏ မြင်တွေ့ရသည့် အမြင်အရပြောရရင် အရူးမ မဆောင်ဟာ သစ်ပင်ပေါ်မှာ စောင်ပုခက်နှင့်နေသည့်





အရူး ကိုရုက္ခစိုးကို သံယောဇဉ်တွယ်နေပုံရတယ်။

တစ်ခါတုန်းကလည်း အရူးမ မဆောင်က ဖီးကြမ်းငှက်ပျောသီးတစ်ဖီးကို ကိုင်ပြီး ညောင်ပင်အောက်ကနေ အော်ခေါ်နေတာဗျာ။

''အစ်ကိုရေ ... အစ်ကို ... အောက်ကိုဆင်းခဲ့ပါဦး ... အစ်ကိုရဲ့။

အစ်ကို ... အစ်ကို ... ညီမ ခေါ်နေတယ်လေ။ အစ်ကို ဒီမှာ အစ်ကိုကြိုက်တဲ့ ဖီးကြမ်းငှက်ပျော။

အစ်ကို ... ဆင်းခဲ့လေ ...''

ကိုရုက္ခစိုးက သစ်ပင်ပေါ် ပုခက်ထဲကနေ လုံးဝမလှုပ်ဘူး။ အသံမပြုဘူး။ ယောင်လို့တောင် လှည့်မကြည့်ဘူး။

မဆောင်က ညောင်ပင်အောက်ကနေ ဖီးကြမ်းငှက်ပျောသီးတစ်ဖီးကို မြှောက်မြှောက်ပြပြီး တကြော်ကြော် အော်ခေါ်နေတာ၊ အမျိုးမျိုး မေတ္တာရပ်ခံနေရှာတာရယ်။

မြင်ရချက်က ထူးဆန်းနေသလို ...

ကရုဏာသက်စရာကို မဆောင်ရဲ့ မျက်နှာပေါ်မှာတော့ မျှော်လင့်အားကိုး သံယောဇဉ်ပုံရိပ်များက တဖျတ်ဖျတ် တလှုပ်လှုပ်။ မဆောင်ဘယ်လိုခေါ်ခေါ် ပြောပြော မေတ္တာရပ်ရပ် အသနားခံခံ ကိုရုက္ခစိုးက လုံးဝကို အရေးမလုပ်ပေါင်ဗျာ။ ငုံ့တောင် မကြည့်ဘူး။

မဆောင်က ချော့မော့ပြောတယ်။ အသနားခံတယ်။ ဆင်းခဲ့ဖို့ ငှက်ပျောသီးကိုစားဖို့ အကြိမ်များစွာ အာပေါက်မတတ်အောင် ပြောနေသော်လည်း ...

သစ်ပင်ပုခက်ပေါ်က ကိုရုက္ခစိုးက လုံးဝ အရေးမလုပ်မှန်းသိသွားရော ဖီးကြမ်းငှက်ပျောဖီးကို ညောင်ပင်ရဲ့ သစ်ကိုင်းငုတ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



မှာ ချိတ်ခဲ့ပြီး လှည့်ကြည့် မော့ကြည့် လုပ်ရင်း လေးကန်ခြေလှမ်း
များနဲ့ ပြန်သွားလေရဲ့ဗျာ။

သူမပြန်သွားတဲ့ ဟန်ပန်လေးကို ကြည့်ပြီး ကျွန်တော်တို့
ကိုသောင်းညွန့်ဦးတို့ စိတ်မကောင်းကြဘူး။

"မောင်မှိုင်း ..."

"ဘာတုံး ... ကိုသောင်းညွန့်"

"သနားစရာလေးကွ နော်။ ငှက်ပျောဖီးလေးချိတ်ပြီး ပြ
သွားရှာတယ်"

"ဟုတ်တယ်ဗျာ။ ရင်နင့်စရာကောင်းတဲ့ ပြဇာတ်ပြကွက်တစ်
ကို ကြည့်နေရသလိုပဲ။ သူတို့ ဘယ်လိုများ ပတ်သက်နေလည်း မသိ
ဘူး။ မောင်နှမလား၊ ဆွေမျိုးလား၊ သူငယ်ချင်းတွေလား။ ဘယ်လို
မသိဘူးနော်"

"ငါ စဉ်းစား တွေးကြည့်ချက်အရတော့ သူတို့နှစ်ဦးရဲ့ နောက်
ကွယ်မှာ လျှို့ဝှက်ဇာတ်လမ်းများ ရှိနေမလား မသိဘူးကွ"

"ကျွန်တော်လည်း အဲဒါကို စိတ်ဝင်စားနေတာဗျ"

ကျွန်တော်တို့လိုပဲ သူတို့နှစ်ဦး စိတ်ဝင်စားသူ၊ သနားကရုဏာ
ရှိကြသူများကလည်း မဆောင်နဲ့ ကိုရက္ခစိုးတို့ရဲ့ အပြုအမူများကို ကြည့်
ပြီး အမျိုးမျိုး ဝေဖန်လို့ ထင်ကြေးတွေပေးပြီး ဇာတ်ကွက်တစ်ခုကို
ဖော်နေကြတယ်။

✿ ✿ ✿

| ၁၀ |

❑

တစ်နေ့လည်းကျရော သစ်ပင်အောက်က ခုံတစ်ခုံပေါ်မှာ ထိုင်နေသည့် မဆောင်ကို စီးကရက်တစ်ဘူး ဝယ်ပေးပြီး ချော့မော့ရတော့တယ်။

"အစ်မ ... မဆောင်"

"ဘာလဲ ... ဘာလဲ ... ဘာလဲ ... ရီးတီးရားတား မလုပ်နဲ့နော်။ ဒီမှာတွေ့လား"

သူမက ကျွန်တော့်ကို စိတ်မချ၊ မသင်္ကာသလို မျက်လုံးနဲ့ လှည့်ကြည့်ပြီး ခါးကြားက သံချေးတက်နေသည့် ကြက်သွန်လှီးဓားတစ်ချောင်းကို ထုတ်ပြလို့ ပြန်သိမ်းလိုက်လေရဲ့ ခင်ဗျာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရော့ ..."

"ဒါ ... ဘာတုံး"

"အစ်မ မဆောင် သောက်ဖို့ စီးကရက်ပါ"

စီးကရက်လို့ ပြောလိုက်ရော မျက်နှာပေါ်မှာ အပြုံးတစ်ချက် ဝင်းလက်သွားပြီး ဆတ်ခနဲလှမ်းယူလို့ စီးကရက်ဘူးပေါ်က စာတန်းကို ဖတ်လိုက်တယ်။

"ဒူးယားကိုး ... သိုင်း (၁) ယူ"

သူမက အင်္ဂလိပ်လို ကျေးဇူးတင်တယ်လို့ ပြောပြီး စီးကရက်ဘူးကို အလျင်စလိုဖောက်လို့ စီးကရက်တစ်လိပ်ကို နှုတ်ခမ်းဖျားမှာ ခဲပြီး မီးငြိကာ ရှပ်ရှင်မင်းသမီး တင်တင်မူစတိုင်နဲ့ ဖွာနေလိုက်တယ်။ သည့်နောက် မှုတ်ထုတ်သည့် မီးခိုးငွေ့များကို ပြုံးကြည့်နေတယ်။

"အစ်မ ... မဆောင်"

"ဘာလို့ ခဏခဏ ခေါ်နေတာတုံး ... နောကျလေးရဲ့။ ဒီမှာ ဖိလင်ပျက်အောင်"

"အဲ့စ်မကို မေးစရာရှိလို့ပါ ခင်ဗျ"

"အိမယ် ... နင်ကငါ့ကို မေးရမြန်းရအောင် ဘာလဲ ရဲအဖွဲ့ကလား၊ မှတ်ပုံတင်ရုံးကလား၊ ရပ်ကွက်သူကြီးလား"

"အစ်မကို စိတ်ဝင်စားလို့ပါ အစ်မရဲ့"

"အံမာ ... အံမာ ... နင်က ပြောလေကဲလေပေါ့လေ။ ငါ့ကိုများ စိတ်ဝင်စားလို့တဲ့ ... အဟိ ... နင် မရိုးမသား မလုပ်နဲ့နော်။ ငါအော်လိုက်ရင် နင် ထောင် (၆) နှစ်ပဲ။ ဟင်း ..."

"အစ်မကို ကျွန်တော် မဖွယ်မရာ ဘာမှမလုပ်ပါဘူး အစ်မရဲ့။ အစ်မကို ကျွန်တော် လေးစားပါတယ်"





"ဘာ ... နင်က ငါ့ကို လေးစားတယ်။ ဟား ... ဟား .. ဟား ... ဟား ... အဟီး ... ဟီး ... ဟီး ... ခစ် ... ခစ် ... ခစ် ... နေပါဦး ... ကောင်နောကျ ... ဘဲနှာလေးရဲ့။ နင်က ငါ့ကို ဘာကိစ္စနဲ့ လေးစား ငါးပြန် ခြောက်လျော် ဖြစ်ရတာတုံး။ မိန့်တော်မူပါဦး ဘုရားရဲ့။ ခစ် ... ခစ် ..."

မဆောင်ဟာ စီးကရက်ကို ဖွာပြီး ကျွန်တော့်မျက်နှာကို မီးခိုးနဲ့ မှုတ်ရင်းက ခန္ဓာကိုယ်ကို လှုပ်လှုပ်ရယ်ပြီး ခေါင်းပေါ်က ဆောင်တော်ကူးပန်းခက်တွေကို လက်နဲ့ ပြင်လိုက်တယ်။

"အစ်မနဲ့ ဟို ညောင်ပင်ပေါ်က ကိုရက္ခစိုးဆိုတဲ့ လူကြီးနဲ့ အလွန် ရင်းနှီးလို့လားဟင်"

"ဘာ ... ဘာ ... ဘယ်သူ ..."

"ကိုရက္ခစိုးလေ ..."

"ကိုရက္ခစိုး ... ဟုတ်လား ... ဟာတ်လား ... ဟဲ့လား .. ဟား ... ဟား ... ဟား ... ဟား ... ကိုရက္ခစိုးတဲ့လား ... ဟား ဟား ... ဟား ... ဟား ... ဖြစ်မှဖြစ်ရပလေ ကိုရက္ခစိုးတဲ့ ... ခစ် ခစ် ... ခစ် ... ခစ် ..."

"ဟုတ်တယ် အစ်မရဲ့၊ ကိုရက္ခစိုးလို့ ခေါ်ကြတယ်။ အစ်မနဲ့ ရင်းနှီးပုံရသလားလို့"

"နေပါဦး ကောင်နောကျလေးရဲ့ ... သူနဲ့ငါနဲ့ ရင်းနှီးမနှီးနှီး နင်တို့အပူ ဘယ်နှစ်ပဲသားပါလို့လဲ။ သူများကိစ္စ စပ်စပ်စုစုတော်။ မိန်းမတွေ စပ်စုသလားမှတ်တယ် ယောက်ျားတွေက ကိုသာဆိုးပါလား အရပ်ကရို့ရေ ... ဟား ... ဟား ... ဟား ... ဟား ..."

"စိတ်ဝင်စားလို့ပါ ... အစ်မရ။ အဲဒါလေးပြောပြရင် အစ်မ



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တဲ့ ဒူးယားစီးကရက် တစ်ကာတွန်း လက်ဆောင်ပေးမယ် အစ်မရာ''

''ဒီမှာ . . . ဟေ့အကောင်၊ အဲဒါ နင်တို့သိဖို့ မလိုဘူး။ ငါနဲ့ သူနဲ့ သိဖို့ပဲ လိုတယ်။ ဟိ . . . ဟိ . . . ဟိ . . . ဘာကောင်လေးလဲ မသိဘူး။ ရှက်လည်း မရှက်ဘူး။ ခစ် . . . ခစ် . . .''

''တကယ်ဝယ်ပေးမှာပါ အစ်မရဲ့''

''ဒီမှာ . . . . ဟေ့ကောင်လေး နင်တို့ဝယ်ပေးမှ မဟုတ်ဘူးဟဲ့။ ငါကလေ လန်ဒန်ကိုးဖလိပ်တို့၊ ငါးသုံးလုံး၊ ငါးငါးလုံး၊ ငါးခြောက်လုံးတို့၊ ဗက် (စ်) စစ်စတီးနိုင်းတို့၊ ပွိုက်လေဘယ် (လ်) တို့၊ ဂျင်ကိုတောင် သောက်လာတဲ့ မိန်းမ။

သွား . . . သွား . . . သွား . . . နောင်ကို ငါ့ကို အဲဒီအကြောင်းတွေ လာမမေးနဲ့။ အရူးက အရူးလိုနေ၊ အပေါ်က အပေါ်လိုနေ။ နင်တို့ အနှမ်းက အနှမ်းလိုနေ။ အကောင်းတွေ ရှုးချင်အောင် လာမလုပ်နဲ့။ ငါ အော်လိုက်မယ်နော်။ သွားလေ . . . မသွားဘူးပေါ့။ ဟောဒီမှာတော်''

ဘယ်လိုချော့မေးမေး၊ မြှောက်မေးမေး မေးလို့မရဘူး။ ဒီမှာ သူမက ဟောဒီမှာတော်လို့ ခုနစ်သံချီဟစ်လိုက်ရော ကိုယ်လည်း အချုပ်ထဲရောက်မှာစိုးလို့ သူမအနီးကနေ ခြေကုန်သုတ်ပြေးရပါရောဗျာ။

''ဟား . . . ဟား . . . ဟား . . .''

''ဟီး . . . ဟီး . . . ဟီး . . . ဟီး . . .''

''အဟစ် . . . ခစ် . . . ခစ် . . . ခစ် . . ကောင်လေးက ငါ့များ တစ်ဖက်သတ်ကြိုက်နေလား မသိဘူး။ ခစ် . . . ခစ် . . . ဒါကြောင့်လေ . . .

အငြိမ့်မင်းသမီးများ ရည်စားထားတော့ ××× လူဆိုတာမျိုး





ဟာ ××× (ဒီမှာရှင့်) သဘောထားလည်း ကြီးဦးမှပေါ့ ××× သခင်ရယ် မီးရောင်အောက်ကိုဝင်ရင် ××× လူပျက်တွေနဲ့ ပြောတော့ ××× မောင့်သဘောက မကြည်လင် ××× ဩော် ××× မြရင် ××× မြရင် ××× ချစ်ကြပေသရှင် ××× ပြည်တစ်ခွင် ××× မောင့် အချစ်မျိုးဟာ ××× ဘယ်အမျိုးအစားလဲ တကယ်မပြောတတ်နိုင်အောင်ကိုပင် ××× ပေါ်ပေါ်ထင်ထင် ××× ချစ်ချင်လှရင် ××× အလျှုံရှင်မှန်း ×× အားလုံးသိကြပါတယ်ရှင် ××× အပိုင်နော်ကြလိုက်သခင် ××× တိုင်ပေါ် အလံစိုက်ချင် ××× ဟေ့ ××× ဟေ့ ××× ဟေ့ ××× ဝါး ×××''

အသာလှည့်ကြည့်လိုက်တော့ . . . လား လား . . . မြတ်စွာဘုရား . . . ကျွန်တော့်ကို လက်ညှိုးထိုးပြီး အငြိမ့်မင်းသမီး လေဘာတီ မမြရင်ရဲ့ တိုင်ပေါ်အလံစိုက်ချင် သီချင်းကိုဆိုလို့ မျက်နှာလေးအမျိုးမျိုးနဲ့ က,နေပါရောလား။

အဲဒါ . . . လူအချို့က ကျွန်တော့်ကို ကြည့်လိုက်၊ အရူးမ မဆောင်ကို ကြည့်လိုက်လုပ်ပြီး ပြုံးလိုပြုံး၊ ရယ်လိုရယ် လုပ်ကြလို့။ အမယ်လေး . . . ကံဆိုးချင်တော့ လပွတ္တာကျော်ပြူးရယ်၊ မောင်စိန်လှိုင် (ပဲခူး) ရယ်၊ တရုတ်ဘိန်းစား ဟုန်ဖွန်ကြောင်ရယ်၊ ဂျီတင့်နိုင်ရယ် မြင်သွားပြီး မေးကြ ပြောကြပါရောဗျာ။

''ဟ . . . ဟ . . . မောင်မှိုင်းကို လက်ညှိုးထိုးပြီး ဆိုနေတာဟ''

''မောင်မှိုင်းနဲ့များ ဘာညာကွိကွ ဖြစ်နေသလား မသိဘူး''

''ဟေ့ . . . မောင်မှိုင်း''

''ဘာတုံး . . . ကို . . . ကို . . . ပွတ် . . .''

''မင်းနဲ့ မဆောင်နဲ့ 'ဖြစ်' နေလားကွ ဟေ''



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ... ဟာဗျာ ..."

"ဟိုမှာ ကြည့်စမ်း ...။ မင်းကို လက်ယပ်ခေါ်နေတာ။ ဟော ... ဟော ... ပြောရင်း ပြေးလိုက်လာပြီ ကိုယ့်လူ ... ဟေ ဟေ ... ဟေ့"

ကြည့်လိုက်တော့ အရှုးမ မဆောင်ရယ်ဗျာ ကျွန်တော်ရှိရာကို လက်ညှိုးထိုးပြီး ပြေးလိုက်လာနေတာ။ ပြေးလိုက်ရင်း ပါးစပ်ကလည်း ဟစ်လိုက်သေးရဲ့ဗျ။

"ဒီမှာ ... ဟို ... မောင်မောင်လေးရဲ့ ကျေးဇူးရှင်ရဲ့ ...

အီဂျစ်နဲ့ အင်္ဂလန် ××× နိုင်ငံခြားကို မောင်သွားထားပါလား ××× သူတစ်ပါးမကြည့်စေချင် ××× စာရေးတဲ့ဆရာတောင် ×× အိမ်မလာရအောင် သူပြောထားသလား ××× ပျိုတစ်ပါးမသိအောင် ဝါသနာကို မတားနဲ့တော့ရှင် ××× ဒီလိုနေတာ အများကပင် သနားကြတယ် မြမြရင် ××× ကျွန်မ က,ချင် သည်းခံတော့ ဘိုကေ လင် ××× မောင်ရေ ××× ဩော် ××× မြကို စောင့်ဦးလေလို့ ××× အဟင့် ×× ဟင့် ××× မောင် ××× မောင် ×××"

ဒီမှာ လပွတ္တာကျော်ပြူး၊ ဟုန်ဖွန်ကြောင်နဲ့ မောင်စိန်လှိုင် (ပဲခူး) မျက်နှာပြကြီးတို့က မဆောင်ကို မြှောက်ပေးကြရော။ မဆောင်က ကျွန်တော့်ကို လက်ညှိုးထိုးပြီး ဟစ်လို့ ခေါ်လို့ အော်လို့ လိုက်ပါရော။

"လိုက် ... လိုက် ... မဆောင် လိုက်ဟဲ့"

"မောင်ရေ ... မောင် ..."

"မမိရင် အုတ်ခဲကျိုးနဲ့ လှမ်းပစ်"

"မိရင် ပါးစပ်ကိုဆွဲဖြဲပစ် မဆောင် ... လိုက် ... လိုက်"

ကျွန်တော်က ကိုယ်စားရိတ်နဲ့ကိုယ် ရှေ့ကပြေး၊ ဟိုမကောင်း





ဆိုးဝါးလေးယောက်က နောက်က လက်ခုပ်လက်ဝါးတီး မြှောက်ပေး။ လမ်း သွားလမ်းလာများက ဝိုင်းကြည့် မေးကြ ...။

"ဘာဖြစ်ကြတာတုံး"

"မောင်မှိုင်းတို့လင်မယား စိတ်ဆိုးရန်ဖြစ်ကြတာလေ"

"ဟောတော် ... အဲဒါ ..."

"သူ့မယား မဆောင်က ခါးနဲ့လိုက်နေတာ"

"ဘုရား ... ဘုရား ..."

"လိုက် ... လိုက် ... မဆောင် ... ဟိုဒင်းကို ခါးနဲ့လှီးပစ်"

"ဟ ... ဘယ်သင်းတုံး လပွတ္တာရ"

"လည်ပင်း ... လည်ပင်း ..."

"ဝါး ... ဟား ... ဟား ... ဟား ... ဟား ..."

"အဟေး ... ဟေး ... ဟေး ..."

"မြိန်ပါ့ကွာ ... မြိန်ပါ့ ... ဟား ... ဟား ... ဟား ... ဟား"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၁ |

❑

ဘယ်လိုပဲဖြစ်ဖြစ် လျှို့ဝှက်ချက်ရှိနေသည့် အရူးမ မဆောင်နဲ့ ကိုရက္ခစိုးတို့ရဲ့ အဖြစ်သနစ်ကို ကျွန်တော် မကြာခဏကို မြင်မြင်နေရတာ။

တစ်ပတ်ကို တစ်ခါနှစ်ခါလောက် မဆောင်က ကိုရက္ခစိုးရှိရာ ညောင်ပင်ကို ရောက်ရောက်လာပြီး အောက်ကနေ အော်ခေါ်ပြီး ထုံးစံအတိုင်း ဖီးကြမ်းငှက်ပျောသီးတစ်ဖီးကို ခေါ်အော်ပေးနေမြဲပဲ။

ကိုရက္ခစိုးကလည်း မဆောင်ရဲ့အသံကို ကြားရင် နားနှစ်ဖက်ကို လက်ဝါးနဲ့ပိတ်ပြီး ညောင်ပင်ပေါ်က စောင်ပုခက်ထဲမှာ ပုနေအောင် ဝပ်ပုန်းပြီး ငြိမ်နေတာ။





ဟိုတစ်နေ့ကလည်း မြို့ထဲမှာ သူတို့ ဆုံပြီးပါရောလား။ ကိုရက္ခစိုးက နံနက်စောစော ဘုရားရှိခိုးစာများ အော်ရွတ်ပြီးရင် ညောင်ပင်အောက်က အမှိုက်သရိုက်များကို တံမြက်စီးနဲ့ လှည်းကျင်းသန့်ရှင်းရေးလုပ်တယ်။

ပြီးရင် သူ့ပစ္စည်းအစုံပါတဲ့ လွယ်အိတ်အစင်းကျား ဖောင်းဖောင်းကြီးကို လွယ်ပြီး မြို့ထဲကို ခြေကြောဖြန့်တယ်။ သူနဲ့ခင်တဲ့ လက်ဖက်ရည်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ ကုန်စုံဆိုင်ရှေ့မှာ သူ့စိတ်ကြိုက်သီချင်းတစ်ပုဒ်နဲ့ ဆိုက,ပြီး ဖျော်ဖြေရေးလုပ်မယ်။

ဆိုင်ရှင်များကလည်း ဖောက်သည်လိုဖြစ်နေပြန်၊ သနားကမားရုပ်ရည်လေးနဲ့ အဆိုရော အကရောကောင်းသည့် ကိုရက္ခစိုးကို မုန့်ပဲသရေစာကအစ ပိုက်ဆံများအထိ သဒ္ဒါကြည်ဖြူစွာ ပေးကမ်းလှူရှိကြတာကိုး။

တစ်နေ့ . . .

ကိုအုန်းသီးတို့ရဲ့ 'လပြည့်ဝန်း' လက်ဖက်ရည်ဆိုင်ရှေ့မှာ ကိုရက္ခစိုး သီချင်းဆိုပြီး ကပြဖြေဖျော်နေတုန်းမှာပေါ့ ဖြုန်းဆို အရူးမ မဆောင်ဝင်လာပြီး ကိုရက္ခစိုးနဲ့အပြိုင် ကြကပါရော။

ဒီမှာ ကိုရက္ခစိုးဟာ အရူးမ မဆောင်ရဲ့မျက်နှာကို မြင်လိုက်ရတာနဲ့ ချက်ချင်းဒေါပွပြီး က,နေရာက အပြေး . . . ကြည့်နေသည့် လူအုပ်ကလည်း နှစ်ပါးသွားမြိုင်ထ,ကလေးလုပ်ပါ ကိုရက္ခစိုးရဆိုပြီး ဝိုင်းတား ဆွဲကြ အကြံပြုကြတော့ . . .

မရဘူး။ အားလုံးကို တွန်းဖယ် ရုန်းတိုးပြီး ပြေးရော။ အဲဒီနေ့က မဆောင်ခမျာ မျက်နှာငယ်လေးနဲ့ ကျန်ရစ်ခဲ့ရပြီး နောက်ဆုံး မြခြေကျင်း မငွေမြိုင်ရဲ့ . . . လွမ်းတော်မူလို့ ××× စာကိုစိတယ် ဂါမ်နီ



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဝါ တိမ်ပြာတွေသန်းပြန်တော့ . . . ဆိုသည့် အောင်ပင်လယ် သီချင်းနဲ့ ရှိနေသည့်ပရိသတ်ကို လွမ်းဌွေ့ရီဝေ ဖြေဖျော်ခဲ့လေရဲ့။

မဆောင်ကလည်း အရှုး ကိုရကွစိုးကို စွဲလမ်းပြီး နေ့လယ်နေ့ခင်းဘက်ရောက်ရင် ကိုရကွစိုးရှိရာ ညောင်ပင်ကိုရောက်လာ၊ သူ့ထုံးစံ သံယောဇဉ်အတိုင်း ဖီးကြမ်းငှက်ပျောသီးလေး အော်ဟစ်ပေး။ ခမျာ ဝဋ်ကြွေးဆပ်နေသလို မကြာခဏလာတွေ့။

ဟိုကလည်း လုံးဝ အရေးမလုပ်။

အရေးမလုပ်လည်း အရူးမ မဆောင်က သစ်ပင်အောက်ကနေ ကိုရကွစိုးများ ဆင်းလာလေနိုးနဲ့ ဖွဲ့နပဲကြီးစွာ စောင့်ချင်စောင့်နေတာ။ နောက်ဆုံး ကိုရကွစိုး လုံးဝကို ဆင်းမလာမှ ထုံးစံအတိုင်း ငှက်ပျောဖီးလေးကို ညောင်ပင်ကိုင်းမှာချိတ်ပြီး လေးတွဲ့ခြေလှမ်း မျက်နှာအနွမ်းလေးနဲ့ ပြန်လာရော။

ကိုရကွစိုးကလည်း သည်းခြေကြီးပါ့ဗျာ။ အရူးမ မဆောင်ချိတ်ပေးခဲ့သည့် ငှက်ပျောသီးကို လုံးဝကို လက်ဖျားနဲ့ မတို့ဘူး။ မစားဘူး။

အဲဒါ မဆောင် လာချိတ်ပေးသမျှ ငှက်ပျောသီးမှန်သမျှ နောက်ဆုံး ကျီးကန်တွေ ထိုးဆိတ်စားသွားလိုက်တာ အညှာပဲ ကျန်ခဲ့ရသည့် အကြိမ် လေးငါးခြောက်ကြိမ်ရှိပါ့ဗျာ။

ထူးခြားချက်တစ်ခုတော့ ရှိတယ် ခင်ဗျ။

အရူးမ မဆောင် ညောင်ပင်အောက်ကနေ လုံးဝ ပျောက်ကွယ်ထွက်ခွာသွားပြီဆိုရင် စောင်ပုခက်ကနေ ငုတ်တုတ်ထထိုင်ပြီး ရင်ကွဲသံကြီးနဲ့ သစ်ပင်ပေါ်က အော်ဟစ်သီချင်းဆိုပါရောလေ။

"အမယ်လေး ××× အသည်းတွေကြွေ ××× သေရချည်





တော့မယ်လေး ××× ဟေး ဟေး ဟေး ××× ၁.

လင်အမြှောင်ရှုပ်လာတဲ့ အခင်းပါတကား ××× ကြ[...]နေတာကို မြင်မှာလ ××× နှစ်ကိုယ်မြူးကြတာက ××× (မတွေးဝံ့ပ၊ ရင်းညိတ်နေ မတွေးဝံ့ပါဘူးဗျ) ××× မစဉ်းစားဝံ့ပါဘူးဗျာ ××× နှစ်ဂ[...] တဲ့ အခင်းပါတကား ××× အလိုတူချင်းဝယ် ကိုယ်တို့ဘာသာ ဆွေ့ကြ ××× မိုက်လှပါကလား ××× ဟား ဟား ×××" ၁

အဲဒီလို တာနေ့ာယကွဓာတ်ထုပ်က အလွမ်းကို ရင်နင့်သံနဲ့ ဟစ်တယ်။ ကြားရသူတိုင်း ခံစားရမြဲပေါ့။

"နှင်မကောင်းလို့သာပ ××× သူမကောင်းလို့သာပ ××× မူရင်းမှာ ဟိုတစ်လူနဲ့သာ ××× အလိုမတူလျှင် ××× ဟစ်အော်လိုက်ပါတော့×× အချစ်နှစ်ဖော် ××× အသစ်အပျော်ကို လိုက်လို့ရယ်သာ ××× အမယ်လေး ××× အသစ်အပျော်ကြိုက်ပါတဲ့ ××× မင်းမိုက်ပါတဲ့မယား ×× အပျော်ကြိုက်ပြီး ××× လင်ကိုမသိတတ်တဲ့ ××× ကျေးဇူးမသိတတ်တဲ့ ××× မယား ××× ဟား ဟား ဟား ဟား ×××"

ကြည့်စမ်းပါဗျာ . . .။ ကိုရကွစိုးကြီးရယ် . . . မင်းသားကြီး ဂရိတ်ဦးဖိုးစိန်ရဲ့ တာနေ့ာယကွဓာတ်ထုပ်က တာနေ့ာယကွဘီလူးရဲ့ ငိုချင်းကို ဟစ်ပြီး ရှိုက်ငိုနေတာကို ကျွန်တော်တို့အားလုံး သစ်ပင်ရိပ်အောက်ကနေ မော့ကြည့်နားထောင်ရင်း မြင်ခဲ့ရ ခံစားခဲ့ရသည့်မှာ –

ရင်ခုန်သံ ပိုပိုမြန်လာသလို သူ့ရင်ထဲက အလွမ်းပါ ကိုယ့်ရင်အသီးသီးကို စီးမျောကူးခတ်ရင်း မျက်ရည်နှိုချင်သလို ဖြစ်လာခဲ့ရလေရဲ့လေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၂ ]

❑

ကျွန်တော်က လူတစ်မျိုးလို့ ဆိုရမလားမသိ။ စာရေးဆရာပီပီ အရာရာကို စူးစမ်းလေ့လာချင်တယ်။

အပျော်ကို မျှဝေခံစားလိုတယ်။

အလွမ်းကို မြင်ရင် မုဒိတာစိတ်နဲ့ မျှဝေရင်ခုန်တယ်။ •

ရဲရင့်ခြင်းကို မြင်ရလျှင်လည်း ကိုယ်တိုင်ဝင်ပြီး လက်ရုံးဆန့်တန်းလေ့ရှိတယ်။ မတရားတာ၊ မဟုတ်တာ မြင်ရရင်လည်း ပါးစပ်နှင့်လက်က အငြိမ်မနေချင်ဘူး။

ဒါကြောင့် ကျွန်တော့်အမေ မကွယ်လွန်ခင်က 'သားတဲ့ … မင်းပါးစပ်ကို ပလာစတာနဲ့ ကပ်ပြီးမှ လူကြားထဲကိုသွား' တဲ့။ မှန်တာပြော ဟုတ်တာလုပ်တော့လည်း လူမုန်းများချင်သား။





လူအတော်များများကလည်း ခက်တယ်။

လိမ်တာကို သမာဓိလို့ ထင်နေတယ်။ ညာပြနေတာကို မြင်လျက်နဲ့ ပညာရှိလို့ထင်ပြီး ကိုးမှတ်ယုံကြည် လေးစားခေါင်းညိတ်နေကြတယ်။

တစ်ခါတစ်ခါ မှန်တာပြောလို့ အနာပေါ်တုတ်ကျပြီး ဆွေ့ဆွေ့ခုန်နေတာမြင်လို့ ရန်သူဝိုင်းလာရင် ဗိုလ်ချုပ်အောင်ဆန်းက မှန်ရာလုပ် ဟုတ်တာပြောလေ့ရှိတဲ့ ( ․․․․ ) ကို သုံးမသတိပေးသည့်စကားကြားယောင်မိတယ်။

"ဟောကောင် … ( ․․․․․ )၊ မှန်တိုင်းလည်း သိပ်မပြောပါနဲ့။ လိမ္မာပါ … ငါ့လူရာ" တဲ့။

ခက်တာက … မှားနေတာကို မှားမှန်းသိလျက် မဟုတ်က ဟုတ်က မတရားလုပ်နေမှန်း သိသိကြီးနဲ့၊ ကိုယ့်လာညာနေတာကို သမာဓိရှိတယ်၊ ပညာရှိပဲလို့ ဖွတ် မျက်စိမှိတ် ယုံကြည်ပေးဖို့က ကိုယ့်လိပ်ပြာ ကိုယ်မလုံဘူး"

အတွေ့အကြုံရင့်ကျက်တဲ့ ကွယ်လွန်သူ ကျွန်တော့်ဆရာ စာရေးဆရာကြီး (ပန်းတနော် ဝင်းသိန်း) က …

"ဟောကောင် … ညီမှိုင်း၊ ယုန်နဲ့အတူပြေးပြီး ခွေးနဲ့အတူလိုက်ရင် စားရချောင်တာပဲကွ။ အများ မိုးခါးရေသောက်ရင် ကိုယ်လည်းရောပြီး မိုးခါးရေသောက်လိုက်။ မသောက်ရင် မိုးခါးရေသောက်လို့ ရူးနေတဲ့ အရူးတွေက မသောက်လို့ကောင်းနေတဲ့ မင်းကို အရူးလို့ လက်ညှိုးဝိုင်းထိုးကြလိမ့်မယ်။ အမှန်အကန်လုပ်တဲ့လူ ရှားကုန်ပြီဖွါတပည့်"

၎င်း တစ်ချိန်တစ်ခါတုန်းက ဆုံးမခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



'မုန်ရာပြောလျှင်' ရွာအပြင် အထုတ်ခံရသတဲ့။

အဲဒီပုံပြင်က ဒီလိုဗျ ...။

တစ်ခါတုန်းက ရွာတစ်ရွာမှာ အမှန်အကန်ပဲ ပြောလေ့ရှိတဲ့ အဘွားအိုတစ်ဦးရှိတယ်။ အဘွားအိုက မလိမ်တတ်ဘူး၊ မညာဘူး။ မဟုတ်တာ လုံးဝမလုပ်ဘူး။ သူ့ရှေ့မှာ မဟုတ်တာ လုပ်နေရင်လည်း ဘွင်းဘွင်းပဲ ပြောလေ့ရှိတော့ မုန်ရာပြောသည့် သူ့ကို လူအတော်များ များ .မဟုတ်တာလုပ်သူတွေက ရွံမုန်းကြတယ်။

သူကြီးပဲဖြစ်ဖြစ်၊ ဆယ်အိမ်ခေါင်းပဲဖြစ်ဖြစ်၊ ဘုန်းကြီးပဲဖြစ် ဖြစ် မဟုတ်မမှန် လမ်းလွဲနေရင် တည့်တိုးဝေဖန်တာ။ ဒီလူခိုးရင် ခိုး တယ်။ လာဘ်စားရင် စားတယ်။ မယားငယ် လင်ငယ်နေရင် နေတယ်။ အရုပ်ဆိုးရင် အရုပ်ဆိုးတယ်။ လှရင်လှတယ်။ သွားကျိုးရင် သွားကျိုး နေတယ်။ သချီးထွရင် သချီးထွတယ်။ အာပုပ်စော်နံရင် အာပုပ်စော် နံတယ်။ မညာဘူး ဖြောင်ပြောတာ။

လူဆိုတာ ခက်သားဗျ ...။ ကိုယ်မဟုတ်တာ လုပ်နေတာ ကိုသိလို့ ဝေဖန်ရင် မခံနိုင်ဘူး။ နောက်ဆုံး သူကြီးကအစ ဆယ်အိမ် ခေါင်းအလယ် ရွာလူရဟန်းအဆုံး အဘွားကြီးရဲ့ မှန်တိုင်း၊ ဟုတ်တိုင်း မြင်တိုင်း၊ သိတိုင်း ပြောသည့် စကားကို ရွံရှာကြောက်ရွံ့ စိုးရိမ် လက် မခံနိုင်ဖြစ်ပြီး နောက်ဆုံး အများသဘောအရ ရွာထဲမှာ မထားတော့ ဒဏ်ခတ်သည့်အနေနဲ့ ရွာပြင်မှာ ထုတ်ထားလိုက်ကြတယ်။

ဒါကြောင့် အဘွားအိုခမျာ အသက်ကြီးမှ ရွာစည်းရိုးအပြင် တဲစုတ်ကလေးနဲ့ တစ်ယောက်တည်း နေရရှာတယ်။

တစ်နေ့ ... မိုးတွေရွာနေချိန်မှာ လူတစ်ယောက် ထီးဆောင်း ပြီး သူ့တဲထဲကို ဝင်လာတယ်။





"ဘာကိစ္စလဲ မောင်ရင်"

အဘွားအိုက လူစိမ်းကိုကြည့်ပြီး မေးလိုက်တယ်။

"မိုးများလို့ ချမ်းလို့ပါ အမေကြီး။ ခဏနားပြီး ရေနွေးကြမ်း လေးတစ်ခွက်လောက် သောက်ပါရစေခင်ဗျာ"

"အေး ... အေး ... ထိုင်နား၊ သောက်ကွဲ့။ ရော့ ..."

ပါးစပ်ကလည်းပြော ... လက်ကလည်း ရေနွေးကြမ်းအိုးနဲ့ န်းကန်လုံးချပေးရင်း လူစိမ်းကို အကဲခတ်လိုက်တယ်။ ဒီမှာ လူစိမ်း ညာဘက်မျက်လုံးတစ်လုံး ကန်းနေတာကို အဘွားအို သတိပြုမိ ိက်တယ်။

လူစိမ်းက မိုးရေစိုထီးကို ထောင့်မှာထောင်ပြီး ရေနွေးကြမ်း ကို အားရပါးရ သောက်ရှာတယ်။

"အမေကြီးက ဒီမှာ တစ်ယောက်တည်း နေတာလားဟင်"

"ဟုတ်တယ် မောင်ရင်"

"အမေကြီးရယ် အသက်အရွယ်အိုမင်းမှ ဘာလို့ ရွာပြင်မှာ စ်ယောက်တည်း နေရတာလဲခင်ဗျာ။ သူခိုးသူဝှက် မသူတော်များရဲ့ မစိုးရိမ်ဘူးလား။ ကျန်းမာရေးကိစ္စ အရေးပေါ်ဖြစ်လာရင်ရော ဘယ် လုပ်မတုံး"

"ဘာမှ မစိုးရိမ်ပါဘူး မောင်ရင်။ ရွာပြင်မှာ အမေကြီးနေရ သူကြီးနဲ့ လူအချို့က အမြင်ကပ်လို့ပါ"

"ဗျာ ... ဘာကြောင့် သူတို့က ..."

"အမေကြီးကို မှန်တိုင်းပြောလို့တဲ့လေ"

"ခင်ဗျာ ... မှန်တိုင်းပြောလို့။ မှန်ရာမှန်တိုင်းပြောတာ နာ လားဗျာ။ ဒါ ဘုရားကြိုက်၊ နတ်ကြိုက် ဥစ္စာ။ မှန်တာပြော ဟုတ်



www.burmeseclassic.com

www.burmeseclassic.com

တာလုပ်မှ မမှန်တာပျောက် မဟုတ်တာပျောက်ပြီး ရပ်ရော ရွာရော လူရော ကောင်းမှာမဟုတ်ဘူးလား ခင်ဗျ"

"ဟုတ်တာပေါ့ကွယ်"

"မင်းရော မှန်ရာဟုတ်ရာကို ပြောရင် လက်ခံနိုင်ရဲ့လား။ ကြိုက်နှစ်သက်ရဲ့လား"

"ဘာမကြိုက်စရာ ရှိရမှာလဲ အမေကြီးရာ။ ဟုတ်တာမှန်တာ ပြောစမ်းပါ။ မဟုတ်တာ မမှန်တာတော့ လီဆယ်လုပ်ကြံ မပြောနဲ့ပေါ့ နော်"

သည့်နောက် ... နှစ်ဦးသား အလွှာပသလွှာပ အတန်ကြာ ပြောလို့ကောင်းကောင်းနဲ့ ပြောလိုက်ကြတာ မိုးစဲနေတာတောင် မသိကြဘူး။

"အမေကြီး ... ကျွန်တော် ပြန်ပါဦးမယ်ခင်ဗျ။ ခုလို ရေနွေးကြမ်းနဲ့ ဧည့်ဝတ်ပြုတာ ကျေးဇူးပါပဲ ခင်ဗျာ"

"အေး ... အေး ... နောင်ကြုံလည်း ဝင်ခဲ့ပါကွယ်။ မင်းနဲ့စကားပြောရတာ အရသာရှိလှသကွယ်။ သွား ... သွား ..."

ဒါနဲ့ လူစိမ်းလူရွယ်က ထိုင်ရာကထလို့ ထွက်သွားတော့တယ်။ ဒီမှာ လူရွယ်လူစိမ်း သူ့ထီးကိုမေ့ပြီး မယူသွားမိဘူး။ လှမ်းကြည့်တော့ တစ်ခေါ်နီးပါးလောက် ရောက်နေပြီ။ ရွာသားအချို့နဲ့လည်း စကားပြောနေလို့။ အဘွားအိုက လူစိမ်းရဲ့ထီးကို ကောက်ကိုင်ပြီး ပေးဖို့ အပြင်ကို ထွက်လိုက်တယ်။

ခက်တာက ... လူစိမ်းရဲ့နာမည်ကို မမေးမိတော့ မသိဘူး ဘယ်လိုခေါ်ရမှန်းမသိ။ ဒီမှာပဲ လူစိမ်းရဲ့ ညာဘက်မျက်လုံးတစ်လုံး ကန်းနေတာကို အမှတ်ရပြီး ဒီလို အော်ခေါ်လိုက်တယ်။

စိတ်ကူးသစ်စာပေ



"ဟေ့သူငယ် ... ဟေ့သူငယ် ..."

"ဒီမှာကွယ့် ... ညာဘက်မျက်လုံး ကန်းနေတဲ့ သူငယ်"

"ဒီမှာ ... ညာဘက်မျက်လုံး ကန်းနေတဲ့ သူငယ်။ ဟောဒီမှာ မင်းထီးမေ့ကျန်နေသဟဲ့။ လာယူလိုက်ပါဦး"

အားလုံးကြားရအောင် အသံကုန်ဟစ်ပြီး ခေါ်လိုက်တာ လူစိမ်းဟာ ဒီလိုပြောဆို ခေါ်ပေးသံကြားရရော ရွာသူရွာသားအချို့နဲ့ စကားပြောနေရာက ချက်ချင်းဖြတ်ပြီး အမယ်အိုကြီးရှိရာကို ခြေလှမ်းကျဲကြီးနဲ့ လှမ်းလာလိုက်ကာ အမယ်ကြီးလှမ်းပေးနေတဲ့ သူ့ထီးကို စိတ်ဆိုးမာန်ဆိုး ဆွဲယူလို့ ...

အဘွားကြီးမျက်နှာကို စေ့စေ့စိုက်ကြည့်ပြီး အားရပါးရ ပြောချလိုက်တယ်။

ဘယ်လိုပြော မှတ်လို့တုံး ...။

"ခင်ဗျားလို ... မိန်းမစားကြီးမျိုးဟာ ရွာပြင်ထုတ်ထားရုံမကဘူး၊ အသေသတ်ပစ်ဖို့ကောင်းတာ အမှန်ပဲ"

လို့ပြောပြီး ရှူးရှူးရှားရှား ဒေါသနဲ့ လှည့်ထွက်သွားသတဲ့။

ကိုင်း ... စဉ်းစားကြည့်ဗျာ။

အမှန်စကား အမှန်တရားကို လက်ခံပါတယ်ဆိုတဲ့လူ၊ မှန်ရာပြော၊ ဟုတ်တာလုပ်တာသည် ဘုရားကြိုက်၊ နတ်ကြိုက်၊ အများကြိုက်လို့ သူလည်း ကြိုက်ပါတယ်လို့ ပြောသွားသည့်လူ့ရယ် ...

"ထီးမေ့ကျန်လို့ နာမည်မသိတာနဲ့ ...

'မျက်စိတစ်ဖက်ကန်းနေတဲ့ သူငယ်လို့' အမှန်အတိုင်း ပြောခေါ်လိုက်ရော အစိမ်းဝါးစားတော့မလား မျက်လုံးအစုံနဲ့ ကြိမ်းမောင်းပြစ်တင် သွားလေရဲ့ဗျာ ...။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုင်း ... မိတ်ဆွေ ...
သင်ရော မုန်ရာပြောရင် တကယ်ကြိုက်မှာလား။
သင် ဘယ်လောက် ပြောပြီးပြီလဲ။
ဘယ်ကလောက်ရော အပြောခံရပြီးပြီလဲ။
အဲဒီမှာ သည်းခံခဲ့သလား၊ ဒေါကန်ခဲ့သလား ... စဉ်းစား။

✿ ✿ ✿

[ ၁၃ ]

❑

ဒါကြောင့် မုန်ရာလေး သိချင်လို့၊ မုန်ရာလေး ရေးချင်လွန်းလို့ လူတွေရှိရာအရပ်မှာ ကျွန်တော် ကလောင်ကိုင်ပြီး ရှုးစမ်းလေ့လာနေရတာပေါ့ခင်ဗျာ။

အဲဒီလိုနဲ့ ... ကျွန်တော် ကိုရကွာစိုးရဲ့ ဘဝအစစ်အမှန်ကို သိချင်လွန်းလို့၊ ကူညီလို့ရရင် ကူညီချင်လွန်းလို့ သူ့ကို ရင်းနှီးမှုရအောင်အမျိုးမျိုး ချဉ်းကပ် ကြိုးစားခဲ့လိုက်တယ်။

ထုံးစံအတိုင်း မိုးလင်းလို့ ဘုရားစာအမျိုးမျိုးကို ဟိုးသစ်ပင်ဖျားကနေ (ဂ)သံချီဟစ် ရှီနီးမေတ္တာပို့ အမျှဝေပြီးရင် အောက်ကိုဆင်းလာမယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး . . . တံမြက်စီးရှည်တစ်ချောင်းနဲ့ အမှိုက်လှည်းကျင်း စုပုံ မီးရှို့၊ သူနေသည့် ညောင်ပင်ပတ်ဝန်းကျင်ကို သန့်ရှင်းနေအောင်လုပ် တယ်။ လမ်းမတစ်ကြောကို ပြောင်နေအောင် လှည်းကျင်းတယ်။

ဒီအချိန်မှာ နို့ကုလားကြီး ဦးမွန်နားက သောက်ရေအိုးတွေ ကို ရေအသစ်လဲလှယ် ဖြည့်နေတယ်။

ဦးမွန်နားက ကိုရကွဲစိုးကို ကောင်းမွန်စွာနှုတ်ဆက်ရင် ကိုရကွဲ စိုးကလည်း ကောင်းကောင်းမွန်မွန် ပြန်နှုတ်ဆက်လေ့ရှိတယ်။

နံနက်ခင်းရဲ့ အေးမြငြိမ်းချမ်းခြင်းက ကိုရကွဲစိုးရဲ့ ရင်နှလုံး ကို တည်ငြိမ်အေးမြစေပုံ ရရဲ့ခင်ဗျ။

ကျေးငှက်သာရကာတို့ရဲ့ မာဂဓတေးသီသံကို သူနားစွင့်ရင်း ကြည်နူးပျော်ရွှင်နေလေ့ ရှိတယ်။

နေမြင့်လာရင်တော့ ဝေလီဝေလင်းရဲ့ စိတ်ငြိမ်းချမ်းမှုတုန်ခါ ပြီး အရူးရောဂါသလို ဖြစ်လေ့ရှိသကိုး။

ကျွန်တော်တို့ရွာ ဒီဝန်းကျင်က လူတွေရော သူ့ကိုသဘော ကျရတာက သူဟာ စိတ်မမှန်သလိုရှိပေမဲ့ ရန့်ရင်းကြမ်းတမ်း ဆဲရေး တိုင်းထွာမရှိဘူး။

ဝတ်လစ်စလစ် မနေဘူး။

ပစ္စုပ်ဒေဝ မနေဘူး။ ဘုရားစာတွေရွတ်မယ်၊ ရွှေမန်းဦးတင် မောင်ရဲ့ ဗုဒ္ဓဝင်ထဲက သီချင်းတွေ အော်ဆိုမယ်၊ ဂရိတ်ဦးဖိုးစိန်ရဲ့ ဇာတ်ထုပ်သီချင်းတွေ အော်ဆိုမယ်၊ စိတ်ပါရင် ကလေးအုပ်ရဲ့ အလိုကို လိုက်ပြီး မြေဝိုင်းအက၊ ခုနစ်ထွေအက၊ ဇော်က၊ မြိုင်ထနစ်ပါးသွား အကတွေကို တစ်နေ့တစ်မျိုး ကပြမယ်။

အဲ . . . အဲ . . . ဟို စိတ်မနှံ့သည့် အရူးမ မဆောင်နဲ့ ဟက်





ပင်းကြုံရသည့် အချိန်ကလွဲလို့ပေါ့ဗျာ။

လူတိုင်းက သူ့ကို သနားချစ်ခင်ကြပါတယ်ဗျာ။

ကျွန်တော် သူတံမြက်လှည်းချိန်မှာ ရောက်လာလိုက်တယ်။ လက်ထဲမှာလည်း ပဲပြုတ်နှင့်ကြော်သည့် ထမင်းထုပ်လည်း သူ့အတွက် ယူလာလိုက်တယ်။

"နောင်ကြီး . . ."

သူက လုံးဝ လှည့်မကြည့်ဘူး။ သူ့အလုပ်ကို သူ အာရုံစူး စိုက်ပြီး လုပ်နေတယ်။

"ဒီမှာ နောင်ကြီးရဲ့"

ကျွန်တော်က သူ့ရှေ့မှာ မြင်အောင်ရပ်ပြီး ခေါ်လိုက်တော့ သူ ကျွန်တော့်ကို စူးစိုက်ကြည့်နေတယ်။

"ဘာကိစ္စလဲ"

"နောင်ကြီး . . . မနက်စာ အဆာပြေစားဖို့ ထမင်းကြော်ပါ"

"မစားချင်ဘူး"

"စားပါ . . . နောင်ကြီး။ ကျွန်တော် နောင်ကြီးကို ခင်မင် လေးစားလို့ပါ။ ရော့ . . . ရော့ . . ."

"မင်း ငါ့ကို ထမင်းတစ်နပ်ကျွေးပြီးရင် ဘာမေးခွန်းတွေ မေးဦးမှာလဲ"

"ဗျာ . . . အဲ . . . အဲ . . ."

"မင်းကို ငါသိတယ်"

"ဟင် . . . နောင်ကြီးက ကျွန်တော့်ကို သိနေတယ် . . ဟုတ်"

"အိမ်း . . . သိတယ်။ မင်း မကြာခဏ ငါ့ကို အကဲလာလာ ခတ်ကြည့်နေတာ ငါသိတာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နောင်ကြီးနာမည် ဘယ်လိုခေါ်လဲဟင်"

"မသိဘူး"

"နောင်ကြီး ဘယ်အရပ်သားလဲ ခင်ဗျ"

"မသိဘူး"

"နောင်ကြီးက ဖာတ်မင်းသားလား ဟင်လို့"

"မသိဘူး"

မေးသမျှ မေးခွန်းတိုင်းကို ကိုရက္ခစိုးက မသိဘူးချည်း ဖြေနေတော့ ကျွန်တော့်မှာ ချဉ်းကပ်ခြင်းအတတ်ပညာ ချို့ယွင်းအားနည်းနေပြီလို့ မှတ်ထင်လိုက်ရဲ့ဗျာ။

အဲဒါ ဘာဆက်မေးရမှန်း မသိဘူး။ သူကလည်း တံမြက်စီးကို ကိုင်ပြီး ဟိုအဝေးကို ငိုင်ငေးကြည့်နေတယ်။

"နောင်ကြီး ... ဒီထမင်းထုပ်လေးကို စားပါနော်"

ပြောလွန်းမက ပြောတော့မှ သူက လေးတွဲ့လက်နဲ့ လှမ်းယူလိုက်တယ်။ ပြီး ... ဆက်ငိုင်နေတယ်။ တစ်ခုခုများ ပြန်ပြောဦးလေမလားလို့ ကျွန်တော် မျှော်ငံ့လင့်လို့ နေလိုက်တယ်။ ဘာတစ်လုံးမှ ပြန်မပြောဘူး။

အဲဒါ ကျွန်တော် သုံးရက်ကိုင်တိုင် နံနက်မိုးလင်းချိန်ရောက်တိုင်း ကိုရက္ခစိုးစားဖို့ စားစရာ တစ်မျိုးပြီးတစ်မျိုး ပြောင်းဝယ်ပို့ပေးရင်း ချဉ်းကပ်ခဲ့လိုက်တယ်။

ဝမ်းသာစရာပါပဲဗျာ။

တတိယမြောက်နေ့မှာ သူ ကျွန်တော့်ကို စကားစပြောပါရော။

"မောင်ရင် ..."

"ခင်ဗျာ ... နောင်ကြီး"





"မောင်ရင့်နာမည် ဘယ်လိုခေါ်သလဲ"

"မောင်ညိုမှိုင်းလို့ ခေါ်ပါတယ် နောင်ကြီး"

"အလုပ်အကိုင်ကရော"

"စာရေးဆရာပါ ခင်ဗျာ"

"ဩော် ... ဒါကြောင့်ကိုး။ ဒါ ... ကြောင့်ကိုး။ အဟင်းဟင်း ... ဟင်း ..."

"ဒါနဲ့ နောင်ကြီးနာမည်ကရော ဘယ်လိုခေါ်လဲဟင်"

"ရက္ခစိုးကြီး"

"ဗျာ ..."

"ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"တကယ် ရက္ခစိုးကြီးလား ဟင် ... ဟင် ..."

"ဟား ... ဟား ... ဟား ... ဟား ... အဟတ် ... အဟတ် ... အဟတ် ... သစ်ပင်ကို နေအိမ်ဘုံဗိမ္မာန်လိုလုပ်ပြီး နေလို့ ရက္ခစိုးလို့ အချို့က ခေါ်ကြတာကိုးကွ။ မြေကြီးလိုဏ်ဂူ၊ ကျောက်ဂူထဲမှာနေကြတော့ ဘုမ္မစိုးတဲ့၊ ခေါ်ချင်သလို ခေါ်ကြပါစေလေ။ နာမည်က ပညတ်ပါ။ ပရမတ်မဟုတ်ဘူး။

အမှန်က ဘယ်အရာမှ မတည်မြဲဘူး။ ဖြစ်ပြီးရင် ပျက်ချည်းပဲကွ ... ငါ့ညီရ။ ကံမနိုင်ရင် သံတိုင်အိမ်ဆောက်သော်မှ ကံမှောက်ရင် ကျိုးတာချည်းပါပဲကွာ။ ငါ့ကို နေ့စဉ်နံနက်တိုင်း စားစရာလာပို့ ကုသိုလ်ဒါနပြုသည့်အတွက် မင်းကို ပြန်ကျေးဇူးပြုရမှာပေါ့ကွာ။ ပေးစမ်း ... မင်းညာလက်"

ကျွန်တော်ဗျာ ကျွန်တော့်ကို တုံ့ပြန်စကားတွေပြောပြီး အားရရွှင်လန်းစွာ ရယ်မောနေသည့် သူ့ကို မြင်ရတော့ ရင်ထဲမှာ အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မသိ ဝမ်းသာနေတာ သိလား။ ဒါနဲ့ ဘာလုပ်မလဲသိချင်လို့ ညာလက်ကို သူ့ရှေ့မှာ ဆန့်ဖြန့်ပြလိုက်တယ်။

ကိုရက္ခစိုးက စွပ်ကျယ်လက်စကာ၊ အပေါက်ဗရပွ၊ သျှောင်ထုံးဖားလျားချနဲ့ ကျွန်တော့်ရဲ့လက်ဝါးကို စိုက်ကြည့်နေတယ်။ ပြီး … ခေါင်းတညိတ်ညိတ် လုပ်တယ်။ သည့်နောက် ကျွန်တော့်ရဲ့ မျက်လုံးအစုံကို သူ့မျက်လုံးအစုံနဲ့ အတန်ကြာ မျက်တောင်မခပ်ပဲ စိုက်ကြည့်နေတယ်။

ပြီးရော … ကျွန်တော့်လက်ဝါးပေါ်ကို သူ့ညာလက်ဝါး ထပ်တင်လိုက်ရော … အလိုလေး … ကျွန်တော့်ညာလက်ဝါးဟာ ကျင်စက်နဲ့ အတို့ခံလိုက်ရသလို ကျဉ်တက်သွားပါရောလားဗျာ။

ကျဉ်တက်သွားတဲ့ ကျဉ်စက်အရှိန်ဟာ လက်ဝါးကနေ လက်မောင်းအရင်းတိုင်အောင် ဆန်တက်လာပြီး ကျွန်တော့်ရဲ့ ခန္ဓာတစ်ကိုယ်လုံးကို စီးကူးသွားသလို ခံစားလိုက်ရရော။

ကျွန်တော့် အမြင်အထင်အရ ကိုရက္ခစိုးရဲ့ မျက်လုံးအကြည့်ဟာ ထူးဆန်းသော ညို့ငင်ဓွမ်းအားများ ဝင်နေရောက်နေသလို မြင်လိုက်ရလေရဲ့ခင်ဗျ။

ကြည့်စမ်း … သူ့ရဲ့ လက်ဝါးလက်ချောင်း ငါးချောင်းဟာ အလုပ်ကြမ်းသမားလက်လို ကျွဲပခုံးထပြီး ကြမ်းတောင်မနေပဲ မိန်းမသားတစ်ယောက်ရဲ့ လက်ဝါးလက်ချောင်းလို နူးညံ့ပျော့ပြောင်းလို့။

ဒီမှာ သူက ကျွန်တော့်ရဲ့ ပခုံးပေါ်ကို သူ့လက်ဝါးတင် အားထည့်ဆုပ်ကိုင်ရင်းက မမိုတ်မသုန် မျက်လုံးအစုံနဲ့ စိုက်ကြည့်ရော ..

"မင်း ရေလမ်းခရီးတစ်ခုကို သွားရလိမ့်မယ် ငါ့ညီ။ အဲဒီကျရင် 'စ' လုံးနဲ့ စတဲ့ အမည်ပါ လှေသမ္ဗန်သင်္ဘောကို လုံးဝ မစီး





လိုက်ပါနဲ့"

"စီးရင် ဘာဖြစ်မှာလဲ … နောင်ကြီး"

"စီးရင် အန္တရာယ်ဆိုးနဲ့ ကြုံရလိမ့်မယ်။ ရေလမ်းခရီးက ပြန်လာပြီးရင် ငွေလုံးငွေရင်းတစ်ခု ဝင်လိမ့်မယ်။ ဘယ်သွားသွား၊ ဘာလုပ်လုပ် သရဏဂုံကို ထုံအောင်ရွတ်၊ စိန္တာမဏိဂါထာ ရလား"

"ရတယ် နောင်ကြီး"

"ရရင် စိန္တာမဏိဂါထာကို သက်စေ့ရွတ် ဘေးကင်းလိမ့်မယ်"

"ငွေလုံးငွေရင်းဆိုတာ သိန်းဆုကြီးမျိုးပေါက်မှာကို ပြောတာလား နောင်ကြီး"

"ငါ့လူ … ဒီနှစ်အတွင်း ထီစာရွက် ခေါင်းအုံးအထူလောက် ဝယ်ထိုး လုံးဝမပေါက်ဘူး။ ဒါပေမဲ့ ထီပေါက်သတဲ့သို့ ရမှာ။ ရရင်လည်း လှူလည်းလှူ၊ စားလည်းစား၊ စုလည်းစု။ ဒါ … ကျုပ် မောင်ရင့်ရဲ့ ထမင်းကျေးဖူးကို တစ်လှည့်ပြန်မေတ္တာနဲ့ တုံ့ပြန်လိုက်တာပဲ။

ကိုင်း … သွားတော့။ ကျုပ်လဲသည်း တစ်မြို့လုံး လှည့်စစ်ဆေးစရာရှိတယ်။ မြို့တော်ဝန်က သူနဲ့အတူလိုက်ခဲ့ပါလို့ မက်ဆေ့(ချ်) လာလို့ကွ။ အဟတ် … ဟော … ဟော … ဟော့ … အဟော့ "

ကြည့် … အကောင်းပြောရင်းက ဖောက်လာပြီ။

"ညနေလည်း မလာခဲ့နဲ့နော်"

"ဘာဖြစ်လို့တုံး"

"အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီးက ညနေစာ သူနဲ့အတူစားဖို့ လေယာဉ်ပျံနဲ့ လာကြိုမှာမို့ ငါမရှိဘူး။ အကြောင်းထူးရှိရင် စာရေးပြီး ညောင်ပင်မှာကပ်ခဲ့။ ဟော … ဟော … ဟော့ … အဟော့ …"

"နောင်ကြီး ကိုရက္ခစိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံး . . . ဘာတုံး . . . အဟုန်း ဟုန်း . . ."

"နောင်ကြီးရဲ့ ဘဝနောက်ကြောင်းကို ကျွန်တော် သိခွင့်မရဘူးလား"

"အလို . . . ငါ့လူက ဘာလုပ်ဖို့"

"စာရေးချင်လို့ပါ"

"ငါ့ဘဝကို မင်းသိရင်ရော ငါရယ်သလို မင်းလိုက်ရယ်မှာလား၊ ငါငိုသလို မင်းလိုက်ငိုမှာလား။ ငါ ကြုံးဝါးတောက်ခတ်သလို မင်းကလိုက်ပြီး ကြုံးဝါးတောက်ခတ်မှလား၊ ဒါမှမဟုတ် ငါရူးသလို မင်းက လိုက်ရူးချင်လို့လား။ ရူးရဲလား . . . ပြော . . ."

"ကျွန်တော့်အိမ်မှာ လိုက်နေပါလား ကိုရှကွဲစိုး"

"ကျေးဇူးတင်ပါတယ် . . . ငါ့လူရာ။ မင်းဖိတ်မန္တက ပြုသလိုပါပဲကွာ။ အင်္ဂလန်က ဝေလမင်းသားရော၊ အမေရိကန်သမ္မတ ရောင်ရော၊ အန္တိရာဂန္ဓီရော၊ ဗီဒယ်ကပ်စထရိုကရော သူတို့နိုင်ငံမှာ လာနေပါ။ ရဲတိုက်ကြီးမှာ အစောင့်အရှောက်တွေ၊ ကျေးကျွန်တွေနဲ့ ထားပါ့မယ်လို့ ညညရောက်ရင် အိပ်မက်ထဲမှာ လာလာပြောခေါ်ကြတယ်။

ငါ ဒီမြေကို ချစ်မြတ်နိုးတယ်၊ ဟောဒီညောင်အိမ်ရာ လခပေးစရာမလိုဘူး။ မီတာခဆောင်စရာ မလိုဘူး။ အညစ်အကြေးခွန်ဆောင်စရာမလိုဘူး။ သောက်ရေအိုးစင်မှာ သောက်ရေရှိတယ်။ ဘုန်းကြီးကျောင်းမှာ ချိုးရေရှိတယ်။ ဘယ်အစိုးရဌာနမှာမှ မှတ်ပုံတင်ပြီး အလုပ်လျှောက်စရာ မလိုဘူး။

မြို့ထဲကဆိုင်ရှေ့မှာ သီချင်းဆိုပြီး ကလိုက်ရင် ရွှေမရှား၊ ငွေမရှား၊ အစာမရှားဘူး။ ငါ့ကို ညှော်စားရင်းစစ်မည့်သူ မရှိဘူး။ အချုပ်ထဲပို့မည့်သူ မရှိဘူး။ လက်ရှိ ငါ့ဘဝကို ငါ အရမ်းကျေနပ်တယ်။





လွတ်လပ်တယ်။ သွားရေးသမီးရေး စစ်ရေးဘာမှပူစရာ မလိုဘူး။ ဘာသံယောဇဉ်မှ မလွှယ်ထားဘူး။

ငါ့လူရာ ဒုက္ခကို ပခုံးနဲ့ ဝင်ကူမထမ်းချင်ပါနဲ့ကွာ။ ဇရပ်၊ ဂူ၊ သချိုင်း၊ အကြော်တဲ၊ ဘုန်းကြီးကျောင်း၊ သစ်ပင်၊ အဲဒါ မြန်မာပြည်အနှံ့အပြားမှာ ရှိတယ်။ အဲဒါ ငါ့အိမ်ချည်းပဲ။ ကိုင်း . . . ဂိုးတော့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၁၄ |

❑

လူပုံပန်းက စိတ်မနှံ့သူ အရူးလို့ ထင်ရပေမယ့် ပြောလိုက်သည့် ဒဿနက စာရေးဆရာ ကျွန်တော်တောင် ငေးငိုင်သွားခဲ့ရတယ်။ အဲဒီ ဒဿနရှင် အရူးလိုလူ ကိုရက္ခစိုးနဲ့ စကားပြောခွင့်ရပြီး နောက်နေ့မှာ ကျွန်တော် ခရီးသွားဖို့ ကြံခဲ့ပါရောခင်ဗျာ။

ခရီးလမ်းကြောင်းက စာပေကိစ္စခရီး။ သွားရမှာကလည်း ရေလမ်းကြောင်းနဲ့။ ကျွန်တော်က ရေလမ်းခရီးဆို ကြောက်တယ်။ ဘာကြောင့်လဲဆိုတော့ ဒလ-ရန်ကုန် ရေလမ်းသုံးပွင့်ဆိုင်မှာ စက်တပ်သမ္ပန်နဲ့ မိုးတွင်းကြီး စက်ရပ်လို့ ပင်လယ်ဝဘက်ကို မျောပါသွားဖူးလို့ပဲ။ မိုးတွေလေတွေ လှိုင်းတွေကြား သေပြီလို့ မှတ်ခဲ့ရတာ။ အဲဒီတုန်းက ကံကောင်းလို့ မသေခဲ့။





အဲဒီအချိန်ကစပြီး ရေလမ်းခရီးကို အထူးရှောင်ခဲ့လိုက်တော့တယ်။ နွေရာသီဆိုရင်တော့ သန်လျင်-ရန်ကုန်ကူး နှစ်ထပ်သင်္ဘော (သီတာသင်္ဘော) ကိုစီးပြီး ရန်ကုန်သွားလေ့ရှိရဲ့။

အခု ခရီးက အလွန် မျက်နှာနာရမည့်သူများနှင့် သွားရမည့်ခရီး။ ငြင်းဆန်လို့ကလည်း အားနာစရာ။ ရာသီက နွေနှောင်းမိုးဦးကာလ။

“ရေပြင်ကျယ် မဟုတ်ပါဘူး ဆရာမှိုင်းရာ။ ချောင်းလျှားရှည်ပါ။ ချောင်းကျဉ်းကလေးပါဗျ”

အဲဒီလိုပြောကြလို့ အရဲစွန့် လိုက်ခဲ့လိုက်တယ်။

ခရီးလမ်းက သုံးခွအရှေ့ ရေမိုင် (၄၀) ကျော်ခရီး။

ဦးစွာ ... သန်လျင်ကနေ သုံးခွရေဆိပ်ကို ရောက်တယ်။ စက်တပ်ပဲ့ထောင် လှေကြီးများက အစီအရီ ရေဆိပ်မှာ ဆိုက်ကပ်ထားကြလို့။

“လိုက်မယ်ဆို တက်ကြနော်။ လူပြည့်ရင် ထွက်မယ်ဗျို့”

ပဲ့ထောင် ကူးတို့သမားက အသံကျယ်ကျယ်နဲ့ အော်ခေါ်လို့ ခရီးသွား ရွာပြန်များက ဝန်စည်စလယ်များနဲ့ တက်ကြ။

“အဲဒီပဲ့ထောင်နဲ့ လိုက်မယ် ဆရာမှိုင်း”

ဓာတ်ပုံဆရာ မောင်သန်းဝင်းက သို့ကလိုပြောတော့ ကျွန်ုပ်စီးအရာရှိနဲ့ မြို့နယ်မှူးတို့က ...

“လိုက်မယ်ဆရာရေ ... ခဏလေး”

ပြောပြီး အထုပ်အပိုး ပြင်ကြပါရော။ ဒီမှာ ကျွန်တော် ကိုရက္ခစိုးလို့ခေါ်တဲ့ စိတ်မနှံ့သူ လူထူးခြားကြီးရဲ့ ပြောဟောချက်စကားကို မြေးသတိရလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ရေလမ်းခရီးကို သွားရလိမ့်မယ်။ 'စ' လုံးနဲ့ စတဲ့ အမည်ပါ လှေသမ္ဗန်၊ မော်တော်၊ သင်္ဘောကို မစီးနဲ့"

ဒီစကားကို သတိရလိုက်သည်နှင့် စက်တပ်ပွဲထောင်ရဲ့ နံရံကို လှမ်းကြည့်လိုက်မိရောဗျာ။

"စိန်တစ်လုံး"

အလို ...။ ပွဲထောင်အမည်က 'စိန်တစ်လုံး' ဆိုပါကလား။ ကျွန်တော့်ရင်ထဲ ဒိတ်ခနဲဖြစ်သွားပါရောဗျို့။

"လာဟေ့ ... တက်ကြစို့"

"လာပါ ... လာပါ ... ခုချက်ချင်း ထွက်မှာပါ"

"နေဦး ဆရာချမ်း"

"ဘာဖြစ်လို့လဲ ကိုမှိုင်း"

"နောက်ပွဲထောင်နဲ့ လိုက်ကြပါဗျာ"

"ဒီပွဲထောင်နဲ့လိုက်ရင် စောစောရောက်မယ်လေ ဆရာမှိုင်းရဲ့"

"ကျွန်တော် မစီးချင်ဘူးဗျာ"

"ဂမ္ဘီရစာရေးဆရာကလည်း ဘာဖြစ်ပြန်ပြီတုံး"

"လာကြပါဗျာ ... မလိုက်ပါနဲ့ဦး။ နောက်ပွဲထောင်နဲ့ လိုက်ကြပါ။ ကျွန်တော် မေတ္တာရပ်ခံပါတယ်ဗျာ ... နော်"

ဒါနဲ့ ဆရာချမ်းတို့၊ ကိုညွန့်ရွှေတို့၊ မောင်သန်းဝင်းတို့ ကျွန်တော့်ကိုအားနာပြီး 'တက်နေဝန်း' အမည်ရှိ နောက်ထွက်မည့် ပွဲထောင်ပေါ်ကိုတက်လို့ နေရာယူလိုက်ကြတယ်။

မကြာပါဘူး။ စိန်တစ်လုံးအမည်ရှိပွဲထောင် စက်နှိုးလို့ ထွက်သွားပါရော။ မြန်လိုက်တဲ့စက်ဗျာ။ သေနတ်ပြောင်းဝက ကျည်ဆန်ထွက်သလို ရေပြင်ကိုခွဲပြီး ပြေးသွားတာ။





ခရီးသည်အုပ်စု ပွဲထောင်ပြည့်ရော ကျွန်တော်တို့ရဲ့ 'တက်နေဝန်း' ပွဲထောင်လည်း (၁၅) မိနစ်ခန့်ခြားပြီး ထွက်ကရော။

ဟုတ်ပါရဲ့ခင်ဗျာ။

ချောင်းက အကြောရှည်ပြီး ကျဉ်းကျဉ်းလေးပဲကိုး။ ချောင်းနံဘေးမှာ လမုပင်တွေ၊ သရော (တရော) ပင်တွေ၊ ဓနိပင်တွေ ဘယ်ညာတန်းစီပေါက်လို့။ ဒီရေရောက်ချောင်းပေကိုး။

ဒီလိုနဲ့ ရွာပေါင်းများကို ဖြတ်ကျော်ခဲ့ကြတယ်။ ကျွန်တော်တို့ရှေ့က ပွဲထောင်ကို မမြင်ရတော့ဘူး။ မြန်ပါ့ဗျာ။ အသွားအပြန် ပွဲထောင်များကိုတော့ ကြုံရရဲ့။ ကျွန်တော်လည်း ပွဲထောင်ပေါ်မှာ စိန္တာမဏိဂါထာနဲ့ သရဏဂုံရွတ်ပြီး နေလိုက်ရဲ့။

ချောင်းကျဉ်းတော့ လှေခေါင်းချင်းဆုံ ပွဲထောင်ခေါင်းချင်းဆိုင်ဆုံလာရင် အရှိန်သပ်လျှော့မောင်းပြီး ရှောင်ကြသံ၊ သူ့လှေကိုယ့်လှေ အော်ဟစ်နှုတ်ဆက်သံ၊ ဟွန်းတီးပြီး နှုတ်ဆက်သံ။ အချို့ပွဲထောင်က အသံချဲ့စက်ဖွင့်ပြီး ဟာသ်ာတထွန်းရင်သီချင်း၊ တွံတေးသိန်းတန်သီချင်း ဖွင့်လာသံများဟာ ရေပြင်ချောင်းရိုးပေါ်မှာ ဆူညံနေတယ်။ တကယ့်ကို ပျော်စရာအစစ်ပါပဲဗျာ။

ဒီလိုနဲ့ တစ်နာရီကျော်ကျော်ခန့် မောင်းလာပြီးနောက် 'ဝဲကြီး' ဟူသော ရွာအရောက်မှာ အနိဋ္ဌာရုံမြင်ကွင်းတစ်ခုကို မမျှော်လင့်ပဲ မြင်လိုက်ရပါရောဗျို့။

ချောင်းကျဉ်းကျဉ်းမှာ ပွဲထောင်နှစ်စင်း ရင်ဆိုင်တိုက်မိကြသည့်ဖြစ်ရပ်။ နှစ်စီးစလုံး လှေကွဲပြီး အစိပ်စိပ်အမွှာမွှာ ဖြစ်ကုန်ကြလို့ ခရီးသည်အချို့ ဒဏ်ရာများရပြီး ကမ်းစပ်မှာ အော်ဟစ်ညည်းညူကြလို့ အချို့ သွေးသံရဲရဲ။



www.burmeseclassic.com

www.burmeseclassic.com



အချို့က မေ့မျောသတိလစ်၊ ရေကြောင်းပိတ်သလို ဖြစ်သွားရပြီး ရှေ့ကလာသည့် သမ္မန်မော်တော် ပဲ့ထောင်များရော၊ နောက်ကလာနေကြသည့် ခရီးသွားလှေသမ္မန် ပဲ့ထောင်များပါ အားလုံး ရပ်တန့်ပိတ်ဆို့ကုန်ပါရောဗျာ။

ဒဏ်ရာပြင်းသည့် လူနာများကို မြို့သွားမည့် ပဲ့ထောင်များပေါ် ဝိုင်းကူရွှေ့ကြတယ်။ ငိုသံ၊ ညည်းသံ၊ ငြင်းခုန်အပြစ်တင် ဝေဖန်ပေါက်ကွဲသံများကလည်း ချောင်းနံဘေးမှာ ဆူညံလို့။

"ဘယ်လို ဖြစ်ကြတာတုံးဗျို့"

သတင်းထောက် ကိုသန်းဝင်းက ကင်မရာလွယ်ရင်းကမေးပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်လိုက်တယ်။

"ရှေ့ကလာတဲ့ ပဲ့ထောင်ကလည်း အရှိန်မလျှော့ဘူး ဆရာ၊ မြို့ပြန် ပဲ့ထောင်ကလည်း အရှိန်ကို မချဘူးလေ။ ရဲတင်းလွန်းကြအဆင်ခြင် ကင်းမဲ့ကြတာကိုး ဆရာတို့ရဲ့။ နောက်ဆုံး ချောင်းကျဉ်းကျဉ်းမှာ အရှိန်မထိန်းနိုင်ပဲ ရှောင်လို့မရနဲ့ ရင်ဆိုင်တိုက်ကြတာလေ"

"အို ... ကျွတ် ကျွတ် ကျွတ်"

ဒီမှာ ကျွန်တော် ချောင်းကမ်းနံဘေးမှာ ဦးပိုင်းကြေမွပြီး ဝဲကွဲသွားသည့် ပဲ့ထောင်ကို လှမ်းကြည့်လိုက်ရော ...

"ဘုရားရေ ..."

ပဲ့ထောင်နံရံမှာ ပဲ့ထောင်ရဲ့အမည်ကို တွေ့ရပါရော။

"စိန် ... တစ် ... လုံး"

"ဟာ ... ဆရာမှိုင်း၊ ဒါ ကျွန်တော်တို့ စီးမလို့လုပ်တဲ့ ပဲ့ထောင်ပါလားဗျာ ဟင်"

"အစစ်ပဲပေါ့ ဆရာချမ်းရယ်"

စိတ်ကူးသစ်စာပေ



"ဘုရား ... ဘုရား ... ကံကောင်းလို့။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ ဖယ်ရှားပေးလို့သာပေါ့ဗျာ။ နို့မို့ ... ကျုပ်တို့အားလုံး ဆေးရုံကို တန်းနေမှာပဲဗျို့"

ဒီမှာ သတင်းထောက် မောင်သန်းဝင်းက ဝင်ပြောရော။

"ဆရာချမ်း ..."

"ဗျာ ... ကိုသန်းဝင်း"

"အရင် ကျေးဇူးတင်ရမှာက ဆရာမှိုင်းပဲ ခင်ဗျ။ ဆရာမှိုင်းက ဒီပဲ့ထောင်နဲ့ မလိုက်ချင်ဘူး ငြင်းလိုက်လို့ ဆရာချမ်းတို့၊ ကျွန်တော်တို့ သေကံမရောက် သက်မပျောက်ရတာ။ ဒါကြောင့် ဝမ္မီရစာရေးဆရာကြီးကို အရင်ကျေးဇူးတင်ရမယ် ခင်ဗျ"

ဒီမှာ ကျွန်တော်က ဝင်ပါသေးရတယ်။

"ဒါလည်း ဒါပေါ့ ကိုသန်းဝင်းရာ၊ အမှန်ကတော့ ဆရာချမ်းပြောသလိုပါပဲ။ အနန္တောအနန္တငါးပါး ဂုဏ်ကျေးဇူးကြောင့် သမ္မာဒေဝနတ်များက ဖယ်ရှားလမ်းလွှဲလိုက်တာလည်း ဖြစ်ကိုဖြစ်နိုင်ပါတယ်ဗျာ"

အဲဒီကစလို့ 'ပြောတိုင်းဖြစ်တယ်' လို့ နာမည်ထွက်သည့် အရှုးလိုလို၊ ဂီတသမားလိုလို၊ သဘင်သည်လိုလို၊ စိတ်ပညာဆရာလိုလို ကိုရက္ခစိုးကို လွန်စွာမှ ကျေးဇူးတင်ခဲ့ရတယ်။

သူ့ရဲ့ မနောလိုလို၊ ဗေဒင်လိုလို ဟောချက်က ခုပဲ တိုက်ဆိုင် တည့်မှန်နေပြီကိုး။

မဟုတ်မှလွဲရော ...

ဒီသီချင်းသည်ကြီးမှာ ထူးဆန်းသည့် အမြင်မနောအာရုံ၊ စိတ်နယ်လွန်စွမ်းရည်များ ဖြစ်ပေါ်ရရှိနေရောသလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၅ ]

❑

ပြောရလျှင် ဖြစ်ရပ်များက လွန်စွာကိုပဲ တိုက်ဆိုင်ဆန်းကြယ် လွန်းလှလေရဲ့ခင်ဗျာ။ ကျွန်တော်တို့ သုံးခွမြို့နယ် ( . . . . . ) ကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲမှာ နှစ်ရက်ကြာခဲ့တယ်။

ကိစ္စဝိစ္စများပြီးလို့ ကိုယ့်နေအိမ်ပြန်ရောက်ချိန်မှာပဲ ရန်ကုန်က ဧည့်သည်များ ရောက်လာကြပါရော။

"ဘာကိစ္စရှိလို့ပါလဲ ခင်ဗျာ"

"ဆရာ့ရဲ့ ဝတ္ထုဇာတ်လမ်းသုံးပုဒ်ကို ဗီဒီယိုရိုက်ချင်လို့ လာဝယ်တာပါ ဆရာ"





"ဗျာ . . ."

ကျွန်တော် အံ့သြရချေပြီ။ သို့နှင့် ဈေးစကားညှိနှိုင်းကြရာ တစ်ပုဒ်ကို တစ်သိန်းခွဲနှင့် ဈေးတည့်ပြီး ဗီဒီယိုမှ ဇာတ်လမ်းသုံးပုဒ် ငွေအကြေ ချေသွားခဲ့ပါရောလား။

ကြည့်စမ်း . . .။

ရောက်ရောက်ချင်း ငွေငါးသိန်းနီးပါး ကောက်ကာငင်ကာ ဝင်လေပြီ။

ကိုရကွန်းစိုး ကြိုတင်နိမိတ်ဖတ်လိုက်သည့် ဟောချက်စကားတို့က ဒုတိယအကြိမ်မြောက် ဒက်ထိ တိုးခဲ့ပြန်ပါပြီ ခင်ဗျာ။

"မင်း ဒီနှစ်အတွင်း ထီလုံးဝမပေါက်ဘူး။ ထီလက်မှတ် ခေါင်းအုံးအထူလောက် ဝယ်ထိုးလည်း မပေါက်ဘူး။ ဒါပေမဲ့ ထီပေါက်သလို ငွေလုံးငွေရင်းဝင်မယ်။ ရရင် လှူပါ၊ စုပါ၊ စားပါ"

"ဝမ်းသာလိုက်တာဗျာ။ အံ့ရော . . . အံ့ရော . . ."

သူများပြောတာကို အစကနည်းတုန်းက မယုံချင်ဘူး။ ဒီကိုရကွန်းစိုး ပြောရင် ပြောတိုင်းဖြစ်တယ်ဆိုတာလေး။ ခု . . . ကိုယ်တိုင် ဖြစ်ပျက်ကြုံခဲ့ရရော မယုံလို့မရဘူးလေဗျာ . . . နော"

ဧည့်သည်တွေပြန်ရော ကျွန်တော် ဈေးကို ချက်ချင်းသွားလိုက်တယ်။ ကျေးဇူးရှင် မင်္ဂလာစကား ဟောပြောချီးမြှင့်သူ ကိုရကွန်းစိုးအတွက် ပိန်းတန်းသားရေ ဖိနပ်ကတစ်ရံ၊ ရှပ်အင်္ကျီလက်ရှည်က နှစ်ထည်။ ကချင်ပုဆိုးက နှစ်ထည်၊ ကချင်လွယ်အိတ်ကတစ်လုံး ဝယ်ပြီး စုထည့်လို့ ကိုရကွန်းစိုး မှီတင်းနေထိုင်ရာ ညောင်ပင်အောက်ကို အပြေးလာခဲ့လိုက်တယ်။

ကျွန်တော် ရောက်သွားသည့်အချိန်မှာ . . .



www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်ဝန်းကျင်အောက်မှာ ကလေးလူကြီးတွေ တရုန်းရုန်း တအုံးအုံးနဲ့ဖြစ်လို့ ကြည့်လိုက်တော့ . . .

ဘုန်းကြီးအိုကြီးတစ်ပါးက ဟိုညောင်ပင်ပေါ် စောင်ပုခက်ထဲမှာ ထိုင်နေသည့် ကိုရက္ခစိုးကို အောက်ကနေ အော်ခေါ်နေရဲ့ဗျ။

"မောင်အိုးစည် . . ."

"ဟေ့ . . . မောင်အိုးစည် . . . ဆင်းခဲ့လေ"

ဘုန်းကြီးအိုကြီးနှင့်အတူ ဖိုးသူတော်ဝတ်စုံနှင့် ပုတီးကြီး လည်ပင်းဆွဲထားသည့် လူဝဝကြီးကလည်း ဟစ်အော်လို့ ခေါ်နေလေရဲ့။

"ဟေ့ကောင် . . . အိုးစည်၊ ခုဆင်းစမ်း"

ဘုန်းကြီးအိုကြီးကတော့ လိမ်ကောက်ကောက် ရွှေပိန်းချ တောင်ဝှေးကို ထောက်လိုက်၊ မြှောက်လိုက်လုပ်ပြီး သစ်ပင်ပေါ်မော့ ကြည့်လို့ လူကြီးအမည်ကို အော်ခေါ်ဆင်းခိုင်းနေရဲ့။

အလို . . . ဘာတဲ့ . . .

ကိုရက္ခစိုးအမည်က 'မောင်အိုးစည်' ဆိုပါကလား။

"မောင်အိုးစည် . . . ဆင်းခဲ့၊ ခုဆင်းခဲ့လေ"

"မဆင်းဘူး . . . အဖေဘုန်း . . . ခု ပြန်တော့"

"မင်းမပါရင် ငါ လုံးဝမပြန်ဘူး။ မင်း ခုချက်ချင်း ဆင်းခဲ့"

"မဆင်းဘူး . . . အဖေဘုန်း ပြန်တော့"

ကြည့်ဗျာ . . . ။ အောက်က အဖေဘုန်းဆိုသူ ဘုန်းအိုကြီးက ရင်ခေါင်းသံနဲ့ခေါ်လေ သူက ပြန်တော့ချည်း တွင်တွင်ပြောလေ . . .

"ငါ အပင်ပေါ်တက်ပြီး ဆွဲချရမလား အိုးစည် . . . ဟင်"

"မတက်နဲ့။ အဖေဘုန်းပြုတ်ကျပြီး မာလကီးယားမယ်"





"မင်း လုံးဝ မဆင်းဘူးပေါ့"

"မဆင်းဘူး။ ဒါ ကိုယ့်အိမ်"

"ဒါဆို ငါ့အကြောင်း သိရမှာပေါ့ကွာ . . . ဟင်း . . ."

ဒီမှာပဲ အလွန်စိတ်မြန်ပုံရသည့် ဘုန်းကြီးအိုကြီးဟာ တောင်ဝှေးကို သစ်ပင်ပင်စည်မှာ ကပ်ထောင်လိုက်ပြီး သစ်ပင်ပေါ်ကိုတက်ရန် ပြင်လိုက်ရော . . .

အနီးရှိ ဖိုးသူတော်လို လူကြီးနဲ့ အရပ်လူကြီးများက . . .

"အရှင်ဘုရား . . . မသင့်တော်ပါဘူး ဘုရား"

"ဟ . . . ဆင်းခိုင်းလို့မှ မရတာဥစ္စာ"

"ဟေ့ . . . မောင်အိုးစည် ဆင်းလိုက်လေကွယ်"

"နိုး . . . နိုး . . . အိုင် ဒုံး နိုး . . ."

လူကြီးတွေ စိတ်မြန်လက်မြန် ဘုန်းကြီးအိုကြီးကို လက်အုပ်ချီတောင်းပန်ပြီး နီးရာ ခုံရှည်တန်းမှာ ထိုင်ဖို့ ဝိုင်းမေတ္တာရပ်ခံကြရတယ်။ သည့်နောက် သူတို့ကလည်း သစ်ပင်ပေါ်ရှိ ကိုအိုးစည်ဆိုသူ ကိုရက္ခစိုးကို ပြန်ဆင်းပြီး ခေါ်ရာလိုက်သွားဖို့ ဝိုင်းအော်ကြပေမဲ့ အသံဝင် အာသာညောင်းရော ကိုအိုးစည်ခေါ် ကိုရက္ခစိုးက ပုခက်ထဲက ဒူးနံ့နေလိုက်လေရဲ့။

ကျွန်တော်ကလည်း အသိရင်းဖြစ်နေပြီမို့ ဝင်ကူပြီး မေတ္တာရပ်ခံသော်လည်း လုံးဝမှ လုံးဝ။ ဒီမှာ ဘုန်းကြီးအိုကြီးက . . .

"ဟေ့ . . . မောင်အိုးစည်"

" . . . . . . "

"မင်းကို ငါ ဆင်းလာအောင် လုပ်ရမလား"

"လုပ်လို့ရရင် လုပ်လေ။ အဟေ . . . ဟေ . . ."



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း . . . အာဂလူဗျာ။ ဘုန်းကြီးအိုကြီးက သူနဲ့ ဘယ်လိုတော်စပ်မှန်း မသိဘူး။ သံယောဇဉ်ကြီး၊ စိုးရိမ်ကြီးစွာနဲ့ အသံတုန်တုန်နဲ့ အော်ခေါ်နေရှာတာဗျ။

"အေး . . . ဒါဆို မင်း ငါတို့အကြောင်း ခုချက်ချင်း သိရတော့မယ်။ ဖိုးသူတော် . . . စိန်ကတုံး"

"ဘုရား . . ."

"ရော့ . . . တောင်ဝှေး၊ အဲဒီသစ်ပင်ပေါ်က လူ့တိရစ္ဆာန်ကောင်ကို မြေကြီးပေါ် ခြေမချချအောင် ဖိုးသူတော်စိန်ကတုံး စီရင်လိုက်တော့။

"မှန်ပါ့ဘုရား"

ဒီမှာပဲ ဖိုးသူတော် စိန်ကတုံးဆိုသူ ဝဝဖိုင့်ဖိုင့် ပိတ်ဖြူဝတ် ဦးပြည်းကတုံးနဲ့ ဖိုးသူတော်ကြီးက ဘုန်းကြီးအိုကြီး လှမ်းပေးသည့် လိမ်ကောက်ကောက် ရွှေပိန်းချတောင်ဝှေးကို ရိုရိုသေသေ လှမ်းယူလိုက်ပြီး ညောင်ပင်ကြီးကို လှည့်ပတ်လှေ့လာ ကြည့်ရှုနေတယ် ခင်ဗျ။

ကုက္ကိုပင်ပေါ်က ကျီးကန်းတွေကလည်း ဒီနေ့ကျမှ ထူးထူးကဲကဲ အုပ်လိုက်အုပ်လိုက်ကျပြီး ညောင်ပင်ပေါ်မှာ အော်ဟစ်ပျံသန်းလုပ်လို့။ ကျီးအုပ်ကြီးက ဝုန်းခနဲ ဝဲပျံလိုက်၊ ခိုနားအော်ဟစ်လိုက်။

လူအုပ်ကလည်း ဒီနေ့တော့ ကိုရက္ခစိုး (ခေါ်) ကိုအိုးစည်ဆိုသူနဲ့ ဘုန်းကြီးအိုကြီးတစ်ပါးနဲ့ ဖိုးသူတော်တစ်ဦးရဲ့ အခြေအတင်ကိစ္စကို သိလိုကြလို့ တဖြည်းဖြည်း ညောင်ပင်ကြီးအောက်မှာ ပိုများ ပိုစုဝေးပြီး မော့ကြည့် စောင့်ကြည့် အကဲခတ်ကြလို့။

ဒီလိုနဲ့ ဖိုးသူတော်ဝဝကြီးက ညောင်ပင်ကို လှည့်ပတ်လှေ့လာ စူးစမ်းရာကနေ ညောင်ပင်အောက်ခြေအထက်နားက သစ်ခေါင်းပေါက်





တစ်ခုကို မြင်တွေ့ပြီး စူးစိုက်ကြည့်နေတယ်။

သည့်နောက် သစ်ခေါင်းပေါက်ထဲကို ဘုန်းကြီးအိုကြီးပေးတဲ့ တောင်ဝှေး ထိုးထည့်ပြီး အသာဆွဲထုတ်ကြည့်လိုက်ရော မည်းမည်းအကောင်တွေ တောင်ဝှေးထိပ်ဖျားမှာ တန်းစီပါလာပါရောဗျာ။

ကျွန်တော်တို့ လှမ်းကြည့်လိုက်တော့ . . .

ဒါ . . . အလွန်အဆိပ်ပြင်းသည့် ပသန်ကဲ့သို့သော အကောင်ငယ်များကိုးဗျ။

ဖိုးသူတော်ကြီးဟာ အဲဒီအကောင်မည်းမည်း အဆိပ်ပြင်းသတ္တဝါများကို အနီးကပ်ကြည့်လိုက်ပြီး ပါးစပ်ကနေ တစ်စုံတစ်ရာ ရေရွတ်ပြောဆိုလို့ ညောင်ပင်အပေါ်လမ်းကြောင်းကို ရွှေပိန်းချတောင်ဝှေးနဲ့ လမ်းညွှန် တင်ပို့ပေးလိုက်ပါရော။

ပြီး . . . သစ်ခေါင်းထဲကိုလည်း တောင်ဝှေးနဲ့ ထိုးဆွမွှေလို့ အမိန့်ပေးသလို လုပ်လိုက်တယ်။ ဒီမှာပဲ အကောင်မည်းမည်း၊ ဖင်မြီးချွန်ချွန်၊ ခါးလျားရှည်ရှည် ပုရွက်ဆိတ်အကြီးစားလို အကောင်များဟာ ဟိုညောင်ပင်ပေါ်ကို တန်းစီဖြာခွဲလို့ တက်သွားကြရောဗျာ။

ကြည့်စမ်း . . .။ ဆယ့်ငါးမိနစ်လောက်သည်း ကြာရော . .

ဟိုညောင်ပင်အပေါ် ခွကြားရှိ ကိုရက္ခစိုး (ခေါ်) ကိုအိုးစည်ထံမှ နာကျင်စွာ အော်ဟစ်လိုက်သည့်အသံကို အားလုံး ကြားရမြင်ရသလို၊ ခများလည်း ပသန်မည်းမည်း၊ အဆိပ်ပြင်းကောင်များကိုက်လို့ ထွန့်ထွန့်လူးနေပြီ။

ပွတ်သပ် လူးလွန့်နေရောလားဗျာ။ အဲဒါ စောင်ပုခက်ထဲမှာ အကျအန နေလို့မရတော့ဘူး။ အပေါ်သစ်ကိုင်းကို ကူးရရော။ အကောင်မည်းမည်း၊ ရှည်ရှည်လေးများကလည်း လူပ်ရှားသံကြားရာ သူ့နောက်



www.burmeseclassic.com

www.burmeseclassic.com



ကို လိုက်နေပုံရရဲ့။

သူဟာ ငုံ့ကြည့်လိုက်၊ ကြောက်လန့်တကြား တစ်ကိုင်းပြီးတစ်ကိုင်း ခုန်ခုန်ကူးလိုက်နဲ့ မျောက်တစ်ကောင်အတိုင်းပဲ။ ဒီမှာ ကျီးကန်းအုပ်တွေကလည်း သူတို့သိုက်မြုံကို ကိုအိုးစည် လိုက်ဖျက်ဆီးနေတယ်မှတ်ပြီး သူ့ကို ဝိုင်းဝန်းထိုးဆိတ်ကြ။

ကိုရက္ခစိုး (ခေါ်) ကိုအိုးစည် အကြီးအကျယ် ဒုက္ခရောက်နေရော။ အောက်က ကြည့်နေသူများကလည်း ကိုရက္ခစိုး သစ်ပင်ပေါ်ကနေ မြေပြင်ကို ပြုတ်ကျမှာစိုးရိမ်ကြလို့။

ကိုရက္ခစိုးဟာ သူ့တစ်ကိုယ်လုံး လက်ဘယ်ညာနဲ့ ဖယ်ဆက်သလို ပွတ်လိုက်၊ ဝိုင်းထိုးဆိတ်ကြသည့် ကျီးကန်းများကို တွန်းလှန်အော်ဟစ်မောင်းရင်းနှင့် ဟိုကိုင်းကူး ဒီကိုင်းခုန်ဖြစ်လိုက်။

နောက်ဆုံးတော့ ကျွန်တော်တို့လူ ကြာရှည်မခံနိုင်တော့ဘူး။

အပေါ်ကိုင်းများမှသည် အောက်ကိုင်းများရှိရာကို ခုန်ကူးဆင်းလာလိုက်တယ်။ ထူးဆန်းစွာပါပဲဗျာ ... ပုရွက်မည်း၊ အဆိပ်ပြင်းအကောင်များကလည်း သူ့နောက်ကနေ အများအပြား တန်းစီပြီးလိုက်နေတာ၊ ကိုက်နေတာ။ ကျီးကန်းအုပ်ကလည်း ဝိုင်းလိုက် ထိုးဆိတ်နေကြတာ။

ရှောင်ပြေးစရာနေရာ လုံးဝလည်း မရှိရော အောက်ဆုံးသစ်ကိုင်းပေါ်ကနေ မြေပြင်ရှိရာကို လွှယ်အိတ်ကြီး စလွယ်သိုင်းပြီး ခုန်ချလိုက်ကရော။

"ဝုန်း ..."

"ဖုန်း"

"အား ... အမယ်လေးဗျာ။ အား ... ကျွတ် ... ကျွတ်





ကျွတ် ... အား ..."

ကိုယ့်လူ ဘုန်းကြီးအိုကြီးရှေ့မှောက်ကို ငုတ်တုပ်ဒူးထောက်ကျလာတာ။ ကျလာပြီးနောက် မြေပြင်မှာ တစ်ကိုယ်လုံး လူးလွန့်ပြီးအော်ဟစ်နေတယ်။ အော်ဟစ်ရင်းက လက်အုပ်ချီလို့ ဘုန်းကြီးအိုကြီးကို ဦးတိုက်ရှိခိုးတောင်းပန်နေတယ်။

ကိုရက္ခစိုး (ခေါ်) ကိုအိုးစည်ရဲ့ မျက်နှာ၊ လည်ပင်း၊ လက်၊ ခြေ တစ်ကိုယ်လုံးမှာ ပုရွက်မည်းအဆိပ်ရှိ အကောင်များရဲ့ ကိုက်ချက်ကြောင့် အဖုအပိန့်များ ရဲတွတ်ဖုဖော်င်းပြီး မျက်လုံးအစုံပါ ပိတ်လုမတတ် ယောင်ကိုင်းနာကျင်နေပြီလေ။

"အား ... မလေး ... သေပါ ပြီဗျာ။ အား ... အ .. အ"

"အရမ်းနာနေလားဟဲ့ ... အိုးစည်"

"နာ ... နာ ... အား ... ကျွတ် ... ကျွတ် ... ကျွတ် ကယ်ပါဦး ဘုရား"

"ဘာလို့ ငါခေါ်တုန်းက ဆင်းမလာတာလဲ"

"မ ... မ ... လိုက်ချင်လို့ပါ။ အား ... အား ... အမယ်လေးဗျာ"

"မှတ်ပြီလား"

"ဟုတ် ... ဟုတ် ..."

"ငါတို့နဲ့ လိုက်မှာလား"

"အင်း ... အင်း ... ဟုတ် ... ဟုတ် ... အား ... ကျွတ် ကျွတ် ... ကျွတ် ..."

ဒီမှာပဲ ထွန့်ထွန့်လူး အော်ဟစ်နေသည့် ကိုအိုးစည်ရဲ့ ဦးခေါင်းပေါ်ကို ဘုန်းကြီးအိုကြီးက ညာလက်ဝါးတင်ပြီး မေတ္တာသုတ်အပါအဝင်



www.burmeseclassic.com

www.burmeseclassic.com



ဂါထာမန္တန်များနဲ့ အဆိပ်ပြေ၊ အဆိပ်ကျ မန္တန်များကို ရွတ်ပြီး လက်ဖဝါးနဲ့ တစ်ကိုယ်လုံးကို သပ်သပ်ချလိုက်၊ ဆွဲယူလွှင့်ပစ်လို လုပ်လိုက်ပေးလိုက်ရော ...

ဘုရားရေ ... အံ့သြစရာကောင်းလိုက်ပါဘိဗျာ။ မျက်နှာ၊ လက်၊ ခြေထောက်၊ နားရွက်၊ ရင်ဘတ်များပေါ်မှ အဖုအပိန့်များဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို လျှောကျသွားပါရောဗျာ။

ကြည့်နေမြင်နေရင်းမှာပဲ အဖုအပိန့်များ ပိန်ရှုံ့လျှောကျလို့ နဂိုမူလ အသားအရေအတိုင်း ပြန်ဖြစ်သွားပြီး ကိုရက္ခစိုး ကောင်းမွန်စွာ နေနိုင်သွားပါရောဗျာ။ အံ့ရော ...''

ဒီလို နေသာထိုင်မွန် ရှိသွားတော့မှ ကိုအိုးစည်ဟာ ဘုန်းကြီးအိုကြီးရဲ့ ခြေဖမိုးကို အကြိမ်ကြိမ် ဦးတိုက်ကန်တော့နေတာကို ကျွန်တော်တို့အားလုံး ထူးခြားဆန်းကြယ် ဖြစ်ရပ်များအဖြစ် ကိုယ်တွေ့ မြင်ရပါလေရော ခင်ဗျာ။

✿ ✿ ✿

[ ၁၆ ]

❑

ဘုန်းကြီးအိုကြီးနဲ့ စိတ်မနှံ့သလိုဖြစ်နေသည့် ကိုအိုးစည်တို့ ညသျှစ်ကိုးပင် ဘုန်းကြီးကျောင်းမှာ ခေတ္တတည်းနေကြသည်ကို ကျွန်တော် ကြားသိရရော ဘုန်းကြီးအိုကြီးတို့အတွက် လှူဖွယ်ဝတ္ထုပစ္စည်းများ ဝယ်ယူလှူဒါန်းလို့ ထပ်မံချဉ်းကပ် မေးမြန်းသမှု ပြုရပြန်ပါရောလေ။

ဒီမှာ အသက် (၉၀) (၁၀၀) နီးပါးရှိ ဘုန်းကြီးအိုသုံးပါးက ကျွန်တော့်ကိုကြည့်ပြီး မေးကြရော ...

"ဒကာကြီးအမည် ဘယ်လိုခေါ်သတုံး"

"မောင်ညိုမှိုင်းလို့ ခေါ်ပါတယ် ဘုရား"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်အကိုင်ကရော"

"စာရေးဆရာပါဘုရား"

"ခုရော ဘာကိစ္စနဲ့ ဘုန်းကြီးတို့ကို လာတွေ့ရတာတုံး"

"တပည့်တော်ဟာ ဒီ ကိုရုက္ခစိုးရဲ့ အသိမိတ်ဆွေပါ အရှင်ဘုရား"

"ကိုရုက္ခစိုးလို့ ခေါ်ကြတယ်တဲ့လား"

"မှန်ပါ ...။ ဒီမြို့ ဒီအရပ်ကတော့ သူ့ကို ကိုရုက္ခစိုးလို့ အမည်ပေးထား ခေါ်ကြပါတယ် ဘုရား"

"ဒါနဲ့ ဒကာကြီးနဲ့ မောင်အိုးစည် ဘယ်လိုရင်းနှီးကြသတုံး"

ဒီမှာပဲ ကျွန်တော်က ကိုအိုးစည်ရဲ့ အနေအထိုင် အပြုအမူနဲ့ ထူးဆန်းသော ပြောဟောချက် ဖြစ်ရပ်များကြောင့် ကျွန်တော်၊ ကိုမွန်နားတို့ အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ရပုံများကိုလည်းကောင်း၊ သူ ကြိုတင်နိမိတ်ပြ ပြောခဲ့သလို ငွေကြေးကိစ္စများလည်း အောင်မြင်အဆင်ပြေလို့ ကျေးဇူးပြုရန် အဝတ်အစားများ၊ စားစရာများ ဝယ်လာပေးရင်းက ခုလို ကြုံရပါကြောင်း ပြန်လည်လျှောက်ထားလိုက်တယ်။

ဒီမှာပဲ ... ဘုန်းကြီးအိုကြီးမှာရော ဖိုးသူတော်လူဝကြီးကပါ ပြုံးပြုံးပြုံးပြုံး ခေါင်းတညိတ်ညိတ် လုပ်နေကြရဲ့။

"ဘုန်းဘုရား"

"ဆို ... ဒကာကြီး"

"ကိုအိုးစည်နဲ့ တပည့်တော် တွေ့လို့ရမလားဘုရား"

"သူ့ကို ဆေးတိုက်ထားတယ် စာရေးဆရာ။ သူ့ရဲ့ စိတ်ရောဂါကို ပျောက်ကင်းချမ်းသာအောင် ကုသဖို့ ဘုန်းကြီးတို့ အချိန်ယူညှိ





မယ်။ သူအခု အိပ်မောကျနေတယ်လေ"

"ဒါ ... ဒါဆို ... တပည့်တော် သူ့ဘာဖြစ်စဉ်ကို သိခွင့်ရနိုင်မလား အရှင်ဘုရားတို့ ဘုရား"

"ဘာဖြစ်လို့များ သိချင်ရတာတုံး ဒကာကြီးရယ်"

"မှန်တဲ့အတိုင်း ပြောရရင် တပည့်တော် သူ့ကို သနားတယ် ဘုရား။ သူ့ပုံစံက စိတ်ဝေဒနာတစ်ခုခုကို သည်းသည်းမဲမဲ နာကြည်းခံစားနေရပုံပါဘုရား။

အဲဒါ တပည့်တော်က ဆေးကုပေးချင်လို့ တပည့်တော်နဲ့ အတူနေပါလားလို့ ပြောလည်း မနေဘူးတဲ့ဘုရား။ သူ့အကြောင်းမေးလည်း ဘာမှပြန်မပြောဘူး။ ကူညီလို့ရရင် ညီရင်းအစ်ကိုလို သဘောထားပြီး ဝိုင်းဝန်းကူညီချင်လို့ပါ ဘုရား"

"အင်း ... သာဓု ... သာဓု ... သာဓု ... ဒကာကြီးတို့ မွဒိတာသမားနဲ့ တွေ့ရကြုံရတာ ဘုန်းကြီးတို့ ဝမ်းသာပါတယ်"

ဒီမှာ ဘုန်းကြီးအိုကြီးက တစ်စုံတစ်ရာကို စဉ်းစားတွေးတောချင့်ချိန်သလို ပြုရာကနေ ...

"ဒကာကြီးရယ် ... အမှန်တကယ်တော့ အဲဒီမောင်အိုးစည်ဟာ ဘဘုန်းရဲ့ ရင်သွေးသားတစ်ဦးပါပဲ"

"ခင်ဗျာ ... ဘ ... ဘဘုန်းက ကိုရုက္ခစိုး ... အဲ ... အဲ ... ကိုအိုးစည်ရဲ့အဖေ ... ဟုတ်လား ဘုရား"

"ဟုတ်တယ်ပေါ့။ ကိုင်း ... ဒကာကြီး၊ အချို့အကြောင်းများက ဘုန်းကြီးမပြောသင့်လို့ မပြောချင်ဘူး။ ဘိုးသူတော်စိန်ကတုံး .."

"ဘုရား ..."

"ဟောဒီ စာရေးဆရာဒကာကြီး သိချင်တဲ့ မောင်အိုးစည်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝဖြစ်စဉ်ကို ဟိုကျောင်းအောက်မှာ ဖိုးသူတော်ကြီးကပဲ ပြောပြလိုက်ပေရော့''

''မှန်ပါဘုရား''

''လာ ... ဒကာကြီး ကျောင်းအောက်ကို သွားကြစို့''

ကျွန်တော်နဲ့ ဖိုးသူတော် ဦးစိန်ကတုံးတို့ဟာ ဘုန်းကြီးအိုကြီးသုံးပါးကို ရှိသေစွာ ဝတ္တုပစ္စည်းများနဲ့ ကန်တော့ဦးချပြီး ကျောင်းအောက်ရှေ့ အရိပ်အာဝါသကောင်းသည့် ကုက္ကိုပင်အောက် ကွပ်ပျစ်ပေါ်မှာ အတူထိုင်လိုက်ကြတယ်။

''ဒီလိုဗျာ ... ဒကာကြီး စာရေးဆရာရဲ့။ မောင်အိုးစည်အဖေအခု ... ဘဘုန်းရဲ့ လူအမည်ရင်းက ဦးတောကျော်တဲ့။ မန္တလေးနယ်(.....) ရွာက ရုပ်သေးမင်းသားကြီးပေါ့ဗျာ။ ကိုအိုးစည်ရဲ့ အမေကဒေါင်းယဉ်ညိုတဲ့။ ရုပ်သေးမင်းသမီး ကြိုးကိုင်ပေါ့။ နယ်လှည့် ဘုရားပွဲ၊ ဘုန်းကြီးပျံ၊ အလှူမင်္ဂလာပွဲများမှာ ရုပ်သေးပွဲ လိုက်ဖျော်ဖြေ ကပြရသပေါ့ဗျာ။

''ရုပ်သေးစင်ရဲ့ အမည်ကရော ဘသူတော်''

''မင်္ဂလာညွန့် ရုပ်ကြီးစင်တဲ့ဗျာ''

''အဲဒီတုန်းက ဘသူတော်ကရော ဘာတုံးခင်ဗျ''

''အဲဒီတုန်းက ကျုပ်ကလည်း မင်္ဂလာညွန့် ရုပ်ကြီးစင်မှာ ပုဏ္ဏားကိုင် လူကြမ်းကိုင်ပေါ့ဗျာ''

''ဩော် ... အားလုံး တစ်ဖွဲ့သားထဲပေါ့''

''ဟုတ်ပေဗျာ။ ကျုပ်တို့အားလုံးက ကြိုးဆွဲရော၊ အပြောရော အဆိုရော ကိုယ်စီရကြတယ်။ တိုတိုပြောရရင် ဘုန်းကြီးကိုတောကျော်နဲ့ မဒေါင်းယဉ်ညိုတို့မှာ သားလေးတစ်ဦး ရှိခဲ့တယ်။ အသက် (၇)နှစ်





သားပေါ့။ အသက် (၈)နှစ်သားအရွယ်မှာ ရုပ်သေးကြိုးဆွဲ မင်းသမီးမြဒေါင်းယဉ်ညို သွေးတိုးရောဂါနဲ့ ဦးနှောက်ကြောပြတ်ပြီး ရုပ်သေးစင်ပေါ်မှာပဲ ကွယ်လွန်နိစ္စ ရောက်သွားခဲ့တယ်။

အဲဒီတုန်းက အမရပူရမြို့နယ်က ကျေးရွာ သံဃဆရာတော်ဘုရားကြီးရဲ့ အန္တိမဈာပနပူဇာ သဘင်ညပေါ့။ အဲဒီကစပြီး ကိုတောကျော်လည်း ချစ်ရသည့်ဇနီးဆုံးလို့ စိတ်ချိုးချိုးချပြီး အိုဇာသွားခဲ့တယ်။ နောက်ပိုင်း ဇနီးစိတ်နဲ့ ရုပ်ကြီးစင် အနုပညာလောကကို ကျောခိုင်းပြီး ဘုန်းကြီးဝတ် တောထွက် တရားကျင့်သည့်ဘဝကို ရောက်သွားခဲ့တော့တာပဲ။

အဲဒါ ညီအရင်းအစ်ကိုလိုနေသည့် ကျုပ်ကလည်း ဇနီးသားသမီးမရှိတော့ မောင်အိုးစည်ကလေးကို ကျွေးမွေးစောင့်ရှောက်ပြီး ရုပ်သေးကြိုးဆွဲပညာ၊ ရုပ်သေးဇာတ်ပြားသီချင်း ပညာများ သင်ပေးရင်း ရုပ်သေးစင်ပေါ်ကို ဆွဲဝင်ခဲ့တယ်။

မောင်အိုးစည်က ဘမျိုးဘိုးတူ အနုပညာဗီဇ အားကောင်းတော့ နှစ်ပိုင်းအတွင်းမှာ အဲဒီ ရုပ်သေးပညာကို တတ်မြောက်ခဲ့တယ်။ ရုပ်ကလေးကလည်း ချော၊ အသံကလည်း ကောင်းတော့ နောက်ပိုင်း 'အောင်မင်္ဂလာရွှေ' ဇာတ်အဖွဲ့က သဘောကျပြီး ခေါ်သွားလေရဲ့ဗျာ။

ဇာတ်ထဲမှာ မင်းသားကြီး အောင်မင်္ဂလာရွှေက သူ့ကို ဇာတ်သဘင်ပညာများ အောက်ခြေသိမ်းကစလို့ သင်ကြားပေးလိုက်တာ အသက် (၁၆) နှစ်သားမှာ နာမည်ရ မင်းသားတစ်လက် ဖြစ်ခဲ့ရပြီး မန္တလေး၊ အမရပူရ၊ စစ်ကိုင်း၊ မုံရွာ၊ ဘုတလင် အနှံ့မှာ မင်းသားလေး 'ရွှေအိုးစည်' ဆိုရင် လူတိုင်းချစ်၊ လူတိုင်းကြိုက်၊ ဇာတ်အဖွဲ့က အလေးထားအားကိုးရသည့် မင်းသားချောတစ်လက် ဖြစ်ခဲ့ရလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူကလေး မောင်ရွှေအိုးစည်ဟာ လူကြီးမိဘမှန်း သိတယ်ဗျ။ ဇာတ်နားသည့်ရက်များနဲ့ ကြုံရင် သူ့အဖေဘုန်းကြီးရှိရာကို သွားပြီး ကန်တော့လို့ ဝတ်ကြီးဝတ်ငယ် ပြုစုတယ်။ ကျုပ်ကိုလည်း ငွေကြေးကအစ စောင့်ရှောက်ကူညီတယ်။

သူ့အဖေဘုန်းကြီးသင်ပေးလို့ ရတနာသုံးပါးအကြောင်းမှသည် ပရိတ်ကြီး (၁၁)သုတ် အကုန်အလွတ်ရခဲ့တယ်။

အဲဒီအချိန်တုန်းက အောင်မင်္ဂလာ ရွှေဇာတ်ကြီးမှာ ထင်ရှားတဲ့ သဘင်ပညာသည်သုံးဦး ရှိခဲ့တယ်လေ။ မင်းသားချော မောင်ရွှေအိုးစည်ရယ်၊ မင်းသားချောလေး စိန်ကြည်လင်းရယ်၊ မင်းသမီး မြလေးစိန်ရယ်ပေါ့။

သူတို့သုံးယောက်အားကြောင့် 'အောင်မင်္ဂလာရွှေ' ဇာတ်ကြီးဟာ အထက်မြန်မာပြည်မှာ ဟိုးဟိုးကျော်ပြီး ပွဲချိစိပ်စိပ် က,ခဲ့ရတယ်၊ ဒီမှာ ပြဿနာက စတာပဲ။

'မြကလေးစိန်' ကလည်း ချောမှချောကွယ့်၊ လှမှလှကွယ်၊ အသံကလည်း ကောင်းသလားမမေးနဲ့။ သူမရဲ့အမေက နာမည်ကျော် ဇာတ်ကြီးက နောက်ပိုင်းမင်းသမီးကြီး 'အလင်္ကာမြ'လေ။ ဒါကြောင့် မြကလေးစိန်ကလည်း ဇာတ်ထုပ်ရော၊ အကရော ပိုင်နိုင်တာပေါ့။

အဲဒီမင်းသမီး မြကလေးစိန်နဲ့ မောင်ရွှေအိုးစည်နဲ့က ဇာတ်ထဲမှာ ချစ်သူရည်းစား။ တစ်ယောက်ကိုတစ်ယောက် အလွန်ကို ချစ်ကြတာ။ ဒီနှစ် ပွဲသိမ်းရာသီရောက်ရင် လက်ထပ်ကြဖို့ နှစ်ဦး အစီအစဉ်ရှိတယ်။

ဒီ သူတို့ အချစ်ရေး အိမ်ထောင်ရေးကိစ္စကို သူ့အဖေဘုန်းကြီးကိုရော၊ ကျုပ်ကိုရော ဖွင့်ပြောတိုင်ပင်ပြီးသား။ စုဆောင်းထားသည့်





ငွေကြေးလည်း မနည်းဘူး။ ပွဲကလို့ရသမျှငွေကို ဘဏ်မှာ ငွေစာရင်းဖွင့် စုထားတာ''

ခက်တာက လက်ထောက်မင်းသား စိန်ကြည်လင်းပဲ။ စိန်ကြည်လင်းကလည်း မင်းသမီး 'မြကလေးစိန်'ကို တစ်ဖက်သတ်ကြိုက်နေတာ၊ ပိုးနေတာ။ မြကလေးစိန်က သူမနဲ့ ရွှေအိုးစည်တို့ ချစ်သူဘဝ ရောက်နေပါတယ်လို့ ဖွင့်ပြောပြထားတာကို လက်မခံချင်ဘူး။

သူ (မင်းသားစိန်ကြည်လင်း) က ဇာတ်ပိုင်ရှင်မင်းသားကြီး 'အောင်မင်္ဂလာရွှေ' ရဲ့ တူအရင်းခေါက်ခေါက်။ ပြောရရင် ဇာတ်အဖွဲ့မှာ ဟိုနေရာသြဇာပေး၊ ဒီနေရာသြဇာပေးပြီး အရက်ကလေး တမြမြ ပိုကာတဆွဲဆွဲနဲ့ လူပေါ်ကြော့ပေါ့။ အချိန်ရရင် မွေးထားသည့်တိုက်ကြက်နဲ့ ဇာတ်ကရာအရပ်က တိုက်ကြက် ဘက်ရှာပြီး လောင်းကြေးစားကြေး တိုက်တာလည်း ရှိရဲ့။

သူကလည်း ရုပ်ချော၊ အကကောင်းပါပဲ။ သို့သော် အသံကျတော့ 'ရွှေအိုးစည်' ကို လိုက်မမီဘူး။ ကိုရွှေအိုးစည်က အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်လို ဟဲရမလား၊ ဝဏ္ဏကျော်ထင် စိန်အောင်မင်းလို ဟဲရမလား၊ ရွှေဘိုသန်းစိန်လို ဟစ်ရမလား၊ ပန်းတျာကြည်လင်လို ဆိုရမလား အကုန်ရတယ်။

မြေပိုင်းနှစ်ပါးသွားအကကို မန္တလေးယဉ်ကျေးမှုကဇာတ်က သဘင်ပညာရှင် ဆရာကြီး ပန်းတျာ ( ..... ) နဲ့ လက်ထပ်သင်ယူထားတာ။ နောက်ပိုင်း ဇာတ်စာရေးဆရာကြီး အမယ်ကြီးအိုဦးအောင်စိန်တို့၊ ဇာတ်စာရေးဆရာ ဘိုကလေး ဦးလှထွန်းတို့ထံမှာ အပြောအဆို၊ အငိုအလွမ်း သေသေချာချာ အချိန်ရသမျှ တပည့်ခံ ဆည်းပူးလေ့လာခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



သဘင်ရာသီသိမ်းရင် မန္တလေးက သက်ကြီးသဘင်ပညာရှ ေတွ၊ ဆိုင်းပညာရှင်တွေကို အကုန် လိုက်ကန်တော့တာ။

မင်းသားကြီး ဂရိတ်ဦးဖိုးစိန်ရဲ့ တာနေသယက္ခဇာတ်ထုပ်ဆို မင်းသားရွှေအိုးစည်က ဂရိတ်ဦးဖိုးစိန်နီးပါး အပြောရော၊ အလွမ်းငိုချင်း ရော ရတာ။

တာနေသယက္ခဇာတ်ကို က,ရင် မင်းသမီးမြလေးစိန်က သမ္ဘူ သိဂီ,(ရွှေကြုတ်မယ်) နေရာက ကရတယ်။ ရွှေအိုးစည်က တာနေ ယက္ခဘီလူး၊ မင်းသား စိန်ကြည်လင်းက ဝါရုပုတ္တ ဝိဇ္ဇာမိုရ်နေရာက သရုပ်ဆောင်ရတယ်။

သုံးယောက် တက်ညီလက်ညီရှိတော့ တာနေသယက္ခဇာတ်ကို မကြာခဏ ပြန်ပြန်ပွဲတောင်းလို့ ကရတယ်။

ထားတော့ . . .။ ဇာတ်ပိုင်ရှင်ရဲ့တူ မင်းသား စိန်ကြည်လင်း က ပြောမရဆိုမရကောင်။ မြကလေးစိန်ကို လူရှေ့သူရှေ့ ဇာတ်သမား များရှေ့မှာတောင် နှစ်ပါးသွားကသလိုလိုနဲ့ ထိကပါးရိကပါး လုပ်ချင် လုပ်တာ။ ဖွဲကလည်း ကောင်းသလားမမေးနဲ့။

နောက်ဆုံးတော့ . . . စိန်ကြည်လင်း အတင့်ရဲလွန်းသလို မြ ကလေးစိန်ကလည်း ဇာတ်ပိုင်ရှင်မင်းသားကြီးရဲ့ တူအရင်းဆိုတဲ့အသိ နဲ့ သည်းခံလိုက်လျောနေရပေမယ့် မင်းသားချစ်သူ ရွှေအိုးစည်က ဆံတစ်ပင်တင်း၊ ချစ်ခြင်းမယား၊ ရည်စားလူလု၊ အူနုကျွဲခတ်၊ အခံ ခက်သလိုဖြစ်ပြီး ချစ်သူနှစ်ဦး ကွယ်ရာမှာ မကြာခဏ စကားများ တာလည်း ရှိသတဲ့။

စိန်ကြည်လင်းကလည်း ဇာတ်ပိုင်ရှင်ရဲ့တူအရင်း အရှိန်အဝါ နဲ့ မင်းသားရွှေအိုးစည်ကို သိပ်ဂရုမစိုက်ဘူးလေ။ ရွှေအိုးစည်မကျေ





နပ်လို့ ထွက်သွားရင် သူ့ ပထမမင်းသား ဖြစ်မှာကိုး။ မြကလေးစိန် ကလည်း ဒီဇာတ်ကခွာလို့ မဖြစ်သေးဘူး။ စပေါ်ယူထားတဲ့ငွေက မကျေ သေးဘူးကိုကွယ့်။

နောက်ဆုံး လူသိရှင်ကြား ပြောရရော။ သည့်မိုးကျလို့ ဇာတ် နားရင် ရွှေအိုးစည်နဲ့ မြကလေးစိန်တို့ လက်ထပ်မယ်ဆိုတဲ့ သတင်း။

ဒီသတင်းကြားတော့ ဇာတ်သမားအဖွဲ့အားလုံး ဝမ်းသာကြ တာပေါ့။ ဇာတ်ပိုင်ရှင်မင်းသားကြီးကလည်း လက်ထပ်ပြီးရင်လည်း ဒီ ဇာတ်မှာပဲ စွဲစွဲမြဲမြဲလုပ်ကြဖို့ ဝိုင်းပြောတယ်။

ဒီမှာ . . . ခံစားရတာက စိန်ကြည်လင်းပဲ။ ဒီလိုသေချာသည့် သတင်းလည်းကြားရော နေ့စဉ် အရက်သောက်ပြီး မြကလေးစိန်ကို စကားနာထိုးတယ်။ ရွှေအိုးစည်ကို ရိသဲ့သဲ့နဲ့ မခံချင်အောင်ပြောတယ်။

ဒီကောင်က အကြံသမား။

တစ်နေ့ မြင်းခြံပွဲခွင်မှာ ငါးညတိုင်တိုင် ကနေတုန်း တစ်နေ့ နေ့ခင်းပေါ့။ လေးညတိုင်တိုင်ကပြီးတော့ အားလုံး မောပန်းနေကြပြီ။ နေ့ခင်းဆို အသီးသီး ကိုယ့်နေရာလေးမှာ ခြင်ထောင်ထောင်ပြီး အိပ် ကြတာ။ ဇာတ်အငြိမ့် ထုံးစံပါပဲကွယ်။

ထမင်းစားချိန် မောင်းတီးမှ ထမင်းထဆွဲကြပေါ့။ ဒီမှာ ထမင်း စား မောင်းတီးသံကြားလို့ မင်းသားရွှေအိုးစည်က အိပ်ရာကထ၊ မျက်နှာသစ်တယ်။ ချစ်သူမြကလေး မနိုးသေးဘူး။ ဒါနဲ့ ချစ်သူကိုနှိုး မလို့ ချစ်သူရဲ့ ကွပ်ပျစ်ခြေရင်းက အများကြားအောင် အသံပြုပြီး ခြင်ထောင်ကို လှန်လိုက်ရော . . .

"ဟာ . . ."

ရွှေအိုးစည် မြင်ရသည့်မြင်ကွင်းကြောင့် ဒေါသတွေ အလိပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက် ပေါက်ကွဲပြီး ခြင်ထောင်ကို လှန်တင်လို့ ပွက်လောရိုက်ပါရော။

မြင်ရသည့်မြင်ကွင်းက ရင်ကွဲစရာ မြင်ကွင်းကွာ။

ကြည့်စမ်း . . . ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့် ချစ်သူ မြကလေးစိန်ရဲ့ ကျောချင်းကပ်နံဘေးမှာ မင်းသား စိန်ကြည်လင်းက ပိုးလိုးပက်လက် အိပ်မောကျလို့။ အရက်နံ့ကလည်း စူးဟောင်နေတာပဲ။

ဒီမှာ ရွှေအိုးစည် ဝုန်းဒိုင်းကြဲပြီး စိန်ကြည်လင်းကို ဆွဲမ,လို့ လက်သီးနဲ့ထိုး၊ မြကလေးစိန်လည်း နိုးလာ။ ဝုန်းဒိုင်းကြဲ ဆူညံကုန်ရန်ဖြစ်တော့ ဇာတ်သမားအားလုံး နိုးလာပြီး ဖြစ်စဉ်ကို သိကုန်ရော။

မင်းသမီးမြကလေးစိန်ရဲ့ အိပ်ရာခြင်ထောင်ထဲကို မင်းသား စိန်ကြည်လင်း ဝင်အိပ်သည့်သတင်း။

ရှင်းကြတော့ ပြဿနာ ပိုရှုပ်ကုန်ရောဟေ့။

မြကလေးစိန်ကလည်း မဟုတ်ရပါဘူး၊ မဖောက်ပြန်ရပါဘူး။ အိပ်မောကျနေလို့ စိန်ကြည်လင်း ဝင်လာအိပ်သည့်အဖြစ်ကို မသိရပါဘူး၊ ဖွတ် မျက်ရည်ခံနဲ့ ငြင်းတယ်။

စိန်ကြည်လင်းက မူးကြောင်ရူးကြောင်နဲ့ မဟုတ်ဘူး၊ မငြင်းဘူး 'မြင်တဲ့အတိုင်းပဲ' လို့ လုပ်ချရော။ ဒီမှာ ရွှေအိုးစည်က ချစ်သူမြကလေးစိန်ကို အထင်လွဲပြီး တာနေယကွဲဇာတ်ထုပ်ထဲက ရွှေကြုတ်မယ် သမုဂ္ဂသီဂီလို လင်ကြီးရှိလျက်နဲ့ ဝိဇ္ဇာဓိုရ်နဲ့ နောက်မီးလင်းသည့်မိန်းမပါလို့ နာနာကျည်းကျည်း စွပ်စွဲပြီး မြကလေးစိန် မျက်ရည်လည်ရွှဲနဲ့ ရှင်းပြတာကို လုံးဝလက်မခံပဲ စိတ်နာကျည်းစွာနဲ့ အဲဒီနေ့ကပဲ ဇာတ်ထဲက ထွက်ပြေးသွားပါရော စာရေးဆရာရယ်။

အဲဒီနေ့ အဲဒီအချိန်ကစပြီး မင်းသားချော ရွှေအိုးစည်ကို





ဘယ်မှာမှ ရှာလို့မတွေ့ရတော့ဘူး။

ဇာတ်အဖွဲ့မှာလည်း မြကလေးစိန်နဲ့ စိန်ကြည်လင်းတို့ အကြီးအကျယ် စကားများရန်ဖြစ်၊ ဖြေရှင်းကြရ။

မြကလေးစိန်ကလည်း စိန်ကြည်လင်းကို ငါတို့ချစ်ခြင်း အထင်လွဲအောင်လုပ်တဲ့အတွက် စိန်ကြည်လင်းနဲ့ လုံးဝ တွဲမကနိုင်ဘူးလုပ်ရော။

တစ်ညမှာ . . .

မြကလေးစိန်ကို ဇာတ်ရုံ မိန်းမအိမ်သာအနီးမှာ သွေးသံရဲရဲနဲ့ မှောက်လျက်လဲနေတာကို မြင်ရပါရောဟေ့။ တိုတိုပြောရရင် အဲဒီအချိန်ကစပြီး နာမည်ကျော်မင်းသမီး မြကလေးစိန် ဦးခေါင်းကို အရိုက်ခံရသည့်ဒဏ်ရာနဲ့ ဦးနှောက်ထိခိုက်ပြီး လုံးဝ ဇာတ်မကနိုင်တော့ဘူး စာရေးဆရာ။

အဲဒါ သူမကို ဆေးရုံမှာတင် ဆေးကုသနေရတယ်။ ဇာတ်လည်း မင်းသားမင်းသမီး ဒုက္ခရောက်တော့ ခဏနားနေရ၊ သက်ဆိုင်ရာကလည်း လိုအပ်သူများကို ခေါ်ယူစစ်ဆေး မေးမြန်းပေါ့ဗျာ။

ဒီအချိန်မှာ အကုသိုလ်ဝင်ချင်တော့ . . .

မင်းသားစိန်ကြည်လင်းရယ် အရက်မူးပြီး ကားမောင်းတာဆိုင်ကယ်သမားကို ဝင်တိုက်ရင်းကနေ အရှိန်မထိန်းနိုင်ပဲ လမ်းဘေးဓာတ်တိုင်ပါ ဝင်တိုက်ရင်း ကားမှောက်ပါလေရော။

အဲဒါ သေကောင်းပေါင်းလဲဒဏ်ရာနဲ့ ဆေးရုံပေါ်ရောက်။ ဒီမှာ သူက ရဲအဖွဲ့ဝင်များကို သူမနေရတော့မှန်းသိလို့ နောက်ဆုံးထွက်ချက်ကို ဆေးရုံပေါ်မှာ ထွက်ဆိုသွားခဲ့တယ်။

''ကျွန်တော် မှားပါတယ် . . . ဆရာတို့ရယ်။ မင်းသမီး မြ



www.burmeseclassic.com

www.burmeseclassic.com



ကလေးစိန်ကို တစ်ဖက်သတ် . . . ချစ် . . လွန်းလို့ . . . လက် . . . ထပ်မည့် သူ့ . . . ခင် . . . ပွန်း လောင်း . . . မင်းသား ရွှေအိုး . . . စည် အထင်လွဲအောင် . . . မြကလေးစိန်ရဲ့ . . . အိပ်ယာ . . . ထဲ . . . မြကလေး . . . စိန် . . . အိပ်မောကျနေတုန်း . . . ဝင် . . . အိပ် . . . ခဲ့ပါတယ်။ အား . . . ကျွတ် . . . ကျွတ် . . . မင်းသား . . . ရွှေအိုး . . . စည် . . . မြကလေး . . . ကို အထင်လွဲပြီး ဇာတ်ကနေ ထွက်သွားပြီး နောက်ပိုင်း . . . မြ . . . ကလေးကို . . . အပိုင်ကြံပေမဲ့ . . . မရလို့ . . နောက်ဆုံး ကျွန်တော်နဲ့ . . . လုံးဝ . . . တွဲ မကနိုင်ဘူး ပြောတာနဲ့ ရှက်လည်းရှက်၊ နာလည်း နာကျည်းပြီး ဇာတ်အိမ်သာ ညဘက်အသွားမှာ ကျွန်တော် . . . မြ . . . က . . . လေးရဲ့ ခေါင်းကို . . . အုတ်ပိုင်းကျိုးနဲ့ . . . ထု . . . ထု . . . အား . . . အင့် . . . အင့် . . .''

အဲဒီထွက်ချက်ကို ပေးပြီး သူဆေးရုံပေါ်မှာပဲ အသက်ထွက်သွားခဲ့တယ်။

ဒီလို ဇာတ်ကြောင်းစုံလည်း သိရရော ဇာတ်တစ်ဖွဲ့သားအားလုံးဟာ မင်းသားရွှေအိုးစည်နဲ့ မင်းသမီး မြကလေးစိန်တို့ရဲ့ အချစ်ကြီး ချစ်လျက်နှင့် ကံကြမ္မာခေရပုံကို တွေးပြီး စိတ်မကောင်းကြဘူး။

ဒီအချိန်မှာပဲ ဆေးရုံမှာ ဦးခေါင်းအရိုက်ခံရသည့် ဒဏ်ရာဝေဒနာနဲ့ ဆေးကုသမှုခံယူနေသည့် မင်းသမီးမြကလေးစိန်ဟာ မိုးတွေ သည်းကြီးမည်းကြီးရွာ၊ လျှပ်စီးများလက်ပြီး မိုးကြိုး တကြိမ်းကြိမ်း၊ တဒိုင်းဒိုင်းပစ်နေတဲ့ ညဦးပိုင်းလေးမှာ ဆေးရုံကနေ ရုတ်တရက် ပျောက်သွားခဲ့တယ်။

သူတို့နှစ်ဦးကို ဇာတ်ပိုင်ရှင်ရယ်၊ ကျုပ်ရယ် နေရာအနှံ့လိုက်ရှာပေမဲ့ တစ်နှစ်ကျော်သာကြာခဲ့ရော ဘယ်လိုမှ ရှာမတွေ့ခဲ့ဘူး။ နောက်





ဆုံး တစ်မြို့မြို့တစ်နယ်နယ်မှာ သေသွားပြီလို့ ကောက်ချက်ချနေတုန်း လူရှင်တော် ကိုမိုးထိက ဟောဒီမြို့ကလေးမှာ သဲလွန်စရသည့်အကြောင်း လာပြောလို့ ဖိုးသူတော်ဘဝနဲ့ အစ်ကိုဘုန်း (ရွှေအိုးစည်ရဲ့ဖခင်) ကျောင်းမှာနေရင်းက နှစ်ဦးသား နယ်လှည့်ဘုရားဖူးရင်း လိုက်ရှာလာခဲ့တာပဲ။

ခုတော့ အစ်ကိုဘုန်း ဘဘုန်းလည်း သူ့သားလှူလိမ္မာလေးကို ပြန်တွေ့ပြီး တိုင်းရင်းသမားတော်ကြီးများနဲ့ရော၊ ဘုရားကု၊ ဂမ္ဘီရပညာကုနဲ့ရော ဘက်စုံ ဝိုင်းကုသနေကြတာပဲ။ အင်း . . . ကံကြမ္မာဝဋ်ကြွေး ပြေချိန်တန်ရင်ဖြင့် ရောဂါဝေဒနာ ပျောက်နိုင်ကောင်းရဲ့လို့ မှတ်ယူရမှာပါပဲ စာရေးဆရာ''

ဖိုးသူတော်ကြီး ဦးစိန်ကတုံးရဲ့ ပြောပြချက် စကားဆုံးတော့ ကျွန်တော့်ရင်ထဲမှာ အလွမ်းရင့်သလို နင့်သလိုရှိသွားခဲ့ရတယ်ဗျာ။ ထင်တော့ထင်သား ကိုရက္ခစိုးရဲ့ ကပုံဆိုပုံ ငိုလွမ်းပုံများကို ကြည့်ပြီး ဇာတ်သမားဖြစ်မှာပဲဆိုသည့် ကျွန်တော့်ရဲ့ ခန့်မှန်းချက် မှန်သွားခဲ့ပြီကိုး။

နောက်ဆုံးတော့ ကိုရက္ခစိုး (ခေါ်) မင်းသားရွှေအိုးစည်ဟာ သူနဲ့လက်ထပ်မည့် မင်းသမီးမြကလေးစိန်ကို အိဂ်ရာပေါ်မှာ မင်းသားစိန်ကြည်လင်းနဲ့ အတူအိပ်မောကျလျက် တွေ့ပြီး အထင်အမြင်မှား စိတ်နာကျည်းပြီး အဝေးကို ထွက်သွားခဲ့တာကိုး။

ဒီလိုနဲ့ စိတ်နှလုံးထိခိုက်ပြီး အချစ်ရူးလိုဘဝမျိုး ရောက်ခဲ့ပေမယ့် ရတနာသုံးပါးဂုဏ်ကျေးဇူး၊ မိဘဆရာသမားရဲ့ ဂုဏ်ကျေးဇူးကို သိတတ်ပြီး ပူဇော်စောင့်ရှောက်သည့် အကျိုးကျေးဇူးကြောင့် ရူးသော်လည်း နဘယ်ဘေးမရှိခဲ့ဘူးကို။ ဒီမှာ မေးစရာ မေးခွန်းတစ်ခုကို သတိရလိုက်ရော။



www.burmeseclassic.com

www.burmeseclassic.com



"ဘ . . . ဦးသူတော်"

"ဘာတုံး စာရေးဆရာ"

"ဟို . . . ကိုရွှေအိုးစည်ရဲ့ချစ်သူ မြကလေးစိန်မှာ အခြားနာမည်ကွဲရော ရှိသေးသလားဟင်"

"နေဦး . . .။ ကျုပ် . . . ကျုပ် စဉ်းစားလိုက်ဦးမယ်။ အဲ . . နေပါဦးလေ . . . တစ်ခါတစ်ခါ သူတို့အဖွဲ့သားတွေ ကျုပ်ကျောင်းကို လာလည်ရင် ပေဒင်လေးဘာလေး မေးကြရင် မြကလေးစိန်ကို မင်းသမီးငယ်လေးတွေခေါ်ကြတာ ဘာတဲ့ . . .။ အဲ . . . အဲ . . . သိပြီ စာရေးဆရာ။ မပျိုးဆောင်တဲ့ . . . မပျိုးဆောင်ဗျ"

"ဗျာ . . . မ . . . ပျိုး . . . ဆောင် . . . မဆောင်များလား"

"ဟုတ်သဗျို့။ အချို့ ရင်းနှီးသူတွေက မဆောင်၊ မိဆောင်လို့ ခေါ်ကြသဗျ"

"ဟုတ်ပြီ . . . ဘသူတော်ရေ၊ ဇာတ်ပေါင်းတော့မယ်ဗျ"

"ဘယ်လို ဇာတ်ပေါင်းမှာတုံး စာရေးဆရာရဲ့။ လုပ်ပါဦး"

"မဆောင် . . . မဆောင် . . . တာနောယက္ခသီချင်းကို အပင်ပေါ်နဲ့အပင်အောက် အပြိုင်ဆိုကြရင်း အလွမ်းပြိုင်၊ အမုန်းပြိုင်ကြတဲ့ မဆောင်နဲ့ ကိုရက္ခမိုး။ ဒီမှာ ဘသူတော်ရဲ့ . . ."

"ပြော . . . ပြော . . ."

"ကိုရက္ခမိုး . . . အဲ . . . အဲ . . . ကိုအိုးစည်က ဖိုးကြမ်းငှက်ပျောရော ကြိုက်သလားဟင်"

"ဟား . . . အရမ်းကြိုက်ပေါ့ စာရေးဆရာ။ သူ့ချစ်သူ မြကလေးစိန်က အသံကောင်းပြီး အိပ်ရေးပျက်ခံနိုင်၊ အားရှိအောင် မောင်အိုးစည်ကို ငှက်ပျော်ဖီးကြမ်း အဖီးလိုက် ဝယ်ဝယ်ကျွေးတာဟာ





ဇာတ်ရုံအတွင်း နောက်ပြောင်စရာစကားတောင် ဖြစ်ခဲ့ရပါပကောလား စာရေးဆရာရဲ့။ ပြီး . . . မြကလေးစိန်ဟာ ခေတ်ပညာတတ်တစ်ဦးကွယ့်။ အင်္ဂလိပ်စာ အလွန်တော်တယ်။ ရန်ကုန်တက္ကသိုလ် အနုပညာအသင်းမှာလည်း စတားဖြစ်ခဲ့တယ် စာရေးဆရာ"

"ဟုတ်ပြီ . . . ဟုတ်ပြီ။ ဒီမှာ ဘသူတော်"

"ပြောပါ စာရေးဆရာ"

"ကျွန်တော်တို့ ကိုအိုးစည်ရဲ့ချစ်သူ မြကလေးစိန်ခေါ် မပျိုးဆောင်ကို တွေ့ပြီ ဘသူတော်ရေ"

"ဟေ . . . ဟုတ်ရဲ့လား။ လူမှားနေမယ်နော် စာရေးဆရာ"

ဒီမှာ ကျွန်တော်က ကိုအိုးစည်နဲ့ အရှုံးမ မဆောင်တို့ရဲ့ ငှက်ပျောတစ်ဖီးနဲ့ အလွမ်းသယ်ဘဝ၊ အမုန်းဘဝ၊ အင်္ဂလိပ်လိုပြောခဲ့သည့် ဘဝများကို ပြောပြလိုက်ရော ဘသူတော် ထခုန်မတတ် ဝမ်းသာသွားခဲ့ပြီး . . .

"ဒါ . . . ဒါဆို မြကလေးစိန် . . ဒီအရပ်ကို ရောက်နေပြီပေါ့"

"ဒါပေါ့ ဘသူတော်ရ"

"သူ . . . သူပါ . . . ရူးသလို ဖြစ်နေပြီ . . . ဟုတ်လား"

"ဟုတ်တယ်"

"စာရေးဆရာ"

"ခင်ဗျာ ဘသူတော်"

"ဒါ . . . ဒါဆို . . . ကျုပ်တို့ . . . မြကလေးစိန်ကို အမြန်ဆုံး လိုက်ရှာကြရအောင်။ မြကလေးစိန်ရဲ့ ရောဂါကိုပါ ပျောက်ကင်းချမ်းသာအောင်ကုပြီး သူတို့နှစ်ဦးကို အကျိုးနဲ့အကြောင်းနဲ့ သက်သေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရှင်းပြရင် သူတို့ နားလည်သဘောပေါက်ပြီး အမြင်မှန် ရသွားနိုင်ကြလိမ့်မယ်။ ကိုင်း . . . ပြောနေကြာတယ်။ စာရေးဆရာပဲ ကျုပ်တို့ကို အစကအဆုံး ကူညီတော့။ လာ . . . မြကလေးစိန်ကို လိုက်ရှာကြစို့။

ခြေမြန်လက်မြန်ရှိလှတဲ့ ဖိုးသူတော် လူဝကြီးဟာ ကျွန်တော့်ကို အားကိုးပြုပြီး မြကလေးစိန် (ခေါ်) မပျိုးဆောင် (ခေါ်) အရူးမလေး မဆောင်ကို ရှာဖို့ မြို့ထဲကို ထွက်ခဲ့လိုက်ကြတယ်။

သည့်နောက် . . . မြို့မဈေးတစ်ဝိုက်၊ မြို့မဈေးတန်း၊ မြင်းလှည်းဂိတ်၊ ကားဂိတ်၊ ဘုရားစုံ၊ ရေဆိပ်ပါမကျန် လိုက်ရှာပေမဲ့ အရူးမ မဆောင် ပျောက်ချက်သား ကောင်းနေတယ်။

ရှာလို့မတွေ့ဘူး။ ဘယ်သူ့မေးမေး ဒီနေ့ မဆောင်ကို မတွေ့ဘူးချည်း ပြောကြတယ်။ နောက်ဆုံး နေစုန်းစုန်းချုပ်မှ ကျွန်တော်တို့ နှစ်ဦး ဘုန်းကြီးကျောင်းကို ပြန်လာ အမောဖြေရတယ်။

''မဆောင် ဘယ်များ ရောက်သွားပါလိမ့်''

❁ ❁ ❁

| ၁၇ |

❑

ခုနစ်ရက်လည်း မြောက်ရော တိုင်းရင်းဆေးသမားတော်ကြီးများ၊ ဘုန်းတော်ကြီးများရဲ့ ကြပ်မတ်ကုသပေးမှုကြောင့် ကိုအိုးစည်ရဲ့ စိတ်ဂဏှာမငြိမ်၊ နှလုံးမမှန်၊ စိတ်မမှန်ရောဂါ ငြိမ်သက်စပြုပြီး ကျန်းမာရေး နဂိုမူလအခြေအနေ ပြန်ရောက်လာတာကို ဝမ်းသာဖွယ် မြင်ရပါလေရောခင်ဗျာ။

သူ ကျွန်တော့်ကိုလည်း တရေးရေး မှတ်မိလာတယ်။ ရေချမ်းအိုးအလှူရှင် နို့ကုလားကြီး ဦးမွန်နားတို့ လင်မယားကိုလည်း ကောင်းစွာ မှတ်မိလာပြီး စကားပြန်ပြောလာတယ် ခင်ဗျ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း စကားပြောလို့ ရလာရော ကျွန်တော်က ကိုရှုကွန့်ုး ခေါ် ကိုအိုးစည်ရဲ့ စိတ်မနောဟောချက်နှစ် ချက်ရယ်၊ ကိုမွန်းနားတို့ကို ဟောလိုက်သည့်အချက်ရယ်ကို နောက် ကြောင်းပြန်ပြောပြလိုက်တော့ သူ အံ့သြနေပါရောဗျာ။

"အဲဒီလို ကျုပ်ဟောခဲ့တယ် ဟုတ်လား"

"ဟုတ်တယ် ခင်ဗျ။ ကိုအိုးစည် ကြိုဟောပြောလိုက်သလို ဗျာ ကျွန်တော်ဆို ရေလမ်းခရီးအန္တရာယ်က ကပ်လွတ်မြောက်ပြီး ငွေ ငါးသိန်းပါ ရခဲ့တာ။ ဟော်ဒါ . . . အစ်ကိုအိုးစည်အတွက် ကျွန်တော့် ရဲ့ အလှူဒါနပဲ။ လက်ခံပါနော် အစ်ကို"

ကျွန်တော်က အဝတ်အစား၊ ပုဆိုးအင်္ကျီအသစ်များကို ပေး လိုက်တော့ သူ အားနာပါးနာနဲ့ လက်ခံရင်း . . .

"သာဓု . . . သာဓု . . . သာဓု . . . စာရေးဆရာ ငါ့ညီရာ"

"အစ်ကို အိုးစည်"

"ဘာတုံး . . . ငါ့ညီစာရေးဆရာ"

"အစ်ကိုအိုးစည် အခြားဘာကို အမှတ်ရသေးလဲ ဟင်"

"ဟိုလေ . . . ရင်းရင်းနှီးနှီး ရှိခဲ့ဖူးသူများကို သတိမရဘူး လားလို့ မေးတာပါ အစ်ကိုရ"

ဒီလိုမေးလိုက်ရော မင်းသားချော အစ်ကိုအိုးစည်ရဲ့ မျက်နှာ ဟာ တရိပ်ရိပ် ညိုးကျသွားပြီး ဟိုအဝေးကို မျှော်ငေးသလို လုပ်နေ ရှာတယ်။ ကျွန်တော် စိုက်ကြည့်နေတုန်းမှာပဲ ကိုအိုးစည်ရဲ့ မျက်လုံး အိမ်ကနေ မျက်ရည်များ စီးလိမ့်ကျလာတာကို မြင်လိုက်ရပြီး ရင်ထဲ မှာ ထိတ်ခနဲ ဖြစ်သွားခဲ့တယ်ဗျာ။

သည့်နောက် ကိုအိုးစည်ဟာ နားထင်နှစ်ဘက်ကို လက်ဖိ





ရင်း သူလဲလျောင်းနေရာ အခန်းရှိရာကို ဝေါက်ခနဲထသွားပြီး ဝင် တံခါးပိတ်လိုက်တယ်။

ကျွန်တော် အပြင်ကနေ သူ့အမည်ကို တကြော်ကြော် အော် ခေါ်သည့်တိုင် သူ တံခါးလည်းမဖွင့်ဘူး၊ အသံလည်း မပြုဘူး။

ကျွန်တော်များ အပြောမှားသွားရော့သလား။

ခုမှ ပြန်ကောင်းလာကာစ ရှိသေးသည့် သူ့ဦးနှောက်ကို ဝန် လေးအောင် လုပ်မိလေရော့သလား။

တည်ငြိမ်စ သူ့နှလုံးသားကန်ရေပြင်ကို အပြင်းစား လှိုင်း ထယက်များထအောင် ကျွန်တော် ကျူးလွန်မိရော့သလား။

ဘုရား . . . ဘုရား . . .

အစ်ကိုအိုးစည် ဆိုးဆိုးဝါးဝါး ဘာမှ မဖြစ်ပါစေနှင့်။

အစ်ကိုအိုးစည် ကျန်းမာချမ်းသာပါစေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၈ |

❑

ဗုဒ္ဓဟူးနေ့သို့ ရောက်သောအခါ အစ်ကိုအိုးစည်နှင့် သူ့ဖခင် ဘုန်းတော်ကြီး၊ ဦးသူတော်စိန်ကတုံးတို့ ဘုန်းကြီးမှိုတင်း သီတင်းသုံးရာ ဖင်းကျိုက်တောင်ကို ပြန်ရန် အသင့်ရှိနေကြတယ်။

ကိုအိုးစည်ဟာ ကျွန်တော်ဝယ် ဒါနပြုလိုက်သည့် အင်္ကျီတော်ကော်လာအဖြူ၊ တိုက်ပုံကြည်ပြာနုရောင်၊ ရခိုင်ပုဆိုးကွက်စိပ်ကို ဝတ်ပြီး ပဝါအဝါနုလေးကို ကျကျနန ပတ်ပေါင်းထားသဗျ။

ခြေဖဝါးဖြူဖြူနှစ်ဖက်မှာ မန္တလေးသားရေ ပိန်းတန်းအနက်ရောင်လေးစီးလို့။





ကြည့်စမ်းပါ . . .။ လှလိုက်၊ ခန့်ညားလိုက်၊ ကျက်သရေရှိလိုက်ပါဘိသနဲ့။

မင်းသားချော ကိုဝင်းဗိုလ်တို့၊ မန္တလေးသိန်းဖော်တို့အတိုင်းပဲ သိလား။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပါဗျာ။

သူ့ဆေးရာကြီးများနဲ့ ကျောင်းထိုင်ဘုန်းတော်ကြီးများကို ရိုသေစွာ ဦးချကန်တော့ကြတယ်။

ကျွန်တော်ကလည်း သူ့ဖခင် ဘုန်းတော်ကြီးကိုရော၊ ဦးသူတော်ကြီးကို ရိုသေလေးမြတ်စွာ ဦးခိုက်ကန်တော့ နှုတ်ဆက်လိုက်တယ်။

ဘုန်းကြီးအိုကြီးက ခုလို သူ့သားကို ကျန်းမာရေးချို့ယွင်းနေစဉ် ဝိုင်းဝိုင်းကူညီ စောင့်ရှောက်ကြသည့်အတွက် ကျေးဇူးလွန်စွာတင်ရပါကြောင်းနှင့်အတူ ဆုမွန်ကောင်းများ ချီးမြှင့်ပြီး ပန်းပေါင်းစုံဘုရားရုပ်ပွားတော်တစ်ဆူအား ကျွန်တော်ကိုးကွယ်ရန် ချီးမြှင့်ခဲ့တယ်။

"ဒကာကြီး စာရေးဆရာ"

"ဘုရား . . ."

"အဲဒီ ပန်းပေါင်းရုပ်ပွားတော်ဟာ အလွန်တန်ခိုးကြီးတယ်"

"မှန်ပါဘုရား"

"ရဟန္တာလို့ ကျော်စောထင်ရှားသည့် ရဟန်းအိုကြီးတစ်ပါးက ဘုန်းကြီးကို တရားကျင့်တုန်းက ပူဇော်ဖို့ ချီးမြှင့်ခဲ့တာ။ ဆုတောင်းပြည့်တယ်။ သီလစင်ကြယ်အောင်နေပြီး သန့်စင်သော ကိုယ်ကာယအမူနဲ့ အဓိဋ္ဌာန်ရင် တစ်ကြိမ်ဆုတောင်းပြည့်တယ်။

ဘုန်းကြီး ဟောဒီသားလူလိမ္မာလေးနဲ့ ပြန်ဆုံရပါစေလို့ အဓိဋ္ဌာန်ပြုဆုတောင်းခဲ့တာ၊ လက်တွေ့ပြည့်ဝခဲ့ပါပြီ ဒကာကြီး။ ဒကာကြီးလည်း လက်တွေ့ကြုံမှ ယုံချင်တယ်ဆို ဘုန်းကြီးပြောသည့်အတိုင်း အဓိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါ။ ကိုင်း ...ဘုန်းကြီးတို့ သွားတော့မယ်။ ရတနာသုံးပါးကို မမေ့မလျော့ မပေါ့နဲ့''

သည့်နောက် ကျွန်တော်တို့ ဘုန်းကြီးကျောင်းပေါ်မှ ဆင်းလာကြပြီး ကားဂိတ်ရှိရာကို လာခဲ့ကြတယ်။ သူတို့က မြင်းလှည်းတစ်စီးငှားပြီး ကားဂိတ်ကို သွားကြလေရဲ့။

ကျွန်တော်ကတော့ ရင်ထဲမှာ လွမ်းဟာပြီးကျန်ခဲ့သလို ရှိတာနဲ့ ကိုအိုးစည် ကိုရကွစိုးဘဝနဲ့ နေခဲ့သည့် ညောင်ပင်ကြီးရှိရာကို လှမ်းခဲ့လိုက်တယ်။

ညောင်ပင်ကြီးပေါ်ကို ဝေသီမျက်ရည်စနဲ့ မော့ကြည့်လိုက်တော့ ဟိုညောင်ပင် ကိုင်းခွကြားမှာ ကိုအိုးစည်အိပ်စက်သည့် အညာစောင်ပုခက်လေး သည်အတိုင်း အရှင်မဲ့စွာ ရှိနေဆဲပဲ။

ကျီးကန်းတွေက ဟစ်အော်လူးလာ ပျံသန်းနားခိုနေတုန်းပဲ။

ဒီမှာပဲ ကျွန်တော် ညောင်ပင်အောက်ခြေသစ်ကိုင်းမှာ ပစ္စည်းတစ်ခုကို မမျှော်လင့်ပဲ မြင်လိုက်ရရောဗျာ။

ကြည့်စမ်း ...။

ဖီးကြမ်းငှက်ပျောသီးတစ်ဖီး ...ဝင်းဝါလို့။

အို ...မဟုတ်မှလွဲရော ...

ဒီငှက်ပျောသီးကို အရှုံးမ မဆောင် လာပြီးချိတ်ထားခဲ့တာပဲနေမှာ။ ကျွန်တော် အရမ်းကို ဝမ်းသာသွားခဲ့တယ်ဗျာ။ ဒါဆို မဆောင်ပြန်ရောက်နေပြီဗျ။

မဆောင်တစ်ယောက် ကိုအိုးစည်အပေါ်ထားခဲ့သည့် စိတ်စေတနာ၊ ကိုယ်စေတနာကို တာနေ့ာယက္ခလို အချစ်စိတ်နဲ့ ကြေကွဲဆို့နင့်နေတဲ့ ကိုအိုးစည်အား ခေါ်ပြချင်လိုက်တာ။

---

**စိတ်ကူးသစ်စာပေ**



ကိုအိုးစည် လက်ခံပါ့မလား။

ကိုအိုးစည်ကရော နားလည်လက်ခံအောင် သူ့ရဲ့ဇာတ်အဖွဲ့သားများက ပိုင်းဝန်းနားချ ဖျောင်းဖျနိုင်ပါ့မလား။

ဇာတ်ထဲရော ပြန်ရောက်ဦးမှာလား။

ကိုအိုးစည်မျက်ရည်စကို ပွဲသိမ်းပေးမှာ ဘယ်သူလဲ။

မဆောင်ရဲ့ ရင်ထဲက အလွမ်းရာသီကို ကုန်ဆုံးအောင် ဘယ်သူ မျက်ရည်သုတ်ပေးမှာလဲ။

နှစ်ဦးစလုံးရဲ့ မျက်လုံးအိမ်မှာ အလွမ်းဥတုရက်ဟာ မရှည်စေချင်ပါဘူးဗျာ။

ကျွန်တော် ဘဘုန်းပေးခဲ့သည့် အဓိဋ္ဌာန်တစ်ကြိမ်ပြည့်သည်ဟုဆိုသော တန်ခိုးကြီး ပန်းပေါင်းရုပ်ပွားတော် ရုပ်တုကို လက်ဝါးပေါ်တင်ပြီး ဖူးမြော်လိုက်တယ်။

ညရောက်ရင် ငါ အဓိဋ္ဌာန်မယ်။ ရာဇဝင်ထဲမှာ တာနေ့ာယက္ခနဲ့ ရွှေကြုတ်မယ် သမုဂ္ဂသီဂီနဲ့ ပြန်မညားကြပေမဲ့ အချစ်နဲ့တည်ဆောက်ထားသည့် ဟောဒီကမ္ဘာကြီးရဲ့ နှလုံးသားရင်ဘတ်ပေါ်မှာတော့ မင်းသားရွှေအိုးစည်နဲ့ မင်းသမီး မြကလေးစိန်တို့ရဲ့ အမုန်းပြေအချစ်တို့ ပြန်လည်ရှင်သန် နိုးထစိမ်းစိုတာကို ကျွန်တော် မြင်လိုတယ်။

ညကျရင် သူတို့နှစ်ဦးရဲ့ မျက်ရည်သိမ်း အမုန်းပြေအချစ်ကိုအကြောင်းပြုပြီး ကောင်းမှုတစ်ခုအဖြစ် ရည်စူးလို့ ကျွန်တော် အဓိဋ္ဌာန်ဆုတောင်းကြည့်ရပါတော့မည်လေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၁၉ |

❑

မနက်မိုးလင်းလို့ ခါတိုင်းလို ကိုအိုးစည် (ရက္ခစိုး) အတွက် နံနက်စာ ပေးနေကျအတိုင်း လာနေကျနေရာ ညောင်ပင်အောက်ကို ကျွန်တော် လှမ်းလာခဲ့လိုက်တယ်။

ကိုရက္ခစိုးကို သတိရတာရော အညောင်းပြေ လမ်းလျှောက်တာရောပေါ့။

လမ်းဘေးဝဲယာက ကျေးငှက်သံများကို စိုးစိုးစီစီ ကြားရတယ်။

အရှေ့ကနေရောင်ရဲ့ ကွန့်မြူးအလှကို မြင်နေရတယ်။





ဒီလိုနဲ့ လာရင်းကနေ သီချင်းဆိုသံတစ်ခုကို ကြားရပါရောဗျာ။

ဟိုက် ...ကိုရက္ခစိုးများ ညောင်ပင်ပေါ် ပြန်ရောက်နေရောသလား။ အသံက ကိုရက္ခစိုးအသံမဟုတ်။ မိန်းမအသံ။ ကြည့်လိုက်တော့ ...လား ...လား ...အရှုံးမ မဆောင်ပါကလား။

ဟယ် ...သီချင်းက လွမ်းချင်း။ ငိုချင်း။ ဘာပါလိမ့်။

'' ××× အပိုအသစ်ကို မမြင်တယ်ရှင် ××× နှစ်ကိုယ်ချစ်တာ နှစ်သွယ်ကြင်ကြင်ပါသရှင့် (ကိုတာနော့ရဲ့) ကျွန်မ ငယ်လင်တစ်ပါး ×××

မဖောက်ပြန်ပါတယ် ××× တစ်ယောက်အပြင် ပိုမကြံခဲ့ပါဘူး ××× မလိုတမာ အပြစ်ရှာစကားနှင့် ××× ကိုတာနော့ရယ် ××× ပြောရက်လေခြင်း ××× ဟင်း ××× အင်း ××× ဟင်း ××× ''

အို ...အရှုံးမ မဆောင်ရယ်ဗျာ ...ကိုရက္ခစိုးနေသွားသည့် ညောင်ပင်ကြီးကို ကျောမှီပြီး တာနော့ယက္ခဇာတ်ထုပ်ထဲက ရွှေကြုတ်မယ် သမုဂ္ဂသိဂီရဲ့ ငိုချင်းကိုဆိုပြီး ပါးပြင်မှာ မျက်ရည်များ စီးကျနေတာကိုး။

“ ××× အမယ်လေး ××× အသွင်ရုယ်ဆောင်တယ် လင်အမြှောင် စကားပုံဖွဲ့ပါလို့ ××× ဆိုတဲ့စကား ××× ကိုတာနော့က ဆိုတဲ့စကား ××× အား ××× ဟား ××× ဟား ××× ”

နှစ်ဖြာရယ်ဆိုင် ××× ကာမပိုင်ကိုတာနော့အမြင်က ××× အသစ်လင်ဆိုတာ ချစ်ခင်ဖို့သဘောကိုရှင် ××× အမယ်လေး မနောကံနဲ့မှ ××× မပြစ်မှားခဲ့ပါကလား ××× ဟား ××× အား ×××''

ငိုချင်းသံရယ်ဗျာ ...ကိုအိုးစည်ကို လွမ်းလွန်း၊ ချစ်လွန်းလို့ လျှောက်လဲချက်ပေးနေသည့် ငိုချင်း။ သီလား ...။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ချင်မှ ဟုတ်မှာပါလေ။

တာနေ့ာယက္ခဇာတ်မှာ သမုဂ္ဂသိဂီက ကောင်းကင်ပျံမှာ ဖျံ သန်းနေတဲ့ ဝိဇ္ဇာမိုရ်ကို လက်ယပ်ခေါ်လို့ ဝိဇ္ဇာမိုရ်က ကြုတ်ထဲဝင်ပုန်း ပြီး သမုဂ္ဂသိဂီနဲ့ နှစ်ပါးကြည်သတဲ့။

သမုဂ္ဂသိဂီက ဒီလို မိုက်မဲပါ့မလား။ တာနေ့ာယက္ခဘီလူးက ရော အချစ်မှာ ရိုးသားလို့လား။ သူကလည်း ဒသဂီရိလို အချစ် အဓမ္မသမား။ သမုဂ္ဂသိဂီက အင်အားခွန်အားကို ကြောက်လို့ မချစ် မနှစ်သက်ပဲ ပေါင်းခဲ့ရသည့်ဘဝ။

မခေါ်ပါပဲနဲ့ ဝိဇ္ဇာမိုရ်က သမုဂ္ဂသိဂီ ချောလွန်းလှလွန်းလို့ မနေ နိုင်ဖြစ်ပြီး အကြံနဲ့ ရွှေကြုတ်ထဲ ဝင်ပုန်းနေတာရော မဖြစ်နိုင်ဘူး လား။ ဒီမှာ ရိုးအ,တဲ့ သမုဂ္ဂသိဂီ အထင်လွဲခံရတာရော မဖြစ်နိုင်ဘူး လားဗျာ ဟင်။

ဒီတော့ မဆောင်က သမုဂ္ဂသိဂီ။

စိန်ကြည်လင်းက အကြံသမား ဝိဇ္ဇာမိုရ်။

အချစ်ကြီးသူ ကိုရွှေအိုးစည်။ ခု ... ကြည့်စမ်း။ မဆောင် လျှောက်လဲချက်ပေးနေပြီ။ မဖောက်ပြန်ပါတယ်ရှင် တစ်ယောက်အပြင် ပိုမကြံခဲ့ပါဘူးတဲ့။ ကိုရွှေအိုးစည် ဒါကို ယုံကြည်စေချင်တယ်ဗျာ။

ကျွန်တော်တော့ မဆောင်ရဲ့ ငှက်ပျောတစ်ဖီးနဲ့ မျက်ရည်စ များ၊ ရှိုက်သံများကို နားထောင်ပြီး မဆောင်ကို ယုံကြည်တယ်။ မဆောင် ရဲ့ အချစ်အစွဲအလမ်းကို တိုင်းတာလို့ ခန့်မှန်းလို့ ရတယ်။

ကြည့်စမ်းပါ ... ကိုရွှေအိုးစည်ရယ်။ ခင်ဗျားရဲ့ အချစ်ဆုံး မဆောင်ခေါ် မြကလေးစိန် ငှက်ပျောသီးဖီးကလေး ရင်ခွင်မှာပိုက်ပြီး ငိုနေလွမ်းနေတာ။ ခင်ဗျား ဒီသစ္စာရဲ့ မျက်ရည်အရင်းခံကို ဥပေက္ခာ





ပြုရက်သလား ဟင်။

"အိုရှင့် ××× ဘယ်ဝင်္ကကယ်လျှံ ××× ဂယက်သံရေယမုံက လေအဟုန်ပြင်း ××× ဟင်း ××× ဟင်း ××× ဟင်း ×××

လှိုင်းထိုးကြက်ခွပ်ဆိုင် ဟိုတစ်ဦးက ××× ရေညိုညို့ ကမ်း သောင်ဦးမှာလ ××× သည်သောင်မှာ ချည်နှောင်လို့ ××× ထူးလှချည် ရဲ့ ××× မောင်တော်ရယ် ××× ကူးခက်လေခြင်း ××× ဟင်း ××× ဟင်း ××× ဟင်း ××× အမယ်လေး ××× ကူးခက်လေခြင်း ××× ဟင်း ××× ဟင်း ×××"

ဩော် ... မဆောင်ရယ်၊ မင်းရဲ့မျက်ရည်စက်များဟာ ကံ ကြွေးဆပ် အတိုးများလွန်းသည့် မျက်ရည်ဥ၊ မျက်ရည်စက်များလေ လား။

အစ်မ မဆောင်ရေ ...

အချစ်နဲ့ပတ်သက်လို့ နောင်တအလွမ်း၊ ဘဝကံအကြွေး၊ အကြွေးဆပ်စရာရှိရင် နောက်ဘဝကို မကူးပါနဲ့။

အတိုးရော အရင်းရော ထပ်ဆင့် အတိုးရင်းပေါင်းရော အကြွေး သာ ပေးဆပ်လိုက်ပေရော့ အစ်မ မဆောင်ရေ ...။

သမုဂ္ဂသိဂီရဲ့ မျက်ရည်နဲ့ တာနေ့ာယက္ခရဲ့ အချစ်ကြီး အမုန်း ကြီး အလွမ်းကို တရားဝင် ပြောင်းပြန်လှန်လို့ မရခဲ့ပေမဲ့ ပေါဒီ ခေတ်သစ်အချစ်သမိုင်းမှာ ကျွန်တော် အစ်မနဲ့ အစ်ကိုအိုးစည်တို့ရဲ့ အချစ်မာန်ကို စာပလ္လင်တည်ဆောက်ပြီး ကမ္ဘည်းကျောက်စာတိုင် ခပ် မြင့်မြင့် စိုက်ထူပေးပါ့မယ် အစ်မ မဆောင်ရယ် နော်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂၀ |

❑

တစ်နေ့ မိုးကြီးလေကြီးကျသည့် နံနက်ပိုင်းမှာ ကျွန်တော် ရင်နှင့်စိုးရိမ်ဖွယ်ရာစကားကို မျှော်လင့်မထားပဲ ကြားရပါရော။

"အရှုးမ မဆောင် မိုးကြိုးထိလို့တဲ့ဗျ . . . ကိုမှိုင်းရေ"

"ဟာ . . . ဟုတ်ရဲ့လားဗျာ ကိုဖိုးတုတ်၊ ဟုတ်ရဲ့လားဗျာ"

"ဟုတ်တယ် . . . ဆိုက်ကားသမားတွေ ပြောနေတာ"

"ဘယ်မှာ အပစ်ခံရတာတုံး ကိုချစ်စိန်"

"ညောင်သုံးပင် သချိုင်းမှာတဲ့ ဆရာ"

"အသက်ရှင်ရဲ့လားဗျာ . . . ဟင် . . . ကို . . . ချစ် . . . စိန်"

"ဒါတော့ မသိဘူး"





ကျွန်တော် ဆိုင်ကယ်အကူအညီနဲ့ ညောင်သုံးပင်သချိုင်းရှိရာကို အပြေးအလွှား ရောက်ခဲ့လိုက်တယ်။ သချိုင်းကုန်းဇရပ် သံမံတလင်းပေါ်က ဖျာစုတ်ပေါ်မှာ မဆောင် အဝတ်ဗလာနီးပါးနဲ့။

စဏ္ဍာလ ဦးဖမျဉ်းဆွဲရဲ့မိန်းမ ဒေါ်မည်းတူနဲ့ မိန်းမသားသုံးဦးတို့က ကျောက်ဖရုံသီးများ ခွဲသူကခွဲ၊ အခွံနွှာ ထောင်းသူကထောင်း၊ ဒေါ်မည်းတူက မဆောင်ရဲ့ မိုးကြိုးဒဏ်ကြောင့် ညိုစစ မည်းတည်းတည်းဖြစ်နေသည့် ခန္ဓာကိုယ်အနှံ့ကို ကျောက်ဖရုံအဖတ်တွေနဲ့ နယ်ဆုပ်ချေပေးနေတယ်။ မဆောင်ကတော့ မေ့မျောနေသလား သေသလား မသိဘူး။

သချိုင်းစောင့် စဏ္ဍာလကြီး ကိုဖမျဉ်းဆွဲ (ဈ) နဲ့က ရင်းနှီးပြီးသားဆိုတော့ စိုးရိမ်တကြီး မေးရရောဗျာ။

"ကိုဖ . . . ဘယ်လိုဖြစ်ရတာတုံးဗျာ ဟင်"

"ဒီကလေးမလေး ကသိလ်ကံပဲပေါ့ မောင်ရာ။ စောစောတုန်းက မိုးကြီးလေကြီးကျနေတာ မင်းအမြင်ပဲ မောင်မှိုင်း။ အဲဒါ ဒီအရူးမလေး ကိုးသချိုင်းထဲကို ဝင်လာတယ်။ မိုးရေတွေ စိုရွှဲလို့။ လျှပ်စီးကလည်း တဝင်းဝင်း။ ကောင်းကင်မှာ မိုးကြိုးကလည်း တဒိန်းဒိန်း ပစ်နေတာ။

ငါတို့က ဇရပ်ထဲကို ဝင်လာဖို့ အော်ခေါ်တယ်။ သူက ကောင်းကင်ကို မော့ကြည့်မိုးရေတွေကို လက်ဝါးနဲ့ခံပြီး အော်ဟစ်ခုန်ပေါက်က နေတာ။ မိုးကြိုးပစ်ခံရမှာစိုးလို့ အကြိမ်ကြိမ်အော်ခေါ်လည်း မရဘူး။ အဲဒီမှာပဲ ဂျိန်းဆို မိုးကြိုးပစ်ချလိုက်တာ။ သူ့အနောက်က ကုက္ကိုပင်ကြီး ထက်ခြမ်းကွဲပြီး ဒီအရူးမလေးလည်း လွင့်စင်သွားတာပဲ။

မနေနိုင်သည့်အဆုံး မိုးရေထဲ ပြေးထွက်ပြီး ပွေ့ခေါ်လာလို့



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်းပေါ့ကွာ။ မိုးကြိုးပစ်ခံရရင် အင်္ဂလိပ်ဆေး မနိုင်ဘူးကွ။ တို့ မြန်မာဆေးနည်း ကျောက်ဖရုံသီးအဖတ်နဲ့ တစ်ကိုယ်လုံးကို ဆုပ်နယ်ပေးရတယ်။

"ခရောဗျာ … ဟင် … ဟင်"

"သူက မိုးကြိုးစက်ကွင်း မိတာကွ။ မိုးကြိုးသာ တည့်မှန်ရင် မီးသွေးတုံးဖြစ်တာပေါ့ မောင်ရာ။ အသက်တော့ ရှိသေးတာပဲ။ မည်းတူတို့အုပ်စု ကြိုးစားလုပ်ပေးနေတာပဲကွ။ ကဲပေါ့ကွာ။ လာ … သွားမေးရအောင်"

ကျွန်တော်တို့ သွားကြည့်တော့ မဆောင်ကို ငှက်ပျောရွက်ပေါ်မှာ ကိုယ်လုံးတီးနီးပါး တင်ပြီး ကျောက်ဖရုံသီး အရည်အနှစ်များနှင့် ဆုပ်နယ်ပေးပြီး ဖြစ်နေပြီ။

အဲဒါ စောင်အစုတ်ကလေး လွှမ်းပြီး မိန်းမသားသုံးယောက်က အရိပ်အခြေ ဝိုင်းကြည့်နေကြတယ်။

"မည်းတူ … အခြေအနေ ဘယ်လိုရှိတုံးဟေ့"

"အသက်ရှူနေတယ်။ ကိုယ်ငွေ့ပူစပြုလာပြီ"

"ဒါဆို အခြေအနေ ကောင်းလာမည့်ပုံပဲဟေ့"

"ကိုဇ …"

"ဘာတုံး ကိုမှိုင်း"

"ကြိုးစားပြီး ခင်ဗျားတို့နည်း ခင်ဗျားတို့ဟန်နဲ့ ကုပေးပါဗျာ။ မရခဲ့လို့ ဆေးရုံတင်ရမယ်ဆိုရင် ကျုပ်ကို လှမ်းအကြောင်းကြားပါ။ ရော့ … ဒါ အရေးပေါ်လိုအပ်ရင် သုံးဖို့ ငွေသုံးထောင်"

"ကိုမှိုင်း"

"ဘာတုံး ကိုဇ"

စိတ်ကူးသစ်စာပေ



"မင်းနဲ့ ဒီကောင်မလေးနဲ့ ဘာတော်လို့လဲကွ ဟင်"

"နောက်မှ ပြောမယ်ဗျာ။ သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ ကျုပ်ကို အကြောင်းကြားဗျ နော်။ ကျုပ်သွားမယ်"

"စိတ်ချနေပါ … ငါ့လူရာ။ ဒီလောက် စိုးရိမ်ကြီးနေပုံထောက်ရင် မဟုတ်မှလွဲရော ငါ့လူရဲ့ ငယ်ရည်းစားများလားကွ ဟေ"

"ဟာဗျာ … ကိုဇကလဲ"

ကျွန်တော် သူ့ကို ပြန်ရှင်းမပြနိုင်ဘူး။ အရေးကြီးတာက ကိုရွှေအိုးစည်တို့ ဓာတ်အဖွဲ့တည်ရာ အမရပူရမြို့ကို တယ်လီဖုန်းဆက်သွယ်ပြီး အကြောင်းကြားရမယ်လေ။

ဒီမှာပဲ စဏ္ဍာလကြီး ကိုဇမျဉ်းဆွဲက အပြေးသွားနေသည့် ကျွန်တော့်ကို လှမ်းအော်ပြောလိုက်တယ်။

"စာရေးဆရာ … ကောင်မလေးနဲ့ညားရင် ကျုပ်ကိုလည်း မင်္ဂလာဖိတ်စာကမ်းပါနော်။ စဏ္ဍာလဆိုပြီး အထင်မသေးနဲ့။ ဘယ်ဟိုတယ်မှာ မင်္ဂလာဆောင်ဆောင် ပါဂျဲရိုးငှားပြီး ကျုပ်တို့လင်မယား အဝတီးမှာ စာရေးဆရာရေ … ဟား … ဟား … ဟား … ဟား"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၂၁ |

❑

ကိုရွှေအိုးစည်ရဲ့ ဇာတ်ပိုင်ရှင် အောင်မင်္ဂလာရွှေရှိရာကို ဖုန်းဆက်ဖို့က ခက်နေတယ်။ ကံများ ကောင်းချင်တော့ ဇာတ်မင်းသားကိုနန်းဝင်းနဲ့တွေ့ပြီး ဦးအောင်မင်္ဂလာရွှေရဲ့ ဖုန်းနံပါတ်ကိုရလို့ အားချင်း ဆက်သွယ်ရတော့တယ်။

"ဟဲလို ... ကျွန်တော် မင်းသားကြီး မင်္ဂလာရွှေပါ ခင်ဗျာ"

"အဘ ... ကျွန်တော် စာရေးဆရာ မောင်ညိုမှိုင်း"

"ဩော် ... ဆရာညိုမှိုင်းလား၊ အမိန့်ရှိပါ ဆရာ။ ဆရာ့အကြောင်းကို ဘသူတော်ပြောပြလို့ သိရပြီးပါပြီ။ အမိန့်ရှိပါခင်ဗျာ"





"အဘရွှေ ... မ ... မဆောင် ... အဲ ... အဲ ... မင်းသမီး မြကလေးစိန်ကို ပြန်တွေ့ပြီခင်ဗျ"

"ဟာ ... ဟုတ်လား၊ ဘယ်မှာလဲ ဟင် ... ဟင် ... ဆရာညိုမှိုင်း"

"ကျွန်တော်တို့မြို့မှာပဲ ခင်ဗျ။ အဲဒါ တစ်ယောက်ယောက်အမြန်လာတွေ့စေချင်ပါတယ် အဘ"

"စိတ်ချ ... စာရေးဆရာရေ၊ ကြားရချက် ဝမ်းသာသဗျာ။ ကျွန်တော်တို့ မီရာရထားခေါက်နဲ့ လိုက်ခဲ့မယ် ဆရာမှိုင်းရေ"

ကံတရားများ ဆန်းကြယ်ရှုပ်ထွေးလှ၏။

နံနက်မိုးလင်း၍ ကျွန်တော် ညောင်သုံးပင်သချိုင်းသို့ ရောက်သွားသောအခါ မကြားချင်သောစကားကို ကြားရတော့သည်။

"ကိုဇ ... ကိုဇ ... မဆောင်ရော ... မဆောင် နေကောင်းသွားပြီလား ဟင် ... ကိုဇ"

"စာရေးဆရာ"

"ဘာတုံးဗျာ မြန်မြန်ပြောစမ်းပါဗျာ"

"ဟို ... ဟို ... ဗျာ ... အဲ ... အဲ ..."

"အရေးထဲဗျာ ... မဆောင်ရော ... မဆောင်"

"မ ... မ ... ရှိ ... တော့ဘူး"

"ဘာ ... မဆောင် ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ"

အသည်းယားလွန်းလို့ စဏ္ဍာလ ကိုဇမျဉ်းဆွဲရဲ့ ပခုံးကို ကိုင်ဆောင့်လှုပ်ခါပြီး မေးလိုက်ရတော့တယ်။

"သူ ... သူ ... နေ ... ကောင်း ... သွားတယ်"

"နေကောင်းရင် ... ခု ... ဘယ်မှာလဲ ပြော။ မြန်မြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ပါဗျ''

''မိုးလည်းလင်းရော မရှိတော့ဘူး။ ဘယ်ထွက်သွားမှန်း မသိတော့ဘူး''

''ဟာ . . . ဖြစ်ရလေဗျာ။ တောက် . . .''

''စာရေးဆရာ''

''ဘာတုံး . . . ဘာတုံးဗျာ . . . စိတ်ညစ်ရပါဘိဗျာ။ ဟွား . .''

''ဒီမှာ စာဖတ်ကြည့်စမ်းပါ''

ကိုဖမျဉ်းဆွဲက ကျွန်တော့်ကိုကြည့်ပြီး သင်္ချိုင်းဇရပ် သမံတလင်းပေါ်ကို လက်ညှိုးထိုးပြလိုက်တယ်။ ဒါနဲ့ သမံတလင်းပေါ်က မီးသွေးခဲနဲ့ရေးထားသည့် စာအချို့ကို ဖတ်လိုက်ရရော လွန်စွာကို အံ့သြခဲ့ရလေရဲ့ဗျာ။

''အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်မ ပြန်ပါပြီ''

မဆောင်

''ဟင် . . . ကိုဖ . . . ဒါ . . . ဒါ . . . မဆောင် ရေးတာလားဟင်''

''ဟုတ်တယ်''

''ကျိန်းသေလို့လားဗျာ ဟင် . . . ဟင်''

''ကျုပ်မိန်းမလက်ရေး မဟုတ်ဘူး။ မည်းတူ စာလည်းမတတ်ဘူး စာရေးဆရာ''

''အို . . .''

ကျွန်တော် ဝမ်းလည်းနည်းသွားသလို၊ အံတိုင်းမသိအောင်





လည်း ဝမ်းသာသွားခဲ့ရတယ်။ မဟုတ်မှလွဲရော . . . မဆောင် မိုးကြိုးသံကြောင့် သတိမေ့မျောသွားတယ်။ မိုးကြိုးစက်ကွင်း ဟပ်ခံရတယ်။

ကံတရားကြောင့်လည်း ဒီမိုးကြိုးလက်သံကြောင့် ဦးခေါင်းက မေ့လိုက် သတိရလိုက်ဖြစ်နေသည့် စိတ်ရောဂါဟာ စိတ်ရောဂါဆေးရုံမှ လျှပ်စစ်ရှော့ (ခ) ရိုက်ကုသသလိုဖြစ်ပြီး ပြန်သတိရသွားပြီနဲ့ တူရဲ့။

သတိရလို့သာလျှင် သမံတလင်းပေါ်မှာ မီးသွေးခဲနှင့် စာရေးသွားနိုင်တာ နေမှာပေါ့လေ နော်။ ဒါဆို သူမ ဘယ်ကိုများ သွားမှာလဲ။

ဒီမှာပဲ အမရပူရမြို့နယ်က မင်းသားကြီး ဦးအောင်မင်္ဂလာရွှေဖို့ ရောက်လာလို့ အသိတစ်ယောက်က သင်္ချိုင်းကို ခေါ်လာတယ်။ သင်္ချိုင်းဇရပ်မှာပဲ မဆောင်ရဲ့ဘဝအကျဉ်းချုပ်ကို ရှင်းပြပြီး သူမ သမံတလင်းမှာ ရေးခဲ့သည့်စာကို ပြရတော့တာပဲ။

မင်းသားကြီးတို့လည်း ခဲလေသမျှ သဲရေကျဖြစ်ပြီး စိတ်မကောင်းစွာနဲ့ ပြန်သွားကြရလေရဲ့။ မပြန်ခင် မင်းသားကြီးက သူ့ရင်ထဲက ဆန္ဒများကို ထုတ်ဖော်လို့ ပြောသွားရဲ့ဗျား

''ဆရာမှိုင်းရယ် . . . ကျွန်တော်တို့က မောင်ရွှေအိုးစည်နဲ့ မဆောင်ခေါ် မြကလေးစိန်တို့ကို ညားစေချင်ပါတယ်ဗျာ။ ဒါနဲ့အတူ အောင်မြင်ခဲ့ဖူးသည့် ဇာတ်သဘင်ကို သူတို့နှစ်ဦး ဦးဆောင်ပြီး အနုသဘင်အကျိုးရှိအောင် လုပ်စေချင်တာပါဗျာ။ ခုတော့ . . . ရည်မှန်းချက်တွေ ပြိုလဲခဲ့ရပြီပေါ့''

နောက်ဆုံးတော့ သူတို့လည်း စိတ်မကောင်းစွာနဲ့ အမရပူရကို ပြန်သွားကြတယ်။ ကျွန်တော်လည်း မဆောင်ကို ဟိုနားတွေ့နိုး၊ ဒီနားတွေ့နိုး လိုက်ရှာကြည့်တယ်။ မိုးရာသီတစ်ရာသီသာ ကုန်ရော



www.burmeseclassic.com

www.burmeseclassic.com



မဆောင်ကို လုံးဝ မတွေ့ရတော့ဘူး။

အစ်မ မဆောင်ရေ. . . .

အသိုက်ပျက်သည့်ငှက်တစ်ကောင် ဘယ်သောင်ကမ်းမှာ အလွမ်းတစ်ပွေ့တစ်ပိုက်နဲ့ နွမ်းဖော့လို့ လိုက်နေရှာမလဲ။

အရွက်မဲ့သည့် သစ်ပင်ကရော အသိုက်ပျက်သည့်ငှက် နားခိုခွင့်အတွက် နှလုံးသားကိုင်းဖျားကို ကွေးညွတ်ပေးမှာလား။

ကျွန်တော်ကတော့ ရင်ကွဲရာသီ၊ အမုန်းရာသီ ကုန်ဆုံးပြီး အချစ်နဲ့အပြုံးတို့ ပေါင်းစပ်ရောမွှေထားတဲ့ နှလုံးလှရာသီ ဖူးပွင့်ဝေစည်စေဖို့ ဘာဘုန်း ချီးမြှင့်ပေးသနားခဲ့သည့် အဓိဋ္ဌာန်ပြည့် ပန်းပေါင်းရုံ ဘုရားရှေ့မှာ နေ့စဉ်ညစဉ် အဓိဋ္ဌာန်ပြု ဆုတောင်းနေတာကို အစ်ကိုရော အစ်မရော ကြားသိပန်ဆင်နိုင်ပါစေ။

✿ ✿ ✿

[ ၂၂ ]

ကျွန်တော့်ရင်ထဲက မုဒိတာကတော့ ရင့်အိုခဲ့ပါပြီ။

ကျွန်တော်လည်း စာရေးဆရာဘဝနဲ့ အရပ်လေးမျက်နှာကို လျှောက်သွားခဲ့တယ်။ ရောက်လေရာ မြို့များမှာလည်း သူတို့နှစ်ဦးကို တွေ့ရနိုးနိုးနဲ့ ရှာကြည့်မိတယ်။

ကြာတော့ . . . ကိုယ့်ကိစ္စကိုပဲ ကိုယ်အရေးပေးပြီး စာပေကိစ္စမှာ ဘဝကို မြှုပ်နှံခဲ့လိုက်တော့တယ်။

ဒီလိုနဲ့ ကျွန်တော် မောရှမ်းမြေကို ရောက်လိုက်၊ ချင်းတောင်ရှိုရာကို ရောက်လိုက်၊ နာဂတို့ရဲ့ မွေးရပ်မြေကို ရောက်သွားလိုက်နဲ့ လေ့လာရေးခရီးကာလ ကြာခဲ့တယ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နှင်းပွင့်၊ တောင်ဇလပ်နဲ့ တောင်ရိုးပလွေသံ၊ မေခမလိခတို့ရဲ့ ရေစီးသံအရပ်များမှာ ကာလအတန်ကြာ လှည့်လည်လို့ဝတော့ မန္တလေးဘက်ကို ခြေချလိုက်တယ်။

မန္တလေးရောက်ရင် အမရပူရကို ဝင်မယ်။ ဇာတ်မင်းသားကြီး ဦးအောင်မင်္ဂလာရွှေတို့ရဲ့ ဇာတ်တည်ရာကို စုံစမ်းပြီး ကိုရွှေအိုးစည်ရဲ့ ရောဂါအခြေအနေ၊ ဘဝအခြေအနေကို ကြုံတုန်းကြုံခိုက် ဝင်ရောက်မေးမြန်းဦးမယ်လို့ ပိုင်းဖြတ်လိုက်တယ်။

ဒီလိုနဲ့ ရောက်မည့်ရောက်တော့ အညာသီဟတောဘုရားပွဲကို ရောက်သွားပါရောဗျာ။ ရောက်ချိန်က ညဘက်ကြီး။ အို . . . ကြည့်စမ်း။ အညာဘုရားပွဲကို မတွေ့ကြုံရတာ ကြာပြီဗျာ။

ဘုရားပွဲဇာတ်ရုံတွေကလည်း မြိမ့်မြိမ့်သည်းသည်းပဲ။ ဈေးဆိုင်တွေကလည်း စုံ၊ အညာကုန် အောက်ကုန် စုံတဲ့ ပွဲကြီးပေကိုးဗျ။

အချိန်က ညကိုးနာရီခွဲလောက်ရှိပြီ။

ဒီညတော့ သင့်ရာဇာတ်ပွဲတစ်ပွဲမှာ ကုလားထိုင်ဝယ်ကြည့်ရင်း ဇာတ်အရသာလည်း ခံစား၊ တစ်ညတာလည်း ကုန်စေတော့ဆိုပြီး ဇာတ်ရုံတွေကို လှည့်ကြည့်လိုက်ရော . . .

မြို့တော်သဘင်တဲ့။

ဟောဟိုဇာတ်ရုံကရော မန္တလေးသိန်းဇော်တဲ့။

ဒါနဲ့ လူအုပ်ကြီးတိုးဝေ့နေကြသည့် ဇာတ်ရုံကြီးရှေ့ကို ရောက်သွားတယ်။ လူတွေက ရုံခါပြီမို့ လက်မှတ်ဝယ်ပြီး သူ့ထက်ငါ တိုးဝေ့ဝင်နေကြတာ။

ဖုန်ကလည်း တသောသော၊ ဆိုင်းသံက တမြိမ့်မြိမ့်ဗျ။ အညာသူ အညာသားများ တယ်ပွဲကြိုက်ကြပေကိုး။ အညာသူ အညာသားမှ





မဟုတ်ပါဘူးလေ ကျွန်တော်တို့ ရန်ကုန်သူ၊ ရန်ကုန်သား၊ အောက်သားတွေလည်း ပွဲကြိုက်မှကြိုက် ဥစ္စာ။

ရွှေမန်းဟော့ . . . ဝင်းဗိုလ်ဟော့ . . . နန်းဝင်းဟော့ . . . မိုးဝင်းဟော့ဆို သည်းသည်းကိုလှုပ်လို့ ဥစ္စာ နော။

ဒါနဲ့ ဘာဇာတ်ပါလိမ့်လို့ ရှိုးဘုတ်ကြီးတွေကို မော့ကြည့်လိုက်ရော . . .

"ဟိုက် . . ."

"ဟုတ်မှ ဟုတ်ရဲ့လား"

"ဟုတ်ရဲ့လားဟ"

ကိုယ့်ကိုယ်ကိုယ် ပြန်မေးပြီး အံ့သြနေတာ။ ကြည့်စမ်း . .။ မိုးပျံရှိုးဘုတ်ကြီးမှာ ဇာတ်မင်းသားတစ်ဦးရဲ့ ပန်းစည်းကိုင်ပြီး ရပ်နေသည့်ပုံ။

အလို . . . ငါမြင်ဖူးသလိုပဲ။

ဒါနဲ့ ဇာတ်အမည်ကို လှမ်းဖတ်လိုက်ရော . . .

'မန်းမြို့ ရွှေအိုးစည်ကဇာတ်' တဲ့ဗျား။

ဟာ . . . မဟုတ်မှလွဲရော ကျွန်တော်တို့ ရွှေအိုးစည်များလား၊ ပန်းချီရုပ်ကတော့ ကျွန်တော်တို့လူ ကိုရက္ခစိုးနဲ့ တူပဲ့ဗျာ။ ဇာတ်ခုံနောက်သွားဝင်မေးကြည့်ရင် ကောင်းမလား။

အို . . . ဟိုမှာ ဆိုင်းထွက်မောင်းကြီးတီးပြီး 'ထူးမခြားနား' သီချင်းနဲ့ ဘုရားကန်တော့ခန်းတောင် စနေပြီဥစ္စာ။ ကိုယ့်ကိုဘယ်သူက အရေးလုပ်ပြီး ဖြေပေးနိုင်မှာလဲ။

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ဝင်ကြည့်လိုက်တာ ကျိန်းသေမယ်လေ . . . ဟုတ်ဘူးလား။ ဒါနဲ့ ရုံဝင်လက်မှတ်ဝယ်လိုက်ပြီး အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ကုလားထိုင်တစ်လုံးဝယ်လို့ ထိုင်လိုက်တယ်။

ကြည့်စမ်း . . . ။

ခန့်ညားလိုက်သည့် ဓာတ်ကြီးဗျာ။ တိုင်တိုင်းတိုင်တိုင်းမှာ ခန်း ပိတ်လိုင်းတွန့်လိုက်ကာ နဖူးစည်းတွေနဲ့၊ အော်တိုမက်တစ် မီးရောင်ပ ကလည်း ရုံပွဲခင်းကို ပြိုင်လျက်၊ တစ်ရုံလုံး မီးပိုးစုန်းကြူးများ လင် လက်ပြေးလွှားနေသလို။

ဒါနဲ့ အော်ပရာကို အရင်ကြည့်လိုက်တယ်။

'ခြောက်စထောင်နဲ့ ရွှာအဝင်' ဆိုတဲ့ အော်ပရာခင်ဗျ။ ကျွန် တော့်တို့လူ ကိုရုက္ခစိုး ခေါ် ကိုရွှေအိုးစည်များလားလို့ ကြည့်လိုက်တော့ ရွှေအိုးစည်မဟုတ်ဘူး မင်းသားချောလေး တစ်လက်ရယ်။

'ရပ်ကြီးသူ' သီချင်းကိုဆိုပြီး ခြောက်စထောင် လှည်းယဉ် ကျော့နဲ့ မိန်းကလေးက ချစ်သူရှိရာ ရွှာဝင်တဲ့ အော်ပရာရယ်။

မင်းသားလေးကလည်း အသံကောင်း၊ မင်းသမီးကလည်း သရုပ်ဆောင်ကောင်းပဲ။

အင်း . . . မုန်းချက်နဲ့ နှမ်းထွက် လွဲပြန်ပပေါ့လေ။

ဒီလိုနဲ့ အော်ပရာပြီးတော့ ပြဇာတ်ကို ဆက်ကြည့်လိုက်တယ်။

ပြဇာတ်က 'မိုးပျံကျည်ဆန်' တဲ့။

ခပ်ကြမ်းကြမ်း၊ အပြောမိုက်မိုက် ပြဇာတ်မို့ ပရိသတ်က လက်ခုပ်တဖြောင်းဖြောင်းဗျာ။

ပြဇာတ်ပြီးတော့ အားလပ်ချိန်ပေးတယ်။ အဲဒါ ဈေးတန်းမှာ လက်ဖက်ရည်တစ်ခွက် ဝင်သောက်ပြီး ဓာတ်ရုံထဲ ပြန်ဝင်လိုက်တယ်။ အားလပ်ချိန်ပေးလိုက်ပြီး ရုံးဖွင့်လိုက်ပြီမို့ ရုံထဲမှာ စောစောကထက် ပရိသတ် ပိုများနေလို့ဗျာ။





ဒီမှာပဲ နှစ်ပါးသွား စထွက်ပါရော။

ကန့်လန့်ကာ မဖွင့်သေးဘူး။ မီးမှောင်ချပြီးနောက် ဘက်က ရောင်းနောက်ခံကနေ မင်းသားက အသံနဲ့ဟစ်ပြီး ပရိသတ်ကို ညို့နေ တာ။

မြိုင် ××× ဂန္ဓမာ ××× ပန်းမျိုးစုံစွာ ××× ပေါ်လှတဲ့ တော လေ ×× သည် ××× တော ××× ဟေ ××× မာ ××× ဟာ ×××''

ကြည့်စမ်းပါဗျာ . . . ။ မင်းသားရဲ့အသံကို ကြားရရော စော စောက ဆူညံနေသည့် ပရိသတ်အုံကြီးဟာ မီးကို ရေနဲ့ဖြန်းလိုက်သလို ငြိမ်ကျပြီး နားစွင့်ကြလို့။

အလို . . . ဒါ . . . ဒါ . . . ကျုပ်တို့လူ ကိုရုက္ခစိုးရဲ့ အသံနဲ့ တူလှချည်ကလား။

ဒီမှာပဲ ဓာတ်ခုံမီးများအားလုံး မှိတ်လိုက်ပြီး စပေါ့လိုက်အဝိုင်း မီးနဲ့ ထိုးလို့ ပြည်ဖုံးကားကို တဖြည်းဖြည်း ဖွင့်လိုက်တာ။

စပေါ့လိုက် အဝိုင်းမီး ထောင့်ဖြတ်နှစ်ကွက်က မင်းသားနဲ့ မင်းသမီး မျက်နှာအပေါ် တန်းကျသွားရော။

''ဟာ . . . ''

ကျွန်တော့်ရင်ဟာ ဓာတ်ခုံပေါ်က နှစ်ဦးရဲ့ သရုပ်ဆောင်မျက်နှာ နှစ်ခုကို ကြည့်ပြီး ဒိန်းခနဲဖြစ်လို့ အံ့ဩသွားရပါရောခင်ဗျာ။

မင်းသားက နှစ်ပါးခွင် ရှေးသီချင်းကို ဟစ်လိုက်လေရဲ့။

''ပန်းသလားမေပျို ××× နန်းရှေ့ကိုယ် ××× လမ်းရှေ့ ××× လမ်းရှေ့ ××× ဟို ××× တစ်ခိုဝယ် ××× ချောက်ကမ်းပါး မြောင်စွယ် မောင်မယ် မမြင်ဘူးကွယ် ×××

တောအလယ်မှာ ××× မောတယ်ဘုရား ××× အပြောကြွယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မယားသည် ×××

သနားစဖွယ် ××× အားငယ်တဲ့မှုရာ ××× ရုပ်ဆင်း ရှုပကာ

ထ ထိုင်မှိုင်ငေးရှာတယ် ×××

တော အခြေဝယ် ××× ဇောကြွေဖွယ် ××× အမောချ

တယ် ××× တူစုံမောင်နှံမယ် ×××

ကန္တာလေ တောခြေဝယ် ××× ကန္တာလေ တောခြေဝယ် ××

စိမ့်ရှမ်းသွယ်သွယ် ××× စီးဖြာလို့ကျတယ် ×××

တောင်တစ်တန်းဝယ် ××× မြောင်စမ်းဝေ့လည် ×××

တောင်တစ်တန်းဝယ် ××× မြောင်စမ်းဝေ့လည် ×××

နံ့သာပင်ရိပ်မှာကွယ် ××× တူစုံ ××× ချေသိပ်ခါ ××

ချေး ××× သိပ် ××× ခါ ××× ချေးသိပ်ဖြေစို့ ××× ဟို ××× ဟို

ကွယ်''

ဘုရားရေ . . . ဒါ . . . ဒါ . . . ကျွန်တော်တို့လူ ကိုရက္ခ

(ခေါ်) ကိုရွှေအိုးစည်ကြီးပါကလား။ ကိုရွှေအိုးစည်နဲ့အပြိုင် ပြုံးပြီးနဲ့ပြုံ

ညွတ်ပြီး ကနေသူ မင်းသမီးက . . .

ဟယ် . . . မဆောင် . . .။

ဇပျိုးဆောင်ခေါ် မြကလေးစိန်။

''ရွှေအိုးစည် . . . မ . . . ဆောင် . . .''

ကျွန်တော် ပြောမပြနိုင်အောင် ဝမ်းသာလွန်းလို့ ပါးစပ်ကနေ

အသံထွက်ခေါ်ပြီး ထခုန်လိုက်တာ ဘေးကုလားထိုင်က ပရိသတ်

လန့်ဖျပ်သွားပါရော။

''ဘာဖြစ်လို့လဲ ဟေ့လူ''

''အဲ . . . အဲ . . . ဟို . . . ဟို . . . အဟဲ . . . ဘာမှ မဟုတ်





ပါဘူး နောင်ကြီးတို့ရာ။ အဟဲ . . .''

''လန့်သွားတာပဲဗျာ။ မြွေများ နင်းမိလို့လားလို့။ ကောင်း

ကောင်းကြည့်ဗျာ။ ပွဲလန့်အောင် မလုပ်ပါနဲ့''

''ဟုတ် . . . ဟုတ်ကဲ့ခင်ဗျ။ ဆောရီးဗျာ . . ဆောရီး . . .

အဟီး''

နံဘေးလူအချို့နဲ့ ရှေ့တန်းကအမျိုးသမီးများက ကျွန်တော့်

ကို 'ကြောင်' ဆိုသည့်အပြောမျိုး အကြည့်မျိုးနဲ့ လှည့်ကြည့်ပြီး ပြုံး

ကြလေရဲ့ဗျာ။

ကျွန်တော် ဝမ်းသာလိုက်တာဗျာ။

ကျွန်တော်ရှာနေတဲ့ ကိုအိုးစည်နဲ့ မဆောင်။

ခု . . . သူတို့နှစ်ဦးကို ဇာတ်ခုံပေါ်မှာ နှစ်ပါးသွား မြိုင်,ထ

အကနဲ့ ပြုံးပျော်ကြည်နူးစွာ မြင်နေရပြီ။ အခု မြင်နေရပြီဗျ။

ကြည့်စမ်း . . .။

မင်းသားရွှေအိုးစည်က လေးကောက်ကြီး ကိုင်လို့။ ကကွက်

က မြေပိုင်းခေတ်အကပုံစံ။ ကျေးလက်မြေပိုင်းအက မဟုတ်ဘူး။

မြည်တော်ပြန် မြေပိုင်းနှစ်ပါးသွားအက။

ဒါ ဟိုးဇာတ်သဘင် ခေတ်ဦးတုန်းက မင်းသားကြီး ဂရိတ်

ဦးဖိုးစိန်နဲ့ ဒေါ်အောင်ဗလတို့ သစွာထား နှစ်ပါးသွားရယ်။

မင်းသားကဆို မဆောင်က ပဝါတစ်ကမ်း၊ ယပ်တစ်လှမ်း

မင်းသားက လေးကောက်နဲ့ မင်းသမီးပဝါကို ချိတ်ငင်ပြီးယူလို့ လှည့်

ပတ်မြူးကပာန်ဗျာ။ လှလိုက်တာ၊ ကျက်သရေရှိလိုက်တာ။

ကကွက်ကလည်း ညက်ပြီး ပျောင်းနေတာပဲ။

ကျွန်တော့်ရင်ထဲမှာ ကြည့်ရင်း ရင်လှိုင်းပီတိများ၊ ဘောင်ဘင်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်နေပြီဗျာ။ ရှယ်ဗျာ . . . တကယ် ဗဲရီးဂွတ် . . . ရှယ်ဗျ။

လွန်ခဲ့သည့် တစ်နှစ်ကျော်ကျော်တုန်းက အရူး ကိုရက္ခစိုး (ခေါ်) ကိုရွှေအိုးစည်က ညောင်ပင်အောက်မှာ . . .

" ××× အကြွားဖြုပ် ××× ကားဖာတ်လို ငွေမကုန် ×××
ဟိုးရှေးရှေး ရှေးက က,ကြပုံ ×××
လှိုင်းမကြွား ××× ဆိုင်းမပါ နှံ့ နှံ့ ×××
သဘောပုံရှည်လို ပတ်တောနဲ့ ×××
ဟော ××× ဟော ××× ဟော ××× က လို့ ခုန် ×××
တော ××× တော ××× တော ကျုလို့ နှံ့ ×××
ဗေ ဗေး ဗုံ ××× ဗေ့ ဗေး ဗုံ ××× ဗေ့ ဗေး ဗုံ ××× ဟပ်ချိုး ××× ဟပ်ချိုး ××× ပလို့မောင်တို့လေ ××× ဟေ့ ××× ဗေ့ ဗေး ဗုံ ×××"

အဲဒီ ကျေးလက်မြေဝိုင်း ဗုံရှည်သီချင်းဆိုပြီး အရူးဘဝနဲ့ က,နေတုန်း အရူးမ မဆောင် ဖြုန်းခနဲဝင်လာလို့ တွဲကမယ်လုပ်ရော၊ ကိုရက္ခစိုးစိတ်ဆိုးပြီး အရူးမ မဆောင်ကို တွန်းလှဲလို့ ထွက်ပြေးသွားသည့် ဘဝမြင်ကွင်းက မျက်လုံးထဲ ထင်းခနဲ ဝင်လာလေရဲ့။

အဲဒီတုန်းက သူတို့ချင်းသာလျှင် ခံစားလို့ရသည့် အမုန်းနဲ့ ညောင်ပင်ရိပ် မြေဝိုင်းနှစ်ပါးသွားခွင်ပျက်။

ခု . . . ကြည့်စမ်း။

ပြုံးပန်းတွေပွေ့ပိုက်ပြီး ပျော်ပျော်ကြီးပန်လို့။ ရွှေဘုံပြန်နှစ်ပါး မြေဝိုင်းအကကို သစ်လွင်လှပစွာ ဖာတ်စုံမီးရောင်အောက်မှာ ပြိုင်တူ မွေးဖွားလို့။

ဘုရားစူး ဝမ်းသာလိုက်တာဗျာ။

---

စိတ်ကူးသစ်စာပေ



လုံးဝမမှားဘူး။ ဒီဘက်က ကိုရက္ခစိုး။ ဟောဟိုက မဆောင်။ သီချင်းလည်း ပြန်ကျော့အဆုံး မင်းသားရဲ့ရင်ရှေ့မှာ မင်းသမီးက အညွတ် မင်းသားက ငုံ့နမ်းမလိုဟန်နဲ့ စပေါ့မီးမှိန်ပြီး ပြည်ဖုံးကား ချလိုက်ရော။

ဩဘာလက်ခုပ်သံများက တစ်ရုံလုံး ပွင့်သွားမလားမှတ်ရအောင် ဆူလှုံ့ဝေသွားတာပဲဗျာ။

ကျွန်တော် ဝမ်းသာကြည်နူးလွန်းလို့ မျက်ဝန်းမှာ မျက်ရည် စို့တက်လာတယ်။ အသိစိတ်က လူရဲ့ရုပ်ခန္ဓာကို ထိန်းချုပ်ထားလို့ မရတော့ဘူး။ ကျွန်တော် ကုလားထိုင်က ဖြန်းခနဲထလိုက်ပြီး အပြင်ပြေးထွက်လို့ ဖာတ်ရုံနောက်ကို ခပ်သွက်သွက် လှမ်းခဲ့လိုက်တယ်။ ဖာတ်ရုံနောက် အဝင်ဝရောက်တော့ ဟိုရှာဒီကြည့်လုပ်နေတဲ့ ကျွန်တော့်ကို ကြည့်ပြီး ရုံစောင့်က မေးပါရော။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ ခင်ဗျာ"

"ဟို . . . ဟို . . . မင်းသား ရွှေအိုးစည်နဲ့ မင်းသမီး မဆောင် အဲ . . . အဲ . . . မြကလေးစိန်တို့နဲ့ တွေ့ချင်လို့ပါခင်ဗျာ"

"ဘယ်သူလို့ ပြောရပါမလဲ ခင်ဗျာ"

"ဟို . . . ဟို . . . သန်လျင်က စာရေးဆရာ မောင်ညိုမှိုင်း လို့ ပြောပေးပါဗျာ"

ရုံစောင့်ဝင်သွားပြီး မကြာခင်မှာပဲ ကိုရက္ခစိုးခေါ် မင်းသား ရွှေအိုးစည်ဟာ မင်းသမီးမဆောင်ခေါ် မြကလေးစိန်ရဲ့ လက်ကိုဆွဲကိုင်ပြီး ကျွန်တော့်ရှေ့မှာ ဘွားခနဲ ပေါ်လာပါရောဗျာ။

"အစ်ကို . . . ရ က္ခ စိုး"

"စာ ရေး ဆ ရာ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အို ... ဝမ်းသာလိုက်တာ အစ်ကိုရုက္ခစိုးရာ"

ကျွန်တော်တို့နှစ်ဦး ဝမ်းသာအားရ ပွေ့ဖက်ထားလိုက်ကြတယ်။ ဖက်သမှ ကျပ်နေအောင် ဖက်ထားကြတာ။ ဒီအချိန်မှာ မြကလေးစိန်က ကျွန်တော်တို့နှစ်ဦးကို ကြည့်ပြီး ဝမ်းသာပီတိထွက် မျက်ရည်များ ပါးပြင်ပေါ်မှာ တလိမ့်လိမ့် စီးလိမ့်ကျလို့။

ဒီအချိန်မှာပဲ နောက်ကနေ ကျွန်တော့်ကျောပခုံးကို လက်ဝါးနဲ့ပုတ်လို့ လှမ်းကြည့်လိုက်ရော ...

"ဟာ ... ဘသူတော်"

"စာရေးဆရာ"

ဘသူတော်ရယ်ဗျာ ... ပိတ်ဖြူစင်ကြယ်နဲ့ မဟုတ်တော့ဘူး။ ရှင်ဘုရင် အဝတ်အစားကြီးနဲ့။ ပြုံးပြုံးကြီးကြည့်လို့။ ဟား ... အံ့ရော ဗျို့။

"စာရေးဆရာ ... ဘဘုန်းရဲ့ အဓိဋ္ဌာန်ပြည့် ပန်းပေါင်းစုံဘုရားထံမှ ဆုတောင်းအဓိဋ္ဌာန်ပြုရဲ့လား"

"ပြုတာပေါ့ ... ဘသူတော်ရာ။ အဲ ... အဲ ... အရှင်မင်းကြီး"

"ဟား ... ဟား ... ဟား ... ဟား ... အရှင်မင်းကြီးတဲ့။ ကောင်းမှကောင်းကွာ။ ဒါဆို မေးမယ် ...။ စာရေးဆရာ ဘယ်လို အဓိဋ္ဌာန်ဆုတောင်းခဲ့သတုံး။ လျှောက်တင်စမ်းဗျာ"

"ဟောဟိုက ကိုရုက္ခစိုး ခေါ် မင်းသားချော ရွှေအိုးစည်နဲ့ မပျိုးဆောင်(ခေါ်)မင်းသမီး မြကလေးစိန်တို့နှစ်ဦး အချစ်နဲ့တည်ဆောက်ထားတဲ့ ဟောဒီကမ္ဘာကြီးရဲ့ အလယ်တည့်တည့် နှစ်လွှာပေါင်းတစ်ရွက် စွယ်တော်ရွက်ဝင်ရိုးတစ်ချောင်း ဖြစ်ကြပါစေလို့ပေါ့ အရှင်မင်းကြီးရာ။





အရှင်မင်းကြီး ..."

"ဟား ... ဟား ... ဟား ... ဟား ... ဘာတုံး ... ဘာတုံး ... မောင်မင်းစာရေးဆရာရဲ့။ သံတော်ဦး တင်စမ်းဗျာ"

"သူတို့ရော ကျွန်တော့်ဆုတောင်းအတိုင်း ပြည့် ... ပြည့်"

"ပြည့်လွန်းလို့ ဟိုဘက်တောင်လွန်သေး စာရေးဆရာရေ။ ဟား ... ဟား ... ဟား ... ဟား ... ခု ရုက္ခစိုးအိုးစည်လည်ပင်းမှာ ရွှေကြိုးသီထားရဲ့ မောင်မင်းရေ။ ခုတော့ ရွှေပြည့်ဝင် ရုက္ခစိုးအိုးစည်နဲ့ ဒိုးပတ်ပေါ့။ ဟား ... ဟား ... ဟား .. ဟား ..."

အဲဒီနေ့ညက ဇာတ်ရုံနောက်ပိုင်းမှာ လမင်းတစ်ရာသာခဲ့တယ်။ ရယ်မောသံတွေ အတောင်ဖြန့်ခဲ့ကြတယ်။ ခုန်ပေါက်မြူးကြွနေတယ်။

ကြယ်စုံညီလာ မဟာဘိသိက်ခံခဲ့တယ်။

ကြည်ပြာရောင် နှလုံးအိမ်များရဲ့ အမုန်းမဲ့ အပြုံးများ ပျံ့ဝဲလူးလွန့်နေကြတယ်။

ဒီအချစ်နဲ့ အပြုံးများဟာ ဟောဒီသစ္စာရှာမှာ နေမဝင်သည့် အပြုံးနဲ့အချစ်များအဖြစ် ရှင်သန်နိုးထ ငုံဖူးကြွလို့။

အဲဒီ ငြိမ်းချမ်းသော အချစ်နဲ့ သစ္စာတရားတို့ဟာ ဇာတ်ရုံနောက်ကျောမှသည် ကမ္ဘာကြီးအနံ့ရဲ့ ရင်ခွင်များဆီသို့ ပြေးဝင်နိုးနှားကူးစက်ပြန့်ပွား အေးချမ်းကြမှာဆိုတာ ကျွန်တော် အကြွင်းမဲ့ ယုံကြည်လိုက်တော့မယ်ဗျာ။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com